


# ရဝဏ

နှော်စက်ရောင်နုတ်တောင်ဒေဝီ

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂဥဏ

## မှော်စက်ရောင်နတ်တောင်ဒေဝီ

(အသစ်စက်စက်အစအဆုံးစုံးချွင်းဝတ္ထု)

သရာရာဝဏထွက်ပြီးစာအုပ်
ဖိုးခေါင်ကျော်ရှာ
ငိုးရှပ်လွှာဆန်းကြယ်စွာ
ပင်လယ်ရတနာမြကြာယံ
ပြုနှိပ်စမ်းပါသေးကျွန်ုပ်ကာ

ဆရာ ရာဝဏ စာလုံးဒီဇိုင်း – ပန်းချီတင်ထွန်း Idea – ကျော်ကျော်ဆွေ
မျက်နှာဖုံး ဂရပ်ဖစ်ဒီဇိုင်း – ဖြိုးသူ(ဝသာန်)၊ နေပသလင်း။ သိုက်အောင်ဝင်း


တမူခွင့်ပြုချက်အမှတ် – ၅၀၀၃၇၅၀၃၀၅၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် –၅၀၀၄၅၀၀၄၀၈
၂၀၀၉ ခု၊ နိုဝင်ဘာလ၊ အုပ်ရေ–၅၀၀၊ တန်ဖိုး –၁၂၀၀၊ ပန်းချီ–Kသာသန်း၊ ဒီဇိုင်း–ဖြိုးသူ(ဝသာန်)၊
ကာလာခွဲ–ဆီးဂဲလ်၊ စာအုပ်ချုပ်–မောင်မောင်၊ ဦးနိုင်ဆွေ(၀၉၈၃ မြ)၊ ပန်းလက်ဆောင်စာပေ၊
၅၁၆/၈၊ ပုလဲ(၄)လမ်း၊ မ/ဥက္ကလာပ၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးကျော်လှိုင် (၀၅၅၇၃)၊ စေတနာ
အော့(ဖ်)စက်၊ အမှတ်(၅၉)၊ ၁၉ လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့် အတွင်း ပုံနှိပ်ပါသည်။
ကွန်ပျူတာစာစီ – သော်တာဝင်းမြူးရှား၊ ဗဟန်း ပဒေသာကြိမ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၉၅.၈၃

ရာဝဏ

မှော်စက်ရောင်နတ်တောင်ဒေဝီ / ရာဝဏ။ – ရန်ကုန်

ပန်းလက်ဆောင်စာပေ ၊ ၂၀၀၉ ။

၃၅၃ – စာ ၊ ၁၂.၇ × ၁၇.၇၈ စင်တီ။

(၁) မှော်စက်ရောင်နတ်တောင်ဒေဝီ


# ရာဝဏ

## မှော်စက်ရောင်နတ်တောင်ဒေဝီ

Tim

## အခန်း (၁)

ကျွဲကောက်လျက် ရေအလျဉ်တသွင်သွင် စီးဆင်းနေသော စမ်းချောင်းတစ်ခုအနီးတွင် ရသေ့ကြီးတစ်ပါးသည် ရပ်တန့်လျက် အဝေးရှိတစ်နေရာရာသို့ စူးစိုက်ကြည့်လျက်ရှိ၏။

အမှန်စင်စစ် ရသေ့ကြီး လှမ်းမျှော်ကြည့်ရှုရာနေရာမှာ ဤတောအုပ်အတွင်း၌ အမြင့်မားဆုံး ထိုးထွက်နေသည့် မျှော်စက်ရောင်နတ်တောင်သို့ပင် ဖြစ်သည်။

တောသည် တိတ်ဆိတ်လျက်၊ တောင်သည် ပကတိ တည်ငြိမ်လှသည်ဟု ဆိုရပေမည်။

သို့သော် မကြာမီရက်ပိုင်းအတွင်း၌ ထူးထူးခြားခြားဖြစ်

ပွားလာတော့မည့်ပုံရိပ်များကို ရသေ့ကြီး၏မနောအာရုံတွင် မကြာ ခဏ ထင်ဟပ်နေမိခဲ့သည်။

ထို့ကြောင့်ပင် နိမိတ်ဆိုးများ တည်ရှိရာ မှော်စက်ရောင် နတ်တောင်ကို ငေးမောကြည့်နေမိခြင်းဖြစ်သည်။

မကြာမကြာကြည့်နေရင်းမှပင် မကောင်းဆိုးရွားများ လေချွန်သံကဲ့သို့ လေတိုးသံများ ထွက်ပေါ်လာသည်ကို ရုတ်ခြည်းသတိပြုမိလိုက်၏။

"ရွီ…ရွီ…ရွီ…ရွီ"

ယင်းအသံသည် မြွေအကောင်ပေါင်းအထောင် အသောင်း တွန့်ကျူးသည့်အသံနှင့်လည်း ဆင်ဆင်တူသည်ဟု သူ့စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

"အိမ်း… တစ်ခုခုတော့ တစ်ခုခုပေပဲ"

ရသေ့ကြီးရေရွတ်လိုက်စဉ်မှာပင် ကောင်းကင်မှ လျှပ်ရောင်များ တဖျပ်ဖျပ်လက်ကာ ကောင်းကင်၌ မိုးသားများအုံ့မှိုင်းလာတော့၏။

"ဂျိန်း… ဒိန်း… ဒလိန်း"

မိုးစက်များ ကျရောက်ခြင်းမရှိသေးသော်လည်း လျှပ်စစ်မိုးကြိုးတစ်ချက် ပစ်ချလိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် တောအုပ်အတွင်း ခေတ္တမျှလင်းချင်းသွားကာ သစ်ရွက်ကြွေအချို့ဝေ့ဝဲကျလာ၏။





"အလို… အလို"

ထိုအခိုက် ဓမ္မာစက်ရောင်နတ်စောင်းတောင်ထိပ်မှ ::မိုးအငွေ့များ တလူ့လူ့ ထွက်ပေါ်လာသည်ကို ရသေ့ကြီး မြင်လိုက်ရသဖြင့် နှုတ်မှ အာမေဍိတ်သံ အလိုအလျောက် ထွက်ပေါ်သွားရသည်။

"အင်း…ငါ…ဒီတောတောင်ထဲမှာ တရားကျင့် တရားရှာ တောမှီခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ပြီ။ ဒီလိုအဖြစ်မျိုး တစ်ခါမှ မတွေ့ခဲ့ဘူးပါလား"

ယင်းသို့ ရေရွတ်ရင်း ရသေ့ကြီးက စမ်းချောင်းအနီးမှ ဖယ်ခွာလျက် မှော်စက်ရောင်နတ်စောင်းတောင်ဘက် သို့ ခြေလှမ်းများကို စတင်လှမ်းလိုက်သည်။

"ရှူင်း…ထန်း…ဒလန်း"

"ဟိတ်…ယား"

သို့ရှိစဉ် အရှေ့ဘက်မှ ပြေးလွှားလာသောခြေသံများနှင့် အတူ တိုက်ခိုက်သံများကိုရုတ်တရက်ကြားလိုက်ရပေတော့၏။

"ဟိုက်…ဘယ်လိုလဲဟ၊ လူမနေတဲ့ လူသူမရှိတဲ့ တောအုပ်အတွင်းမှာ တိုက်ခိုက်သံတွေက ဘယ်လို ဘယ်ပုံ ပေါ်လာရတာလဲ"

မျက်မှောင်ကျုံ့လျက် ပြောလိုက်မိစဉ် အဝေးဆီမှ ပြေးလွှားလာသော လူတစ်စုမှာ ဓားနှင့်ဝါးတစ်ရိုက်ခန့်အကွာ၌ အသဲအမဲ ကြောက်စမန်းလိလိ တိုက်ခိုက်နေကြလေတော့၏။

"ချဟေ့"

"မလွတ်စေနဲ့"

"ဟိတ်..."

"ရှစ်...ရှိ"

"ထင်း...ချွမ်း"

ရသေ့ကြီးက ဘုရားတရင်း တိုက်ပွဲမှ တိုက်ခိုက်နေမှုအား မမိုတ်မသုန်ကြည့်နေမိသည်။

ထိုအခါ ပြိုးပြိုးပြက်ပြက်ရောင်စုံဝတ်စုံများ ဝတ်ဆင်ထားကြသည့် လူတစ်စုနှင့် ဂုပ်ရည်သနားကမား လူရွယ်တစ်ယောက်တို့ ကြောက်ခမန်းလိလိ တိုက်ခိုက်နေကြ သော မမျှတသည့် တိုက်ပွဲဖြစ်ကြောင်း သတိပြုမိတော့သည်။

တစ်ဘက်လူများမှာ အင်အားအဆမတန်များပြားသည် မှန်သော်လည်း လူရွယ်ကမူ လုံးဝမမှုဘဲ သွက်လက်ထက်မြက်သည့် စွမ်းရည်နှင့် တိုက်ခိုက် လျက်ရှိသည်။

သို့သော် အင်အားချင်းလုံးဝကွာခြားရကား မကြာမီ လူရွယ်မှာ လူအများ၏တိုက်ခိုက်မှုကို ခုခံရင်း ချောက်ကြီးအတွင်းသို့ ကျရောက်သွားတော့၏။

ချောက်ကြီးကား နက်ရှိုင်းလှသောကြောင့် ထိုနယ်တစ်ဝိုက်မှ တောတက်ကြသည့်လူများနှင့် မုဆိုးများက အသူတရချောက်ဟုပင် မှည့်ခေါ်ကြ၏။

ထိုချောက်အဟွင်းသို့ ထိုးကျသွားသည့် လူရွယ်အဖြစ်





ကား တွေးတော၍ပင် မငုံ့ရဲအောင်ဖြစ်ရချေ၏။

ကြည့်နေခိုက်မှာပင် လူရွယ်နှင့်တိုက်ခိုက်ခဲ့သော လူတစ်စုမှာ ချောက်အတွင်းသို့ ခေတ္တမျှ ငုံ့ကြည့်ကာ တောအုပ်အတွင်းသို့ပြန်လည်ထွက်ခွာသွားကြတော့သည်။

ရသေ့ကြီးမှာ ၎င်းအား ရှိသည်ဟုပင် မှတ်ယူခြင်း မရှိသည့် လူစုအား တအံ့တဩငေးကြည့်ရင်း ချောက်အတွင်းမှ လူရွယ်အား သွားရောက်ကြည့်ရှုရန် သတိရလိုက်မိသည်။

ထို့ကြောင့် မဝေးလှသောချောင်းကူးဝါးတံတားလေးသို့ လျှောက်သွားကာ ထိုတံတားမှ ဖြတ်ကူးလျက် တစ်ဘက်ချုံကြီးတစ်ခုသို့ ရှေ့ရှုလိုက်၏။

တစ်ဖန် ချုံကြီးအတွင်းဘက်ရှိ လိုဏ်ပေါက်မှ ကျောက်လှေကားထစ်များအတိုင်း နင်းကာ လျှို့ဝှက်လမ်းဖြင့် ချောက်ကြီးအတွင်းသို့ ဆင်းသက်ခဲ့လေတော့၏။

"ဝိုး...ဖပ်...ဖလပ်"

"ဂီး...ဂစ်"

နက်ရှိုင်းလှသည့် ချောက်အလယ်တည့်တည့် ပင့်ကူအိမ်ကြီးတစ်အိမ်၏ အမျှင်များတွင်ငြိတွယ်နေသည့် လူရွယ်အား မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် ရသေ့ကြီးရော လူရွယ်ပါ အံ့ဩလျက်ရှိစဉ် လေထဲမှ အရိပ်မည်းကြီးတစ်ခု ရုတ်တရက် ကျရောက်လာခဲ့သည်။

ပြီးလျှင် ညိုညစ်ညစ်မွဲတဲတဲ အရောင်အဆင်းနှင့် ရောမ

ငှက်ကြီးတစ်ကောင်က လူရှယ်ကို မယုံနိုင်စွာ လျှပ်တစ်ပြက် ထိုး သုတ်လိုက်တော့၏။

သို့သော် လူရှယ်က သွက်လက်စွာပင် အချိန်အနည်းငယ်စောလျက် ထိုပင့်ကူအိမ်ကြီးမှ ဖဲခွာကာ ချောက်အောက်ဘက်သို့ ခုန်ဆင်းသွားခဲ့ပေသည်။

ထို့ကြောင့် ငှက်ကြီးမှာ ပင့်ကူအိမ်ကြီးတွင် ငြိတွယ်လျက် ရုန်းကန်နေရရှာပေ၏။

"စီ...စလီ...စီ...ရှပ်...ရှပ်"

"စီ...စီ...စလီ"

ငှက်ကြီးက အင်အားဖြင့် ရုန်းကန်သည်မှန်သော်လည်း နှုတ်သီး၊ လည်ပင်းနှင့် အတောင်များ ကျုံ့ဝင်ကာ ပင့်ကူအိမ်အတွင်း ကြိုးနှင့်ချည်နှောင်သကဲ့သို့ဖြစ်ရကား မည်သို့မျှ လွတ်မြောက်နိုင်ခြင်းမရှိအောင် ဖြစ်ရလေ၏။

ရသေ့ကြီးက အောက်ဘက်သို့ဆင်းရန် ပြင်လိုက်သည်။ သို့သော် ထူးဆန်းမှုတစ်ခု ထပ်မံဖြစ်ပေါ်လာ သဖြင့် နေရာ၌ပင် ရပ်တန့်ငေးမောကြည့်ရှုနေမိသည်။

ထိုထူးဆန်းမှုဟူသည်မှာ...

ကျောက်သားနံရံရှိ တွင်းကြီးတစ်တွင်းမှ အဖွေးအမျှင် ထုလပျစ်၊ ခြေချောင်း လက်ချောင်းများစွာက ဦးစွာထွက်ရှိလာပြီး တောင်ကုန်းငယ်တစ်ခုအလား ဦးခေါင်းရှိသည့် ပင့်ကူမည်းကြီးတစ်ကောင်က တရွေ့ရွေ့ ဖြင့် ပင့်ကူအိမ်အတိုင်း





ငှက်ကြီးရှိရာသို့ တိုးကပ်လာနေခြင်းပင် ဖြစ်ပေ၏။

ထို့နောက် ချက်ချင်းလိုပင် ရုန်းကန်မှုအင်အားနည်းပါးလှသည့် ငှက်ကြီး၏ဦးခေါင်းအား ပင့်ကူမည်းကြီးက သွေးသံရဲရဲ ကိုက်ဖောက်စုပ်မျိုနေပေတော့သည်။

"ဂစ်...ဂီး"

"စီ...စလီ...ဖျပ်...ဖျပ်"

"ဝုန်း...ဖလပ်"

သို့အတွက် ပင့်ကူကြီး၏ အစာမာန်ထသံ၊ ငှက်ကြီး၏ နာကျင်စွာ ဟစ်အော်သံ၊ ရုန်းကန်သံများက ချောက်ကြီးအတွင်း ဝက်ဝက်ကွဲမျှ ဟိန်းထွက်လျက်ရှိနေတော့သည်။

"ဟူး"

ရသေ့ကြီးမှာ လွန်စွာအသည်းယားဖွယ် မြင်ကွင်းအား ဆက်လက်ကြည့်ခြင်းငှာ မစွမ်းတော့သဖြင့် လူရှယ်ကျရောက်သွားရာ ချောက်ကြီးအောက်ဘက်သို့ ကျောက်လှေကားထစ်များ အတိုင်း ဆက်လက်ဆင်းသက်ခဲ့သည်။

အတန်ငယ် ဆင်းမိသည်တွင် ချောက်ကမ်းပါးမှ တစောင်းအနေအထား ထိုးထွက်ပေါက်ရောက်နေသည့် အရွက်ဖားဖား သစ်ပင်ကြီးတစ်ပင်၏ အကိုင်းတစ်ခုတွင် ထူးထူးဆန်းဆန်း တွယ်ငြိနေသည့် လူရှယ်အား မယုံနိုင်စွာ တွေ့မြင်ရပြန်လေ၏။

"ဟင်...သူငယ်...မင်း...မင်း"

ရသေ့ကြီး၏ မငီမသ ရေရွတ်လိုက်သောစကားလုံးများကြောင့် လူရှယ်က လှမ်းကြည့်ကာ အားတက်သွားဟန်ဖြင့် လက်တစ်ဖက် မြှောက်ပြလိုက်၏။

"အလိုလေး ...လေး"

"ဖျင်း ...ဖျန်း"

"ရှီ...ရှီ"

ထိုစဉ် ကျောက်သားနံရံအခေါင်းတစ်ခုအတွင်းမှ ထိုးထွက်လာသည့် မြွေဝါကြီးတစ်ကောင်က ပါးပျဉ်ထောင်ကာ လူရှယ်အား လှမ်းကြည့်လိုက်သဖြင့် ရသေ့ကြီးရော လူရှယ်ပါ မြွေကြီးကို ကြည့်မိကြသည်။

မြွေကြီးသည် ဒေါမာန်ထကာ တစောင်းအနေအထား ပေါက်ရောက်နေသည့် သစ်ပင်၏ ပင်စည်အတိုင်း ၎င်း၏ ရှည်လျားသည့် ခန္ဓာကိုယ်အား လိမ်ပတ်၍ဆန့်ထွက်လာခဲ့ သည်။

"သူငယ်ရေ့...မင်းဆီကို မြွေကြီးလာနေပြီကွယ့်၊ သတိထားပေ့"

"ဟုတ် ...ဟုတ်ကဲ့ဘရသေ့"

ပြောပြောဆိုဆို လူရှယ်က သစ်ကိုင်းတစ်ကိုင်းကို ဆွဲနိုထားရင်း ကျန်လက်တစ်ဖက်ဖြင့် ၎င်း၏ခါးကြားမှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

မြွေကြီးက ရုတ်ချင်းအနီးသို့ရောက်လာကာ လူရှယ် [illegible]ကြီးမားသောပါးပျဉ်ကြီးနှင့် နှစ်ကြိမ် သုံးကြိမ်မျှ ပေါက်လိုက်





၏။

သို့သော် လူရှယ်က သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်းသို့ ကိုယ်ကို ပေါ့ပါးစွာ ခုန်လွှဲ၍ ရှောင်တိမ်းလိုက်နိုင်သောကြောင့် ပွတ်ကာသီကာ လွဲသွားသည်ဟုဆိုရပေမည်။

"ဖျန်း"

"ဖလန်း"

ဆက်လက်၍လည်း မြွေကြီးက ဒေါသကြီးစွာ ပေါက်လျက်သာ။

လူရှယ်က ရှောင်တိမ်းရင်း အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေ၏။

တစ်ကြိမ်တွင် မြွေကြီး၏ပေါက်ချက်ကို ရှောင်တိမ်းပြီးနောက် သူ့ညာလက်မှ ဓားရောင်တစ်ချက် လက်သွားသည်ကို တွေ့မြင်ရလျက် မြွေကြီးဦးခေါင်းက ချောက်အောက်ဘက်သို့ ကျဆင်းသွားတော့သည်။

သစ်ပင်တွင် ရစ်ပတ်ကျန်သော မြွေကိုယ်လုံးကြီးမှာ တွန့်လိမ်လျက် သွေးများက ပိုက်လုံးတစ်ခုမှ ရေစီးသကဲ့သို့ သွေးစိမ်းရှင်ရှင်များ ဒလဟောထွက်လျက်နေရာ အသည်းတုန်အူတုန်မြင်ကွင်းဟု ဆိုရပေလိမ့်မည်သာတည်း။

ထိုသွေးစိမ်းရှင်ရှင်များက လူရှယ်၏ ကိုယ်ခန္ဓာသို့ပင် စွန်းထင်းလျက်ရှိနေတော့သည်။

"ဟား ...ဟား ...ဟား ...ဟား"

သို့ရှိစဉ် အောက်ဘက်မှ လူတစ်ယောက်၏ ဟားဝိုက် ရယ်မောသံက လိုက်သံနှင့်ဟိန်း၍ထွက်ပေါ်လာပြန်လေသည်။

"ချွမ်း"

ရယ်သံအဆုံး အလင်းရောင်တစ်ချက်က လူရှယ်ခိုနားနေသော သစ်ပင်ပင်စည်ကို လာရောက်ထိမှန်ကာ သစ်ပင်မှာ တစ်ပိုင်းပြုတ်ထွက်သွားသည်။

"အိုး"

"ဟိုက်"

သစ်ပင်မှ လူရှယ်ရော၊ ကျောက်လှေကားထစ်များမှ ရပ်ကြည့်နေသည့် ရသေ့ကြီးပါ မျက်လုံးမျက်ဆန်ပြူးကာ မြိုင်တူလိုလို ရေရွတ်လိုက်ကြသည်။

ပြီးလျှင် လူရှယ်မှာ မြွေကြီးကိုယ်လုံးပတ်ထားသည့် သစ်ပင်ကြီးနှင့်အတူ ချောက်အောက်ဘက်သို့ ဆက်လက်၍ကျ ရောက်သွားပြန်လေတော့၏။

"ဗိုး"

"အင်း ...ဒီတစ်ခါတော့ ဒီသူငယ်အတွက် မျှော်လင့် ချက်ရှိနိုင်ပါဦးမလားကွယ်"

ရသေ့ကြီးက အထက်ပါအတိုင်း တီးတိုးရေရွတ်ရင်း လှေကားထစ်များအတိုင်း ချောက်ကြီးအောက်ဘက်သို့ ဆက် လက် ဆင်းလာခဲ့ပြန်တော့သည်။

အောက်ဘက်သို့ရောက်လေလေ ကျောက်လှေကား





ထစ်များ ပိုမိုစိပ်လေလေဖြစ်လာကာ နောက်ဆုံးတွင် အောက် ခြေသို့ ရသေ့ကြီး ခြေချမိပေ၏။

"အိုး ...ဟိုက်"

ထပ်မံတွေ့ရပြန်သည့် မြင်ကွင်းကြောင့် ရသေ့ကြီးမှာ ခြေလှမ်းများကို ရပ်တန့်လိုက်မိရသည်။

အဘယ်ကြောင့်ဆိုသော်...

ဝွမ်းစိုင်ဝွမ်းဖတ်ကဲ့သို့ နုပျော့လှသည့် ရောင်စုံပန်းပွင့် ကြီးတစ်ပွင့်၏ ပွင့်ချပ်တစ်ခုတွင် လူရှယ်မှာ တစောင်းအနေ အထား လဲကျနေလျက်၊ အောက်ဘက်မြေပြင်တွင်ကား မည်း မည်းလှုပ်မျှ အကောင်အရေအတွက် မခန့်မှန်းနိုင်သည့် ကင်းမ လက်မည်းကြီးများက မည်းမှောင်စွာရှိနေသောကြောင့် ပင် ဖြစ်လေ၏။

ထိုကင်းမလက်မည်းကြီးများမှာ ပွင့်ဖတ်ပေါ်မှကျလာ မည့် လူရှယ်အား ရန်ပြုကိုက်ခဲရန်အလို့ငှာ ၎င်းတို့၏လက်မကြီး များကို ထိုးထိုးထောင်ထောင် အနေအထားရှိစေသည်မှာ လွန်စွာအသည်းယားဖွယ် ကောင်းပေသည်။

"ဟား ...ဟား ...ဟား ...ဟား ...ဒီနယ် ဒီဒေသကို ကျူး ကျော်ပြီးရောက်လာတဲ့သူဟာ ဘယ်သောအခါမှ အသက်ပြန်ပါ မသွားဘူးကွ နားလည်လား။ ဒီနေရာ ဒီအဝန်းအဝိုင်းကိုကာကွယ် စောင့်ရှောက်နေတဲ့ လူမည်းကြီးနက်တူးဆိုတာ ငါပေါ့ ကွ... ဟား...ဟား...ဟား"

သူ့ရယ်သံများက ဂူနှင့်ချောက်ကြီး၏နံရံများသို့ ရိုက်ခတ်ကာ ပဲ့တင်သံအဖြစ် ပြန်လည်ထွက်ပေါ်လာသည်မှာ အထူးချောက်ချားဖွယ်ရာ ကောင်းလှပေ၏။

လူရွယ်က မည်သို့မျှမဆိုဘဲ ကြိမ်းဝါးနေသည့် မည်းမှောင်သော အသားနှင့် ထွားကြိုင်လှသည့် ဦးနက်တူးဆိုသူကို ကြည့်နေရှာသည်။

ထိုအချိန်၌ ကင်းမလက်မည်းကြီးများမှာ မြေပြင်မှ တစ်ဆင့် ပန်းပွင့်ကြီး၏ရိုးတံပေါ်သို့ပင် တက်စပြုနေပေပြီ။

သို့ရှိစဉ် ရသေ့ကြီးဦးတိက္ခက...

"ဒီမှာ ဒကာ...ဦးနက်တူးသော ဘသော ကျူပ်မသိပေဘူး၊ အရေးကြီးတာက လူတိုင်းကို သတ္တဝါတိုင်းကို မေတ္တာထားရမယ်၊ နောက်ပြီး ဒုက္ခရောက်သူတိုင်းကို ကူညီသမှုပြုရမယ်။ ဒါဟာ သူတော်ကောင်းတွေ ကျင့်အပ်၊ ဆည်းပူးအပ်တဲ့ မေတ္တာလမ်းစဉ်ပေပဲ၊ ဒီတော့..."

ဟုဆိုကာ ရသေ့ကြီးက ၎င်း၏လက်ကို တစ်ချက်လှုပ်လိုက်၏။

"ရှစ်"

"ဒိုး"

ထိုအခါ ရွှေရောင်ပြိုးပြက်လက်သွားပြီးလျှင် အဝါရောင် ဆေးလုံးလေးတစ်လုံးက ကင်းမလက်မည်းကြီးများကြားသို့ ကျရောက်သွားတော့ရာ ဦးနက်တူးမှာ လွန်စွာအံ့သြဟန်ဖြင့် ပါးစပ်





ဟသွားရတော့၏။

ထိုဆေးလုံးလေးကျရောက်သွားသည်နှင့် တစ်ပြိုင်နက် ကင်းမလက်မည်းများအားလုံးမှာ လှုပ်လှုပ်ရွရွ ဖြစ်ကာ တစ်ကောင်နှင့်တစ်ကောင် အလုအယက် တိုးဝှေ့ခုန ပေသည်။

၎င်းတို့အားလုံး တိတ်ဆိတ်စွာ ငေးမောရပ်ကြည့်လျက် ရှိရာ မကြာမီမှာပင် ကင်းမလက်မည်းကြီးများမှာ မြွေတွင်းများဆီသို့ လည်းကောင်း၊ ကျောက်သားနံရံအပေါက်များကြားသို့ လည်းကောင်း တိုးဝှေ့ဝင်ရောက်လျက် မကြာမီအချိန်အတွင်း တစ်ကောင်တစ်မြီးမျှ မကျန်အောင် ပျောက်ကွယ်သွားကြတော့၏။

သို့အတွက် လူမည်းကြီးဦးနက်တူးမျက်နှာက ပို၍မည်းမှောင်သွားကာ သွားကြီးများကို ဖြီးထားလိုက်သည်။

ပြီးမှ ၎င်းက မီးဝင်းဝင်းတောက်မတတ် ဒေါသထွက်သော မျက်လုံးများနှင့် ရသေ့ကြီးကို စိုက်ကြည့်ကာ...

"ဒီမှာ ဘရသေ့...မဆိုင်တဲ့အလုပ်မှာ ဝင်မပါတာ အကောင်းဆုံးပါပဲ၊ တောတောင်အတွင်းကဒီနေရာဒီဒေသတွေဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ပိုင်ဆိုင်စောင့်ရှောက်တယ်ဆိုတာ ဘရသေ့ကိုယ်တိုင် သိပြီး ဖြစ်မှာပါလေ"

ဟု ဆိုလိုက်၏။

ဘရသေ့က မည်သို့မျှမဆိုဘဲ ကြုံနွေ့ကြီးစွာဖြင့် ခေါင်း တစ်ချက်ညိတ်ပြလိုက်၏။

ထိုအခါ ဦးနက်တူးက ဆက်ပြောပြန်သည်။

"ဒီလူငယ်မှာ ကျုပ်ရဲ့အတွင်းပိုင်နက်အထိ ကျူးကျော်လာလေတော့ ဘာပဲဖြစ်ဖြစ် သူ့ဇီဝိန်ကိုဖြတ်၊ သူ့ဝိညာဉ်ကို နှုတ်ရမှာဖြစ်ပေတယ်"

ဟု ဆိုပြန်၏။

ဤတွင် ဘရသေ့က...

"သင် နားထောင်လော့၊ သင်၏တာဝန်ပိုင်းဆိုင်ရာအား ကျွန်ုပ် သဘောပေါက်ပါသည်၊ သို့သော် ဒုက္ခရောက်သူများအား ကယ်ဆယ်ရမည့် သူတော်ကောင်းဝတ္တရားသည်လည်း ကျွန်ုပ်၌ရှိသည်ကို သင် မသိပါသလော၊ ထို့ကြောင့် ဒုက္ခရောက်လျက်ရှိရာ သူ ဤလူသားအတွက် ကျွန်ုပ်ဝင်ရောက် စွက်ဖက်နေခြင်းဖြစ်ပေသည်"

ဟု ဒေါသသင်အလျဉ်းမပါသည့် ကြည်အေးချိုသာစွာသော အသံနှင့် ပြောလိုက်လေ၏။

သို့လင့်ကစား လူမည်းကြီးဦးနက်တူးဆိုသူမှာ ယမ်းပုံမီးကျဖြစ်သွားပုံဖြင့် အံကြိတ်လျက်...

"နှစ်ပေါင်းရာထောင်နီးပါး တစ်ဦးတစ်ယောက်မျှမရောက်သည့် ဤနေရာသို့ ထူးခြားစွာဖြင့် ဤလူရွယ်ခြေချလာခဲ့ပေပြီ၊ သို့အတွက် ကျွန်ုပ်အား ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဤလူရွယ်အား အပြီးပိုင်သုတ်သင်သတ်ဖြတ်ရပေအံ့"





ဟု ဆိုလိုက်၏။

စကားအဆုံးတွင် ၎င်းကခါးကြားမှ အရောင်တဖျပ်ဖျပ်လက်နေသည့် ကြိုးတစ်ချောင်းကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ ထိုကြိုးမှ အပြာရောင်အလင်းတန်းများ မျက်စိကျိန်းမတတ်ထွက်ပေါ်သွားတော့သည်။

လူရွယ်ကမူ မည်သို့မျှမဆိုဘဲ ပန်းပွင့်ကြီး၏ ပွင့်ချပ်၌အလိုက်သင့်ထိုင်ကာ ဘရသေ့နှင့် လူမည်းကြီးဦးနက်တူးတို့ကိုသာ ကြည့်နေလေ၏။

ဘရသေ့က...

"သူဟာ ဒီနေရာကို ရောက်ချင်လို့ ရောက်လာတာမဟုတ်ဘူးကွယ့်၊ သူ့ကို ရောင်စုံဝတ်စုံလူတစ်စုက လက်နက်မျိုးစုံနဲ့ တိုက်ခိုက်တာကြောင့် ရောင်တံခါးနှစ်ရင်း ပေဟာဒီချောက်ထဲကို မမျှော်လင့်ဘဲ ကျလာတာ၊ ကျုပ်မျက်မြင်ပါပဲ"

ဟု ဆိုလိုက်လေ၏။

သို့အတွက် ဦးနက်တူးမျက်မှောင်ကျုံ့သွားရသည်။

ပြီးမှ ၎င်းက...

"ရောင်စုံဝတ်စုံဝတ် ဟုတ်လား ဘရသေ့၊ ဒါဆိုရင် ဒီလူတွေဟာ မြကျောက်ဝှန်းကို လိုက်လံရှာဖွေနေတဲ့ မဟူရာမိစ္ဆာတန်မင်ဝေရဲ့ လူတွေ ဖြစ်လိမ့်မယ်"

ဟု ၎င်း၏ ခန့်မှန်းချက်ကို ပြောလိုက်လေ၏။

ဘရသေ့က...

"ဘယ်သူဘယ်ဝါဖြစ်ကြောင်း သင့်အနေနဲ့သာ ခန့်မှန်းနိုင်မှာပါလေ၊ ဘာပဲဖြစ်ဖြစ် အကျွန်ုပ်ကတော့ ဟောဒီ သူငယ်ကို အကျွန်ုပ် သီတင်းသုံးရာ ကျောက်ဂူဆီခေါ်သွားရပေမှာပဲကွယ့်"

ဟု ဆိုလိုက်၏။

ဘရသေ့စကားအဆုံး လူမည်းကြီးဦးနက်တူးကဲ ခေါင်းခါသည်။

ထို့နောက် ၎င်းလက်ထဲမှ အပြာရောင်တောက်ပနေသည့်ကြိုးကို လူရှုယ်ဆီသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်လေ၏။

"ရှီး…ရှစ်"

ကြိုးခွေမှာ သက်ရှိမြွေတစ်ကောင်အလား တွန့်လိမ်ဝေ့ဝဲလျက် လေထဲ၌ ပျံသန်းရင်း လူရှုယ်ဆီသို့ တိုးဝေ့သွားခဲ့သည်။

သို့သော် ဘရသေ့က လက်ဝါးကဲ့ထောင်လျက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ ကြိုးခွေမှာ လူရှုယ်ရှိရာသို့ ရောက်ရှိရန် တစ်လံခန့်အလိုတွင် ရုတ်ခြည်းတန့်ရပ်သွားတော့သည်။

တစ်ပြိုင်နက်မှာပင် မည်သည့်နေရာမှ ရောက်ရှိလာမှန်းမသိရသည့် လိပ်ပြာအဝါကြီးတစ်ကောင်က ထိုကြိုးအားတောင်ပံဖြင့် ရိုက်ခတ်ပင့်မလျက် ချောက်အပေါ် ဘက်သို့ တက်ရောက်ပျောက်ကွယ်သွားသည်။

"ဟင်း…"





လူမည်းကြီးဦးနက်တူးထံမှ သက်ပြင်းရှိုက်သံနှင့်အတူ ဗလုံးဗထွေး ရေရွတ်သံများ ထွက်ပေါ်လာခဲ့သည်။

ထို့နောက် ဦးနက်တူးက…

"ခက်တော့တာပဲ၊ ဘရသေ့ ကျုပ်အလုပ်တွေကို ပင်ရှုပ်နေပြီကော"

ဟု ညည်းညူရေရွတ်သံကဲ့သို့ စိတ်မသက်မသာ ဆိုလိုက်ရှာသည်။

ဤတွင် ဘရသေ့က…

"ဒီမှာ…ဒီမှာ…ဒီသူငယ်ဟာ သင့်ရဲ့ပိုက်နက်ကို ကျူးကျော်လာတယ်ဆိုပေမယ့် တကယ်က သင့်ပိုင်နက်က သင့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ယူငင်ခြင်း၊ ဖျက်ဆီးခြင်း မရှိခဲ့ပါဘူး၊ ဒါကြောင့် အကျွန်ုပ်နောက်သို့ ထည့်လိုက်ပါရန် ကျွန်ုပ် မေတ္တာရပ်ခံပါတယ်"

ဟု အေးအေးသာသာ ပြောလိုက်လေ၏။

"ဝုန်း…ဒလုန်း"

"ဖျော…ဝရော…ဖျောက်…ဖျောက်"

ထိုခဏ၌ ချောက်ကြီး၏တစ်နေရာမှ မြေပြိုသံကဲ့သို့လည်းကောင်း၊ ကျောက်ခဲနှင့် သဲများ လွင့်ကျသံကဲ့သို့လည်းကောင်း အသံဆိုးများ ရုတ်ခြည်းထွက်ပေါ်လာကာ လေပွေဝေ့သကဲ့သို့ သဲနှင့်ဖုန်များ၊ သစ်ရွက်ကြွေများ အနီးအပါးတစ်ဝိုက်၌ ဝေ့ဝဲပျံလွင့်ကုန်တော့သည်။

"သူငယ်လေး သတိထားကွယ့်"

ဘရသေ့က ထူးခြားသည့်အခြေအနေကြောင့် လူရွယ်အား လှမ်းသတိပေးလိုက်ပြီးလျှင် အလိပ်လိပ်ထနေသော ဖုန်လုံးကြီးအား မဖိုတ်မသုံ ကြည့်နေလေ၏။

"ဦး ...ဦး"

"ဝေါ...ဝီး"

ဖုန်လုံးကြီးများကြားတွင် မသဲကွဲသောခန္ဓာကိုယ် ပိုင်ရှင် သတ္တဝါကြီးများက ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သန်းသွားရာ လူရွယ်က ဓားကိုဆုပ်ကိုင်ရင်း ၎င်းဘက်သို့ တိုးဝင်လာသည့် တိရစ္ဆာန်များအား ဝှေ့ယမ်းကာကွယ်လျက် ရှိသည်။

သို့ရာတွင် ထူးခြားသည်မှာ အမည်ဖော်ပြခြင်းငှာ မစွမ်းနိုင်သည့် သတ္တဝါကြီးများမှာ ဓားဖြင့် ထိမိခိုက်မိခြင်း မရှိဘဲ ရှေ့လျား ပျောက်ကွယ်သွားခြင်းပေတည်း။

သို့အတွက် လူရွယ်မှာ အထူးတလည်အံ့အားသင့်နေမိရသည်။

ထိုအခိုက် ဘရသေ့က ဂါထာတစ်ပုဒ်ကို တီးတိုးရေရွတ်နေသည်။

မကြာမီ တိုက်ခတ်၍ မှုန်မှိုင်းနေသည့်လေပွေကို အံတုလျက် ရှူးပျံကဲ့သို့သော ငှက်ကြီးတစ်ကောင်က ဝိုးခနဲ အရှိန်ပြင်းစွာ ပျံသန်းလာကာ လူရွယ်ကို ခြေထောက်ဖြင့် ဖမ်းကပ်ယူသွားသည်။





ပြီးလျှင် ချောက်အပေါ်ဘက်လေထုထဲသို့ တိုးဝေ့ပျောက်ကွယ်သွားတော့သည်။

ထို့ကြောင့် ဘရသေ့က ဆတ်ခနဲ ခေါင်းတစ်ချက်ညိတ်ကာ အနောက်ဘက်သို့ ပြန်လှည့်လျက် ကျောက်လှေကားထစ်များအတိုင်း ရွှေ့ရွှေ့ဘက်လာခဲ့သည်။

"ဝုန်း ...ဂျလုံး"

"ဒုံး ...ဖျော...ဖျော"

အောက်ဘက်ချောက်အတွင်း၌ကား ကမ္ဘာပျက်သည့်အလား ကျောက်တုံးကျောက်ခဲများပြိုကျသံ၊ လေထုရိုက်ခတ်သံများက ကြောက်ခမန်းလိလိ ပေါ်ထွက်နေဆဲ ရှိနေပေတော့သတည်း။

❋❋❋

## အခန်း (၂)

အပြင်ဘက်၌ ဆီးနှင်းများကျလျက် ဝန်းကျင်တစ်ခိုမှာ မှိုင်းမှုန်လျက်ရှိ၏။

အအေးဓာတ်က လွန်ကဲသည့်အနေအထားး၌ရှိသည်ဟု ဆိုရပေမည်။

သို့ရာတွင် ကျောက်ဂူကြီးအတွင်း၌ကား အတန်အသင့် နွေးလျက်ရှိ၏။

အထူးသဖြင့် ဂူအလယ်ရှိ မီးပုံမှအရှိန်ကြောင့် ပူနွေးကာ တောက်သလွန်ထက်မှ လူရွယ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် လျက်ရှိနေပေသည်။





ကျောက်ဂူကြီး၏ ခေါင်းရင်းဘက်တွင်ကား ရသေ့ကြီး ဦးတိက္ခသည် အာနာပါနကမ္မဋ္ဌာန်း ပွားများလျက်ရှိနေရာ ထင်းများ မီးကူးသံ တဖျစ်ဖျစ်မှလွဲ၍ အထူးတိတ်ဆိတ်နေပေ တော့၏။

ကျောက်ဂူအပြင်ဘက်၌ ညဘက် အစာရှာဖွေသော တောသတ္တဝါများ၏ ဘာသာဘာဝ အစာရှာဖွေသံ၊ မြူးတူးသံနှင့် အစားမာန်ဖီသံများကသာ တစ်ခါတစ်ခါ ဝေ့ဝဲပျံ့လွင့်လာတတ် သည်။

လူရွယ်မှာကား ထိုအသံများကို လုံးဝကြားနိုင်ခြင်းမရှိ ဘဲ၊ နှစ်နှစ်ခြိုက်ခြိုက်သာ အိပ်ပျော်နေဆဲဖြစ်သည်။

ကမ္မဋ္ဌာန်းကျင့်စဉ်အပြီးတွင် ဘရသေ့က နေရာမှ ထလျက် တရေးမှတ်ရင်း စကြံလျှောက်လေ၏။

ဤသို့လျှောက်ရင်းမှ အပြစ်ကင်းစွာ အိပ်ပျော်နေသည့် လူရွယ်အား ကြည့်ကာ မှော်စက်ရောင်နတ်စောင်းတောင်၌ မနေ့က ထူးထူးခြားခြား အခိုးအလျှံအငွေ့အသက်များ ဝေ့ဝဲထွက် နေသည့် အဖြစ်ကို သတိရကာ ဆက်စပ်စဉ်းစားပုံဖော် တွေးနေ မိလိုက်သည်။

ထို့နောက် တစ်ဆက်တည်းပင် ဤတောတောင်၏ ထူးခြားလှသော ဒေသများနှင့် ထူးခြားလှသည့် ပုဂ္ဂိုလ်များ အကြောင်းအပြင်၊ သဘာဝလွန်လျှို့ဝှက်နက်နဲသောအကြောင်း အရာများကိုလည်း တွေးတောနေမိပြန်သည်။

ထိုအနိုက် လူရှုယ်က ဖျတ်ခနဲနိုးလာကာ ကျောက်သလွန် ထက်မှဆင်း၍ ဘရသေ့ကို ဂူကြမ်းပြင်၌ ရိုကျိုးစွာ ထိုင်ရင်း ကန်တော့လိုက်သည်။

"သက်သက်သာသာရှိရဲ့လားကွယ့်"

"မှန်ပါ့ တပည့်တော်မှာ ဘရသေ့ပေးတဲ့အသက်သာ ရှိပါတော့တယ်၊ ဒါကြောင့် အသက်သခင်ကျေးဇူးရှင်အနေနဲ့ တပည့်တော် ရိုကျိုးစွာ ဦးခိုက်သမှုပြုပါတယ် ဘရသေ့ခင်ဗျာ"

လူရှုယ်က ထပ်မံဦးချကာ ပြောလိုက်ပြန်သဖြင့် ဘရသေ့က ခေါင်းတညိတ်ညိတ် ပြုံးတုံးဖြစ်ကာ လူရှုယ်ကို စေ့စေ့ကြည့်နေလိုက်သည်။

ပြီးမှ...

"ဘရသေ့က ဒီတောတောင်ထဲမှာ နေထိုင်သီတင်းသုံးလာခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော်၊ သုံးဆယ်နီးပါးရှိခဲ့ပြီကွယ့်၊ ဒီတောတောင်ဟာ ယူနန်ပြည်နယ်နဲ့ နီးလေတော့ တရုတ်လူမျိုးဆေးမြစ်ရှာသမားတွေ၊ တရုတ်လူမျိုး တောလိုက်မုဆိုးတွေနဲ့ တိဘက်ဘုန်းတော်ကြီးအချို့ တိဘက်တောင်သူအချို့သာ ရောက်လာတတ်ကြတာကလား"

ဟုဆို၏။

လူရှုယ်ကမူ မီးပုံမှ မီးတောက်မီးလျှံများကို စူးစူးစိုက်စိုက်ကြည့်ရင်း ငြိမ်သက်စွာ နားထောင်နေသည်။

ထို့နောက် ဘရသေ့က ဆက်၍မိန့်ကြားသည်။





"အိမ်း ...ဘရသေ့ဟာ မြန်မာပြည်က မြန်မာလူမျိုးသူတော်စင်တစ်ဦးပေပေါ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက တောတောင်ထဲမှာ ဆုံရတဲ့ တိဘက်လူမျိုးလားမားဘုန်းတော်ကြီးတစ်ပါးနဲ့အတူ မရည်ရွယ်ဘဲ ဟောဒီ ယူနန်နယ်စပ်တောကြီးထဲကို ရောက်လာတာ ဆိုပါတော့ကွယ်"

လူရှုယ်က ခေါင်းညိတ်လျက် နားလည်ပါကြောင်း အမူအရာပြလိုက်သည်။

ပြီးလျှင် မီးပုံအတွင်းသို့ အနီးရှိ ထင်းချောင်းအချို့ကို ထည့်လိုက်သည်။

သို့အတွက် မီးညွန့်များနှင့်အတူ ထွက်ပေါ်လာသည့် မီးပွားကလေးများအား ကြည့်နေမိစဉ် ဘရသေ့ထံမှ စကားသံက ဆက်လက်ထွက်ပေါ်လာပြန်လေ၏။

"အိမ်း ...ဒီတောတောင်ထဲမှာ လူသူဆိုလို့ တွေ့ရခဲ့တဲ့အပြင်၊ မြန်မာလူမျိုးဆိုလို့ ဒီတောတောင်ထဲမှာ ဘရသေ့ဟာ သူငယ်ကို ပထမဦးဆုံးအကြိမ် တွေ့မြင်မိခြင်းဆိုရင် မမှားပေဘူးကွယ်"

"ဪ ...ဪ"

လူရှုယ်က အံ့ဩသည့်အမူအရာနှင့် ဘရသေ့ကိုကြည့်နေမိသည်။

"ဒါနဲ့ ...သူငယ်က မြန်မာလူမျိုးဟုတ်တယ် မဟုတ်လားကွယ့်"

"မှန်ပါ့၊ တပည့်တော် မြန်မာလူမျိုးပါ ဘရေသွ ...သို့ပေမယ့်..."

"သို့ပေမယ့် ...ဆိုတာက..."

လူရွယ်က ခေတ္တမျှရပ်လိုက်ပြီးမှ...

"ဟို ...ဟိုလေ ...တပည့်တော်ရဲ့ဖခင်က တရုတ်လူမျိုး တစ်ဦးဖြစ်တယ်လို့ ဆိုရမှာပါ"

ဟု ဆို၏။

"အင်း ...ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါကြောင့်သာ သူငယ်က ဒီတောတောင်ထဲကို ရောက်လာတာကိုး"

လူရွယ်က ခေါင်းခါလျက်...

"ဘရေသွမိန့်ကြားမှုကို တပည့်တော် နားမလည်တာ အမှန်ပါဘုရား"

ဟု လျှောက်ထားလိုက်သည်။

"အေးကွယ့် ...ဘယ်မှာနားလည်နိုင်ပါ့မလဲ၊ ဘဝဆက် ဆိုတဲ့အနေအထားနဲ့ သဘောတရားကို သူငယ် နားလည်မှာမှ မဟုတ်နိုင်တာဘဲလေ"

ဟု ဖြည်းလေးစွာ ပြောသည်။

"ဗျာ ...ဘဝဆက် ...ဟုတ်လား ဘရေသွ"

ဘရေသွက မည်သို့မျှမဆိုဘဲ ဟုတ်မှန်ကြောင်း ခေါင်း ညိတ်ပြလိုက်သည်။

ပြီးမှ ၎င်းက...





"မင်းရဲ့နာမည်က ဘယ်လိုခေါ်သလဲကွယ့်"

ဟု မေးလိုက်၏။

"တပည့်တော်နာမည် မောင်ရန်ရှင်းပါ ဘရေသွ ခင်ဗျား"

"အိမ်း ...အိမ်း ...နာမည်က ရန်ရှင်းဆိုပေမယ့် ဒီတော ဒီတောင်ထဲကို ရောက်တဲ့အချိန်ကစပြီး မင်းဟာ ရန်မရှင်းဘဲ ရန်ခပင်းနဲ့ ကြုံရမှာ အမှန်ပေပဲကွယ့်"

"ခင်ဗျာ"

ဘရေသွ၏စကားဆန်းကြောင့် လူရွယ်မှာ အနည်းငယ် အံ့ဩသွားသော်လည်း တုန်လှုပ်ဟန်မရှိဘဲ အထက်ပါအတိုင်း ရေရွတ်လိုက်သည်။

ဤတွင် ဘရေသွက...

"ဘရေသွပြောသလို မင်းဟာ ပေဟာဒီတောထဲရောက် တာနဲ့ တစ်ပြိုင်နက် ဘေးရန်အတော်များများကို တွေ့ခဲ့ရပြီ မဟုတ်လား"

ဟု မေး၏။

လူရွယ်က ခေါင်းညိတ်လျက်...

"မှန်ပါတယ် ဘရေသွ၊ ဘရေသွနဲ့သာ မတွေ့ရင် ဟိုလူ မည်းကြီးလက်ချက်နဲ့ ကျွန်တော သေမလား မသိပါဘူး၊ ဒီတော တောင်ဟာ ထူးဆန်းတဲ့အဖြစ်အပျက်တွေက ဒုနဲ့ဒေးဆိုသလိုပဲ နော်၊ မျက်မြင်မကြုံရရင် သူများအပြောကို တပည့်တော်ကိုယ်

တိုင် ယုံနိုင်မှာ မဟုတ်ပါဘူး"

ဟု ဆိုလေ၏။

ထိုစကားကြောင့် တည်ငြိမ်လှသော ဘရသေ့မျက်နှာတွင် အပြုံးငွေ့ငွေ့ ဖြစ်ပေါ်သွားသည်။

ပြီးမှ ဘရသေ့က…

"မှုတ်ပေတယ်၊ ဒီမှာ မောင်ရန်ရှင်း မင်းရဲ့အသက်အရွယ်ဟာ ငယ်နုသေးသလို အတွေ့အကြုံနဲ့ ဗဟုသုတကလည်း နည်းပါးသေးတယ် ဆိုရပေမယ်"

ဟု ဆို၏။

"မှန်ပါတယ် ဘရသေ့"

"အိမ်း …အဲဒီလို ဗဟုသုတနဲ့ အတွေ့အကြုံနည်းပါးသေးတဲ့ လူတစ်ယောက်ဟာ ဘာကြောင့်များ တစ်ဦး တစ်ယောက်တည်း အရဲစွန့်ပြီး ဒီတော၊ ဒီတောင်ထဲကို ရောက်လာရသလဲဆို တာ စဉ်းစားစရာ ဖြစ်နေသကွယ့်"

ဤတွင် မောင်ရန်ရှင်းက…

"ဒီတော ဒီတောင် ဒီနေရာဌာနကို တပည့်တော်ရောက်လာရခြင်းအကြောင်း ပြောရရင် အရှည်ကြီးပြောရမှာမို့ ဘရသေ့ သည်းခံနားထောင်မှ ဖြစ်မှာပါခင်ဗျာ"

"အိမ်း …အိမ်း"

ထိုသို့ဆိုပြီးနောက် ဘရသေ့က ဂူအတွင်းရှိ ကျောက်ကာလပ်ကြီးပေါ်မှ သစ်သီးများကို လက်ညှိုးထိုးပြကာ…





"မင်းမှာ မနေ့က တစ်နေ့လုံးဆိုသလို ပြေးလွှားတိုက်ခိုက်နေရမှုတွေများလို့ မောပန်းပြီး အစာဆာနေရောပေါ့၊ ဟောဟိုမှာ သစ်သီးတွေရှိတယ်၊ သွားစားလိုက်ကွယ့်၊ ပြီးမှ ပြောတာပေါ့"

ဟု ဆို၏။

သို့အတွက် ဘရသေ့အပါးမှ ခွာကာ မောင်ရန်ရှင်းက ကျောက်ကာလပ်ကြီးရှိရာသို့ ရောက်သွားလျက် ရွှန်းလဲ့မှည့်ဝင်းသော သစ်သီးအချို့ကို မြိန်ရှက်စွာ စားသောက်နေပေတော့၏။

"ရေဆာရင် တောင်ဘက်က ကျောက်ကမ့်နံဘေးမှာ ကျောက်ရေကန်ငယ်လေးရှိတယ်၊ သဘာဝရေကန်ပေါ့ကွယ်၊ အဲဒီရေကို သောက်ကွယ့်၊ အေးမြတယ်၊ ဘေးရန်ကင်းမယ်၊ ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းမယ်"

"ဟုတ်…ဟုတ်ကဲ့"

မောင်ရန်ရှင်းတစ်ယောက် စားသောက်နေခိုက် ဘရသေ့က ကျောက်ဂူအတွင်း၌ မီးပုံကို ပတ်ကာ တရားမှတ်ရင်း ကြော်လျှောက်လျက်ရှိသည်။

"အု…ဝု…ရူး"

ဂူအပြင်ဘက် အဝေးတစ်နေရာမှ ဝံပုလွေတစ်ကောင်၏ ရူးရူးဝါးဝါးအော်သံထွက်ပေါ်လာရာ မောင်ရန်ရှင်းက စားရင်းသောက်ရင်း သတိထားကာ နားစွင့်နေလိုက်သည်။

သို့ရာတွင်…

ချက်ချင်းလိုပင် ထိုဝံပုလွေအော်သံက ပျောက်ကွယ်သွားခဲ့သည်။

ကျောက်ရေကန်ငယ်အတွင်းမှရေသည် ဘုရသေ့ပြောသကဲ့သို့ပင် အားပြည့်လန်းဆန်းလျက်ရှိမည်ဖြစ်ကြောင်း သောက်ကြည့်သောအခါ တစ်မျိုးထူးခြားသည့် အရသာအရမောင်ရန်ရှစ်းတွက်ဆလိုက်မိသည်။

ထို့နောက် ဘုရသေ့ရှိရာ မီးပုံအနီးသို့ ပြန်လာကာ ဝတ်ဖြည့်လျက်ပြော၏။

"ဒီနေရာ ဒီဌာနကို ရောက်လာရခြင်း တပည့်တော်ရဲ့ ထူးခြားဖြစ်စဉ်ကို ပြောပြပါတော့မယ် ဘုရသေ့"

"အိမ်း…အိမ်း…ကောင်းပြီ…ကောင်းပြီ၊ ပြောပေတော့၊ ဘုရသေ့ စိတ်ဝင်တစား နားထောင်နေမှာပါ"

"မှန်ပါ"

ဤသို့ဖြင့် မောင်ရန်ရှင်းက ထူးခြားဆန်းကြယ်သည်နှင့် အမျှ ယုံကြည်နိုင်စွမ်းမရှိသည့် ၎င်း၏ဖြစ်စဉ်၊ သို့မဟုတ် ဇာတ်ကြောင်းအား အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် ပြောပြလေတော့၏။

❋❋❋





## အခန်း (၃)

ဇန်းမော်မြို့လယ်ခေါင်အနီးရှိ ကြီးမားကျယ်ပြန့်လှသည် နှင့်အမျှ ခန့်ထည်လှသော အိမ်ကြီးမှာ သစ်ကုန်သည် သူဌေးကြီး ဦးကျင်တိတ်နှင့် ဇနီး ဒေါ်သီသီတို့၏ အိမ်ဂေဟာကြီးပင် ဖြစ်သည်။

ဦးကျင်တိတ်မှာ အရည်အချင်း ပြည့်ဝသည့်သာမက စိတ်သဘောကောင်းသူ ဖြစ်သောကြောင့် တပည့်တပန်းများသူဟု ဆိုရပေမည်။

ယနေ့နံနက်တွင် ဦးကျင်တိတ်မျက်နှာမကောင်းသဖြင့် လက်ဖက်ရည်ဝိုင်း၌ ဇနီး ဒေါ်သီသီက မေးသည်။

"ကိုကျင်တိတ် ဘာဖြစ်လို့လဲဟင်၊ ရှင့်မျက်နှာ အခု မနက်ခင်းမှာ သာသာယာယာမရှိလှပါလား။ မှန်း ...ကိုယ်များ မှုသလား"

ဖနီးသည်က ကြင်နာစွာဖြင့် သူ့နဖူးကို လက်နှင့် စမ်းသပ်ကာ မေးသည်။

ထိုအခါ ကိုကျင်တိတ်က...

"နေကောင်းပါတယ် သီသီ၊ တခြားကြောင့် မဟုတ်ပါဘူး။ ညီတော်မောင် ကျင်ဆောင်ကို အိပ်မက် မက်လို့ပါကွယ်"

"ဩော် ...ဒါကြောင့်ကိုး၊ ဟုတ်ပါရဲ့နော်၊ မောင်လေး ကျင်ဆောင်တစ်ယောက်လည်း ရန်ကုန်မြို့ထွက်သွား လိုက်ကတည်းက တစ်ခေါက်တစ်ကျင်းမှ ဇန်းမော်မြို့ကို ပြန်မပေါ်မလာ၊ ခြေဦးလှည့်မလာဘူး"

ဦးကျင်တိတ်က မည်သို့မျှ မဆိုပေ။

လက်ဖက်ရည်ခွက်ကို လက်စသတ်သောက်လိုက်ပြီး လျှင်ဆေးတံကို ဆေးသိပ်လျက်မှ...

"အေးကွာ ...ဟုတ်ပါရဲ့ ကျောင်းကို ဟုတ်တိပတ်တိ မတက်ချင်၊ အလုပ်လုပ်ဖို့လည်း မစဉ်းစားတာမို့ အဖေက နှင်ချလိုက်တာမှာ စိတ်နာပြီး ဇန်းမော်မြို့ကို သူ ခြေမချတော့တာပဲ"

ဟု အေးအေးဆေးဆေးပြောလိုက်လေ၏။

ဒေါ်သီသီက...

"နို့ ...ဟိုတလောက ရန်ကုန်ကို ရောက်သွားတဲ့ ချောင်း





ခေါင်းကိုဒေါင်းပြောတော့ မောင်လေးမောင်ကျင်ဆောင်တို့ မိသားစုနဲ့ တွေ့ခဲ့တယ်ဆို"

ဟု မေး၏။

"ဟုတ်တယ်၊ သူတို့မှာ လူပျိုပေါက် သားလေး တစ်ယောက်ရှိပြီး ဆင်းရဲရှိုတဲ့မှုကြောင့် လင်မယားနှစ်ယောက်စလုံး စိတ်ညှိုးပြီး ကျန်းမာရေးတောင် သိပ်ကောင်းပုံမရဘူးလို့ မောင်ဒေါင်း ပြောတာပဲလေ"

"အို ...သားကလေးခမျာ ဒုက္ခပေါ့နော်၊ ရှင့်အနေနဲ့ တစ်နည်းနည်းကူညီသင့်တာပေါ့ ကိုကျင်တိတ်ရယ်"

ဒေါ်သီသီစကားအဆုံးတွင် ကိုကျင်တိတ်က မှဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

ပြီးမှ ၎င်းက...

"သီသီရယ် မင်းကိုယ်တိုင် ကျင်ဆောင်ရဲ့ စိတ်နေသဘောထားကို သိရဲ့သားနဲ့၊ သူက စိတ်ဓာတ်မာကြောတယ်၊ ဟင်ဆိုရင်မရဘူး၊ ငါတို့မှာ လင်မယားနှစ်ယောက်တည်း ငွေကြေးဆိုတာလည်း အဆမတန် များပြားလှတော့ သူသာ လက်ခံမယ်ဆိုရင် ထောက်ပံ့ချင်တာပေါ့၊ ဒါပေမဲ့ ဒီကောင်က ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ပါဘူးလေ၊ ဒါကြောင့် ဒီအတိုင်းနေပြီ သူတို့မိသားစု သတင်းကို နားထောင်နေရတာပေါ့ကွာ"

ဟု စိတ်မကောင်းစွာ ပြောပြလိုက်သည်။

"ရှင်ပြောပြတာလည်း မှန်ပါတယ်လေ"

ထို့နောက် လင်မယားနှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။

ပြီးမှ ဦးကျင်တိတ်က မီးခြစ်ကို ဖျောက်ခနဲခြစ်လျက် ဆေးတံမီးညှိသည်။

မီးခိုးများကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်ပြီး ...

"ဒါပေမဲ့ ငါ တစ်ခုခုတော့ စီစဉ်ထားပါတယ် မိန်းမရာ"

ဟု ပြောချလိုက်၏။

"ဟင် ...ဘာများပါလိမ့်၊ ဘယ်လိုစီစဉ်ထားတာလဲ ကိုကျင်တိတ်ရယ်၊ ဆိုစမ်းပါဦးရှင်"

ထိုအခါ ဦးကျင်တိတ်က ပြောပြသည်။

"ရန်ကုန်မြို့မှာ ငါ့အဆက်အသွယ် တပည့်တပန်းအချို့ရှိတာမို့ ညီလေးကျင်ဆောင်တို့ မိသားစုသတင်းကို စုံစမ်းပြီး ငါ့ဆီ အဆက်မပြတ် ပို့နေခဲ့တယ်၊ ဒီကိစ္စ မင်းကို အသိမပေးခဲ့မိဘူး၊ အဲ့ဒီအတွက် ခွင့်လွှတ်ပါကွာနော်"

ဒေါ်သီသီမှာလည်း စိတ်ကောင်းရှိလျက် ဘာသာရေးသက်ဝင်ယုံကြည်သူတစ်ဦးဖြစ်ရာ ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ သဘောမထားကြောင်း သူမ၏မျက်နှာထားက ပေါ်လွင်လျက်ရှိ၏။

ထို့နောက်မှ ဒေါ်သီသီက ပြုံးလျက်...

"အမလေးတော် ...ဘာမှမဖြစ်ရပါဘူး၊ အချိန်မသင့်လို့ရှင် အသိမပေးတာဖြစ်မှာပါ၊ သီသီ နားလည်ပါတယ်





ကိုကျင်တိတ်ရယ်"

ဟု သဘောထားကြီးစွာ ပြောကြားလိုက်သည်။

"ဒီလိုကွ ...ညီလေးကျင်ဆောင်ဟာ ရန်ကုန်၊ ပုစွန်တောင် ဆိုတဲ့ ရပ်ကွက်မှာ နေထိုင်ပြီး လက်သမားအလုပ် လုပ်တယ်တဲ့၊ သူ့သားလေးကို အမျိုးသားပညာရေးကျောင်းမှာ ခုနစ်တန်းအထိ ပညာသင်ကြားစေပြီး လင်မယားနှစ်ယောက်စလုံး ကျန်းမာရေး ညံ့လာတာကြောင့် သားလေးကို ကျောင်းထုတ်လိုက်တယ်တဲ့လေ"

"ဟင် ...ကျောင်းထုတ်ပြီး ကလေးက ဘာလုပ်ရမှာလဲ ကိုကျင်တိတ်ရယ်"

ဦးကျင်တိတ်က ဆေးတံတစ်ချက် ရှိုက်ဖွာပြီးမှ ဆက်၍ ပြောလိုက်သည်။

"အင်း ...ကလေးဟာ လက်တွန်းလှည်းလေးနဲ့ ရပ်ကွက်အနှံ့ လမ်းတကာလှည့်ပြီး ရာသီသီးနှံကလေးတွေ ရောင်းချနေသတဲ့ကွယ်"

"အို ...သနားစရာပါပဲရှင်ရယ်"

"အေးလေ ...အဲဒီသတင်းကြားရကတည်းက ငါ့မှာ စိတ်အနှောင့်အယှက်ဖြစ်နေရတာ၊ နောက် ...မင်းလည်း စိတ်မကောင်းဖြစ်ရှာမယ်ဆိုပြီး ဖွင့်မပြောတာ"

"ကိုကျင်တိတ်ရယ် သီသီ့အကြောင်းလည်း သိသားနဲ့၊ သီသီဟာ စိတ်သဘောထား သေးသိမ်တဲ့ မိန်းမတစ်ယောက်

မဟုတ်သလို၊ မောင်လေးကျင်ဆောင်ကိုလည်း ကိုယ့်မောင် အရင်းအခြာလို သဘောထားတာ ကိုကျင်တိတ် ဒီသားနဲ့"

"မှန်ပါတယ် သီသီ"

အမှန်ပင်၊ ကိုကျင်တိတ်နှင့် သီသီတို့ အိမ်နီးချင်း သမီးရည်းစားဘဝ၌ ညီဖြစ်သူ ကျင်ဆောင်မှာ စာပေးစာယူ မြားနတ်မောင်တစ်ဦး ဖြစ်ခဲ့ပေသည်။

ထို့ကြောင့်လည်း မိမိနှင့် ၎င်း၏အစ်ကိုတို့ ချစ်ခြင်းအား သဘောတူသည့် စိတ်နှလုံးကောင်း သွက်လက်ချက်ခြာသော ကျင်ဆောင်ကို သီသီက မောင်လေးအရင်းအခြာကဲ့သို့ သဘောထားခဲ့သည်သာ။

ထို့နောက် ဒေါ်သီသီက...

"အဲဒီတော့ ...ရှင် ...ဒီအတိုင်းကြည့်နေမှာလားဟင်၊ တတ်နိုင်တဲ့နည်းနဲ့တော့ ကျန်းမာရေးမကောင်းရှာတဲ့ သူတို့မိသားစုကို ကူညီမှုပေးပါရှင်"

ဟု မျက်ရည်များ ဝေ့ဝဲလျက်ပြောလိုက်ရှာ၏။

ဦးကျင်တိတ်က ဆေးတံကို နောက်ဆုံးရှိုက်ဖွာကာ ဆေးမှုန်များကို ပြာခံခွက်အတွင်း တဒေါက်ဒေါက် ခေါက်ချလိုက်၏။

ထို့နောက်မှ ၎င်းက...

"အေးပါ...မင်းပြောသလို တစ်ခုခုတော့ စီစဉ်မှ ဖြစ်လိမ့်မယ်၊ အမိကာက ဆင်းရဲချို့တဲ့လှတဲ့ သူတို့မိသားစုဆီ ငွေကို





တစ်နည်းနည်းနဲ့ ရောက်အောင်ပို့ဖို့ပဲ သီသီ"

ဟု ဆိုလိုက်၏။

"မှန်တာပေါ့ရှင်"

"အေး ...ဒါဆိုရင် ငါ့တပည့်တွေနဲ့ သွားတွေ့ပြီး စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ပြီးလျှင် သူဌေးကြီးဦးကျင်တိတ်က မြင်းဖောင်းသို့သွားကာ မြင်းစီးထွက်ခွာသွားပေတော့သည်။

❋❋❋

## အခန်း (၄)

"နောင်…နောင်…နောင်"

"မရမ်းမဆလာ၊ ဇီးမဆလာ၊ သရက်ပြားချိုချဉ် အရသာရှိရှိ စားရမယ်နော်၊ ခံတွင်းမကောင်းတဲ့လူတွေ လျှာလည်သွားရစေမယ်၊ အစာပြေ စားစား၊ အာသာပြေ စားစား၊ ကြိုက်သလိုစား၊ ကြိုက်သလို ဝါး၊ တအားကောင်းတဲ့ ကျားခေါင်း ယိုစုံဗျနော်"

"နောင်…နောင်…နောင်"

အသက်ဆယ့်ခြောက်နှစ်ခန့် ထွားကြိုင်သော ကိုယ်ကာယနှင့် မွန်ရည်သောမျက်နှာပိုင်ရှင် လူငယ်လေးသည်





ကျုံးကြီးလမ်းအတိုင်း ၎င်း၏လက်တွန်းလှည်းလေးအား တွန်းကာ တစ်ခါတစ်ခါ ရပ်နားလျက် အထက်ပါအတိုင်း အော်ဟစ်လေ၏။

စားနေကျဖြစ်ဟန်ရှိသည့် ကလေးနှင့် မိန်းမသားများမှာ မောင်းသံကြားသည်နှင့် ထွက်၍ ဝယ်ကြရာ အတော်အတန် ရောင်းကောင်းသည်ဟု ဆိုရပေမည်။

လှည်းပိုင်ရှင်လူငယ်လေးမှာ ထိုသို့ ရောင်းကောင်းသောအခါ စိတ်ရွှင်လာလျက် ရောင်းချ နေရင်းမှ…

"လင်စားရင် မယားချိုတယ်ဗျနော်၊ မယားချိုတော့… အဲ…"

ဟုဆိုကာ ဘာဆက်ပြောရမှန်း မသိတော့သကဲ့သို့ မျက်နှာ မချိုမချဉ်နှင့် လျှာတစ်လစ်ထုတ်လိုက်သဖြင့် လှည်းဘေးမှ ဈေးဝယ်နေကြသည့် ကလေးလူကြီးများ ပွဲကျကာ ဝါးခနဲ ရယ်မောလိုက်ကြတော့သည်။

တစ်ခါတစ်ခါ သူက ဤသို့ အော်ဟစ်သေးသည်။

"တစ်ပြားစားရင် သီကြားသား ဖြစ်စေမယ်၊ တစ်လုံးကိုက်ရင် မဆုံးအကြိုက်တွေ့မယ်၊ တစ်ကွင်းစားရင်လား …အင်း …ဟိုဒင်း …အထင်းသား …အထင်းသား အဲ …ဘိုင်စကုတ်မင်းသားဖြစ်မှာ အသေအချာပဲဗျို့…ဟဲ…ဟဲ…ဟဲ ဝယ်စား၊ ဝယ်စား တကယ်မမှားရဘူး၊ ကျားခေါင်းလာပြီ…လာပြီ ကျားခေါင်း"

ဟု ပေါက်ကရလေးဆယ် အော်ဟစ်လျက် လှည်း၌

ချိတ်ဆွဲထားသည့် မောင်းကလေးအား မနားတမ်း တီးခတ်လေ တော့၏။

"နောင် ...နောင် ...နောင် ...နောင်"

လှည်းဆက်ထွက်၍ အရိပ်ကောင်းကောင်း သစ်ပင်ကြီးများ အောက်ရောက်သောအခါ ရှောက်သီး၊ ဝွေးသီး စသည်တို့ကို အကွင်းလိုးခြင်းဖြင့် လည်းကောင်း၊ အခွံနွှာခြင်း၊ မဆလာ သုတ်လိမ်းခြင်း စသည်တို့ကို ပြုလုပ်ရင်း အနားယူလေ့ရှိသည်။

ပြီးလျှင် ရောင်းရငွေများကိုလည်း ရေတွက်ကာ တီးတိုး ရေရွတ်နေတတ်သည်။

"အင်း ...ဒီနေ့ တော်တော်ရောင်းရသားပါလား၊ မြတ်တဲ့ငွေကလေး အချိုနဲ့ အိမ်အပြန်မှာ အဖေနဲ့အမေ စားဖို့ ခေါက်ဆွဲကြော်၊ ဝက်အူချောင်းနဲ့ အီကြေ့ကွေ့တွေ ဝယ်သွားရမယ်၊ ဒါဆိုရင် အဖေနဲ့ အမေတို့ သိမ်ဝမ်းသာကြမှာပဲ"

ထိုသို့ရေရွတ်ရင်းမှ အိမ်၌ကျန်ရစ်ကြသည့် မိဘနှစ်ပါး၏ မျက်နှာများကို မြင်ယောင်လိုက်မိသည်။

"ဟေ့ ...သရက်ပြားတစ်ပြားဖိုး ပေးစမ်းကွာ"

"အေး ...ငါ့ကို ဇီးမဆလာပေးဟေ့ ရှာတိတ်"

ထိုအခိုက် လမ်းလျှောက်လာသူနှစ်ယောက်က တစ်ပြိုင်နက် ဝယ်ကြသဖြင့် စကားမပြောအားဘဲ ခေါင်းသာညိတ်ပြကာ သရက်ပြားနှင့် ဇီးမဆလာတို့ကို စက္ကူနှင့် အမြန်ထည့်ကာ ထုပ်ပိုးပေးနေရ၏။





"အလို ...အလို ...လက်စသတ်တော့ မင်းတို့ကိုး၊ တွေ့ကြသေးတာပေါ့ကွာ ...ကဲ"

ဤအချိန်မှာပင် ဆန့်ကျင်ဘက်မှ လျှောက်လာသည့် သူဌေးဟန်ဝန်နှင့် လူတစ်ယောက်က ဈေးဝယ်နေသူ လူနှစ်ယောက်အား ရုတ်တရက် လက်ညှိုးထိုးကာ အထက်ပါ အတိုင်း ရေရွတ်ပြီးလျှင် အတင်းဝင်ရောက် ထိုးကြိတ်တိုက်ခိုက် လေတော့၏။

ထို့ကြောင့် လူနှစ်ယောက်ကလည်း သရက်ပြားနှင့် ဇီးသီးထုပ်များကို လွှတ်ချကာ ပြန်လည်ခုခံသတ်ပုတ်တိုက်ကြတော့သည်။

"ကဲကွာ"

"ဝိုး ...ခွပ် ...အင့်"

"ဒါလောက်ဖြစ်လှတာ"

"ဖုန်း ...အား"

လူသုံးယောက် အပြန်အလှန် ထိုးကြိတ်တိုက်ခိုက်နေသဖြင့် ဈေးရောင်းသူ လူငယ်လေးမှာ ဘာလုပ်ရမှန်းမသိဘဲ ကြောင်ငေးငေးနှင့် ကြည့်နေမိပေ၏။

လူသုံးယောက်တို့ သဲသဲမဲမဲ တိုက်ခိုက်မှုကြောင့် လှည်းလေးမှာ လေမုန်တိုင်းဒဏ်ခံရသကဲ့သို့ တလူးလူး တလှုပ်လှုပ် ဖြစ်နေရသည်။

"ဟတ် ...တော်ကြပါတော့ဗျာ၊ ခင်ဗျားတို့ ရန်ဖြစ်တာ

အကြောင်းမဟုတ်ဘူးဗျ၊ ကျွန်တော့်လှည်းကလေး ခင်ဗျားတို့ကြောင့် ကျိုးတော့မယ်ဗျ...အီး ...ဟီး"

သူက ဤသို့ ငိုယိုရေရွတ်ရင်း လှည်းကလေးကို ထိုနေရာမှ ခွာရန် ကြိုးစားတွန်းသည်။

သို့ရာတွင် ရန်ဖြစ်သူများက ဟိုရောက်ဒီရောက် ဖြစ်နေရှုမကာ တစ်ချိန်ချိန်တွင် လူငယ်ကိုပါ တိုက်မိသဖြင့် တွန်းထုတ်သကဲ့သို့ လွင့်သွားရလေ့ရှိရာ ကြာသော် ရန်ပွဲကို စိတ်ပျက်လက်ပျက်သာကြည့်ရင်း မိမိနှင့်မတိုက်မိစေရန် အထူးသတိထားရှောင်တိမ်းနေရတော့သည်။

နောက်အကြံရကားတအားအော်ဟစ်လိုက်ပြန်လေ၏။

"ပေဟာဒီမှာ လာကြပါဦးဗျို့ ရန်ဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် သတ်ပုတ်နေကြလို့ပါ"

သူက ပါးစပ်တွင် အော်လံသဏ္ဍာန် လက်နှစ်ဖက်အုပ်ကာ အော်လိုက်ခြင်းဖြစ်သည်။

သို့ပါသော် အကြိမ်ကြိမ် ဟစ်အော်လင့်ကစားထိုနေရာမှ လူနေအိမ်ခြေနှင့် ဝေးလှသောကြောင့် ကြားနိုင်သူမရှိသဖြင့် အချည်းနှီးပင်ဖြစ်ရလေ၏။

"အီး...ဟီး...ဟီး...ဒုက္ခပါပဲဗျာ"

ကြံရာမရသည့်အဆုံး လူငယ်က မျက်နှာကို စိတ်ပျက်လက်ပျက်အနေအထား လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ကြိတ်ငိုနေလေတော့သည်။





"ဟာ...ဟိုလူပြေးပြီဟေ့"

"ဟုတ်တယ်...လိုက်...လိုက်စမ်း"

"ဖျပ်...ဖျပ်...ဖျပ်...ဖုတ်...ဖုတ်"

"ဘုတ်...ဘုတ်...ဘုတ်"

သို့ရှိစဉ် အခြေအနေက ရုတ်တရက်ပြောင်းလဲသွားလျက် တစ်ယောက်သမားက မခံနိုင်တော့ဖြင့် ပြေးထွက်သွားလေ၏။

ထို့ကြောင့်လည်းနှစ်ယောက်သမားက အမောတကောနှင့် သေပြေးရှင်ပြေးလိုက်ကြပြန်တော့ရာ လူသုံးယောက် အပြေးပြိုင်သည့်နှယ် ရှိလေ၏။

"ဟူး...တော်ပါသေးရဲ့ ဒီလူတွေ လှည်းနားက ခွာသွားကြလို့သာပေါ့၊ ဘယ်နှယ့် ...ဘယ်လို ရန်ကြွေးရန်စက ဘယ်ကနေ စဖြစ်လာပြီး ငါ့ရဲ့လှည်းကလေးနားကြမှ ဘာမှန်းမသိညာမှန်းမသိ တိုက်ခိုက်ကြတာများ၊ ငါ့မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ ငါ့မိသားစုအတွက် ဝမ်းစာရှာဖွေတဲ့လှည်းကလေး ဘာမှမဖြစ်တာကိုပဲ ကျေးဇူးတင်ရပေမှာပဲ ဟဲ...ဟဲ...ဟဲ"

ဘာဆိုသည့်စကားလုံးကို လှိုင်လှိုင်ကြီးသုံးရင် လူငယ်မှာ ဝမ်းမြောက်ဝမ်းသာ ရေရွတ်နေရှာလေ၏။

သူ ပြန်လည်စောင်းငဲ့၍ ကြည့်လိုက်သောအခါစောစောက ရန်ဖြစ်နေသူသုံးယောက်၏ အရိပ်အယောင်ဟူ၍

လားလားမျှပင် မတွေ့ရပါတော့ချေ။

"အင်း…ဟိုလူတွေတော့ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး၊ ပြေးသွားတဲ့ တစ်ယောက်သမားလွတ်ရဲ့လား၊ ဒါမှမဟုတ် သုံးယောက်ထဲက တစ်ယောက်ယောက် တစ်နေရာရာမှာ သေပြီလား။ အို…ဒါ သူတို့ကိစ္စပဲ"

ထို့နောက် လူငယ်က သူ့ရှေးလှည်းကလေးအား စေ့စေ့စပ်စပ်လှည့်ပတ်ကြည့်ကာ ကိုင်ကြည့် လှုပ်ကြည့်သည်။

တကျွီကျွီနှင့် အနည်းငယ် ယိုင်နဲ့သည်မှအပ ပျက်စီးချို့ယွင်းခြင်းမရှိသဖြင့် ဝမ်းသာမိရသည်။

"အင်း…အချိန်မီရောင်းရအောင် ဒီနေရာက ခွာမှ"

သူက လှည်းကို စတင်တွန်းလိုက်၏။

"ကျွီ…အီ…အီ"

လှည်းထွက်လိုက်သဖြင့် သစ်သီးများ ဖရိုဖရဲဖြစ်သွားရာ ထိုသစ်သီးများကြောင့် ဆီဆိမ်စက္ကူနှင့် ပတ်ထားသော အတော်အတန်ထုသည့် အထုပ်တစ်ထုပ်ကို အမှတ်မထင် တွေ့လိုက်ရတော့သည်။

"ဟင်…ဘာပါလိမ့်၊ ဒါ ဟိုလူသုံးယောက်အနက် တစ်ယောက်ယောက်ရဲ့ပစ္စည်း လွှင့်ထွက်တင်ကျန်ခဲ့တာ ဖြစ်ရမယ်၊ ငါ သူတို့ကို ဘယ်လိုပြန်ပေးရပါ့မလဲ"

လူငယ်က လူသုံးယောက် ထွက်ခွာပျောက်ကွယ်သွားရာသို့ တစ်ဖန်ကြည့်လိုက်မိပြန်သည်။





သို့အတွက် စက္ကူထုပ်၏အစပိုင်းကို အနည်းငယ် ဟကြည့်လိုက်မိသည်။

"ဟိုက်…အို…ငွေတွေပါလား၊ ငွေတွေ"

သူက ငွေထုပ်ကို ကိုင်ရင်း မင်သက်လျက် အထက်ပါအတိုင်း ရွတ်ဆိုနေမိလေ၏။

❋❋❋

## အခန်း (၅)

ငါးရံဆန်ပြုတ်၊ ခေါက်ဆွဲကြော်၊ အီကြေနှင့် အခြားမုန့်ပဲသွားရည်စာများမှာ ကိုကျင်ဆောင်နှင့်မရွှေရည်တို့ လင်မယားနှစ်ယောက်ရှေ့တွင် တစ်ပုံတစ်ခေါင်းကြီး ရှိနေသည်။

ထို့ပြင် ဆီစိမ်စက္ကူနှင့် ထုပ်ထားသည့် ငွေထုပ်ကြီးသည်လည်း ထိုးထိုးထောင်ထောင် ရှိနေလေ၏။

လူငယ်မှာကား မောပန်းနေသည့်ကြားမှ ချွေးများကိုပင် မသုတ်နိုင်ရာသေးဘဲ မိဘနှစ်ပါးအား စားသောက်ကြရန် အကြိမ်ကြိမ် အဖန်ဖန် နှိုးဆော်တိုက်တွန်းသမှု ပြုနေလေ၏။

မိခင်ဖြစ်သူမှာ မယုံနိုင်အောင် ဝမ်းသာနေသော်လည်း





မယုံသင်္ကာသော်မျက်လုံးများနှင့် သားဖြစ်သူအား ကြည့်နေရှာ၏။

ထိုနည်းတူစွာ ဖခင် ကိုကျင်ဆောင်သည်လည်း အစားအသောက်များကို လုံးဝ တို့ထိခြင်းမပြုသေးဘဲ ၎င်းရှေ့မှ ငွေထုပ်ကြီးကိုသာ မမှိန်မသုန် စိုက်ကြည့်လျက်ရှိသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ ဖခင် ကိုကျင်ဆောင်က

"သား…ရန်ရှင်း…လူကလေး အမှန်ပြောတာနော်"

ဟု မေးလိုက်၏။

"ဟာ…အဖေကလည်း သား မဟုတ်တာ မလုပ်ရပါဘူးဗျာ၊ ဒီလောက်များတဲ့ငွေတွေကို သားဘယ်နည်းနဲ့ ရှာနိုင်မှာလဲ၊ အခုဟာက လူသုံးယောက်လုညီးနားမှာ အမှတ်မထင် ထိုးကြိတ်ကြရင်း လွင့်စင်လာတာ ဖြစ်မှာပါလို့ ပြောပြီးသား ဥစ္စာ"

မိခင်ဖြစ်သူက…

"ဒါဆိုရင် ယုံပါပြီသားရယ်၊ နို့ပေမယ့် သားရဲ့ရေးလုညီးကလေးကိုဒီလူတွေက မှတ်မိမှာဆိုတော့ တစ်နေ့မဟုတ် တစ်နေ့ သားရေးရောင်းတဲ့ဆီလာပြီး သူတို့ငွေထုပ်ကို တောင်းမှာကွယ့် သိလား"

ဟု ဆို၏။

ဖခင် ကိုကျင်ဆောင်ကလည်း …

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီလူတွေဟာ သားရဲ့ ကျားခေါင်းရေးလုညီးလေးကိုတော့ မှတ်မိပြီး တစ်နေ့နေ့တွေ့

အောင် လိုက်ရှာကြမှာပါ"

ဟု ဆိုပြန်လေ၏။

ဤတွင် မောင်ရန်ရှင်းက...

"အိုဗျာ...အဖေနဲ့ အမေကလည်း သားက မဟုတ်တာ လုပ်မယ့်လူကျနေတာပဲ၊ သူတို့ လာတောင်းတဲ့အခါကျတော့ လည်း ရှောရှောရှူရှူ ပြန်ပေးလိုက်မှာပေါ့၊ ဒီကြားထဲမှာ အဖေနဲ့ အမေက အဲဒီငွေထုပ်ကြီးကို သိမ်းထားပေါ့"

ဟု ပြောသည်။

"အေး...အေး"

"မှန်ပါတယ် သားရယ်"

"နောက်ပြီး အခုသားဝယ်လာတဲ့ အစားအစာတွေက အဲဒီငွေထုပ်ထဲက ငွေနဲ့ ဝယ်လာတာမဟုတ်ပါဘူး၊ သား ဈေး ရောင်းလို့ရတဲ့ အမြတ်ထဲက ဝယ်လာတာပါ၊ ဒါကြောင့် ငွေထုပ် ကိစ္စ ခဏထားပြီး စားကြပါနော်"

"ကောင်းပါပြီကွယ်၊ ကောင်းပါပြီ"

"လိမ္မာလိုက်တဲ့ သားလေးရယ်"

ထိုအခါကျမှပင် လင်မယားနှစ်ယောက်သား အစား အသောက်များကို စတင်စားသောက်ကြတော့သည်။

မောင်ရန်ရှင်းက မိဘနှစ်ပါး စားသောက်နေသည်ကို ပီတိဖြင့်ကြည့်ရင်း ...

"ဒါပေမဲ့ ...စကားပုံတစ်ခုရှိတယ် မဟုတ်လား အဖေနဲ့





အမေ"

ဟု တုံးတိတိ ဆိုလိုက်သဖြင့် စားသောက်နေသူ နှစ်ဦး စလုံး အံ့ဩသွားကြရသည်။

"ဘာစကားပုံပါလိမ့်"

"ဘာများလဲ သားရဲ့"

"ဟို...ဟိုဒင်းလေ၊ ရေအဆုံးကုန်းတစ်ဝက်ဆိုတာပဲ... ဟဲ...ဟဲ"

"အို...သူများပစ္စည်းဥစ္စာကို မတော်လောဘ ထားပြီး မယက်မောကောင်းဘူးကွယ့်"

မိခင်ဒေါ်ရွှေရည်က မျာမျာသလဲ ပြောလိုက်ရာ ဖခင် ကိုကျင်ဆောင်ကလည်း

"ဟုတ်တယ် သားရယ်၊ မတော်လောဘဆိုတာ မထား ကောင်းဘူးကွယ့် သိလား"

ဟု သတိပေးစကားပြောလိုက်သည်။

မောင်ရန်ရှင်းက...

"သားလည်း သိပါတယ်၊ အဖေနဲ့အမေ၊ သားက စကား အဖြစ်ကို ပြောတာပါ၊ အခုလို ငွေရေးကြေးရေး ရှားပါးပြီး၊ အလုပ် အကိုင် အဆင်မပြေတဲ့ အဂ်လိပ်အစိုးရခေတ်ကြီးမှာ ဒီလောက် များပြားတဲ့ငွေတွေ ရရှိတဲ့လူတစ်ယောက်ဟာ ရိုးသားနိုင်ပါ့ မလား၊ ဒါပေမဲ့ သားက သူတို့ပြန်လာပြီး တောင်းရင် ပေးမှာ ပါလေ"

ဟုဆိုလိုက်လေ၏။

"အေး…အေး…သွား…သွား…ငါ့သား ရေချိုးတော့လေ"

"ဟုတ်ပ့ါသားရယ်၊ ချွေးတွေ သံတွေနဲ့ ရေမိုးချိုးပြီးရင် ထမင်းစားလိုက်နော်"

"ဟုတ်ကဲ့"

ထို့ကြောင့် အကျီလုံချည်လဲကာ မောင်ရန်ရှင်း တစ်ယောက် ရေချိုးသည်။

ထိုသို့ ရေချိုးနေရင်းလည်း ငွေထုပ်ကြီးကိစ္စက သူ့ခေါင်းထဲမှာ ပေါ်နေဆဲသာ။

ထမင်းစားလည်း ဤသို့ပင်။

ညဥ့်နက်၍ အိပ်ရာဝင်သည့်တိုင် ထူးဆန်းသည့် လူသုံးယောက်နှင့် ငွေထုပ်ကြီးကိစ္စမှာ သူ့ခေါင်းထဲမှ ပျောက်ကွယ်ခြင်း အလျဥ်းမရှိပေ။

"အေးလေ…ဘာပဲဖြစ်ဖြစ် ထူးဆန်းတာတော့ အမှန်ပဲ"

မောင်ရန်ရှင်းက ဤသို့ မှတ်ချက်ချကာ ဖွတ်အတင်း မပျော့ပျော်အောင် အိပ်စက်လိုက်ရတော့သည်။

ဖဖဖ





## အခန်း (၆)

"စားကြဦးမလား၊ အရမ်းမက်စရာ မရမ်း၊ သရက် မဆလာ ပါတယ်ဗျို့၊ အမောက်ဖျိုခင်တို့အတွက်တော့ ရှောက်ချို ချဥ်ရမယ်နော်၊ အပြည်းလို တစ်နည်းကောင်းတဲ့ ဖီးယိုဖီးပေါင်း ကလည်း ပါသေးသဗျ၊ ကလေးဆို ငွေးချိုကြိုက်ကြတာလည်း မမေ့ကြနဲ့၊ နာနတ်၊ သဘော်အို…ကြိုက်ရာသာပြော၊ ကျားခေါင်း က မတရားရောင်းမယ်သာ မှတ်…ဟဲ…ဟဲ…ဟဲ"

"နောင်…နောင်…နောင်"

"ပြည်သူ့အကြိုက် ကျားခေါင်းလာပြီ၊ လာပြီဗျို့ ကျားခေါင်း"

"နောင်...နောင်...နောင်"

မောင်ရန်ရှင်းမှာ မိသားစုသုံးယောက်၏ ဝမ်းရေးအတွက် ၎င်း၏ နေ့တစ်ရှူဝလုပ်ငန်းကလေးအား နောက်တစ်နေ့နံနက်မှစ၍ ဝတ္တရားမပျက် ဆက်လက်လုပ်ကိုင်နေဆဲသာ။

ဤသို့ရပ်ကွက်တကာ လမ်းတကာ လှည်ရောင်းရင်း တစ်နေ့က အမှတ်မထင် ကြုံခဲ့ရသည့် ထူးဆန်းသော လူသုံးယောက်အနက် တစ်ယောက်ယောက်များ ရောက်လာလေမည်လောဟု ဝန်းကျင်အနှံ့သို့ မသိမသာ လှည့်ပတ်ကြည့်မိသည်။

သို့သော် မည်သည့်ပုဂ္ဂိုလ်မှ သူ့လှည်းထံ ရောက်လာခြင်းမျိုး မရှိပါပေ။

ယခင် နေရာ၌ကား ရှာနေသလားဟု ယူဆကာ ကျုံးကြီးလမ်း သစ်ပင်ကြီးအောက်အထိ လှည်းကို တွန်းလျက် အတန်ကြာမျှ ရပ်နားခဲ့သေးသည်။

သို့စေကာမူ...ထိုလူသုံးယောက်၏ပုံသဏ္ဍာန်နှင့်တူသူပင် ရောက်လာခဲ့ခြင်း မရှိပေ။

"အို...တစ်ချိန်ချိန်တော့ ရောက်လာမှာပေါ့လေ"

ဤသို့ပင် စိတ်ကိုဖြေသိမ့်ကာ ထိုနေရာမှ ဈေးလှည်းကလေးကို တွန်းထွက်ခဲသည်။

ထိုသို့တွန်းထွက်ခဲ့ရင်းမှ မိမိဖခင် ကိုကျင်ဆောင် တစ်ခါတစ်ခါစိတ်လိုလက်ရပြောသည့်စကားများက အလိုလိုပြန်လည်





ကြားယောင်လာခဲ့မိသည်။

"မောင်ရန်ရှင်း...ငါ့သားဟာ နယ်နယ်ရရ မဟုတ်ဘူးကွယ့်၊ ဘာကြောင့်လဲဆိုတော့ မင်းအမေဟာ မင်းကို မမွေးခင် လုပတွန်းတောက်တဲ့ ရွှေရောင်နဂါးကြီးတစ်ကောင် လေထဲမှာ ပျံဝဲနေတာကို ညပေါင်းများစွာ အိပ်မက်မက်ခဲ့သတဲ့...မွေးပြီးတဲ့နောက် ပုခက်ထဲမှာ အိပ်ပျော်နေတဲ့ ငါ့သားကို တစ်ခါတစ်ခါ ကြည့်ရင် ရွှေရောင်နဂါးကြီးတစ်ကောင် ခွေအိပ်နေသလို မြင်မိတယ်၊ အဲ...အဖေတင် အဲဒီလိုတွေ့တာမဟုတ်ဘူး၊ မင်းအမေကိုယ်တိုင်လည်း တစ်ခါတစ်ခါဆိုသလို မင်းအိပ်ပျော်နေရင် ရွှေရောင်နဂါးကြီးတစ်ကောင်ပုံမျိုးတွေ့နေရသတဲ့..."

"အဲဒီတော့...ဘာဖြစ်သလဲဟုတ်လား၊ ဘာဖြစ်တယ်ဆိုတာကို အဖေပြောပြမယ်၊ အဖေတို့တရုတ်လူမျိုးတွေမှာ နဂါးဆိုတာ အားမာန်နဲ့ ချမ်းသာခြင်း၊ ဩဇာရှိခြင်း၊ အထိမ်းအမှတ်လို့ဆိုရင် မမှားပေဘူး၊ အင်း...ရွှေရောင်နဂါး ဆိုတော့ ပြောစရာတောင်မလိုဘူး၊ မြန်မာမှုနဲ့ ပြောရရင် ဘုန်းရှင် ကံရှင် ဆိုပါတော့လေ..."

"ဒီတော့...အခုဆင်းရဲပေမယ့် ငါ့သား တစ်သက်တာ နောက်နောင် ဆင်းရဲစရာအကြောင်း မရှိပါဘူး၊ အဖေ့သားလေး မောင်ရန်ရှင်းတစ်ယောက် တစ်နေ့နေ့မှာ ဘုန်းကံအရ အမှန်ချမ်းသာမယ်လို့သာ နှလုံးပိုက်ထားပါလေ၊ အေး...သို့ပေမယ့် မမှန်ကန်တဲ့နည်းနဲ့တော့ ဘယ်သော ဘယ်အခါမှ အသက်မွေး

ဝမ်းကျောင်းမှ မပြုလေနဲ့ကွယ်...သိလား...ငါ့သား"

ထိုစကားများအရ နတ်များသည် ဆင်းရဲသော မိမိတို့ မိသားစုအား ချီးမြှင့်ပေးကမ်းရန်အတွက် လူသုံးယောက် အယောင်ဆောင်ကာ ဈေးလှည်းကလေးအတွင်းသို့ ငွေထုပ်ကြီး မရောက်ရောက်အောင် ပို့ဆောင်ကူညီမှုပြုခဲ့လေသည်လောဟု လူငယ်ပီပီ အတွေးနယ်ချဲ့လိုက်မိသည်။

ဤသို့ဖြင့် မောင်ရန်ရှင်းတစ်ယောက် နေ့စဉ် ဈေးရောင်း ထွက်ရင်း နေရာအနှံ့ လူသုံးယောက်ကို မျှော်သည်၊ ကြည့်သည်။

သို့သော်ကာမူ တစ်လကျော်ကျော်သာ ကြာသွားခဲ့သည် ထိုသူများကား အရိပ်အယောင်မျှပင် ပေါ်လာခြင်း မရှိပေ။

နောက်ထပ် တစ်လကျော်ကျော် ကြာမြင့်သည်တွင် မောင်ရန်ရှင်းက မိဘနှစ်ပါးအား ပြောသည်။

"အခုဆိုရင် သုံးလနီးပါးကြာမြင့်ခဲ့ပြီ အဖေနဲ့ အမေ၊ သူတို့ရဲ့ အရိပ်အယောင်တောင် မမြင်ရဘူး၊ ဒီပစ္စည်းဟာ သူတို့ ပစ္စည်းရော ဟုတ်ရဲ့လား၊ တခြား ကျွန်တော် မသိနိုင်တဲ့ အကြောင်းအရာတစ်ခုနဲ့ ရောက်လာတဲ့ပစ္စည်းများ ဖြစ်နေလား ဆိုတာ..."

"ငါ့သားပြောတဲ့ အကြောင်းအရာတစ်ခုနဲ့ ရောက်လာတဲ့ ပစ္စည်းဆိုတာ ဘာကိုပြောတာလဲကွယ့်၊ ရှင်းပြပါဦးလေ"

"ဒီလို အဖေ...အဖေ ကျွန်တော့်ကို မကြာ မကြာ





ပြောဖူးတယ်လေ၊ ကျွန်တော်ဟာ ရွှေရောင်နဂါးကြီးတစ်ကောင် ဆိုတာ၊ အမေကိုယ်တိုင်လည်း ပြောဖူးသားပဲ"

မိခင်ကြီးက ခေါင်းညိတ်ပြုံးပြရင်း...

"ဆက်ပြောလေ သားရဲ့"

ဟု ထောက်ပေး၏။

ထို့ကြောင့် မောင်ရန်ရှင်းက ဆက်ပြောသည်။

"ဒီတော့...ဘုန်းရှင်ကံရှင်ဖြစ်တဲ့ သားကို နတ်ဒေဝတာတွေက တစ်နည်းနည်းနဲ့ ချမ်းသာအောင် စောင်မကြည့်ရှုတာ လားလို့ပါ...ဟဲ...ဟဲ...ဟဲ"

"အဟား...ဟား...ဟား"

"ခစ်...ခစ်...ခစ်...ခစ်"

သားဖြစ်သူအပြောကြောင့် မိဘနှစ်ပါးမှာ သဘောအကျကြီးကျကာ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ကြလေ၏။

ပြီးမှ နှစ်ဦးစလုံးပြန်လည်၍ မျက်နှာတည်သွားကြလျက် သားဖြစ်သူကို စူးစူးစိုက်စိုက် ကြည့်နေမိကြသည်။

ထို့နောက်မှ ကိုကျင်ဆောင်က...

"မှန်ပါတယ်၊ ငါ့သား ပြောတာလဲ မဆိုးလှပါဘူး၊ ဘာကြောင့်လဲဆိုရင် ဒီလောကကြီးမှာ မယုံနိုင်စရာ၊ မဖြစ်နိုင်စရာ အကြောင်းအရာတွေက ဒုနဲ့ဒေးဆိုသလိုပါပဲကွယ်၊ အေး... သား၊ ပြောသလိုသာဖြစ်ရင်တော့ အဝိုင်းထက် အလွန်ဆိုတာလို့ပေါ့ လေ"

ဟု လေးလေးနက်နက်ပြောလေ၏။

မိခင် မရွှေရည်က...

"ဟုတ်တယ် ကိုကျင်ဆောင် သားပြောတာလည်း တစ်နည်းအားဖြင့်ဖြစ်နိုင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ပစ္စည်းမှန်ရင် သားလေးရဲ့ ဈေးလှည်းလေးကို မှတ်မိနေသားပဲ၊ ဒါဆို တစ်ယောက်မဟုတ် တစ်ယောက် ရောက်လာပြီး ယူမှာ သေချာတယ် မဟုတ်လား"

ဟု ဆိုလိုက်လေ၏။

ဤတွင် ကိုကျင်ဆောင်က...

"ကောင်းပြီသားရေ၊ ဒီလိုလုပ်ကွာ၊ နောက်ထပ် နှစ်လတင်းတင်းပြည့်အောင် ထမ်းစောင့်ကြသေးတာပေါ့၊ အဲဒီအချိန်အထိ ဒီလူတွေ ငါ့သားဆီကို ရောက်မလာဘူးဆိုရင် သားပြောသလို သားရဲ့ဘုန်းကံကြောင့် နတ်ဒေဝတာတွေက စောင့်ရှောက်တာလို့ သဘောထားပြီး ဒီငွေတွေ သုံးရတော့မှာပေါ့...ဟုတ်လား သား"

ဟု ဆို၏။

"ရှင်ပြောတာဟာ သိပ်ကို သဘာဝကျပြီး သိပ်ကို မှန်ကန်ပါတယ် ကိုကျင်ဆောင်"

ဇနီးဖြစ်သူ မရွှေရည်ကလည်း ထောက်ခံစကား ပြောကြားသည်။

သို့အတွက် မောင်ရန်ရှင်းက...





"အဲဒီကျရင် အဖေနဲ့အမေ ကျန်းမာရေးကောင်းအောင် ပထမဦးဆုံး လုပ်ရမယ်၊ ပြီးရင် အခြေအမြစ်ရှိတဲ့ စီးပွားရေးလုပ်ငန်း တစ်ခုကို လုပ်ရမယ်၊ အဖေ ဘယ့်နှယ်လဲဟင်"

ဟု ဆို၏။

လိမ္မာရေးခြားရှိသည်နှင့်အမျှ ဉာဏ်ရည်ကောင်းလှသည့် သားလေးကိုကြည့်ကာ မိဘနှစ်ပါးမှာ ပီတိဖြာဝေလျက်ရှိနေတော့သည်။

မောင်ရန်ရှင်းကား ထိုနေ့မှစ၍ ဝတ္ထုရားမပျက် ခနစဉ်ရောင်းထွက်သော်လည်း ၎င်း၏အမူအရာမှာ မျှော်လင့်ချက် ပိုမိုသွက်လက်လျက်ရှိနေပေသည်။

"အစ်ကိုအပေါင်းတို့ခင်ဗျာ အပျိုအပေါင်းကြိုက်တဲ့ အချိုပေါင်း၊ ယိုပေါင်းတွေအပြင် တစ်နည်းတစ်ဖုံ အသီးစုံလည်း ပါပါရဲ့ ကျားခေါင်းရဲ့ ချိုချဉ်ပူစပ်တွေကို အားပေးကြပါဦးလား ခင်ဗျာ"

"နောင်...နောင်...နောင်"

သူ့အပြောနှင့် သူ့မောင်းသံကြောင့် စားသုံးသူ ဖောက်သည်များက ဝယ်ယူအားပေးသဖြင့် ယခင်ကထက် ပိုမိုအရောင်းသွက်ကာ အမြတ်အစွန်းလည်း များလာသည်ဟု ဆိုရပေမည်။

ဤသို့ဖြင့် မောင်ရန်ရှင်းသည် ဈေးလှည်းကလေး တွန်းရင်း လှည့်လည်ရောင်းချစဉ် လမ်းနံဘေး၌ တွေ့ရသည့် ကုန်တိုက် ကြီးများ၊ စတိုးဆိုင်ကြီးများ၊ ရွှေဆိုင်များနှင့် ပိုးထည်

တိုက်ကြီးများအား မသိမသာ ငေးမောသွားလေ့ရှိပေ၏။

"အင်း…တစ်နေ့နေ့မှာ ငါလည်း လုပ်ငန်းရှင်ကြီး ကုန်တိုက်ပိုင်ရှင်သူဌေးကြီးတစ်ဦး ဖြစ်ရမယ်"

အထက်ပါအတိုင်း စိတ်ထဲမှ ရေရွတ်ကြုံးဝါးကာ သူ့လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသေးသည်။

ထိုသို့ ကြုံးဝါးရင်း သူ့စိတ်များ ထက်သန်လာကာ ဖေ့ါပါးရမည့်အစား ထိုနေ့က အပြန်တွင် ၎င်း၏စိတ်များ လေးလံထိုင်းမှိုင်းလွန်းသည်ဟု မောင်ရန်ရှင်း ယူဆမိသည်။

အိမ်ပြန်ရောက်သောအခါ ရပ်ကွက်အတွင်းရှိ လူများမိမိ နေအိမ်၌ ရှုပ်ယှက်ခတ်မှုဖြစ်နေသဖြင့် မောင်ရန်ရှင်း ရင်ထိတ်သွားမိသည်။

ထိုစဉ် လူအုပ်ထဲမှ ဖခင်ဦးကျင်ဆောင် ထွက်လာသဖြင့် အမောတကော မေးလိုက်မိ၏။

"အဖေ … အဖေ … အမေ့ရောဟင်၊ အမေ … အမေဘာဖြစ်လို့လဲ"

သားဖြစ်သူအမေးကို ဖခင်ကနီရဲသောမျက်လုံးအစုံနှင့် အံကြိတ်ရင်း လေသံသဲ့သဲ့ဖြင့် ဖြေသည်။

"သားရဲ့အမေ ဆုံးပြီကွယ်"

"ဗျာ"

ကြားရသည့်စကားကြောင့် အပြင်းအထန် ချောက်ချားသွားရလျက် မောင်ရန်ရှင်းမှာ သတိလစ်မတတ် ဖြစ်သွားရ





သည်။

ပြီးမှ အရူးတစ်ယောက်ကဲ့သို့ အိမ်ပေါ်အပြေးအလွှားတက်ကာ မိခင်အလောင်းကို ပွေ့ဖက်ငိုကြွေးရှာတော့သည်။

"သားတို့ သားအဖကို ခွဲသွားခဲ့ပြီလား အမေရယ်၊ သားဘယ်လို ဖြေရမှာလဲဟင်"

အသုဘကိစ္စအတွက် လာရောက်ကူညီသူများမှာ မောင်ရန်ရှင်းအားကြည့်ကာ စိတ်မကောင်းနိုင်အောင် ဖြစ်ကြရပေသည်။'

"အမေရာ နှစ်လပြည့်တော့မယ်လေ"

မောင်ရန်ရှင်း၏ ပြောင်ပြမှုကို အခြားသူများ နားမလည်သော်လည်း ဖခင် ကိုကျင်ဆောင်သာ နားလည်သဖြင့် ရင်ဆို့လျက် မျက်ရည်တွင်တွင် စီးကျနေရှာလေ၏။

အသုဘကိစ္စများပြီးဆုံး၍ နောက်တစ်နေ့ရောက်သောအခါ မောင်ရန်ရှင်းတို့ မိသားစု သတ်မှတ်ခဲ့သည့် နှစ်လဟူသောအချိန်သည်လည်း တိုက်တိုက်ဆိုင်ဆိုင်ဆိုသကဲ့သို့ ပြည့်ခဲ့ပြီဖြစ်သည်။

ထိုညတွင် သားအဖနှစ်ယောက် စကားပြောဖြစ်ကြသည်။

"သား…မောင်ရန်ရှင်း"

"ဗျာ…အဖေ"

"ငွေက တစ်သိန်းကျော်ကျော်တောင်ရှိတာ များလှ

ပါတယ်၊ ဒီတော့ လောလောဆယ် ငါ့သားလေး အဆင့်အတန်း ရှိရှိနေရအောင် ဗွတ္တလစ်ဘက်မှာ မြို့ကျယ်ကြီးတစ်မြို့ ဝယ်ကြစို့ကွာ…ဟုတ်လား"

"ကောင်းတယ် အဖေ၊ ဒီအိမ်လေးမှာနေရင် တစ်နေ့မပြတ် အခံမှုကို သတိရနေမိတာ"

ထို့နောက် ကိုကျင်ဆောင်က…

"နောက်ပြီး…ငါ့သားကို အရေးကြီးတာတစ်ခု ပြောရဦးမယ်"

"ပြောပါ အဖေ"

"အေး…အခုဆိုရင် ငါ့သားဟာ အရွယ်ရောက်လာပြီး ထွားကြိုင်တဲ့လူရွယ်တစ်ယောက် ဖြစ်နေပြီလေ"

"ဟုတ်ကဲ့"

"ဒီတော့…စီးပွားရေးလုပ်ငန်းကြီးကြီးမားမား မလုပ်မီ၊ လူရွယ်တစ်ယောက်ဟာ ဘဝအတွက်ကြံ့ကြံ့ခိုင်ခိုင်နဲ့ရဲရဲရင်ဆိုင်နိုင်အောင်၊ နောက်ပြီး မိမိရှာဖွေတဲ့အကျိုးစီးပွားကို ကာကွယ်နိုင်အောင် တိုက်ခိုက်စွမ်းရည်ရှိဖို့ လိုတယ်သားရဲ့"

"သြော်…ဟုတ်…ဟုတ်ကဲ့"

ကိုကျင်ဆောင်က ခေတ္တနားပြီးမှ ဆက်လက်၍ပြောသည်။

"အခုဆိုရင် အဖေလည်း အထိုက်အလျောက် ကျန်းမာလာပါပြီလေ"





မောင်ရန်ရှင်းက ခေါင်းညိတ်ပြသည်။

"ငါ့သားအနေနဲ့ သိုင်းဆရာကြီးတစ်ယောက်ယောက်ဆီမှာ ကိုယ်ခံပညာရပ်တွေ သွားရောက်သင်ကြားနေချိန် အဖေက မြို့ကြီးအတွင်းမှာ နားနားနေနေနဲ့ ပန်းခင်းတွေ စိုက်မယ်"

"ဖြစ်ပါ့မလား အဖေ၊ အဖေတစ်ယောက်တည်းဆိုတော့ သိပ် သိပ်ပင်ပန်းမှာပေါ့"

ကိုကျင်ဆောင်က ပြုံးလျက်…

"ကျန်းမာရေးသဘောမျိုး နားနားနေနေ လုပ်မှာပါသားရယ်၊ မပူပါနဲ့"

ဟု ဆို၏။

မောင်ရန်ရှင်းက…

"ဘာဖြစ်လို့ အဲဒီပန်းခင်းစိုက်မှာလဲ အဖေ"

ဟု မေးလိုက်သည်။

"ဝင်ငွေလည်းရ၊ ကျန်းမာရေးလည်း ကောင်းအောင်လို့ပါကွယ်၊ တကယ်က မြို့ကြီးဝယ်ပြီးလို့ တို့သားအဖထိုင်စားတာတောင် ငွေတွေက မကုန်နိုင်ပါဘူး"

မောင်ရန်ရှင်းက ခေါင်းညိတ်လျက်…

"ကျန်းမာရေးကောင်းအောင်ဆိုရင်တော့ လုပ်ပါအဖေ၊ ဒါပေမဲ့ ဝင်ငွေရအောင်ဆိုတာမျိုးနဲ့တော့ ပင်ပန်းအောင်မလုပ်ပါနဲ့၊ အဖေ့ကို သား တစ်သက်လုံးလုပ်ကျွေးပါ့မယ်"

ဟု ဆို၏။

ကိုကျော်ဆောင်က ပြုံး၍ ခေါင်းညိတ်ရင်း...

"သိပါတယ် သားရယ်၊ ဒါဖြင့် အဖေကိုယ်တိုင် ဒီနေ့ပဲ အိမ်ရှာထွက်မယ်၊ ပြော်...ပြီးတော့ သားအတွက် သိုင်းဆရာကောင်းကောင်းလည်း အဖေ စုံစမ်းခဲ့မယ်"

ဟု ပြောသည်။

"ဟုတ်ကဲ့အဖေ"

ဤသို့ဖြင့် နံနက်စာ ထမင်းစားသောက်ပြီးလျှင် ကိုကျော်ဆောင်သည် နေအိမ်မှ ထွက်ခွာသွားလေ၏။

❀❀❀





## အခန်း (၇)

ဗားကရာချောက်အနီးရှိ ရှမ်းရွာကလေးတွင် မောင်ရန်ရှင်းတစ်ယောက် သိုင်းပညာများ သင်ကြားခဲ့သည်မှာ သုံးလခန့်ရှိပေပြီ။

ကိုယ်လက်လှုပ်ရှားမှုသင်တန်းများ ပြုလုပ်လိုက်သော အခါ မောင်ရန်ရှင်း၏ခန္ဓာကိုယ်မှာ ပိုမို၍ သန်မာကျစ်လျစ်ကာ အလုံးအထည်၊ အရပ်အမောင်းမှစ၍ ပိုမိုကြည့်ကောင်းလာသည် ဟု ထင်မှတ်ရသည်။

"အင်း...ဘာလိုလိုနဲ့ ငါ့သားဟာ တကယ့်ယောကျ်ား ရင့်မကြီးတစ်ယောက်ဖြစ်ပြီပဲ"

ဖခင်က စေ့စေ့ကြည့်၍ ဤသို့ ဆိုသောအခါ မောင်ရန်ရှင်းမှာ မနေတတ် မထိုင်တတ် ဖြစ်ရလေသည်။

မြို့အတွင်း၌ မောင်ရန်ရှင်းတစ်ယောက် သိုင်းလေ့ကျင့်နေစဉ် ဖခင် ကိုကျင်ဆောင်သည် ပန်းခင်းများကို ပြုပြင်ရင်း အမှတ်မထင် ငေးကြည့်ကာ ပီတိဖြစ်နေရှာ၏။

"အင်း...ဒီကောင်လေးဟာ ငါ့အစ်ကိုကြီး ကိုကျင်တိတ်နဲ့ မျက်နှာပေါက်ချင်း ဆင်ဆင်တူနေတယ်"

ဤသို့ရေရွတ်ရင်း ဗန်းမော်မြို့မှ မိမိ၏ အစ်ကိုကြီး ကိုကျင်တိတ်ကို သွားသတိရမိလိုက်သည်။

ထိုအခါ ၎င်းအပေါ် ရက်စက်သည့်မိခင်နှင့်ဖခင်များအားလည်း တွေးမိကာ နာကြည်းစိတ်များ အလိုလို ဝင်ရောက်လာတော့သည်။

"အို ... သူတို့နဲ့ ငါနဲ့ ဘာမှ မဆိုင်သလို ဘာမှလဲ ပတ်သက်စရာ အကြောင်းမရှိပါဘူး၊ အင်း...ဒါပေမဲ့ ဒီအချိန်လောက်ဆိုရင် အဖေနဲ့အမေတို့ရှိကြတော့မှာ မဟုတ်ပါဘူးလေ၊ အစ်ကိုကြီး ကိုကျင်တိတ်ကရော ငါ့ကို သတိရပါ့မလား၊ အို ... သတိမရလို့ မဆက်သွယ်တာပေါ့၊ သူ ဆက်သွယ်လည်း ငါက ဂရုမစိုက်ပါဘူး...ဟင်း"

ထို့နောက် စိတ်ကိုဖြေကာ သားလေးမောင်ရန်ရှင်းတစ်ယောက် သွက်သွက်လက်လက် သိုင်းလေ့ကျင့်နေမှုများကို စိတ်ဝင်တစား ပြန်လည်ကြည့်ရှုနေမိသည်။





မောင်ရန်ရှင်းသည် တစ်ခါတစ်ရံ၌ ၎င်း၏သိုင်းဆရာဖြစ်သူ ဦးအိန္ဒကာကို နေအိမ်သို့ ခေါ်လာကာ ဖခင် ကိုကျင်ဆောင်နှင့် မိတ်ဆက်ပေးရင်းညစာထမင်းကျွေးတတ်သည်။

ထိုအခါများတွင် ဆရာတပည့် သိုင်းကွက်များအကြောင်း နီးနှော၍ မဆုံးနိုင်တော့ပေ။

သိုင်းဆရာကြီးဦးအိန္ဒကာမှာ ခန္တီးရှမ်းအမျိုးသား တစ်ဦးဖြစ်လျက် နယ်ပေါင်းစုံလှည့်လည်ခဲ့သဖြင့် သိုင်းပညာ ဗဟုသုတအရာ၌ ရင့်ကျက်လှရကား ဖခင် ကိုကျင်ဆောင် မှာ သားအတွက် အလွန့် အလွန်အားရခြင်းဖြစ်ရလေတော့၏။

ယခုအခါ မောင်ရန်ရှင်းမှာ ကြည့်လေ၊ ကြည့်လေ အားကောင်းမောင်းသန် ယောကျာ်းပီသသူတစ်ဦးအနေအထား ရှိနေကြောင်း ကိုကျင်ဆောင် သတိပြုမိသည်။

တစ်နေ့တွင် သားအဖ နှစ်ယောက် ညစာစားပြီး စကားလက်ဆုံကျမိကြသည်။

"အဖေ...အဖေတို့ဇာတိက ဗန်းမော်မြို့နော်၊ ဟုတ်လားဟင်"

"အေးလေ...အဲဒါဘာဖြစ်သလဲကွယ့်"

"ဩော်...အဖေ့ရဲ့အဖေအမေ၊ အဘိုးအဘွား၊ ညီအစ်ကိုမောင်နှမတွေဆီ တစ်ခါတစ်ရံမှ အလည်အပတ် မသွားဘူးလားလို့ပါ"

ထိုစကားကြောင့် ဖခင် ကိုကျင်ဆောင်၏ မျက်နှာများ

မိုးဆမ်းပန်းစာပေ

မြင့်တက်သွားရသည်။

ပြီးမှ သူက…

"တို့မှာ မွေးချင်းဆိုလို့ ညီအစ်ကိုနှစ်ယောက်သာ ရှိတာ သားရဲ့ အခုလောက်ဆိုရင် အဖေ အမေတွေက ကွယ်လွန်ကြ ရောပေါ့၊ သားက တောက်ကာငင်ကာ ပြောရအောင် ဘာ အကြောင်းကြောင့် အခုလိုပြောတာလဲကွယ့်၊ ဆိုစမ်းပါဦး"

ဟု မေးလိုက်လေ၏။

ဤတွင် မောင်ရန်ရှင်းက…

"ဘာရယ်မဟုတ်ပါဘူး အဖေ၊ အတွေးပေါ်လာတာနဲ့ မေးလိုက်မိတာပါ"

"အင်း…သားသိအောင် ပြောရမယ်ဆိုရင် အဖေ့မိဘ များဟာ ဗန်းမော်မြို့မှာတော့ မြို့မျက်နှာဖုံး လူချမ်းသာစာရင်းဝင် တွေပေါ့၊ တရုတ်လူမျိုးပီပီ အဖေဟာ ချမ်းသာတဲ့ကြားက စီးပွား ရေးတိုးတက်အောင် မနားမနေရှာဖွေတယ်"

မောင်ရန်ရှင်းက ငြိမ်သက်စွာ နားထောင်နေသည်။

"အဲဒီလို စီးပွားရေးဘက် လုံးပန်းနေတော့ သား နှစ်ယောက် ဖြစ်တဲ့ အဖေနဲ့ အဖေ့အစ်ကို ကိုကျင်တိတ်ဟာ ပညာရေးကို ဂရုမစိုက်ဘဲ ထင်သလိုနေ၊ ထင်သလိုစားဖြစ် လာတယ်"

"ဟုတ်ကဲ့"

"အဖေဟာ စည်းကမ်းသမားဆိုတော့ ကြုံတဲ့အခါတိုင်း





ငြိမ်းခြောက်မောင်းမဲတယ်၊ အမေကတော့ သားအငယ်ဆုံးဆိုပြီး မပြောရက်၊ မရိုက်ရက်ဘူး၊ အင်း…အစ်ကိုကြီးကိုကျင်တိတ် က အဖေနဲ့တွဲပြီး စီးပွားရေးအလုပ်တွေ လုပ်နေချိန်မှာ အဖေက တော့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ လေတုန်း ပေတုန်း ပွေ တုန်းပေါ့"

မောင်ရန်ရှင်းက ဖခင်မျက်နှာကိုကြည့်ရင်း စိတ်ဝင် တစား နားထောင်လျက်ရှိသည်။

ပြီးလျှင် ကိုကျင်ဆောင်က ဆက်ပြောသည်။

"နောက်ဆုံးတော့ ပြောမရ ဆိုမရတဲ့က အဖေ့ကို အမေ တားတဲ့ကြားက အဖေဟာ ရက်ရက်စက်စက် နှင်ထုတ်လိုက်တာ နဲ့ မိသားစုအားလုံးကို စိတ်နာပြီး ရန်ကုန်ကို ထွက်ခဲ့ရာက တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်တဲ့ မင်းအမေနဲ့ အိမ်ထောင် ကျခဲ့တာဆိုပါတော့ကွယ်"

ဖခင်၏ စကားအဆုံးတွင် မောင်ရန်ရှင်းက ပြတ်သားလှ သော ဖခင်အား တအံ့တသြကြည့်ရင်း…

"တစ်ခါတစ်ရံလောက်တော့ ကိုယ့် မိဘဆွေမျိုး သားချင်း တွေဆီ သွားသင့်တာပေါ့ အဖေရာ"

ဟု အားမလိုအားမရ ပြောလိုက်ရှာလေ၏။

"အိုး…အဖေ့စိတ်က ဟင်ဆိုရင် မရဘူးဆိုတာ သား လည်း သိသားနဲ့၊ နောက်ဆုံးတော့ ဆင်းရဲရင် ဆင်းရဲပေ့စေဆိုပြီး ရန်ကုန်မြို့မှာ တတ်သမျှပညာနဲ့ လုပ်ကိုင်စားသောက်နေရတာပဲ

ပေါ့ သားရယ်"

"ဒီလိုဆို အဖေရဲ့အစ်ကိုကြီးကိုကျင်တိတ်ဆိုတာဟာ ဝန်းမော်မြို့မှာ ရှိတာပေါ့နော်"

"အင်း ...ရှိလိမ့်မယ် ထင်တာပဲ၊ ရှိရင်လည်း သူဟာ အဖေ့အကူအညီနဲ့ စီးပွားရေးလာဘ်မြင်သူ၊ လုပ်ကိုင်တတ်သူ တစ်ဦးဆိုတော့ ချမ်းချမ်းသာသာရှိမှာ အမှန်ပဲကွယ့်"

ဤသို့ဆိုရင်း ကိုကျင်ဆောင်သည် တစ်စုံတစ်ရာကို သတိရလာကာ အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

မကြာမီ ဂျပ်ဘူးလေးတစ်ဘူးကို ကိုင်ကာ အခန်းထဲမှ ပြန်ထွက်လာခဲ့၏။

"အဲဒါက ဘာလဲ အဖေ"

မောင်ရန်ရှင်းအမေးကြောင့် ကိုကျင်ဆောင်က ဂျပ်ဘူး လေးကိုဖွင့်ပြလိုက်သည်။

အတွင်းဘက်၌တား ရွှေရောင်နဂါးရင်ထိုးလေးတစ်ခု က လက်ရာမြောက်သည့် အနေအထားနှင့် ရှိနေလေ၏။

"အိုး ...ရွှေရောင်နဂါးလေးပါလား"

"အဲဒါဟာ ရွှေအစစ်မဟုတ်ပါဘူး၊ ကာရက်ဆိုတဲ့ ရွှေ အမျိုးအစားနဲ့ လုပ်ထားတာ သားရဲ့၊ ပြောရရင် အစ်ကိုကြီး ကိုကျင်တိတ်ရဲ့ အသက်နှစ်ဆယ်မြောက်မွေးနေ့မှာ အဖေနဲ့ အမေက ဒီရွှေရောင် နဂါးရုပ်တုလေးကို မွေးနေ့လက်ဆောင် အဖြစ် ပေးခဲ့တာပဲ"





"ဟုတ်ကဲ့"

"ဒါပေမဲ့ ...လူဆိုးဖြစ်တဲ့အဖေဟာ ကိုယ့်ကို မပေးရ ကောင်းလားဆိုပြီး အစ်ကိုကြီးရင်ဘတ်မှာ တပ်ထားတဲ့ ဒီနဂါး ရုပ်လေးကို အတင်းဆွဲယူခဲ့တယ်ကွယ့်"

"ဟင် ...ဟုတ်လား"

"အကျီစုတ်ပြဲပြီး ရင်ထိုးဟာ အဖေ့လက်ထဲပါလာ ပေမယ့် အစ်ကိုကြီးကိုကျင်တိတ်က စိတ်မဆိုးပါဘူး၊ ညီလေး လိုချင်ရင် ယူလိုက်ပါကွာ တဲ့"

"ဩော် ...အဖေ့အစ်ကိုက အဖေ့ကို ချစ်ရှာသားပဲ"

ကိုကျင်ဆောင်က ခေါင်းညိတ်လိုက်ပြီးနောက် ...

"ချစ်ပါတယ်၊ ညီအစ်ကိုနှစ်ယောက်တည်း ရှိတာကိုး၊ ဒီရင်ထိုးကိစ္စကစပြီး အဖေက မကျေမနပ်ဖြစ်နေတာ၊ ဘာကြာ သလဲ အဲဒီမွေးနေ့ကနေ နောက်တစ်ပတ်လောက်အကြာမှာ အဖေဟာ အပေါင်းအသင်းတွေနဲ့ အရက်သောက်ပြီး အချိန် မတော် အိမ်ပြန်လာတာမှာ အဖေနဲ့ ပက်ပင်းတိုးပြီး အိမ်ကနေ နှင်ချခံရတော့တာပါပဲ"

ဟု ဆက်ပြောပြ၏။

မောင်ရန်ရှင်းက ...

"ဒါဆို အားလုံး အဖေဆိုးတာပေါ့နော်"

ဟု မေးပြောပြောလိုက်လေ၏။

"ဆိုးတာပေါ့ သားရယ်၊ အဖေ ငယ်ငယ်က သားလို

လိမ္မာရေးခြားမရှိခဲ့ဘူး၊ နောက်ပြီး လူငယ်ဆိုတော့ ကိုယ့်အမှားကို မဆင်ခြင်မိဘဲ ကိုယ်လုပ်သမျှ မှန်တယ်လို့ချည်း ထင်နေတာပေါ့ကွယ်"

မောင်ရန်ရှင်းမှာ နောင်တဖြင့် ညှိုးငယ်စွာဆိုနေသော ဖိုးဖိုးဖခင်အား စိတ်မကောင်းစွာဖြင့် ကြည့်နေမိသည်။

ထို့နောက်မှ ကိုကျင်ဆောင်က ဂျပ်ဘူးထဲမှ ရွှေရောင်နဂါးလေးကိုယူကာ...

"ရော့...သား၊ အဲဒါ သားယူထားလိုက်၊ အဖေ့အမွေဆိုလို့ ပေးစရာ ဒီတစ်ခုတည်းရှိတယ်လေ၊ ဒါတောင် ရွှေအစစ် မဟုတ်လို့၊ ရွှေအစစ်ဆိုရင် ဟိုဆင်းရဲနေတဲ့ကာလမှာ ရောင်းစားဖြစ်တာကြာပြီ"

ဟု ဆို၏။

မောင်ရန်ရှင်းက ရွှေရောင်နဂါးလေးကို ကိုင်၍ လှည့်ပတ်ကြည့်ရှုနေစဉ် ကိုကျင်ဆောင်က ဆက်ပြောသည်။

"အဲဒီ နဂါးလေးကို ပေးတာဟာ အကြောင်းကြောင်းတွေရှိလို့ပေးတာဖြစ်ကြောင်း ငါ့သား သဘောပေါက်သင့်တယ်"

"ဗျာ...ဘယ်လိုအကြောင်းကြောင်းလဲ အဖေ"

ထိုအခါ ကိုကျင်ဆောင်က အဖန်ရည်တစ်ခွက်ကို ငုံ့သောက်ပြီးမှ...

"အင်း...ဒီလို...ဒီလို သားရဲ့အဖေမရှိတဲ့နောက်ပိုင်းမှာ သားဟာ ယောကျ်ားသားတစ်ယောက်ပီပီ ကိစ္စတစ်ခုခုနဲ့





နယ်အနှံ့ ခရီးဆန့်ရင်း မင်းရဲ့ဦးကြီးတော်ဆီ ရောက်ချင် ရောက်ပေလိမ့်မယ်"

"အင်း...အင်း"

"အဲဒီလိုရောက်ခဲ့ရင် မင်းဟာ သူ့ရဲ့တူအရင်း ဖြစ်ကြောင်း ဒီနဂါးရင်ထိုးလေးက သက်သေခံပါလိမ့်မယ်ကွယ်"

"ဪ...ဪ...ဒီလိုကိုး"

ထိုအခါကျမှ သဘောပေါက်ကာ မောင်ရန်ရှင်းက အထက်ပါအတိုင်း ရေရွတ်ရင်း ခေါင်းတညိတ်ညိတ်ရှိနေတော့၏။

ယင်းသို့ရှိစဉ် ကိုကျင်ဆောင်သည် ရီဝေဝေမျက်လုံးများနှင့် မျက်နှာကြက်ဆီသို့ အဓိပ္ပာယ်မရှိငေးကြည့်ကာ တစ်စုံတစ်ရာ နက်နက်နဲနဲ စဉ်းစားနေသကဲ့သို့ ငြိမ်သက်စွာ စဉ်းစားနေ၏။

မောင်ရန်ရှင်းက တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေသည်။

အတန်ကြာမှ ရှောင်းဟန့်လျက်...

"အဟမ်း...အဟမ်း...အဖေ...ဘာတွေတွေးနေတာလဲဟင်၊ အမေ့ကို သတိရနေတယ်ထင်ရဲ့"

ဟု ဆိုလိုက်၏။

"ဟေ"

ထိုအခါကျမှ ကိုကျင်ဆောင်မှာ ပြန်လည်သတိရလာ

တာ သားဖြစ်သူကိုကြည့်ရင်း...

"ဟိုလေ...ငါ့သား စဥ်းစားမိရဲ့လား"

ဟုတုံးတိတိမေးလိုက်လေတော့၏။

"ဟင်...ဘာကို စဥ်းစားမိရမှာလဲ အဖေ"

အံ့အားသင့်သွားသော မောင်ရန်ရှင်းက ကြောင်တောင်တောင်ဖြစ်လျက်မှ ပြန်မေးလိုက်မိသည်။

"သားရဲ့ ကျားခေါင်းရေးလှည်းလေးပေါ်မှာ ငွေထုပ်ကြီးတစ်ထုပ် မမျှော်လင့်ဘဲ ရောက်လာတဲ့အတွက် အဖေတို့မိသားစု ဆင်းရဲရာက ချမ်းသာလာတာလေ"

"ဟင်...ဘယ်လိုကြောင့်ဒီကိစ္စကို ပြောရတာလဲအဖေ"

"ဟဲ...ဟဲ...ဟဲ"

ဖခင်က မည်သို့မျှမဆိုသေးဘဲ သဘောကျသကဲ့သို့ ခပ်ညှင်းညှင်းရယ်မောလိုက်သည်။

ပြီးမှ ၎င်းက...

"ငါ့သားက အဲဒီငွေထုပ်ကြီးကို နတ်သိကြားတွေ မစလို့ ရောက်လာတယ်ပဲ ယူဆနေတယ် ဟုတ်လား"

ဟု မေး၏။

"ဗျာ...အဖေကလည်း အကြောင်းမှရှာမရတာကိုး။ ဒီတော့ နတ်သိကြားတွေ မစတယ်လို့ သားက စိတ်ကိုဖြေသိမ့်ပြီး ပြောတာပါ။ တကယ်နတ်သိကြားက ဒီလို မစပါ့မလား။ မဖြစ်နိုင်တာ"





"အား...သားနဲ့စကားပြောရင်း အဖေ့အနေနဲ့ တစ်စုံတစ်ရာ သတိရမိပြီး ဒီငွေထုပ်ကြီး ဘယ်ကရောက်လာတယ်ဆိုတာ တစ်စွန်းတစ်စ တွေးမိနေပြီဆိုရမယ်ကွယ့်"

"အို...ဟုတ်လား၊ ဒါဖြင့် အဖေ့အတွေးကို ပြောပြပါလားဟင်"

"တခြားဟုတ်ရိုးလား သားရယ်၊ ဒီငွေကို မင်းရဲ့ဦးကြီး ဦးကျင်တိတ်က ဥပါယ်တံမျဉ်နဲ့ ပေးလိုက်တာဖြစ်မှာပေါ့"

"ဟိုက်...ဖြစ်နိုင်ပါ့မလား အဖေရာ"

ထိုအခါ ကိုကျင်ဆောင်က ခေါင်းညိတ်လျက်...

"သိပ်ဖြစ်နိုင်တယ် သားရဲ့၊ ဘာကြောင့်လဲဆိုရင် သူ့အနေ နဲ့ အဖေတို့မိသားစု ဆင်းဆင်းရဲရဲဖြစ်နေတာကို တစ်နည်းနည်းနဲ့ သိပါ့လိမ့်မယ်၊ အဲဒီလိုသိလို့ သူ့အနေနဲ့ လာတွေ့ပြီး ဖြောင်ကူညီရင် မာနကြီးတဲ့အဖေက လက်ခံမှာ မဟုတ်ဘူးဆိုတာလေ"

ဟု ဆို၏။

မောင်ရန်ရှင်းမှာ အထူးစိတ်ဝင်စားကာ ငြိမ်ငြိမ်သက်သက်နားထောင်နေရှာသည်။

ပြီးမှ ကိုကျင်ဆောင်က ဆက်ပြောသည်။

"ဒီတော့...သူ့တပည့်တပန်းတွေ လွှတ်ပြီး တစ်နည်းနည်းနဲ့ အခုလိုကူညီတာပေါ့ကွယ်"

"ဒါ...ဖြစ်နိုင်ပါ့မလား အဖေ"

"ဖြစ်နိုင်တာ မဖြစ်နိုင်တာ အပထား၊ အဖေကတော့ အဲဒီအတိုင်းပဲ တွေးမိတာပဲ၊ ဒီအတွေးက ယုတ္တိလည်း ရှိတယ် ဆိုရမယ်လေ"

မောင်ရန်ရှင်းက မည်သို့မျှမဆိုဘဲ နက်နက်နဲနဲ တွေး နေသည်။

ထို့နောက်မှ ကိုကျင်ဆောင်က ပြောသည်။

"အဖေ့အတွေးကို သားလက်ခံနိုင်အောင် အဖေတို့ ငယ်စဉ်ကကိစ္စကလေးတစ်ခု ပြောပြမယ်၊ သား နားထောင် ကြည့်ပေါ့ကွယ်"

"ဟုတ်ကဲ့"

"အဖေတို့ ကလေးတစ်သိုက်ဟာ ဒေါ်ဘုမကြီးဆိုတဲ့ အဒေါ်ကြီးရဲ့အကြော်တဲနားက ကွက်လပ်မှာ ထွေခင်း၊ ဘောလုံး ကန်၊ ထုပ်စည်းတိုး၊ လက်ဝှေ့ထိုးနဲ့ အမျိုးမျိုး ကစားကြတာပေါ့၊ ကစားလို့ ဗိုက်ဆာရင် အဲဒီဒေါ်ဘုမကြီးရဲ့ အကြော်ဝယ်စား၊ ပိုက်ဆံမပါလည်း အကြွေးစားပေါ့၊ သဘောကောင်းတဲ့ ဒေါ်ဘုမကြီးက ကလေးတွေကိုပေးရင်လည်းယူ၊ မပေးရင်လည်း မတောင်းရှာပါဘူး"

"အင်း…တော်တော် စိတ်သဘောထားကောင်းရှာတဲ့ အဒေါ်ကြီးပဲနော်"

"မှန်တယ် သားရဲ့၊ အဲဒီကလေးတွေထဲမှာ အဖေနဲ့ အစ်ကို ကိုကျင်တိတ်လည်း ပါပေတာပေါ့"





"ဟုတ်ကဲ့"

"အစ်ကို ကိုကျင်တိတ်က တခြားကလေးတွေ အကြော် အကြွေးဝယ်စားပေမယ့် သူကတော့ ဘယ်အခါမှ အကြွေးဝယ် မစားဘူး၊ အဖေစားတဲ့ အကြွေးကိုတောင်မှ ဒေါ်ဘုမကြီးဆီ သူ့ မုန့်ဖိုးထဲက ဖဲ့ဆပ်တယ်လေ"

"ဦးကြီးကလည်း အင်မတန် စိတ်ရင်းကောင်းရှာ ပေတာပဲနော် အဖေ"

ကိုကျင်ဆောင်က မည်သို့မျှ မဆိုဘဲ ခေါင်းညိတ်ပြ၏။

ထို့နောက်မှ ဆက်ပြောသည်။

"ပြောရရင်…အဖေတို့ကလေးတွေ ပျော်ပျော်ပါးပါး ကစားကြရာမှ ဒေါ်ဘုမကြီး အကြော်မရောင်းနိုင်တာ သုံးရက်ရှိ ပြီဖြစ်ကြောင်း အဖေတို့ကလေးတွေ သတိမပြုမိကြဘူး"

ပြောလာမည့်စကားကို မောင်ရန်ရှင်းက စိတ်ဝင်တစား ငံ့လင့်စောင့်စားနေ၏။

ဖခင်ဖြစ်သူက ဆက်လက်၍ ပြောပြန်သည်။

"အဲဒီရက်တွေမှာ အစ်ကို ကိုကျင်တိတ်ဟာ အဖေတို့ ကလေးတွေနဲ့ လာရောက်ကစားခြင်း မရှိဘဲ ထူးထူးဆန်းဆန်း ပျောက်နေတယ်ဆိုရမယ်"

"အို…သူက ဘယ်သွားနေတာလဲ အဖေ"

"သူငယ်ချင်းတစ်ယောက် ပြောပြတော့မှ သူဟာ ဒေါ်ဘုမကြီး နေမကောင်းတာမို့ သားထောက်သမီးခံမရှိတဲ့

ဒေါ်ဘုမကြီး အိမ်မှာ ထင်းခွဲ၊ ရေခပ်၊ ဆန်ပြုတ်ပြုတ် စတဲ့ တာဟီရက်စွေတွေ အကုန်လုပ်ပေးနေသတဲ့"

"အား...အင်မတန်စိတ်ကောင်းရှိပေတာပဲ"

"ဒါတင် ဘယ်ကဦးမလဲကွာ"

"ဗျာ...ဘာအကြောင်းရှိသေးလို့လဲဟင်"

"နောက်မှသိရတာက...နေမကောင်းလို့ ငွေဆိုရင် မှူး လို့တောင် ရှူစရာမရှိတဲ့ ဒေါ်ဘုမကြီးဆီကို လူတစ်ယောက် ရောက်လာပြီး ရန်ကုန်မြို့ဇရပ်တစ်ဆောင်မှာ သီလရှင်ဝတ်နေ တဲ့ ဒေါ်ဘုမကြီးရဲ့ဝမ်းကွဲညီမ သီလရှင်ကြီးက ပို့နိုင်းလိုက်တာ ဆိုပြီး ငွေအတော်များများ လာပို့သတဲ့"

"ဒေါ်ဘုမကြီးရဲ့ အစ်မဝမ်းကွဲ သီလရှင်ဆိုတာကရော ရန်ကုန်မြို့မှာ တကယ်ရှိသလား ဟင်...အဖေ"

"ရှိတယ်လို့တော့ ဒေါ်ဘုမကြီး စိတ်လိုလက်ရရှိတိုင်း အဖေတို့ ကလေးတွေကို မကြာခဏ ပြောလေ့ရှိတာပဲ"

"ဟုတ်ကဲ့ ဆက်ပြောပါဦး အဖေ"

ထိုအခါ ကိုကျင်ဆောင်က...

"အင်း...သိပ်မကြာခင် အိမ်မှာ ပိုက်ဆံတော်တော်များ များ ပျောက်တယ်ဆိုပြီး အဖေက ဒေါ်သူပုန်ထပါလေရော၊ ဒီတော့ ဆိုးတဲ့အဖေ့ကိုသာ မဲကြတာပေါ့"

ဟု ဆို၏။

"အင်း...ဒီတော့..."





"ဒီတော့...အစ်ကို ကိုကျင်တိတ်က ရဲရဲဝံ့ဝံ့ရင်ကော့ပြီး အဲဒီပိုက်ဆံတွေကို ကျွန်တော်ယူတာပါ။ ယူရခြင်းအကြောင်းက နေထိုင်မကောင်း၊ မကျန်းမာ၊ သားထောက်သမီးခံမရှိတဲ့ ဒေါ်ဘုမကြီးကို တစ်နည်းနည်းနဲ့ ကူညီချင်လို့ ကြံဖန်ပြီး ပို့ပေး လိုက်တာပါ"

လို့ ဝန်ခံတယ်လေ။

"ဩော်...တော်တော်သတ္တိရှိပေတာပဲနော်"

"ဒီတော့မှ အဖေနဲ့အမေက ဩချပြီး နောက်နောင် မိဘ မသိဘဲ ဒီလိုမလုပ်ဖို့ ဆုံးမတယ်၊ အဖေလည်း အပြစ်က လွတ်သွား တာပေါ့၊ အဲ...ဒေါ်ဘုမကြီးဟာ တော်တော်ပြေပြေ လည်လည် ဖြစ်သွားပြီး၊ နောက်နောင်မှာ ချောင်ချောင်လည်လည် ဖြစ်လို့ အဝတ်အစား အသစ်လေးတွေဝတ်၊ တစ်ပတ်မှာ တစ်နေ့ ဆိုတာလို အကြော်ဆိုင်တစ်ရက်နားပြီး ဘုန်းကြီးကျောင်းသွား လို့ ဦးပုသိ သီလလေးများတောင် စောင့်နိုင်ရှာတယ်ကွယ့်၊ အဲဒါ အားလုံးဟာ အစ်ကိုကြီး ကိုကျင်တိတ်ရဲ့ကောင်းမှုကြောင့်ပါပဲ"

"မှန်တာပေါ့ အဖေ"

"အေး...အဲဒီဖြစ်စဉ်နဲ့ သာဓကကို ကြည့်ရင် သားအနေ နဲ့ မမျှော်လင့်ဘဲ ရရှိခဲ့တဲ့ ငွေထုပ်ကြီးဟာ မဟုတ်မှ လွဲရော အစ်ကိုကြီး ကိုကျင်တိတ်ရဲ့ဥပါယ်တံမျဉ်နဲ့ ပို့လိုက်တဲ့ငွေထုပ်ကြီး ပဲ ဖြစ်ရမယ်လို့ အဖေတော့ တွက်ဆမိတယ် သားရယ်"

စကားအဆုံးတွင် ကိုကျင်ဆောင်က အဖန်ရည်ကရားမှ

အဖန်ရည်တစ်ခွက်ကို ငုံသောက်နေသည်။

မောင်ရန်ရှင်းက လေးလေးနက်နက်ဖြင့် ငြိမ်သက်စွာ တွေးနေပြီးမှ ခေါင်းညိတ်လျက်...

"ဟုတ်တယ် အဖေ...အဖေ့ပြောပြချက်တွေအရ ဒီငွေထုပ်ကြီးကို ဦးကြီး ဦးကျင်တိတ် တစ်နည်းတစ်ဖုံ စီစဉ်ပြီး ပို့လိုက်တယ်ဆိုတာ ထင်ရှားနေပါပြီ၊ ဘာပဲဖြစ်ဖြစ် ဦးကြီးရဲ့ ကျေးဇူးတရားကို သားတို့ထာဝရဆင်ခြင် အောက်မေ့နေရမှာပါ အဖေ"

ဟုဆိုလိုက်လေ၏။

ကိုကျင်ဆောင်ကမူ မည်သို့မျှမဆိုဘဲ အစ်ကိုဖြစ်သူကို ဘာဝီရယာန်ဖြင့် တိတ်ဆိတ်စွာ ရှိနေလေတော့၏။

❀❀❀





## အခန်း (၈)

"အင်း...မင်းရဲ့ သိုင်းကွက်လှုပ်ရှားဟန်တွေဟာ တဖြည်းဖြည်းနဲ့ ရင့်ကျက်ပြီး ပညာရှင်တစ်ဦးအဆင့်လို့တောင် ဆိုနိုင်လာတယ်ကွယ့် မောင်ရန်ရှင်းရဲ့"

သိုင်းလေ့ကျင့်မှုများ ပြုလုပ်နေကြသည့် တပည့်များအား လိုက်လံကြည့်ရှုရင်း တစ်နေရာအရောက်တွင် သိုင်းလေ့ကျင့်နေသည့် မောင်ရန်ရှင်းအား ရပ်ကြည့်ကာ ဆရာကြီး ဦးအိန္ဒကာ.က ပြောလိုက်ခြင်းဖြစ်သည်။

"အာ...ဒီလောက်လဲ မဟုတ်သေးပါဘူး ဆရာကြီး"

မောင်ရန်ရှင်းက ရှယ်ရယ်ရယ်၍ ပြောလိုက်ရာ ဆရာ

ကြီးက ခေါင်းညိတ်လျက်...

"ငါ့တပည့်တွေအနေအထားကို ဆရာကြီးအသိဆုံးပါကွယ်၊ အေး...အေး...ကြိုးစားထား၊ ကြိုးစားထား"

ဟု ဆိုကာ အိမ်ဘက်သို့ ဆက်လက်လျှောက်သွားလေ၏။

ကိုယ်ခံပညာများ တစ်စတစ်စ သိသိသာသာ တိုးတက်လာသည်နှင့်အမျှ မောင်ရန်ရှင်းမှာ စွန့်စားလိုသောစိတ်နှင့် လက်တွေ့ကျကျ တိုက်ခိုက်လိုသောစိတ်များကလည်း အလိုလို ဝင်ရောက်လျက် ရှိနေတော့သည်။

ယခုကဲ့သို့ ဆရာကြီးကိုယ်တိုင် ချီးကျူးသောအခါ စွန့်စားလိုသောစိတ်ကြောင့် ၎င်း၏သွေးများ တရှိန်းရှိန်း နီးကြွဆူပွက်ကုန်လေတော့၏။

ထိုသည်နှင့် တစ်ဆက်တည်း ဆရာကြီး မပြတ်ပေးလေ့ရှိသည့် ဩဝါဒသည်လည်း မောင်ရန်ရှင်း၊ နားထဲတွင် အလိုလိုကြားယောင်လာမိသည်။

"သိုင်းပညာဟာ မှန်ကန်မှုနဲ့ တရားသောအနေအထားဘက်က ရပ်တည်ရမယ့် ပညာကွယ့်၊ ဒီတော့...ငါ့တပည့်တို့ အနေနဲ့ သိုင်းပညာကို မမှန်ကန်မှုမှာ ဘယ်တော့မှ အသုံးမပြုလေနဲ့၊ တိုင်းပြည်နဲ့လူမျိုးအတွက် အမှန်တရားအတွက်သာ အသုံးပြုကြပါလို့ ဆရာ့အနေနဲ့ သတိပေးပါရစေ၊ နှိုးဆော်ပါရစေကွယ်၊ အားလုံးပဲ ကိုယ်ခံပညာရပ် ထူးချွန်အောင် ကြိုးစားကြပါကွယ်"

ထိုဩဝါဒစကားများကြောင့်ပင် တစ်နေ့နေ့ တစ်ချိန်ချိန် တွင် မိမိသည် တိုင်းပြည်အတွက်၊ လူမျိုးအတွက် စွန့်စားသောလူတစ်ယောက်ဖြစ်ရမည်ဟု မောင်ရန်ရှင်းတစ်ယောက် သန္နိဋ္ဌာန် ချထားပြီး ဖြစ်သည်။

ထို့ကြောင့်လည်း သူက သိုင်းပညာများကိုပိုမိုကျွမ်းကျင်အောင် လေ့ကျင့်ကြိုးစားအားထုတ်သည်။

ထိုနေ့က သိုင်းလေ့ကျင့်ရာမှအပြန် မည်သို့ဖြစ်သည် မသိအောင်ပင် သူ့စိတ်ဆန္ဒက ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ချင်စိတ် ပြင်းပြနေသဖြင့် ရှမ်းရွာမှ ရွှေတိဂုံစေတီတော်သို့ ကုန်းကြောင်းလျှောက်ခဲ့သည်။

ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ လှူဒါန်းလျက် ဦးချပြီးလျှင် ကောင်းမှုကုသိုလ်အဖို့ဘာဂအား ကွယ်လွန်သွားရှာပြီဖြစ်သည့် မိခင်ကြီးနှင့် ကျန်ရှိနေသည့် ဖခင်ကြီးအတွက် အမျှပေးဝေသည်။

ပြီးလျှင် ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးဖြစ်သည့် ဖန်းမော်မြို့မှ ဦးကြီး ဦးကျင်တိတ်အားလည်း မေတ္တာအမျှကို အထူးပေးဝေလိုက်၏။

အိမ်ပြန်ရောက်သောအခါ ထူးထူးခြားခြားပင် တစ်အိမ်လုံး မှောင်မည်းနေသည့်အဖြစ်ကို တွေ့ရသဖြင့် မောင်ရန်ရှင်း အံ့ဩသွားရသည်။

"ဟင်…အဖေကလည်း ဒီအချိန်ထိ မီးမထွန်းသေးပါလား၊ ဘာများလုပ်နေပါလိမ့်"

ဤသို့ရေရွတ်လျက် မောင်ရန်ရှင်းက အိမ်အတွင်းသို့ ..န်းတဝါးဝါး ဝင်ရောက်ကာ မီးခလုတ်များကို ဖွင့်လှစ်လိုက်သည်။

"အဖေ…အဖေ…ဘယ်မှာလဲဟင်"

မီးများ လင်းသွားသည်မှန်သော်လည်း ဖခင်၏အရိပ်အယောင်မျှမမြင်ရသဖြင့် မောင်ရန်ရှင်းက တကြော်ကြော်အော်ခေါ်သည်။

သို့သော် တစ်အိမ်လုံးတိတ်ဆိတ်လျက်အထူးငြိမ်သက်နေပေ၏။

"အဖေ…အဖေ"

နောက်ထပ် ခေါ်ကြည့်ပြန်သည်။

သို့ရာတွင် တိတ်ဆိတ်မြဲသာ။

ထို့ကြောင့် အိပ်ခန်းတံခါးကို အသော့လျင်စွာ တွန်းဖွင့်ကြည့်လိုက်မိသည်။

"ကျွီ…အီ…အီ"

"ဟင်…အဖေ"

ထိုအခါ အိပ်ခန်းတံခါးအလိုက်သင့် ပွင့်သွားကာ ခုတင်ပေါ်၌ ငြိမ်သက်စွာ လဲနေသဖြင့် ထိတ်ခနဲဖြစ်လျက် အမော တကော ခေါ်လိုက်သည်။





သို့စေကာမူ ဖခင် ကိုကျင်ခဲဆောင်ကား ပကတိ မလှုပ်မယှက် ရှိနေလေ၏။

"ဟင်…အဖေ…အဖေ"

မောင်ရန်ရှင်းက စိုးရိမ်စိတ်နှင့် ဖခင်ကို ကိုင်လှုပ်၍ ခေါ်နေသည်။

အသေအချာကြည့်သောအခါမှပင် ဖခင်မှာ အသက်ရှူရပ်လျက် သေဆုံးနေပြီဖြစ်ကြောင်း သိရှိရတော့သည်။

"ဩော်…လက်စသတ်တော့ အဖေကလည်း အမေ့လိုကျွန်တော့်ကို ပစ်သွားပြန်ပြီပေါ့နော်၊ လောကကြီးမှာ သားတစ်ယောက်တည်း ကျင်လည်ရတော့မှာပေါ့နော်…အီး…ဟီး…ဟီး"

မျက်ရည်များ ဖေါက်ဖေါက်ကျကာ မောင်ရန်ရှင်း တစ်ယောက် ဖြေဆည်၍ မရနိုင်အောင် ငိုကြွေးနေမိရှာ၏။

အားရအောင် ငိုကြွေးပူဆွေးပြီးမှပင် ဖခင်၏ အသုဘကိစ္စ ဆောင်ရွက်နိုင်ရန်အလို့ငှာ အိမ်မှ ထွက်၍မြင်းရထားတစ်စီးငှားကာ ရှမ်းရွာဘက်သို့ မောင်းနှင်းလိုက်သည်။

ဆရာကြီးဦးအိန္ဒကာအား အဖြစ်အပျက်ကို ပြောပြအသိပေးလိုက်သည်တွင် ဆရာကြီးက…

"ဩော်…ဖြစ်ရပလေ၊ အနိစ္စသဘောဆိုတော့ ဘာတတ်နိုင်မှာလဲ တပည့်ရယ်၊ ကိုင်း…ကိုင်း…ဒီကိစ္စအတွက် မပူပါနဲ့၊ နီးစပ်ရာ တပည့်တွေကို ..ခိုင်းပြီး ဆရာကြီးကိုယ်တိုင်

မြေကျဖို့ကိစ္စ စီစဉ်ပေးပါ့မယ်ကွယ်"

ဟု အားပေးစကားပြောရှာ၏။

"ဟုတ်ကဲ့ ဆရာကြီး"

သို့နှင့် အနီးအနားရှိ တပည့်အချို့အကူအညီဖြင့် သိုင်းသင်တန်းသား တပည့်အားလုံးကို ခေါ်ကာ ဆရာကြီးဦးအိန္ဒကကိုယ်တိုင် အိမ်သို့လိုက်ပါလာခဲ့သည်။

ထိုနေ့မှစ၍ မြေကျကိစ္စ၊ ရက်လည်ခြင်းကိစ္စအထိ အားလုံး ကူညီဆောင်ရွက်ကြသဖြင့် မောင်ရန်ရှင်းမှာ အတန်အသင့်သက်သာရသည်ဟု ဆိုရပေမည်။

နောက်နေ့များမှစ၍ တစ်ယောက်တည်း နေရသောအခါ မောင်ရန်ရှင်းမှာ ကြောင်တက်တက်နှင့် နေမထိထိုင်မသာ ဖြစ်နေရတော့သည်။

ထို့ကြောင့် တစ်ခါတစ်ရံ နေအိမ်သို့ပင် မပြန်တော့ဘဲ သိုင်းဆရာကြီးဦးအိန္ဒကအိမ်တွင်သာ အိပ်စားနေထိုင်ပေသည်။

ထိုအခါများတွင် ဆရာကြီးက...

"အေးပေါ့ကွယ်၊ အိမ်မှာ တစ်ယောက်တည်းနေရတော့ ကွယ်လွန်သွားရှာတဲ့ မိခင်၊ ဖခင်တွေကို အထူးသတိရမှာပေါ့၊ ဒီမှာကလည်း ဆရာကြီးက တစ်ဦးတည်းနေတာဆိုတော့ ဘာမှ အပန်းမကြီးပါဘူး၊ မောင်ရန်ရှင်း စိတ်ပျော်သလိုသာ နေပါကွယ်"

ဟု ခွင့်ပြု၏။





"ဟုတ်ကဲ့ပါ ဆရာကြီး"

ဤသို့ ဆိုသည့်တိုင် မောင်ရန်ရှင်းစိတ်များမှာ ဖခင်ကြီး ဆုံးပါးပြီးသည့်နောက် ကယောက်ကယက်နှင့် လေလွင့်သကဲ့သို့ ဆောက်တည်ရာမရအောင် ဖြစ်နေရှာပေသည်။

ထို့ကြောင့် လေလွင့်စိတ်များ ပပျောက်စေရန် မောင်ရန်ရှင်းမှာ သိုင်းလေ့ကျင့်မှုများကို ယခင်ကထက် ပိုမို၍ ပြင်းပြင်းထန်ထန် လေ့ကျင့်လေ၏။

ယင်းသို့ လေ့ကျင့်သောကြောင့် မောပန်းလျက် ညအခါများတွင် အတွေးများပျောက်ကာ အိပ်စက်ခြင်းသို့ ရောက်ပေတော့၏။

❀❀❀

## အခန်း (၉)

"ကဲ...ပြောစမ်းဟေ့ တာတီး၊ ဘယ်လိုအကြောင်းတွေ ထူးသလဲဆိုတာ"

သူဌေးကြီး ဦးကျင်တိတ်က ဆေးတံကို ဖွာရှိုက်ရင်း သွားခေါ်နေသည့် မိမိစားပွဲရှေ့မှ လူတစ်ယောက်ကို မေးလိုက်၏။

ဤတွင် သွားခေါ်တာတီးက...

"ဆရာကြီးရဲ့ညီဖြစ်သူ ကိုကျင်ဆောင်တစ်ယောက် သေဆုံးပြီးဖြစ်တာကိုတော့ ကျွန်တော် အစီရင်ခံပြီးခဲ့ပြီ"

ဟု ဆိုကာ စကားရပ်ထား၏။

"အင်း...အင်း"





"အခုအစီရင်ခံရမှာက သူဌေးကြီးရဲ့တူတော်မောင် ဖြစ်တဲ့ မောင်ရန်ရှင်းအကြောင်းပါခင်ဗျာ"

"ဟေ...သူ ဘာဖြစ်လို့လဲ၊ ပြောစမ်းကွာ တာတီး"

ထိုအခါ တာတီးက...

"တခြားမဟုတ်ဘူး ခင်ဗျာ၊ ဆရာကြီး စောင့်ကြည့်နိုင်း တဲ့အတိုင်း ကျွန်တော်နဲ့ ကျွန်တော့်လူတွေ စောင့်ကြည့်တာမှာ မောင်ရန်ရှင်းဟာ တစ်ယောက်တည်း စိတ်လေလွင့်သလို ဖြစ် နေတာကို တွေ့ရပါတယ်" ဟု ဆို၏။

သူဌေးကြီး ဦးကျင်တိတ်က မျက်မှောင်ကျုံ့လျက်...

"ဆက်ပြောလေကွာ"

ဟု လောဆော်၏။

"သူဟာ တစ်ခါတစ်ရံ သူ့ရဲ့သိုင်းဆရာကြီးနေအိမ်မှာ ငါးရက်၊ တစ်ပတ်ဆိုသလို အိပ်စက်နေထိုင်ပြီးမှ သူ့အိမ်ကို ပြန်လာတတ်ပါတယ် ဆရာကြီး"

"အေး...ဟုတ်တယ်၊ မင်းပြောသလိုပါပဲ၊ ဒီကောင်လေး စိတ်လေနေတာ ဖြစ်လိမ့်မယ်၊ နေပါဦးကွ...သူ့မှာ ရည်းစား သနာ များတော့ မရှိဘူးလား"

"ကျွန်တော်တို့ အမြဲလိုလို စောင့်ကြည့်အကဲခတ်ရာမှ သူဟာ ဘယ်မိန်းမနဲ့ မပတ်သက်၊ ကင်းရှင်းတယ်ဆိုတာ သိရ ပါတယ်ခင်ဗျာ"

"အေး...အေး...ဒါဆို ကောင်းပါလေ့ကွယ်"

ဤသို့ ဆိုပြီးလျှင် သူဌေးကြီး ဦးကျင်တိတ်က ဆေးတံဖွာရှိုက်လျက် စဉ်းစားခန်းဝင်သကဲ့သို့ မီးခိုးများအား မှုတ်ထုတ်လျက်ရှိသည်။

ပြီးမှ ၎င်းက ပင့်သက်တစ်ချက် ရှိုက်လျက်...

"ဒီမှာ တာတီး"

ဟု ခေါ်လိုက်၏။

"ခင်ဗျာ...အမိန့်ရှိပါ သူဌေးကြီး"

"ငါ့မှာ ငါတို့မှာပေါ့ကွာ၊ သားထောက်သမီးခံ မရှိတာ မင်းကိုယ်တိုင် အသိပါလေ"

"သိပါတယ်ခင်ဗျာ"

"အေး...ဒီတော့ အဲဒီတူကလေး မောင်ရန်ရှင်း တစ်ယောက်သာလျှင် ငါ့ရဲ့မျိုးဆက်၊ အဲ...ငါတို့ရဲ့မျိုးဆက်ဆိုရမှာပါ"

"မှန်ပါတယ်"

သူဌေးကြီးက ပြာခံခွက်အတွင်းသို့ ဆေးတံမှ ဆေးများကို တဒေါက်ဒေါက် ခေါက်ချနေသည်။

ထို့နောက်မှ ၎င်းက...

"ပြောရမယ်ဆိုရင် မောင်ရန်ရှင်းဟာ ငါ့အတွက် သိပ်အရေးကြီးတယ်၊ သူ့ကို လူကောင်းတစ်ယောက် ဖြစ်စေချင်တယ်၊ နောက်ပြီး ငါ့ရဲ့စီးပွားရေးနဲ့ အမွေအနှစ်တွေကို ပိုင်ဆိုင်သူတစ်ဦး ဖြစ်စေချင်တယ် တာတီးရဲ့"





"ဟုတ်ကဲ့ခင်ဗျ"

"ဒါကြောင့်မို့ မင်းတို့လူစုကို ရန်ကုန်လွှတ်၊ ငွေကြေးအကုန်အကျခံပြီး စောင့်ကြည့်စေခဲ့တာပဲပေါ့"

သွားခေါ်တာတီးက ငြိမ်ငြိမ်သက်သက်နှင့် ဆက်လက်ပြောလာမည့်စကားများကို နားထောင်နေသည်။

ထိုအချိန်၌ အခန်းတွင်းတွင် တိတ်ဆိတ်ခြင်းက မင်းမူလျက်ရှိသည်။

"အင်း ... ငါ့တူကို အနီးကပ်ပြုစုပျိုးထောင်ပေးဖို့ လိုတယ်၊ ခက်တာက သူဟာလည်း သူ့အဖေရဲ့သားဆိုတော့ စိတ်ဓာတ်ခိုင်မာပြီး မာနာကလည်းရှိမှာ အမှန်ပဲလေ"

သွားခေါ်တာတီးက ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေသည်။

သူဌေးကြီးဦးကျင်တိတ်က ဆက်ပြောသည်။

"ဟုတ်တယ်...သူဌေးကြီး၊ သူဌေးကြီးပေးခိုင်းတဲ့ ငွေထုပ်ကို ကျွန်တော်တို့ ပို့ပြီးအချိန်မှာ သူဟာ အရင်အတိုင်း ဈေးလှည်းကလေးနဲ့ နေ့စဉ်မပြတ် ဈေးရောင်းထွက်တာကိုက ဒီငွေကို ကျွန်တော်တို့ တစ်ယောက်ယောက်လာတောင်းရင် ပေးမယ့်ပုံပဲ"

"မှန်တာပေါ့...တခြားသူတစ်ယောက်ယောက်ဆိုရင် ဒီလောက်များပြားတဲ့ ငွေကြေးကိုသာရခဲ့ရင် ပိုင်ရှင်လာတောင်းမှာစိုးလို့ မိမိကိုလူမမြင်အောင် ခြေရာဖျောက်နေတော့မှာ အမှန်

ပဲလေ”

တာတီးက ဆက်ပြောသည်။

“ကျွန်တော့်စိတ်ထင်ဆိုရင် သူဌေးကြီးရဲ့တူတော်မောင် မိသားစုကတော့ မာနကြီးတဲ့နေရာမှာ စံပြလို့ ဆိုနိုင်လောက် ပါတယ်”

“အှင်း...အင်း”

သူဌေးကြီးက ခေါင်းတညိတ်ညိတ်လုပ်နေရင်း စကား ပြောဖို့ စဉ်းစားနေသည်။

ပြီးမှ ၎င်းက...

“အေးလေ ... အရေးကြီးတာက တူတော်မောင် မောင်ရန်ရှင်းတစ်ယောက် စိတ်လေပြီး မဟုတ်တဲ့ အပေါင်း အသင်းတွေနဲ့ ပေါင်းသင်းမိမှာ စိုးတာပါ”

ဟု ပြော၏။

“မှန်ပါတယ် သူဌေးကြီး၊ သူက လူရွယ်ဆိုတော့ အပေါင်းအသင်းမှားရင် ခက်မှာပါ”

“အင်း...အင်း”

သူဌေးကြီးဦးကျင်တိတ်က ခေတ္တရပ်လျက် မျက်လုံးများ ကို စုံမှိတ်ကာ ခေတ္တမျှနားနေလိုက်၏။

ပြီးမှ ၎င်းက မျက်လုံးများကို ပြန်ဖွင့်လျက်...

“မင်းပြောတာမှန်တယ် တာတီး၊ ဒီတော့ အဲဒီလိုမဖြစ် ရအောင် မောင်ရန်ရှင်းကို ငါ့ဆီ အနီးကပ်ခေါ်ထားမှ ဖြစ်လိမ့်





မယ်ကွ”

တာတီးက စဉ်းစဉ်းစားစားဖြင့်...

“နို့...သူက နားလည်သဘောပေါက်ပြီး ဒီဗန်းမော်မြို့ကို ရောရောရှရှလိုက်လာပါ့မလား သူဌေးကြီး”

ဟု ပြောလိုက်လေ၏။

သူဌေးကြီးက အဖန်ရည်ကရားကို ကြွေပန်းကန် အတွင်း သို့ လောင်းကာ အာခြောက်နေဟန်ဖြင့် နှစ်ခွက်ဆင့် သောက်လိုက်သည်။

ထို့နောက်မှ ၎င်းက...

“သိပ်မှန်တာပေါ့၊ ဒီတော့...မောင်ရန်ရှင်း ဒီကိုရောက် လာအောင် တနည်းနည်းကြံမှ ဖြစ်လိမ့်မယ်”

ဟု ဆို၏။

“ဘယ်လိုနည်းလဲခင်ဗျ”

သူဌေးကြီးဦးကျင်တိတ်က...

“နေဦး...ငါ စဉ်းစားလိုက်ဦးမယ်”

ဆိုကာ မျက်စိများကို ပြန်မှိတ်ကာ စားပွဲကိုလက်များ ခေါက်ရင်း စဉ်းစားခန်းဝင်နေ၏။

ထို့နောက်မှ တစ်စုံတစ်ရာ သတိရဟန်ဖြင့် မျက်နှာပြုံး လာကာ တာတီးအား အနီးသို့ တိုးကပ်ရန် လက်ရိပ်ပြလျက် အစီ အစဉ်တစ်ခုကို တိုးတိုးပြောကြားလိုက်ပေတော့၏။

❀❀❀

## အခန်း (၁၀)

"ယား...ဟိတ်"

"ဟိုင်း...အိုး"

စလွယ်သိုင်းခြေးဝင်နေတ်သည့် မားချက်ကို ရှောင်တိမ်းရင်း တစ်ဆက်တည်းအနောက်ဘက်မှအလစ်ဝင် တိုက်သူတစ်ယောက်ကို ခြေဖျားဖြင့် ခတ်ထုတ်လိုက်သည်။

ထိုအခိုက်မှာပင် တစ်ယောက်က မိုးစားဖြင့် လျှပ်တစ်ပြက် ဝင်ပိုင်းရာ မောင်ရန်ရှင်းက လွတ်ရုံမျှကိုယ်ကို ယို့ ခေါင်းကို ငုံ့ကာ တစ်ပတ်ကျွမ်းပစ်လျက် ရှောင်ထွက်သွားခဲ့၏။

ထို့ကြောင့်ပင် မားချက်က သီသီလေး လွဲသွားသည်ဟု





ဆိုရပေမည်။

ထိုအချိန်တွင် ဘေးဘယ်ညာမှ လူနှစ်ယောက်က တစ်ပြိုင်နက်ပြေးဝင်လျက် တုတ်တိုများနှင့် အားသွင်းရိုက်ချက် သုံးလိုက်ကြသည်။

မောင်ရန်ရှင်းက ကိုယ်ကို တုတ်ချက်လွတ်ရုံမျှ တိမ်း၍ ရန်သူနှစ်ယောက်၏ လက်များကို အရှိန်နှင့်ယှက်ပေးလိုက်သည်။

ထို့ကြောင့်ပင်လျှင် တုတ်သမားနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ပူးကပ်သွားကာ လှုပ်ရှားရန် မဖြစ်နိုင်တော့သည့် အခြေအနေ ရောက်သွားရ၏။

"ဟိုင်း..."

"ဟိတ်"

ဤတွင် မောင်ရန်ရှင်းက လေဝဲကျွမ်းဖြင့် တစ်ပတ်လှည့်ကာ ရန်သူနှစ်ယောက်၏ ခန္ဓာကိုယ်များကို တံတောင်၊ ခြေဖျားတို့နှင့် ဇယ်ဆက်သကဲ့သို့ မနားတမ်း တိုက်ခိုက်သွားခဲ့သဖြင့် နောက်ထပ် ရန်သူနှစ်ယောက် မြက်ခင်းပြင်ပေါ် လဲကျသွားကြသည်။

"ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း"

"တော်လောက်ပါပြီ၊ တော်လောက်ပါပြီ၊ ငါတပည့်တွေ ပင်ပန်းလှပါပြီ၊ နားကြပေဦးကွယ်"

ရပ်ကြည့်နေသည့် ဆရာကြီးဦးအိန္ဒကာ.က လက်ခုပ်တီး

ကာ ပြောလိုက်သဖြင့် မောင်ရန်ရှင်း အပါအဝင် သိုင်းသင်တန်းသားများမှာ နေရာများမှထကြလျက် ဆရာကြီးအား ဂါရဝပြုလိုက်ကြ၏။

"အေး...အေး...မင်းတို့အားလုံး ထူးချွန်ထက်မြက်သူတွေ ဖြစ်အောင် မောင်ရန်ရှင်းလို ကြိုးစားကြကွယ့်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆရာကြီး"

တပည့်များက တရိုတသေပြောလိုက်ကြသည်။

"အခု ယှဉ်ပြိုင်တိုက်ခိုက်မှုဟာ သိုင်းပညာရဲ့အမြင့်ဆုံးခန်းရှင်ခန်းထွက် တိုက်ကွက်နည်းပါး ခက်ခဲတယ်၊ ဒါကို လွတ်အောင် ရှောင်တိမ်းတိုက်ခိုက်နိုင်ဖို့ဆိုတာ မလွယ်လှဘူးကွယ့်"

တပည့်များအားလုံးက နားထောင်နေကြ၏။

"မောင်ရန်ရှင်းရဲ့လှုပ်ရှားမှု၊ တိုက်ခိုက်မှုနဲ့ ရှောင်တိမ်းမှုတွေဟာ အကွက်ကျကျနဲ့ ပညာသားပါလှတယ်လို့ ဆိုရပေမယ်၊ ဒီအတိုင်း ဆက်ပြီးကြိုးစားသွားမယ်ဆိုရင် သိုင်းလောကမှာ ဆရာတစ်ဆူတောင် ဖြစ်လာနိုင်တယ်ကွယ့်"

ဆရာကြီး၏ ချီးကျူးမှုကြောင့် မောင်ရန်ရှင်းမှာ ရှက်သွေးဖြာလျက် မျက်နှာပင် နီမြန်းလျက်ရှိနေရှာပေ၏။

"ကဲ...ကဲ...ရေမိုးချိုးကြပေတော့"

ထိုအခါကျမှပင် အသီးသီးအနားမှခွာကာ ရေတွင်းရှိရာသို့ ထွက်သွားလျက် တပျော်တပါး ရေချိုးကြလေ၏။





သိုင်းဆရာကြီးဦးအိန္ဒကကား တပည့်များကို ကြည့်လျက် လွန်စွာ ပီတိဖြစ်နေရှာ၏။

တပည့်များကို ကြည့်ရင်းလည်း ၎င်းငယ်စဉ်ဘဝက သိုင်းပညာရှင်ကြီးထံတွင် တပည့်အ ဖြစ် သိုင်းပညာများ သင်ကြားခဲ့ရပုံများကို ပြန်လည် မြင်ယောင်လာမိသည်။

မကြာမီ တပည့်များအသီးသီး နုတ်ဆက်ပြန်သွားကြရာ မောင်ရန်ရှင်း တစ်ယောက်သာလျှင် ကျန်လေ၏။

"လာကွယ် မောင်ရန်ရှင်း...အကြမ်းသောက်ရင်း စကား စမြီပြောကြတာပေါ့၊ အချိန်စောပါသေးတယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်က ဘာအကြောင်းနဲ့လဲ၊ မိုးချုပ်မှ ပြန်လဲဖြစ်တာပဲဥစ္စာ"

"သြော်...အေး...အေး...အေး"

ထို့နောက် ရေနွေးကြမ်းသောက်ရင်း ဆရာတပည့် နှစ်ယောက် စကားဆိုဖြစ်ကြသည်။

ဦးစွာ ဆရာကြီးက ရေနွေးကြမ်းတစ်ခွက်ကို ငုံ့ကာ တဖူးဖူးနှင့် မှုတ်သောက်နေပြီးလျှင် မောင်ရန်ရှင်းအား...

"မောင်ရန်ရှင်း"

ဟု ခေါ်လိုက်လေ၏။

"ဗျာ...ဆရာကြီး"

"အခုဆိုရင် မြန်မာပြည်ကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေတယ်ဆိုတာ မင်းသိတယ် မဟုတ်လားကွယ့်"

"ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ"

"အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးတွေအပေါ်မှာ မတရား အုပ်ချုပ်ပြီး တရားဥပဒေကို လက်တစ်လုံးခြားလုပ်၊ အရာရာမှာ ခေါင်းခုံဖြတ်နေတာ မင်းလည်း သိမှာပါလေ"

"သိပါတယ် ဆရာကြီး၊ သူတို့ရဲ့ မတရားအုပ်ချုပ်မှုကြောင့် မြန်မာလူမျိုးတွေဟာ အခုဆိုရင် ကျွန်သဘောက်သာ သာလောက်သာ ရှိပါတယ်"

ထို့နောက် ဆရာကြီးက...

"အဲ့ဒီလို မတရားအုပ်ချုပ်ခံရမှုက လွတ်အောင် ကြိုးစား ရုန်းထွက်ဖို့ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေရှိသကွယ့်"

ဟုဆိုကာ မောင်ရန်ရှင်းမျက်နှာကို အကဲခတ်သကဲ့သို့ စိုက်ကြည့်နေလိုက်သည်။

ထို့အတွက် မောင်ရန်ရှင်းမှာ အထူးအံ့သြသွားလျက် ကပျာကယာ ပြန်မေးလိုက်သည်။

"ဟင်...ဟုတ်လား ဆရာကြီး၊ အဲဒီလူတွေဟာ ဘယ်လူတွေများပါလိမ့်၊ ပြောပြပါလား ဆရာကြီး"

"အိမ်း...ပြောပြပါ့မယ်၊ ဒီလူတွေဟာ အင်္ဂလိပ်အစိုးရကို တိုက်ထုတ်ဖို့ ကြိုးစားနေတဲ့ လျို့ဝှက်မြန်မာမျိုးချစ်ခေါင်းဆောင် တွေပဲကွယ့်"

"အလို...လျို့ဝှက် မြန်မာမျိုးချစ်ခေါင်းဆောင်တွေ ဟုတ်လား ဆရာကြီး"





"အေး... လျို့ဝှက်မြန်မာမျိုးချစ်တော်လှန်ရေးအဖွဲ့ဆိုပါ တော့လေ၊ အဲဒီအဖွဲ့မှာ ခေါင်းဆောင်နဲ့ အဖွဲ့ဝင်များဟာ တတ်နိုင် သမျှ ကိုယ်ခံသိုင်းပညာ ကျွမ်းကျင်ကြတယ်လို့ သိရတယ်"

"ဩော်...ဩော်"

"ဘယ်နှယ့်...စိတ်ဝင်စားရဲ့လား မောင်ရန်ရှင်း"

"ဟာ...သိပ်ကို စိတ်ဝင်စားတာပေါ့ခင်ဗျာ"

"ဒီလို အဖွဲ့ထဲမှာရော မပါဝင်ချင်ဘူးလားဟင် မောင်ရန်ရှင်း"

ဆရာကြီးက အကဲခတ်သကဲ့သို့ မေးလိုက်ရာ မောင်ရန်ရှင်းက အလောတကြီး ခေါင်းညိတ်လျက်...

"ဟာ...ဆရာကြီး၊ ဘယ်လိုပြောပါလိမ့်၊ သိပ်ကိုပါဝင် ချင်တာပေါ့ခင်ဗျာ"

ထိုအဖြေကြောင့် ဆရာကြီးက သဘောကျသကဲ့သို့ ခပ်ပြုံးပြုံးလုပ်နေလိုက်၏။

ပြီးမှ ၎င်းက...

"အဲဒီ လျို့ဝှက်မျိုးချစ်တော်လှန်ရေးအဖွဲ့ကလည်း မင်း လို ကိုယ်ခံပညာ ကျွမ်းကျင်သူတစ်ယောက်ကို အဖွဲ့ဝင်အဖြစ် လိုလိုလားလား လက်ခံကြိုဆိုမှာပါကွယ်"

ဟုဆိုလိုက်လေ၏။

"အို...ဒါဆို သိပ်ကောင်းပေါ့၊ ဒါနဲ့ အဲဒီအဖွဲ့ကို ဘယ်လို ဆက်သွယ်ရမှာလဲ ဆရာကြီး၊ အဖွဲ့ခေါင်းဆောင်ကရော ဘယ်

သူတဲ့လဲဟင်"

မောင်ရန်ရှင်း အမေးကြောင့် ဆရာကြီးဦးအိန္ဒက ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

"ဟား...ဟား...ဟား...ဟား"

"ဟင်"

ရုတ်တရက်ရယ်မောလိုက်သည့် ဆရာကြီးကို ကြည့်ကာ မောင်ရန်ရှင်းမှာ အထူးအံ့အားသင့်လျက် ကြောင်ငေးငေး ဖြစ်သွားရပေတော့၏။

ပြီးမှ ဆရာကြီးက အရယ်ရပ်လျက်...

"အဟုတ်...ဟား...ဟား...အဲဒီမျိုးချစ်တော်လှန်ရေး လျှို့ဝှက်ခေါင်းဆောင်တစ်ယောက်က မင်းရဲ့အရှေ့မှာတင် ရှိနေလေရဲ့ကွယ်"

ဟု ပြောချလိုက်လေ၏။

"အို...တကယ်...တကယ်ပြောတာလား ဆရာကြီး"

"ဟား...ဟား...ဟား...ဟဲ...ဟဲ...ဟဲ"

တအံ့တသြနှင့် အိုးတို့အတဖြစ်နေသော မောင်ရန်ရှင်းကို ကြည့်ကာ ဆရာကြီးမှာ သဘောကျလျက် ရယ်မောမဆုံးနိုင်အောင်ဖြစ်နေတော့သည်။

ထို့နောက်မှ မောင်ရန်ရှင်းပခုံးကို လက်ဖြင့်ပုတ်လျက်

"အမှန်ပဲကွယ်...မင်းကို ယုံကြည်လို့ ပြောရတာ၊ တကယ်တော့ ဆရာကြီးဟာ အင်္ဂလိပ်အစိုးရကို တော်လှန်မယ့်





လျှို့ဝှက်မြန်မာမျိုးချစ်တော်လှန်ရေးအဖွဲ့က ခေါင်းဆောင်တစ်ဦးပေပဲ"

ဟု ဝန်ခံစကားပြောကြားလိုက်လေတော့သည်။

မောင်ရန်ရှင်းက ခေါင်းညိတ်လျက်...

"အင်း...ကျွန်တော်ဖြင့် ဆရာကြီးကိုယ်တိုင်ပြောလို့သာ ယုံရတယ်၊ တကယ်တော့ ယုံရခက်ခက်ဆိုတာလိုပါပဲ ခင်ဗျာ"

ထို့နောက် ဆရာကြီးဦးအိန္ဒက၊က လျှို့ဝှက်မျိုးချစ်တပ်ဖွဲ့၏ လုပ်ငန်း၊ ရည်ရွယ်ချက်နှင့် စွမ်းဆောင်မှုများကို မောင်ရန်ရှင်း သဘောပေါက်စေရန် သိသင့်သမျှ အကျယ်တဝင့် ရှင်းလင်းပြောပြလိုက်သည်။

"အိုး...သိပ်ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပဲ ဆရာကြီး၊ ဒီလိုအဖွဲ့ကြီးထဲမှာ ကျွန်တော်လည်းပါချင်ပါတယ်၊ ကျွန်တော့်ကို ယုံကြည်စိတ်ချစွာနဲ့ တာဝန်ပေးနိုင်ပါတယ် ဆရာကြီး"

"အိမ်း...အိမ်း"

"နောက်ပြီး...ဆရာကြီးသိတဲ့အတိုင်း ကျွန်တော်ဟာ အခုဆိုရင်မိဘနှစ်ပါးလည်းမရှိတော့တာမို့ ဘာကိုစွမဆိုနောက်ဆံမတင်းဘဲ စွန့်စားနိုင်စွမ်းရှိပါတယ်"

တက်တက်ကြွကြွ ပြောနေရှာသည့် မောင်ရန်ရှင်းကို ကြည့်ကာ ဆရာကြီးဦးအိန္ဒကမှာ အထူးသဘောကျလျက် ရှိပေတော့သည်။

မောင်ရန်ရှင်းက ဆက်ပြောသည်။

"ဩော်...ဒါကြောင့်ထင်ပါရဲ့ဆရာကြီးအနေနဲ့ ဒီအိမ်က တစ်ပတ်ကိုနှစ်ရက် သုံးရက်ခန့် ပျောက်ပျောက်သွားတတ်တာ"

"မှန်ပါတယ် မောင်ရန်ရှင်း၊ ဆရာကြီးတို့လိုအဖွဲ့ခေါင်းဆောင်တွေနဲ့ အခါအားလျော်စွာ လျှို့ဝှက်တွေ့ဆုံပြီး အဖွဲ့ရဲ့ရန်ပုံငွေတိုးပွားမှု၊ အဖွဲ့ဝင်အင်အားများပြားလာရေး၊ နိုင်ငံရေး အခြေအနေနဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မပြတ်ညှိနှိုင်း ဆွေးနွေးကြရတယ်လေ၊ ဒါကြောင့် ဆရာကြီးတစ်ရက် နှစ်ရက် ပျောက်ပျောက်သွားတတ်တာပေါ့"

"ဩော်...လက်စသတ်တော့ဒီလိုကိုး၊ ဒါနဲ့ ဆရာကြီး"

"ဘာများပါလိမ့်၊ မေးချင်တာ မေးလေကွယ်"

"ရန်ပုံငွေကိစ္စဆိုတာက..."

"ဩော်...ဒါလား...ဒီလိုလေ အဖွဲ့အတွက် လက်နက်၊ ဆေးဝါး၊ ရိက္ခာ၊ ယူနီဖောင်း စတာတွေ ဝယ်ခြမ်းဖို့ မျိုးချစ်စိတ်ဓာတ် အထူးထက်သန်ပြီး စီးပွားရေးကောင်းတဲ့၊ တစ်နည်းကြွယ်ဝ ချမ်းသာတဲ့ မြန်မာလူမျိုးအချို့ဆီက ရန်ပုံငွေ ကောက်ခံတာကို ပြောတာပါ"

"သူတို့က လှူကြသလားဟင်"

"လှူတာပေါ့ကွယ်၊ တချို့များ ကြွယ်ဝချမ်းသာမှု မင်္ဂလာဆောင် မိမိတို့ ပိုင်ဆိုင်သမျှ ငွေကြေး၊ ရတနာ စသည်တို့ကို ရက်ရက်ရောရော လှူဒါန်းကြပေတာပဲ"





"အို...ဒီလိုကိုး"

မောင်ရန်ရှင်းမှာ ဆရာကြီးပြောကြားချက်များအရ သူ့ကျွန်ဘဝမှ လွတ်လပ်လိုသည့် မြန်မာလူမျိုးများ၏ တိုင်းပြည်ချစ်စိတ်အပေါ် များစွာ ဂုဏ်ယူမိပေတော့၏။

"မှန်တာပေါ့ ဆရာကြီး၊ ရန်ပုံငွေတိုးပွားမှုလဲ အဖွဲ့အတွက် သုံးစွဲရတာ စီစဉ်ဆောင်ရွက်ရတာ ပိုပြီး အဆင်ပြေတော့မှာပေါ့နော်"

"သိပ်မှန်တာပေါ့ကွယ်"

ဆရာတပည့်နှစ်ဦးသား ခေတ္တမျှစကားရပ်လျက် တိတ်ဆိတ်သွားကြသည်။

မောင်ရန်ရှင်းက ရေနွေးကြမ်းနှစ်ခွက် ငှဲ့ကာ တစ်ခွက်ကို ဆရာကြီးအား လက်နှစ်ဖက်ဖြင့် ကမ်းရင် တစ်ခွက်ကို ၎င်းကိုယ်တိုင် တဖြည်းဖြည်း မှုတ်သောက်နေသည်။

ပြီးမှ တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့် ၎င်းက...

"ဆရာကြီး"

ဟု ရုတ်တရက် ခေါ်လိုက်၏။

"ဟေ"

"ဒီလို ဆရာကြီး"

"ဘယ်လိုပါလိမ့်"

"ကျွန်တော့်မှာ အခုဆိုရင် ငွေတစ်သိန်းနီးပါးလောက်ရှိပါတယ်၊ ကျွန်တော့်ကို မျိုးချစ်တော်လှန်ရေးအဖွဲ့ဝင်အဖြစ်

ဆရာကြီးအနေနဲ့ စဉ်းစားတာ တစ်ကဏ္ဍထားပါနော်"

"အိမ်း...မင်းပြောချင်တာက..."

"ကျွန်တော်က ကျွန်တော်ပိုင်ငွေအားလုံးကို အဖွဲ့ရန်ပုံငွေအဖြစ် လှူဒါန်းချင်ပါတယ် ဆရာကြီး၊ အဲဒါလက်ခံနိုင်ပါ့မလား ဟင်"

မောင်ရန်ရှင်း စကားအဆုံး၌ ဆရာကြီးဦးအိန္ဒကက ခေါင်းတညိတ်ညိတ်လုပ်လျက်...

"အင်း...မောင်ရန်ရှင်း...မောင်ရန်ရှင်း...မင်းဟာ ဝါထင်တာထက်တောင် အဖွဲ့ပေါ်မှာ အင်မတန်စိတ်အားထက်သန်တဲ့ လူငယ်တစ်ယောက်ပေပဲ"

ဟု ရေရွတ်နေလေ၏။

မောင်ရန်ရှင်းကမူ ဆရာကြီးပြောလာမည့် စကားများကို စိတ်ဝင်တစား ငံ့လင့်နေရှာလေ၏။

ထို့နောက်မှ ဆရာကြီးက...

"အိမ်း...မင်းရဲ့ရည်ရွယ်ချက်နဲ့ စေတနာကို မြန်မာမျိုးချစ်တော်လှန်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးအနေနဲ့ ဆရာကြီးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသလို အင်မတန်မှလဲ ဂုဏ်ယူမိပါတယ်ကွယ်၊ သို့ပေမယ့် မောင်ရန်ရှင်း..."

ဟု စကားတစ်ဝက်တစ်ပျက်ဖြင့် ရပ်ကာ ဆက်ပြောရမည့်စကားကို စဉ်းစားနေလိုက်သည်။

ထိုအခါ မောင်ရန်ရှင်းက...





"ဒါပေမဲ့...ဘာဖြစ်သလဲ ဆရာကြီး"

ဟု အမောတကော မေးလိုက်လေ၏။

"ဘာဖြစ်ရမှာလဲကွာ၊ မင်းမှာက လုပ်ငန်းရှင်ကြီးတစ်ဦး မဟုတ်သလို၊ အလုပ်အကိုင် အတည်တကျရှိတဲ့ ရာထူးရာခံ ပုဂ္ဂိုလ်လည်း မဟုတ်ဘူးကွယ့်"

"ဒီတော့...ဘာဖြစ်သလဲ ဆရာကြီး"

"အိမ်း...မင်းရဲ့ဘဝရပ်တည်ရေးအတွက် ရှိသမျှ ငွေ အကုန်လှူဒါန်းလို့တော့ ဘယ်ဖြစ်မလဲကွယ့်၊ ဒါကြောင့် တစ်ချို့ တစ်ဝက်လှူဒါန်းရင်တော့ အဖွဲ့ကိုယ်စား ဆရာကြီးက လက်ခံပါ့မယ်လေ"

"ဟာ...သိပ်ကောင်းပေါ့ဆရာကြီး၊ ဆရာကြီးအနေနဲ့ ကျွန်တော် ရန်ပုံငွေ ဘယ်လောက်ထည့်သင့်တယ်ဆိုတာ ဆုံးဖြတ်ပေးပါခင်ဗျာ"

ဤတွင် ဆရာကြီးဦးအိန္ဒကက ခေါင်းညိတ်လျက်...

"ကောင်းပြီ၊ ဒါဖြင့်...ကျန်တဲ့ငွေကို မင်းရဲ့ဘဝမှာ သုံးစွဲဖို့ ချန်ထားပြီး ငွေငါးသောင်းလောက်သာ လှူပါလေ"

ဟု ဆုံးဖြတ်လိုက်၏။

"ကောင်းပါတယ် ဆရာကြီး၊ ဒီလိုလက်ခံတဲ့အတွက် ကျွန်တော်အများကြီး ဝမ်းသာမိတာ အမှန်ပါ"

"အေး...အေး...နောက်ပြီးပြောရဦးမယ်ကွယ့်"

"ဟုတ်ကဲ့...ဘာများပါလိမ့်"

"ဒီလိုကွယ့်...လျှို့ဝှက်မျိုးချစ်တော်လှန်ရေး တပ်သား သစ်အဖြစ် မင်းရဲ့နာမည်ကို ဆရာကြီးက အထက်ပိုင်း တင်ပြ လိုက်မယ်။ အဲဒီက အမိန့်ကျလာရင် မင်းဟာ မျိုးချစ် လျှို့ဝှက် အဖွဲ့ဝင် ဖြစ်လာပြီဆိုရလိမ့်မယ်"

"မကြာပါဘူးနော် ဆရာကြီး"

"အင်း...မကြာလှပါဘူး၊ တစ်လနီးပါးကြာလိမ့်မယ်လို့ တော့ ခန့်မှန်းမိတာပါပဲ"

"ဟာ...ဒါဆိုရင် သိပ်မှမကြာပါလား"

မောင်ရန်ရှင်း..က အားတက်သရော ပြောကာ ၎င်း၏ ဆရာကြီးအား...

"ဆရာကြီး...ဒီလိုဆိုရင် ဘယ်လိုမှမအောက်မေ့ပါနဲ့၊ အခုပဲ ကျွန်တော်နဲ့အတူ အိမ်မှာ ငွေလိုက်ယူပါနော်"

ဤသို့ဖြင့် ဆရာတပည့်နှစ်ယောက် အိမ်တံခါးသော့ခတ် လျက် မြင်းရထားတစ်စီးငှားကာ မောင်ရန်ရှင်း နေအိမ်ရှိရာသို့ ထွက်လာခဲ့ကြတော့သည်။

❀❀❀





## အခန်း (၁၁)

"ခွပ်...ခွပ်...ခွပ်"

ကတ္တရာလမ်းပေါ်တွင် မြင်းရထားက ခပ်မှန်မှန် မောင်း နှင်လျက်ရှိသည်။

ဆရာတပည့်နှစ်ဦးမှာ မြင်းရထားပြတင်းပေါက်မှ တစ်ဆင့် လမ်းဘေးရှိ မလင်းတလင်းရှိနေသည့် ဓါတ်မီးတိုင်များ ကို လှမ်းမျှော်ငေးကြည့်လာခဲ့သည်။

"ဟိတ်"

"ရှမ်း"

"ဖျောင်း"

ထိုစဉ်…၎င်းတို့အနောက်ဘက်မှ မြင်းများကို ကြာပွတ်ရိုက်သံကြားလျက် မြင်းရထားတစ်စီးက ၎င်းတို့မြင်းရထားကို အသော့လျှင်စွာဖြတ်ကျော်သွားသည်ကို တွေ့လိုက်ရပေတော့၏။

ဆရာကြီးဦးအိန္ဒက.က ကျော်တက်သွားသော မြင်းရထား အား စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။

ပြီးမှ မျက်မှောင်ကျုံ့လျက် ဣန္ဒြေရရရှိနေပြန် တော့သည်။

သို့နှင့် မောင်ရန်ရှင်းတို့အိမ်နှင့် တဖြည်းဖြည်း နီးလာခဲ့ပြီ ဖြစ်သည်။

"ရောက်တော့မယ် ဆရာကြီး"

ထိုအခါ ဆရာကြီးက…

"အေး…ရောက်ရင် မြို့ထဲအဝင် အိမ်ထဲအဝင် အထူး သတိထားကွယ့်"

ဟုဆိုလိုက်၏။

"ဗျာ"

ဤသို့ သတိပေးလိုက်သည့်အလား ပြောဆိုသော ဆရာကြီးအား မောင်ရန်ရှင်းမှာ နားမလည်နိုင်အောင်ဖြစ်ကာ မေးမည်ပြုလိုက်သည်။

သို့သော ထိုအချိန်၌ မြင်းရထားက မြို့ဝရောက်ပြီဖြစ် သဖြင့် မမေးနိုင်တော့ချေ။





ထို့ကြောင့် မြင်းရထားပေါ်မှဆင်းရင်း မောင်ရန်ရှင်းက ကျသင့်ငွေများကို မြင်းရထားကုလားအား ပေးနေ၏။

ယင်းသို့ရှိစဉ် ဆရာကြီးဦးအိန္ဒကသည် ၎င်း၏မျက်လုံး များအား အစွမ်းကုန်ဖွင့်ကာ မြို့အတွင်း အမှောင်ရိပ်သို့ ဖျပ်ခနဲ အကဲခတ်ကြည့်ရှုလိုက်လေ၏။

"ခွပ်…ခွပ်"

မြင်းရထား ပြန်လည်ထွက်သွားသောအခါ ဆရာ တပည့်နှစ်ဦးသာ ကျန်ခဲ့စဉ် မောင်ရန်ရှင်းက မြို့တံခါးသော့ တွန်းဖွင့်လိုက်၏။

အမှောင်ထုစိုးမိုးနေလင့်ကစား မောင်ရန်ရှင်း၏ခြံစိုက်ပျိုးခဲ့သည့် ဂန္ဓမာပန်းအဖြူလေးများကို တွေ့မြင် နေရပေသည်။

သူတို့က အိမ်ဆီသို့လျှောက်လာခဲ့စဉ် သစ်ရွက်လှုပ်သံ များကိုကြားလိုက်ကြရ၏။

"သတိထားပေ့"

ဆရာကြီး သတိပေးသံမဆုံးမီမှာပင် လေတိုးသံများနှင့် အတူ ဝတ်စုံနက်အချို့၏ တစ်ပြိုင်နက်တိုက်ခိုက်မှုကို ကြုံလိုက် ကြရတော့သည်။

"ဟိတ်…ဟိုင်း"

"အိုး…ဖျောင်း"

"ဟိ…ခွပ်"

အမှောင်တွင်း၌ ဝတ်စုံနက်များနှင့် တိုက်ခိုက်နေရခြင်းဖြစ်ရာ အမှန်ပင် မလွယ်လှပါပေ။

သို့ရာတွင် ဆရာကြီးနှင့် မောင်ရန်ရှင်းတို့မှာ တိုက်ရည်ခိုက်ရည် ကျွမ်းကျင်ပြည့်စုံသူများဖြစ်သောကြောင့် ဝတ်စုံနက်ငါးယောက်ခန့်အား အလွယ်တကူ တိုက်ခိုက်ခုခံနိုင်သည်ဟု ဆိုရပေမည်။

ခေတ္တမျှတိုက်မိကြသည်နှင့် ထိုနှစ်ယောက်မှာ အဆင့်မြင့် တိုက်ခိုက်ရေးသမားများဖြစ်ကြောင်းရိပ်မိကာ ဝတ်စုံနက်များမှာ မှောင်ရိပ်များတွင် ပြေးလွှားပျောက်ကွယ် ကုန်ကြသည်။

မောင်ရန်ရှင်းတို့ ဆရာတပည့် အသင့်အနေအထားဖြင့် ရပ်ကြည့်နေစဉ် သစ်ခက်သစ်ကိုင်းများကြားမှ ဝတ်စုံနက်တို့၏ အရိပ်မည်းများ ဝင်းခြံကို ခုန်ကျော်ကာ ပြေးလွှားပျောက်ကွယ်သွားကြသည်ကို တွေ့မြင်လိုက်ကြရလေတော့၏။

ထိုအခါကျမှ မောင်ရန်ရှင်းက...

"ဒီလူတွေဟာ ဘယ်ကပါလိမ့်၊ ကျွန်တော့်မှာ ရန်ငြိုးရယ်လို့လည်း မရှိပါဘူး ဆရာကြီး၊ ကျွန်တော်ဖြင့် တော်တော့်ကို အံ့သြမိတာ အမှန်ပါ"

ဟု ဆိုလိုက်သည်။

"အေး...ဒါဆိုရင် စဉ်းစားစရာပေါ့ကွယ်"

ထိုမျှသာ ပြောကာ ဆရာကြီး ဦးအိန္ဒက က





မောင်ရန်ရှင်းနှင့်အတူ အိမ်၏ ဆင်ဝင်အောက်သို့ လျှောက်လာခဲ့သည်။

သော့ဖွင့်ကာ ဝင်ရောက်ခဲ့ကြပြီးနောက် တစ်အိမ်လုံးရှိ မီးများကို ဖွင့်လိုက်သည့်အခါ ထိန်လင်းသွားပေ၏။

ထိုအခါ ဆရာတပည့်နှစ်ယောက် လက်ဖက်ရည်တစ်အိုး ဖျော်ကာ ဧည့်ခန်းတွင် ထိုင်မိကြသည်။

"ကဲ...မောင်ရန်ရှင်း ဒီလူတွေ ဘယ်ကလူတွေဖြစ်မယ်ဆိုတာ မင်း အထင်ပြောစမ်းကွာ"

ဆရာကြီးအမေးကြောင့် မောင်ရန်ရှင်း ဘာပြောရမည်မသိပေ။

ပြီးမှ သူက...

"ကျွန်တော်လည်း ဘာပြောရမှန်းမသိတာ အမှန်ပါပဲ ဆရာကြီး"

ဟု အမှန်အတိုင်း ဝန်ခံစကား ပြောကြားလိုက်ရပေတော့သည်။

ဤတွင် ဆရာကြီးက...

"အင်း...မင်းက မပြောတတ်တော့ ငါကိုယ်၌လည်း ဘာမှ စဉ်းစားလို့မရပေဘူးပေါ့ကွာ"

ဟု သက်ပြင်းချလျက် ပြောလိုက်လေ၏။

မောင်ရန်ရှင်းက...

"အရင့်အရင်ရက်တွေမှာ ဒီလိုတစ်ခါမှ မဖြစ်ပါဘူး

ဆရာကြီး၊ အခုမှ…"

ဟု စဉ်းစားသကဲ့သို့ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်လေ၏။

ဆရာကြီးက စဉ်းစဉ်းစားစားဖြင့်…

"အင်း…ထူးတာက သူတို့အနေနဲ့ မင်းကို တိုက်ခိုက်မယ့်ညမှာ ငါက မမျှော်လင့်ဘဲ မင်းနဲ့အတူ လိုက်ပါလာခဲ့တာပဲကွယ့်"

ဟု ဆို၏။

"ဟုတ်တယ် ဆရာကြီး၊ သူတို့ မထင်မှတ်တဲ့ အနေအထား ဆိုတော့ ဒီလူတွေ ဆက်မတိုက်ရဲဘဲ ဆုတ်ခွာသွားတာပေါ့"

"မှန်တယ်၊ သူတို့မထင်မှတ်တဲ့ အနေအထား ဖြစ်သွားတာ အမှန်ပဲ"

မောင်ရန်ရှင်းက…

"ထူးခြားတာက သူတို့ဟာ ဝတ်စုံနက်တွေနဲ့ဆိုတော့"

ဟု စကားရပ်လိုက်သည်။

ဤတွင် ဆရာကြီးဦးအိန္ဒကက…

"အိမ်း…တွေးရတာတော့ လူဆိုးဂိုဏ်းတစ်ဂိုဏ်းဂိုဏ်းကများလေလား"

ဟု စဉ်းစဉ်းစားစား ပြောလိုက်သည်။

"ဗျာ…လူဆိုးဂိုဏ်း…ဟုတ်လား ဆရာကြီး"





"အေး…မင်းအနေနဲ့ ဗဟုသုတဖြစ်အောင် ပြောရရင် အိန္ဒိယပြည်မှာ ကေသုံးလုံးဂိုဏ်း၊ ဂျပန်ပြည်မှာ လက်မည်းကြီးဂိုဏ်း၊ ယာကူဇာဂိုဏ်း၊ ဥရောပနိုင်ငံတွေမှာ စကော်ပီယံဆိုတဲ့ ကင်းမြီးကောက်ဂိုဏ်း၊ မာဖီးယားဂိုဏ်းစတဲ့ ဒုစရိုက်ဂိုဏ်းတွေ ရှိကြတယ်ကွယ့်"

"ဒီဂိုဏ်းတွေက ဘာလုပ်တာလဲဟင် ဆရာကြီး၊ ပြောပြပါဦးနော်"

သို့အတွက် ဆရာကြီးက ခေါင်းညိတ်လျက်…

"ဘာလုပ်သလဲဆိုတော့ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လူသတ်တဲ့ ဒုစရိုက်မှုတွေကို လုပ်တာပေါ့ကွာ"

ဟု ဆို၏။

"အလိုလေး…တော်တော်ရက်စက်တဲ့ လူတွေပဲ"

"အေး…အဲဒီဒုစရိုက်ဂိုဏ်းတွေကို တုပြီးမြန်မာပြည်မှာ အဲဒီပုံစံနဲ့ ဆိုးသွမ်းကြတာများလားလို့ ဆရာကြီး တွေးနေမိတာကွယ့်"

"သူတို့အားလုံးဝတ်စုံနက်တွေ ဆင်တူဝတ်ထားကြတာကလဲ ဘာသဘောမှန်း မသိဘူးနော်"

"အေးလေ…အဲဒီလိုဆင်တူဝတ်စုံနက်တွေကြောင့် ဆရာကြီးက ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းဂိုဏ်းကလို့ ယူဆမိတာပေါ့ မောင်ရန်ရှင်းရယ်"

ထိုအခါ မောင်ရန်ရှင်းက…

"ဘာဖြစ်ဖြစ် ဒီညကစလို့ ကျွန်တော့်မှာ ရန်သူရှိနေတယ်ဆိုတာ သေချာနေပြီဆိုတော့ သတိကို အထူးထားရပေမှာပဲ ဆရာကြီး"

ဟု တွေးတွေးဆဆ ပြောလိုက်၏။

"အေး...ဟုတ်တယ်၊ မှန်တယ်၊ ဒီလိုပဲ သတိချပ်သင့်တယ်လေ"

ထို့နောက် မောင်ရန်ရှင်းက အတွင်းခန်းသို့ ဝင်သွားကာ ဘီရိုထဲမှ ငွေထည့်သောအိတ်ကြီးတစ်လုံးကို ယူဆောင်လာခဲ့၏။

ပြီးလျှင် ငွေများထုတ်လိုက်စဉ် ၎င်း၏ဖခင်ပေးခဲ့သည့် ဂျပ်ဘူးကလေးပါ ထွက်ကျလာသည်။

"အိုး...ဒီဘူးကလေးက တယ်လှပါလားကွယ့်၊ ဘာဘူးလေးပါလိမ့်"

"ဩော်...ဒါ...ကျွန်တော့်အဖေပေးခဲ့တာပါ ဆရာကြီး၊ သူ့အစ်ကိုရဲ့အမှတ်တရပစ္စည်းတဲ့လေ"

ဟုပြောပြောဆိုဆို မောင်ရန်ရှင်းက ငွေများကို ချထားကာ ဂျပ်ဘူးလေးအား ဖွင့်ပြလိုက်လေ၏။

"အိုး...လှလိုက်တဲ့ ရွှေရောင်နဂါးလေးပဲ၊ လက်ရာကလည်း မြောက်ပါ့ကွယ်"

ဆရာကြီးဦးအိန္ဒက,က လက်ရာမြောက်လှသော ရွှေရောင်နဂါးရုပ်ရင်ထိုးကလေးကို သဘောကျစွာဖြင့် လှည့်ပတ်ကြည့်ရှုပြီး ချီးကျူးလိုက်သည်။





ပြီးမှ ဆရာကြီးက...

"အေးကွယ့်၊ ရွှေရောင်နဂါးဆိုလို့ တရုတ်လူမျိုးတွေမှာ နဂါးဆိုတာ ရဲရင့်ခြင်း၊ လာဘ်ကောင်းခြင်းဆိုတဲ့ အထိမ်းအမှတ်တစ်ခုပေပဲ"

ဟု ဆို၏။

"ရွှေရောင်နဂါးဆိုတော့..."

မောင်ရန်ရှင်း စကားမဆုံးမီမှာပင် ဆရာကြီးဦးအိန္ဒက က

"ရွှေရောင်နဂါးဆိုတော့ ဘာပြောကောင်းမလဲ၊ အလွန်မွန်မြတ်တဲ့ တရုတ်ရိုးရာအထိမ်းအမှတ်ပစ္စည်းတစ်ခုပေပေါ့ကွယ်"

ဟု ဆိုလေ၏။

ထိုအခါ မောင်ရန်ရှင်းက...

"ဆရာကြီး ပြောတဲ့အတိုင်း လာဘ်ကောင်းတယ်၊ ကံကောင်းတယ်ဆိုတော့ ဘေးရန်ကင်းအောင် အဖေပေးခဲ့တဲ့ ဟောဒီရွှေရောင်နဂါးရုပ်တုလေးကို အခုကစပြီး ကိုယ်နဲ့မကွာ ထားတော့မယ်နော်"

ဟု ဆိုကာ ပြောပြောဆိုဆို နဂါးရင်ထိုးကလေးအား ၎င်း၏ အင်္ကျီတွင် ထိုးထားလိုက်လေတော့၏။

"အေး...အေး...အဲဒါ အကောင်းဆုံး၊ ကိုယ့်မိဘရဲ့ အမွေအနှစ်ကို ကိုယ်နဲ့မကွာဆောင်ထားတော့ ဘေးရန်

ကင်းရှင်း မယ်ဆိုတာ မှုချပေါ့ကွယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ရင်ထိုးလေးကို အကျီတွင် ကပ်လိုက်သောအခါ မိမိ၏ စိုးရိမ်သောကစိတ်များ သိသိသာသာ လျော့ပါး လွင့်စင်သွားသည်ဟု မောင်ရန်ရှင်း ထင်မှတ်လိုက်မိ၏။

ထို့နောက် မောင်ရန်ရှင်းက ငွေများကို ရေတွက်ကာ ငါးသောင်းတိတိကို စက္ကူဖြင့် ကျကျနန ထုပ်ပိုးလိုက်၏။

"မောင်ရန်ရှင်း"

"ဗျာ"

"ဒီညကစပြီး ငွေတွေထားတဲ့ မင်းရဲ့ဘီရိုကို လုံခြုံအောင် ပိတ်၊ သော့ကို မပြုတ်စတ်ဖို့လိုတယ်နော်၊ သိလားကွယ့်"

"မှန်ပါတယ်၊ ဆရာကြီး၊ ဘီရိုက အဖေကိုယ်တိုင် ပြုလုပ်ထားတဲ့ ဘီရိုပေါ့၊ သော့ကလည်း အာမခံရေးလ်သော့ခလောက်ပါခင်ဗျာ"

ဤတွင် ဆရာကြီးဦးအိန္ဒကက...

"အခုလိုပြောရတာက ဝတ်စုံနက်တွေ မင်းကို အခုညမှာ ရုတ်တရက်ချောင်းမြောင်းတိုက်ခိုက်တာဟာ ငွေကိစ္စကြောင့်လို့ ဆရာကြီး ယူဆမိလို့ပဲ"

ဟု ဆိုလိုက်၏။

"ငွေကိစ္စ ဟုတ်ဇလား"

"အေး...ငွေကိစ္စ မဟုတ်ရင် မင်းကို ဘာကိစ္စနဲ့ တိုက်ခိုက်





မလဲ၊ မင်းမှာ တခြားကိစ္စမှ မရှိတာ"

"ကျွန်တော်လည်း အဲဒီလိုပဲ တွေးနေမိတာ ဆရာကြီး"

ထို့နောက်မှ ဆရာကြီးက...

"ခုကတာက ဒီညမှာ မင်းကိုတစ်ယောက်တည်း ထားခဲ့ရမှာ ဆရာကြီး စိတ်မချဘူးကွယ့်"

ဟု ဆို၏။

မောင်ရန်ရှင်းက...

"စိတ်မပူပါနဲ့ ဆရာကြီး။ ဒီလူတွေ နောက်တစ်ခေါက် ပြန်လာရဲမယ် မထင်တော့ပါဘူး"

ဟု ဆိုလိုက်သည်။

"ပြောလို့တော့ ဘယ်ဖြစ်မလဲကွယ်"

မောင်ရန်ရှင်းက စဉ်းစားလျက်မှ...

"ဒီလူတွေရဲ့ သိုင်းပညာလည်း သိပ်တော့ မဆိုးဘူးဆိုရမယ်နော်"

ဟု ပြောလိုက်ရာ ဆရာကြီးက...

"အေး...ငါ့စိတ်ထင် သူတို့တိုက်ကွက်ဟာ ရှမ်းတရုတ်သိုင်းကွက်လို့ ထင်မိတာပဲ"

ဟု ခန့်မှန်းပြောကြားလိုက်လေ၏။

မောင်ရန်ရှင်းက...

"ကဲ...ဆရာကြီး၊ ဒါဖြင့်လဲ ညဉ့်နက်ပြီဆိုတော့ ဒီည အဖို့ ဒီမှာတင် ဆရာကြီး အိပ်လိုက်ပေါ့နော်"

ဟု ဆိုရာ ဆရာတပည့်နှစ်ယောက် ရောက်တတ်ရာရာ စကားများကိုပြောဆိုကြကာ တိုင်ကပ်နာရီမှ ဆယ့်နှစ်ချက်တီတီ သံစဉ်ထွက်လာသည်တွင်မှ အသီးသီး အိပ်ရာသို့ ဝင်လျက် အိပ်စက်ကြလေတော့၏။

☸☸☸

မောင်ရန်ရှင်းမှာ ဝတ်စုံနက်များ မမျှော်လင့်ဘဲ တိုက်ခိုက်သည့်နေ့မှစ၍ အထူးသတိထားကာ နေထိုင်ခဲ့ပေသည်။

ဆရာကြီးအိမ်မှ သိုင်းလေ့ကျင့်ခန်းများပြုလုပ်ပြီးသည်နှင့် အိမ်သို့ မမှောင်မီတွင် ပြန်သည်ချည်းသာ။

ဤသို့ဖြင့် ဝတ်စုံနက်များ တိုက်ခိုက်ကြပြီး၍ ခုနစ်ရက်ခန့်အကြာ ညနေစောင်းတွင် မောင်ရန်ရှင်းသည် ဆရာကြီး ဦးအိန္ဒက နေထိုင်ရာ ဇားကရာချောက်ရှိ ရှမ်းရွာကလေးမှ မြင်းရထားတစ်စီးငှားကာ မိမိနေအိမ်သို့ မောင်းနှင်းလိုက်၏။

မြင်းရထားမောင်းလာခိုက် မိုးက တဖွဲဖွဲရွာချရာ မြင်းရထားကုလားမှာ မြင်းကို ဖြည်းဖြည်းနှင့် မှန်မှန်မောင်းနှင် နှင်းနေရသည်။





လမ်းတစ်နေရာရောက်သောအခါ သွေးသံရဲရဲနှင့် လူတစ်ယောက်လမ်းပေါ်တွင် လဲကျငြိမ်သက်နေသဖြင့် မြင်းရထားကို ရုတ်တရက် ရပ်လိုက်ရသည်။

"အာရေ…အဘားဘား"

မြင်းရထားကုလား၏ အော်သံနှင့် မြင်းရထား ဝီခနဲရပ်တန့်သွားသဖြင့် မောင်ရန်ရှင်းက မြင်းရထားတံခါးကို ဖွင့်လျက် သွက်သွက်လက်လက် ခုန်ဆင်းလိုက်သည်။

ပြီးမှ…ကတ္တရာလမ်းပေါ်၌ သွေးများထွက်ကျလျက် ငြိမ်ငြိမ်သက်သက် ရပ်ကြည့်နေသူကို စူးစိုက်ကြည့်ရှုနေလိုက်သည်။

"ဒါ…ဒါ…ဘာဖြစ်တာလဲဗျ၊ ကားတိုက်ခံရတာထင်တယ်"

သူက မြင်းရထားကုလားကို မေးလိုက်ရာ မြင်းရထားကုလားက ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့အနားကပ်လာကာ…

"ချွန်…ချွန်တော်…မတိဘူး"

ဟု မပီကလာပီကလာ ပြောလိုက်၏။

ထို့နောက်မှ မြင်းရထားကုလားက…

"အာကို့…တူ…တနားပါတယ်နော်၊ တွားထူပေးလိုက်ပါ"

ဟု ပြော၏။

"အေး…အေး…ဟုတ်တယ်၊ ထူပေးပြီး ခင်ဗျားရထား နဲ့

ဆေးရုံပို့မှဖြစ်မယ်"

ပြောပြောဆိုဆို မောင်ရန်ရှင်းက မိုးရွာနေသည့်ကြားမှ ကတ္တရာလမ်းပေါ်မှ လူထံ ခုန်လွှားသွားသည်။

မြင်းရထားကုလားကလည်း ၎င်းနှင့်အတူ ထပ်ချပ်လိုက်ပါလာခဲ့သည်။

မောင်ရန်ရှင်းက လမ်းပေါ် ဒူးထောက်ကာ လူနာကို ပွေ့ထူရန် လက်လှမ်းလိုက်သည်။

"အို..."

သို့ရာတွင် လူနာဆီ ဂက်မရောက်မီ သူ့နှာခေါင်းမှာ တစ်စုံတစ်ရာ ထိကပ်ခြင်းခံလိုက်ရ၏။

ထို့ကြောင့် စူးရှသောအနံ့ဆိုးကြီးကို ပြင်းပျစွာ ရှူရှိုက်လိုက်မိသည်။

အမှန်စင်စစ် ထိုသို့ပြုလုပ်သူမှာ ၎င်း၏အနီးမှ မသိမသာ ကပ်၍လိုက်ပါလာသည့် မြင်းရထားကုလားပင် ဖြစ်ရာ မောင်ရန်ရှင်း၏ အသိတရားများ ထိုအဆင့်အထိ မစဉ်းစားနိုင်ရဘဲ လုံးဝသတိလစ် မေ့မြောသွားပေတော့၏။

❋❋❋





## အခန်း (၁၂)

"ဝေါ...ဝေါ...ဝေါ"

နားထဲ၌ ရေတံခွန်စီးကျသံလိုလို စိမ်းရေစီးသံလိုလို ကြားနေရသည်။

တစ်ခါတစ်ရံ တောတိရစ္ဆာန်ငယ်လေးများ၏ အသံလိုလို ကြားနေရသည်။

လည်ချောင်းထဲတွင် ပူလောင်နေမှုများကြောင့် အကြီးအကျယ် ရေဆာလာကာ မောင်ရန်ရှင်းတစ်ယောက် မြည်တမ်းလိုက်သည်။

"ရေ...ရေပေးပါ"

"ရေ"

ၡင်း၏ မြည်တမ်းမှုကြောင့် မကြာမီ ပါးစပ်အတွင်း ရေစက်ရေပေါက်များ ကျရောက်လာရာ အငမ်းမရသောက်လိုက်မိ၏။

ထို့နောက် အားယူ၍ ၎င်း၏မျက်လုံးများကို မောင်ရန်ရှင်း ဖွင့်လိုက်မိသည်။

"ဟင်"

ဤတွင် မလှမ်းမကမ်းရှိ ဝါးထိုင်ခုံများ၌ ထိုင်ကာ သူ့ကို စောင့်ကြည့်နေဟန်ရှိသည့် လူနှစ်ယောက်ကို တွေ့ရသဖြင့် မောင်ရန်ရှင်းများစွာအံ့ဩသွားရလျက် ထထိုင်ရန် ကြိုးစားလိုက်သည်။

ထိုအခါ မျက်နှာပေါက်ဆိုးဆိုးနှင့် လူက ခါးကြားမှ သေနတ်ကို ဆတ်ခနဲ ထုတ်၍ ထိုးချိန်ရင်း...

"ကောင်လေး ... အေးအေးဆေးဆေးနဲ့ ငြိမ်ငြိမ် သက်သက် နေစမ်း၊ ဒါမှမဟုတ်ရင် ငါ့လက်ထဲက သေနတ်က မီးမွှင့် သွားလိမ့်မယ်"

ဟု ရယ်ကြဲကြဲနှင့် ပြောလိုက်သည်

ဝါးထိုင်ခုံပေါ်မှ ဆံပင် ဘုတ်သိုက်နှင့် နောက်တစ်ယောက် ကလည်း မောင်ရန်ရှင်းကို ခေါင်းညိတ်ပြကာ...

"ကောင်လေး ... မင်းအခြေအနေက ရန်ကုန်မှာ မဟုတ်တော့ဘူးနော်၊ အခုဆိုရင် တောနက်ကြီးထဲမှာ ရောက်နေ





ပြီ၊ တို့ မျက်စိနောက်အောင်တော့ မလုပ်လေနဲ့၊ ကျည်ဆံတွေ အစုလိုက် အပြုံလိုက် မင်းရဲ့ဗိုက်ထဲကို ဝင်သွား လိမ့်မယ်"

ဟု အပြတ်ကြိမ်းဝါးလိုက်လေ၏။

"ဗျာ...တောထဲမှာ ဟုတ်လား"

ကြားရသည့်စကားများကြောင့် အထူးပင် အံ့အားသင့်ကာ မောင်ရန်ရှင်းက တအံ့တဩ မေးလိုက်မိသည်။

ယင်းသို့မေးရင်း အိမ်၏အဆင်အပြင်နှင့် ပြတင်းပေါက် အပြင်ဘက် အခြေအနေကို မသိမသာ လှမ်းကြည့် အကဲခတ်လိုက်သည်။

ထိုအခါ အပြင်ဘက်၌ စိမ်းစိုသော သစ်ခက်သစ်ရွက်နှင့် သစ်ပင်ကြီးများကို လှမ်းမြင်ရကာ အမြီးဖွားဖွားရှိသော ရှဥ့်ငယ်ကလေးများ ဟိုအပင် ဒီအပင် ခုန်လွှားနေသည်ကို တွေ့လိုက်ရသည်။

အိမ်အတွင်း၌လည်း နံရံ၌ ကျားသစ်ရေတစ်ချပ်နှင့်အတူ မုဆိုးအသုံးအဆောင် လက်နက် ပစ္စည်းအမျိုးမျိုး သမင်ချိုု၊ အရိုးအစွယ်ပေါင်းစုံတို့ ရှိနေကြသည်။

ငေးလာနေသည့် မောင်ရန်ရှင်းအား ကြည့်ကာ အရုပ်ဆိုးဆိုးနှင့်လူက ပြုံးရယ်ရင်း...

"သိပြီမဟုတ်လား၊ မင်းဟာ တောထဲက မုဆိုး တစ်ယောက်ရဲ့ နေအိမ်မှာ ရောက်နေခဲ့ပြီလေ"

ဟု ဆိုလိုက်၏။

မောင်ရန်ရှင်းက ပက်လက်အနေအထားအတိုင်း ပြန်လှဲချရင်း...

"ကျွန်တော် တောထဲမှာရောက်နေတယ်ဆိုတာကို ယုံပါပြီ၊ ဒါနဲ့ ဘာကိစ္စ ကျွန်တော့်ကို တောထဲခေါ်လာကြတာလဲ၊ နောက်ပြီး ခင်ဗျားတို့က ဘယ်သူတွေလဲ၊ အဲဒါ သိချင်ပါတယ်၊ တစ်ဆိတ် ရှင်းပြပါလားဗျာ"

ဟု ဆိုလိုက်လေ၏။

ဆံပင် ဘုတ်သိုက်နှင့်လူက...

"အဲဒါတွေ ငါတို့ပြောခွင့်မရှိဘူးကွ၊ အကောင်းဆုံးကတော့ မင်းအနေနဲ့ အေးအေးဆေးဆေးနေရင် ဘာအန္တရာယ်မှ မဖြစ်စေရဘူး၊ ဒါကိုတော့ တို့ ကတိပေးတယ်"

ဟု ပြော၏။

ရုပ်ဆိုးဆိုးလူက...

"ဟုတ်တယ်၊ သူပြောတာ အမှန်ဆုံး၊ အထူးသဖြင့် ခုစံဖို့ကြိုးစားရင် မင်းအသက်ပျောက်မှာ သေချာတယ် ကောင်လေးရေ...ဟဲ...ဟဲ...ဟဲ"

ဟု ထင်မံခြိမ်းခြောက်လိုက်ပြန်လေ၏။

မောင်ရန်ရှင်းမှာ ဘာတစ်ခုမှ တိတိပပမသိရသည့်အတွက် သက်ပြင်းရှိုက်ကာ မိမိမြင်ရထားနှင့် အိမ်ပြန်လာစဉ်ကြုံရသည့်အဖြစ်များကို တွေးတောရင်း အရိပ်ပမာ ပြန်လည်မြင်ယောင်နေမိတော့သည်။





သို့သော် ထိုလူများအနေနှင့် မိမိကို ဖမ်းဆီးရခြင်းအကြောင်းရင်းအား အဘက်ဘက်မှ တွေးသော်လည်း ရေးရေးမျှပင် မပေါ်ခဲ့ပါချေ။

ထိုအိမ်၌ လူနှစ်ယောက်သာရှိသည်ဟု မောင်ရန်ရှင်းထင်မိသော်လည်း အတန်ကြာသောအခါ မြင်းခွာသံများ ကြားရကာ ထိုမြင်းခွာသံများအိမ်အနီးနား၌ ရပ်တန့်သွား၏။

မကြာမီ လေထီးပိတ်ကို ချုပ်ထားသည့် အကျႌ၊ ဘောင်းဘီ၊ တောစီးဖိနပ်များနှင့် ရုပ်ကြမ်းကြမ်း လူသုံးယောက်အိမ်ပေါ်သို့ ထင်မံတက်လာကြပြန်သည်။

၎င်းတို့၏ ကျောလွယ်နှင့် ခါးပတ်များတွင်ကားသေနတ်၊ဓား၊ဒူးလေး၊မြား၊မြားကျည်တောက်ကြိုးခွေစသည်တို့ ရှပ်ယှက်ခတ်မျှ ရှိနေသည်ကို တွေ့ရသည်။

ရုပ်ဆိုးဆိုးလူက...

"ဘယ်လိုလဲဟေ့"

ဟု မေးလိုက်သည်။

ရောက်လာသူသုံးယောက်အနက်မှ ဦးထုပ်စောင်းသော သူက...

"ဟိုက အမိန့်မရသေးဘူး၊ ဒီတော့ ဒီကောင်လေးကို ဆက်ပြီး ချုပ်ထားရဦးမှာပေါ့"

ဟု ဆိုသည်။

"ကြာဦးမှာလားကွ"

"ဒါတော့ မသိဘူး"

ထိုစဉ် ဆံပင်ဘုတ်သိုက်နှင့်လူက...

"ရုပ်ဆိုးရာ စိတ်အေးအေးထားစမ်းပါ၊ အရေးကြီးရင် လူလွတ်ပြီးမှာမှာပေါ့၊ အခုနေမှာ ဖိမ်ရှိရှိနေစမ်းပါ။ ကဲ...လာကြကွာ"

ဟု ပြောပြောဆိုဆို ကြောင်အိမ်တစ်လုံးကို ဖွင့်ကာ အရက်ပုလင်း နှစ်လုံးနှင့် ဝါးခွက်များကို ထုတ်ယူလိုက်သည်။

ထို့နောက် သူတို့အားလုံး မောင်ရန်ရှင်းအား တစေ့တစောင်းကြည့်ရင်း တစ်ယောက်တစ်ခွက် ငုံ့သောက်နေကြတော့သည်။

မောင်ရန်ရှင်းက အိပ်ရာမှထထိုင်ကာ အနီးရှိ သောက်ရေအိုးမှ ရေတစ်ခွက် ခပ်သောက်လိုက်သည်။

ရေသောက်ပြီး မကြာမီ ရင်ထဲ၌ အေးစိမ့်ခြင်း ဖြစ်လာကာ အဖျားတက်လျက် အိပ်ပျော်သွားပြန်လေတော့၏။

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဟေ့...မပြေးနဲ့"

ပစ်ခတ်သံများနှင့် အော်ဟစ်သံများကြောင့် မောင်ရန်ရှင်း တစ်ယောက် အိပ်ရာမှ နိုးလာခဲ့ရသည်။

ငုံးသေတ်ီရရိုက်မြင်းများနှင့် ရောက်လာသူ သုံးယောက်ကို တွေ့မြင်ရခြင်းမရှိသော်လည်း ယခုအခါ မီးဖိုမှ မီးရောင်ဖြင့် ရုပ်ဆိုးဆိုးလူနှင့် ဆံပင်ဘုတ်သိုက်လူတို့ နှစ်ယောက်သား





သေနတ်များနှင့် အပြင်ဘက်သို့ လှမ်း၍ ပစ်ခတ်နေကြောင်း မောင်ရန်ရှင်း တွေ့မြင်လိုက်ရသည်။

အပြင်ဘက်တွင်ကား အမှောင်သည် ပိန်းပိတ်အောင် မှောင်မည်းလျက်ရှိနေပေတော့၏။

မောင်ရန်ရှင်းက အိပ်ရာမှ လူးလဲထလိုက်သည်။

ထိုအခါ ရုပ်ဆိုးဆိုးလူက...

"ဟေ့ကောင် ကြွက်သိုး၊ သူတို့လာနေပြီဟေ့၊ အခြေမလှဘူး၊ လစ်စို့"

ဟု ပြောလိုက်လေ၏။

ဆံပင်ဘုတ်သိုက်နှင့် ကြွက်သိုးဆိုသူကလည်း...

"အေး...ဟုတ်တယ်လော...သွားကြစို့"

ဟု ဆို၏။

ပြီးလျှင် ၎င်းတို့နှစ်ယောက်သား တောအိမ်ကလေး၏ ပြတင်းပေါက်မှ တစ်ယောက်ပြီးတစ်ယောက် ခုန်ချပျောက်ကွယ်သွားကြပေတော့၏။

"ဟာ...ဟိုလူတွေ မရှိကြတော့ဘူး၊ ဒီတော့ ငါ...ငါ...ဘာလုပ်ရမလဲ"

မောင်ရန်ရှင်းက ချက်ချင်း အဖြေထုတ်လိုက်သည်။

သို့ရာတွင် ညဘက်တောနက်နက်တွင် ပျောက်သွားခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်ခြင်းသာဟု မောင်ရန်ရှင်း တွေးမိလျက် မီးလင်းဖိုအား စိုက်ကြည့်နေလိုက်သည်။

ထိုအနိုက်မှာပင် လူတစ်စုသည် အိမ်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက် တက်လာကြသည်ကို မယုံနိုင်ဖွယ် တွေ့မြင်လိုက်ရပေတော့သည်။

"အလို...ခင်ဗျားတို့က ဘယ်သူတွေလဲဗျာ"

"ဟဲ...ဟဲ...ဟဲ...ဟဲ"

"ဟား...ဟား...ဟား"

သူတို့က မောင်ရန်ရှင်း၏အမေးကို အဖြေပေးခြင်းမပြုဘဲ ရယ်မောလျက်သာ ရှိနေကြ၏။

သို့အတွက် မောင်ရန်ရှင်းမှာ ဘာပြောရမှန်း မသိအောင် ဖြစ်နေရသည်။

သူက ငေးကြောင်ကြောင်အကြည့်နှင့် ကြည့်နေစဉ်မှာပင် အိမ်ကလေးပေါ်သို့ သဏ္ဌာလပ်ဦးထုပ်ဆောင်းထားသူ တစ်ယောက် နောက်ဆုံးတက်လာပြန်တော့သည်။

ထိုလူတက်လာသည်နှင့် ဦးစွာ ရောက်နေကြသူများက အမိုးကျိုးစွာ တညီတညွတ်တည်း ဂါရဝပြုလိုက်ကြသည်။

သဏ္ဌာလပ်ဦးထုပ်နှင့် လူကြီးက မောင်ရန်ရှင်းအား စူးစူး စိုက်စိုက်ကြည့်လိုက်ပြီးနောက်...

"လူကလေး မောင်ရန်ရှင်း"

ဟု ဝမ်းသာသည့်လေသံနှင့် ခေါ်လိုက်၏။

"ဗျာ"

အံ့သြလျက်မှ မောင်ရန်ရှင်း ထူးလိုက်မိသည်။





"ကျုပ်ဟာ တခြားလူမဟုတ်ဘူးကွယ့်၊ မင်းအဖေရဲ့ အစ်ကို၊ မင်းရဲ့ဦးကြီးပေပဲ"

"ဟင်...ကျွန်တော့် ဦးကြီး ဟုတ်လား"

"ဟုတ်တယ် မောင်ရန်ရှင်း။ လာ...ထိုင်ကွယ်၊ ပြီး တော့ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ကိုင်း...ကိုင်း...ဟိုကောင် တွေ ထွက်ပြေးပြီဆိုတော့ မင်းတို့လည်း အောင်ပွဲခံတဲ့ အနေနဲ့ သောက်ကြ စားကြပေါ့ကွာ၊ ဒီမှာ တို့တူဝရီးစကား ပြောလိုက်ဦး မယ်၊ သိလား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့သူဌေးကြီး"

ငါးယောက်ခန့်ရှိသည့် လူစုမှာ သဏ္ဌာလပ်ဦးသုပ်နှင့်လူ စကားအဆုံးတွင် ရှိရှိသေသေ ပြောကာ တောအိမ်ကလေး၏ ကြောင်အိမ်သဖွယ်ရှိနေသည့် အကန့်အတွင်းမှ အရက်ပုလင်း နှင့် အမြည်းများကို ထုတ်လျက် တပျော်တပါးဝိုင်းဖွဲ့သောက်သုံး နေကြလေ၏။

ဤတွင် မောင်ရန်ရှင်းနှင့် မျက်နှာချင်းဆိုင် ဝါးထိုင်ခုံ တစ်လုံးနှင့် ဝင်ထိုင်ရင်း ဦးကြီးဆိုသူက သဏ္ဌာလပ်ဦးထုပ်ကို ချွတ် ကာ နံရံရှိ ချိတ်တစ်ခုတွင် ချိတ်လိုက်လေသည်။

ပြီးမှ ၎င်းက...

"မောင်ရန်ရှင်း ငါဟာ မင်းရဲ့ဦးကြီးအရင်းပါကွယ့်၊ ဒါကို မင်းအနေနဲ့ သံသယမရှိစေချင်ပါဘူး"

ဟုဆိုလိုက်လေ၏။

မောင်ရန်ရှင်းက…

"လူကြီးမင်းအနေနဲ့ ကျွန်တော့်ရဲ့ဦးကြီးအရင်းဖြစ်တယ် ဆိုတာ မှန်ချင် မှန်မယ်၊ မှားချင်လည်း မှားလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ အကျိုးအကြောင်း အားလုံး သိရမှ ဆက်စပ်ပြီး အမှားအမှန်ဆိုတာကို အဖြေထုတ် ရမှာပဲ"

ဟုဆိုလိုက်၏။

"ဟဲ…ဟဲ…ဟဲ…ဟဲ…ကောင်းတယ်၊ ကောင်းတယ်၊ မင်းပြောတာဟာ သဘာဝကျတယ်၊ အင်း…ကျင်ဆောင်…ကျင်ဆောင်…ငါ့ညီဟာ တကယ်တော့ မင်းရဲ့စိတ်သဘောနဲ့ ထပ်တူရှိတဲ့ သားကလေးတစ်ယောက်ကို ရရှိခဲ့ပေတာပဲ"

လူကြီးက ဤသို့ ရေရွတ်ကာ မောင်ရန်ရှင်းကို မမိုတ်မသုန်အကဲခတ်နေလေ၏။

ပြီးမှ ၎င်းက…

"ကဲ … တူကလေး မောင်ရန်ရှင်း၊ မင်း … ဘာကို သိချင်တာလဲ၊ ဦးကြီးက ဘာအကြောင်း ပြောရမလဲ၊ အဲဒါကို အရင်ပြောပါ"

ဟုဆိုလိုက်၏။

မောင်ရန်ရှင်းက…

"ရန်ကုန်မြို့မှာနေထိုင်တဲ့ ကျွန်တော်ဟာ ဘာကြောင့် အခုလို တောထဲကို ရောက်ရတာလဲ၊ နောက်ပြီး ကျွန်တော်နဲ့





ရန်ငြိုးရန်စမရှိတဲ့ လူတွေဟာ ဘာကြောင့် ကျွန်တော့်ကို ဖမ်းဆီးတာလဲဆိုတာ"

ဟုဆိုကာစကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်၏။

"အင်း…အင်း"

လူကြီးက သဘောကျသကဲ့သို့ တအင်းအင်းလုပ်ရင်း မောင်ရန်ရှင်းကို ကြည့်နေလေသည်။

ပြီးမှ ၎င်းက…

"ဒီနောက်ကော ကွယ်"

ဟုဆို၏။

"ဒီနောက်…အင်း…အဲ…လူကြီးမင်းဟာ ကျွန်တော့်ရဲ့ ဦးကြီးအရင်းဖြစ်ကြောင်း နိုင်လုံတဲ့ အနေအထားနဲ့ ဖြစ်စဉ်ကို ပြောပြစေချင်ပါတယ်"

"ဟား…ဟား…ဟား…သိပ်ဟုတ်…သိပ်ဟုတ်၊ ကိုင်း…ကိုင်း…အင်မတန် စေ့စေ့စပ်စပ်ရှိလှတဲ့ ငါ့တူကို ဦးကြီး စုံစေ့အောင် ပြောပြပါ့မယ်ကွယ်၊ နားထောင်ပေတော့"

သို့ဆိုပြီးလျှင် ထိုလူကြီးက အောက်ပါအတိုင်း ပြောလေတော့၏။

"ဒီလို ငါ့တူ … ဟောဒီ ဝန်းမော်မြို့မှာ ဦးကြီးနဲ့စီးပွားပြိုင်ဘက် သစ်ကုန်သည် ဦးကျားလူဆိုတာ ရှိတယ်၊ သူဟာ တစ်ဘက်က ကုန်သည်ပွဲစားအလုပ်ကို လုပ်ပေမယ့် တစ်ဘက်မှာတော့ သစ်ခိုးထုတ်တာတို့၊ လူသတ်၊ ဓားပြတိုက်တာတို့အထိ

လုပ်တယ်ဆိုရမယ်"

"ဟုတ်ကဲ့"

"အဲ့ဒီ ဦးကျားလူးဟာ တို့မိသားစုအကြောင်းကို ဂဃနဏ သိတဲ့အဖြင့် တပည့်တပန်း လူဆိုးအချို့ကို မွေးမြူထားတယ် ဆိုပါတော့"

"ဟုတ်ကဲ့...စိတ်ဝင်စားစရာပါ၊ ဆက်ပြောပါခင်ဗျာ"

ထို့ကြောင့် လူကြီးက ဆက်ပြောသည်။

"သူဟာ ဦးကြီးရဲ့စီးပွားကိစ္စမှာ ရန်ဘက်ဆိုတော့ အလဲထိုးချင်တာနဲ့ ချက်ကောင်းကိုရှာတော့ ရန်ကုန်မြို့မှာ အခြေချပြီး ဆင်းဆင်းရဲရဲနေထိုင်တဲ့ မင်းတို့မိသားစုကို သူ့တပည့်တွေ လွှတ်ပြီး စုံစမ်းခိုင်းတယ်"

"ဟုတ်ပြီ...ဟုတ်ပြီ...ဆက်ပြောပါဦး"

အမှန်တကယ်ပင် စိတ်ပါလက်ပါ ဖြစ်လာကာ မောင်ရန်ရှင်းက ဆက်ပြောစေလိုက်သည်။

သို့သော် ဦးကြီးဆိုသူက မပြောသေးဘဲ သူ့တပည့်များကို တစ်ချက်လှမ်းကြည့်ရင်း ခါးကြားမှ ဆေးတံနှင့် ဆေးအိတ်ကို ထုတ်ကာ ဆေးများကို ဆေးတံအတွင်း သိပ်ထည့်နေလေ၏။

ထို့နောက် မီးညှိရှိုက်ဖွာနေပြီးမှ...

"အဲဒီအခါမှာ မင်းမိဘတွေသေဆုံးပြီး မင်းတစ်ယောက်တည်းရှိတာကို သိသွားတယ်"

ဟု ဆို၏။





"အင်း...အင်း"

"ဒီတော့ ဦးကျားလူက သူ့အမိန့်နဲ့ သူ့တပည့်တွေ အားလုံး ငှါတူလေးကို ပေါ်ဒီတောထဲ မရောက် ရောက်အောင် ဖမ်းခေါ်စေခဲ့တာပေါ့ကွယ်"

"ဒီဦးကျားလူရဲ့ရည်ရွယ်ချက်က..."

"သူ့ရည်ရွယ်ချက်က လွယ်လွယ်လေးပါကွာ၊ တို့ ဆွေစဉ် မျိုးဆက်ရဲ့ အနွယ်တော်ဖြစ်တဲ့ မင်းကို ဖမ်းခေါ်လာပြီး ငါ့ဆီမှာ နင့်နေအောင် ငွေညှစ်မှာပေါ့"

"ဪ...ဪ"

"ငါ့ညီကျင်ဆောင်ရဲ့တစ်ဦးတည်းသော သားဖြစ်သလို ငါတို့အမျိုးရဲ့ နောက်ဆုံးလူလိုဖြစ်တဲ့ မင်းကို ဦးကြီးအနေနဲ့ အဆုံးရှုံးမခံမှန်းသိတော့ ဦးကျားလူဟာ ဒီအကြံကို ကြံလိုက်ပေတာပဲ၊ ဒါပေမဲ့..."

"ဒါပေမဲ့...ဘာဖြစ်သလဲဟင်"

"သူတို့ရဲ့ ပက်စက်တဲ့အကြံအစည်အားလုံးကို သူတို့ ဂိုဏ်းထဲမှာရှိတဲ့ ဦးကြီးရဲ့တပည့်တစ်ယောက်က လျှို့ဝှက်သတင်း ပေးတာမို့ မင်းကို ရန်ကုန်မြို့ကနေ ပေါ်ဒီ တောနက်ထဲကို ဖမ်းခေါ်လာတဲ့အထိ ဦးကြီးတို့သိပြီး မျက်ခြေမပြတ် စောင့်ကြည့်နေခဲ့တာ ပေါ့ကွယ်"

ယုတ္တိတန်လှသည့်စကားများကြောင့် မောင်ရန်ရှင်းက သဘောပေါက်လျက် ခေါင်းတညိတ်ညိတ် ရှိနေရသည်။

"အဲ…အခွင့်သာတာနဲ့ အခုလို လာတိုက်ပြီး ကယ်ရတာပဲကွယ့်၊ ကိုင်း…ဘယ့်နှယ်…သဘောပေါက်ပြီလား"

ဦးကြီးက ဤသို့ဆိုရင်း မောင်ရန်ရှင်းအင်္ကျီရင်ဘတ်မှ ရင်ထိုးလေးကို သတိပြုမိသွားသည်။

"ဟင်…အလို"

ပြောပြောဆိုဆို သူက ရင်ထိုးကလေးကို လက်နှင့် လှမ်းဆွဲမည်ပြုလျက် ငိုင်ထွေသွားသည်။

ထို့နောက်မှ…ပလုံးပထွေးလေသံနှင့်…

"အို…ဒါ…ဒါ…ညီလေးကျင်ဆောင် ငါ့ဆီက လုယူသွားတဲ့ ရွှေနဂါးရင်ထိုးလေးပဲ"

ဟု တတွတ်တွတ် ပြောလိုက်လေ၏။

ထိုအခါကျမှပင် မောင်ရန်ရှင်းက သက်ပြင်းကို အားပါးတရချကာ…

"ဦးကြီးကို ကျွန်တော့်ဦးကြီးအဖြစ် အခုအချိန်ကစပြီး ယုံယုံကြည်ကြည် လက်ခံလိုက်ပါပြီ"

ဟု ချက်ချက်ချာချာပြောလိုက်လေ၏။

"ဟော…ဘယ်လိုပြောလိုက်တာလဲကွယ်၊ တကယ်လားကွယ့်၊ နေပါဦး…ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ၊ ရှင်းစမ်းပါဦး ငါ့တူရယ်"

ယုံယုံကြည်ကြည် ပြောလိုက်သည့် မောင်ရန်ရှင်းစကားကြောင့် အလွန့်အလွန် ဝမ်းသာဖြစ်ကာ ဦးကြီးဆိုသူမှာ





အားတက်သရော် မေးမြန်းလိုက်လေ၏။

ဤတွင် မောင်ရန်ရှင်းက ပြုံးလျက်…

"အဲဒါကြောင့် ဒီလိုပြောရသလဲဆိုရင် အဖေပေးထားခဲ့တဲ့ ဟောဒီ ရွှေနဂါးရင်ထိုးလေးကြောင့်ပါပဲ၊ ဒီ ရွှေနဂါးလေးကို အဖေက အမွေပေးခဲ့တာလေ"

"ဪ…အင်း"

"ဒီရင်ထိုးကလေးကို တွေ့တာနဲ့ မင်းရဲ့ ဦးကြီး ဦးကျင်တိတ်က သူ့တူဖြစ်ကြောင်း အသိအမှတ်ပြုလိမ့်မယ်လို့ မှာကြားခဲ့ပါတယ် ဦးကြီး"

"ဪ…ညီလေး…ညီလေး…ကျင်ဆောင်၊ မာနကြီးလွန်းလို့ တို့ညီအစ်ကို နှစ်ပေါင်းများစွာကွဲကွာခဲ့ကြရာက အခုတော့ မင်းက သေကွဲခွဲပြန်ပြီပေါ့လေ"

ထိုသို့ ရေရွတ်ရင်း ဦးကျင်တိတ်မှာ လူကြီးတန်မဲ့ မျက်ရည်များ တတွေတွေ စီးကျနေရှာတော့၏။

မောင်ရန်ရှင်းက တိတ်ဆိတ်စွာဖြင့်သာ ဦးကြီး ဖြစ်သူကို ကြည့်နေရှာသည်။

သောက်စားနေသူများမှာလည်း ၎င်းတို့ တူဝရီးနှစ်ယောက်ကြည့်ကာ အလိုက်သိစွာဖြင့် တိတ်ဆိတ်နေကြလေ၏။

ပြီးမှ ၎င်းကမျက်ရည်စများကိုလက်ဖမိုးနှင့် သုတ်လျက်

"ဟုတ်တယ် ငါ့တူ၊ ဦးကြီးရဲ့ အသက်နှစ်ဆယ်မြောက်

မွေးနေ့အဖြစ် အဖေနဲ့အမေက လက်ဆောင်ပေးခဲ့တဲ့ နဂါးရုပ်ကလေး၊ အဲဒီရွှေနဂါးရုပ်ကလေး ရင်ဘတ်မှာ ထိုးထားစဉ် တဖွတ်ထိုး စိတ်ဓာတ်ရှိတဲ့ မင်းရဲ့အဖေ ညီလေးကျင်ဆောင်ဟာ ဦးကြီးရင်ဘတ်ကနေ ဒီရင်ထိုးလေးကို လုသွားခဲ့ပေတာပေါ့"

ဟု ဝမ်းနည်းသံနှင့်ပြော၏။

"ဟုတ်ပါတယ် ဦး၊ အဖေပြောတာနဲ့လည်း တစ်ထပ်တည်းကျတော့ ဦးကြီးဟာ ကျွန်တော့်ဦးကြီးဖြစ်ကြောင်း ပိုပြီးခိုင်လုံသွားပါတာပေါ့လေ"

"ဝမ်းသာလိုက်ႈ ဂ ငါ့တူရာ"

လှိုက်လှဲခြင်းဖြစ်ကာ ဦးကျင်တိတ်မှာ တူဖြစ်သူမောင်ရန်ရှင်းအား ရင်းရင်းနှီးနှီး ပွေ့ဖက်လိုက်တော့သည်။

ပြီးမှ ပြန်ခွာလျက် ဦးကျင်တိတ်က...

"ပြီးတော့ ပြောရရင် ဦးကြီးမှာကလည်း သားထောက်သမီးခံ မရှိတဲ့အတွက် ငါ့တူကို အနီးမှာနေစေပြီး သားအရင်းတစ်ယောက်လို ဖြစ်စေချင်တယ်ကွယ်"

ဟု ၎င်း၏ဆန္ဒအား ထုတ်ဖော်ပြောကြားလေ၏။

မောင်ရန်ရှင်းက သူ့ ဦးကြီးအား လေးစားသည့်အကြည့်နှင့်ကြည့်ကာ...

"ကျွန်တော် စဉ်းစားပါရစေဦး"

ဟု ဆိုလိုက်၏။

ထို့နောက် သူဌေးကြီးဦးကျင်တိတ်က သောက်စား





နေကြသည့်၎င်း၏တပည့်များအား ညတွင်းချင်းပင် တောအုပ်မှထွက်ခွာရန် စီစဉ်စေ၏။

မောင်ရန်ရှင်းကမူ မယုံနိုင်ဖွယ် မိမိ၏ဘဝအကြောင်းအရာများကိုသာ စဉ်းစားရင်း ငြိမ်ငြိမ်သက်သက်ရှိနေလေ၏။

မီးများငြိမ်းသတ်ပြီးသောအခါ လူအားလုံးထိုမှဆိုးအိမ်ကလေးမှ ဆင်းလာခဲ့ကြသည်။

ထို့နောက် မှောင်မည်းမည်းတောအုပ်ထဲတွင် လက်နှိပ်ဓာတ်မီးရောင် အကူအညီဖြင့် ထွက်ခွာလာခဲ့ကြလေတော့၏။

❋❋❋

## အခန်း (၁၃)

"အေးကွယ် သားရဲ့ ဖြိန်ဖြိန်ယှက်ယှက် စားစမ်းပါလေ၊ တောင်ဆိတ်သားဟင်းနဲ့ မှိုလတ်လတ်ဆတ်ဆတ် ချက်ထားတာ၊ နောက် ဇင်ပြွန်းသီးထောင်းဟင်းချို၊ ပဲငပိကြော်၊ ဆတ်သား ခြောက်ဖုတ်၊ ဒို...အစုံပဲဥစ္စာ၊ ထည့်စမ်းစမ်းပါကွယ့် သားရဲ့"

"ဟုတ်...ဟုတ်ကဲ့ဒေါ်ဒေါ်"

သူဌေးကြီးကတော် ဒေါ်ရွှေသီက မောင်ရန်ရှင်းအား လောကွတ်ပြုကာ ကြင်နာစွာဖြင့် ဟင်းလျာများ ထည့်ပေးသဖြင့် မောင်ရန်ရှင်းမှာ အားတုံ့အားနာဖြစ်နေရသည်။

သူဌေးကြီးဦးကျင်တိတ်ကပြုံး၍...





"မင်းအဒေါ်မှာ ကလေးမရတော့ ကလေးရူးရူးနေခဲ့တာ ကြာပြီလေ၊ ငါတို့ကို တွေ့တော့ သူ့မှာသားအရင်းတစ်ယောက် ကောက်ရသလို ဝမ်းမြောက်ဝမ်းသာဖြစ်နေရှာတာပေါ့၊ ငါတို့ အမြင်ပါပဲလေ"

ဟုဆိုလိုက်လေ၏။

မောင်ရန်ရှင်းက ထမင်းဟင်းများကို မြိန်ယှက်စွာ စား နေရာမှ ခေတ္တရပ်လျက်...

"အင်း...ဦးကြီးတို့ ဒေါ်ဒေါ်တို့နဲ့ အမှတ်မထင် အခုလို ကြုံတွေ့နေထိုင်ပြီး အခုလို ထမင်းလက်ဆုံစားသောက်နေတာ များ အဖေမြင်တွေ့ရရင် ဘယ်လိုနေမယ် မသိဘူးနော်"

ဟု ဖခင်အား အမှတ်ရလျက် ဤသို့ပြောလိုက်သဖြင့် သူဌေးကြီးဦးကျင်တိတ်မှာလည်း ညီဖြစ်သူကို သတိရကာ မျက်နှာ ညှိုးကျသွားရသည်။

ဒေါ်ရွှေသီက...

"ဒေါ်ဒေါ်လည်း မင်းရဲ့အဖေ မောင်လေးကျင်ဆောင် ကို မောင်အရင်းတစ်ယောက်လို ခင်တွယ်တာပါ သားရယ်၊ သူသာ မာနစိတ်တွေ လျှော့ခဲ့ရင် ဒီမြို့မှာ ဒေါ်ဒေါ်တို့ရော မင်းတို့မိသားစု ပါ စုစုဝေးဝေးနဲ့ တပျော်တပါးနေထိုင်နိုင်ကြမှာ မလွဲဘူး၊ အခု တော့..."

ဟုဆိုကာ မျက်ဝန်း၌ မျက်ရည်များဝဲသီလာတော့ သည်။

စားသောက်ပြီးကြသောအခါ သူတို့အားလုံး ဝရန်တာမှာ ထိုင်လျက် ရေနွေးကြမ်းသောက်ရင်း စကားစမြည် ပြောကြသည်။

သူဌေးကြီးဦးကျင်တိတ်က...

"ဦးကြီးတော့လေ ဘာပဲဖြစ်ဖြစ် ဦးကျားလူဆိုတဲ့လူကြီးကို ကျေးဇူးတင်မိတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ကြောင့်သာ တို့တူဝရီး မမျှော်လင့်ဘဲ အခုလိုဆုံကြရတာ မဟုတ်လား"

ဟု ဆိုလိုက်သည်။

ဒေါ်ရွှေသီကလည်း...

"အေး ... အဲ့ဒီလို ဆုံရတာ ပေါ့ဒီ ခမ်းနားလှတဲ့ တိုက်အိမ်ကြီးမှာ ဒေါ်ဒေါ်တို့အဘွားကြီးနဲ့ အဘိုးကြီး နှစ်ယောက်သာ တိတ်တိတ်ဆိတ်ဆိတ် ပျင်းပျင်းရိရိနေထိုင်ရတဲ့အဖြစ်ကို ငါ့တူ လေး မျက်မြင်တွေ့ရပြီ မဟုတ်လားဟင်"

ဟု ပြောလိုက်၏။

ဇနီးသည်၏အချက်ကျကျ ပြောတတ်ပုံကို သဘောကျသွားကာ သူဌေးကြီးဦးကျင်တိတ်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလေ၏။

မောင်ရန်ရှင်းက...

"ဘာထူးလဲ ဦးကြီးနဲ့ဒေါ်ဒေါ်၊ ကျွန်တော့်မှာလည်း မိဘတွေ မရှိကြတော့ ရန်ကုန်မှာ တစ်ကောင်ကြွက်ဆိုတာလိုနေရတာမို့၊ ဦးကြီး ဒေါ်ဒေါ်တို့နဲ့ အတူတူနေထိုင်ချင်ပါတယ် ဒါပေမဲ့"





"ပြောပါကွယ်၊ ဒါပေမဲ့ ဘာဖြစ်သလဲဆိုတာ"

ဟု သူဌေးကြီးဦးကျင်တိတ်က မေးလိုက်သည်။

ထိုအခါ မောင်ရန်ရှင်းက...

"ဟိုဒင်း...ကျွန်တော့်မှာ လုပ်ကိုင်ဆောင်ရွက်စရာကိစ္စလေးတစ်ခုရှိသလို ရန်ကုန်မှာ အိမ်ကလည်း ရှိနေတယ်လေ"

ဟု ရှင်းပြလိုက်၏။

"လုပ်ကိုင်ဆောင်ရွက်စရာ ဟုတ်လား။ ဒီမှာ ငါ့တူ အခု ဥစ္စာ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ခေတ်အခါကွယ့်၊ ရန်ကုန်မြို့မှာ နေထိုင်ရတာ အန္တရာယ်များလှပါတယ်ကွယ်၊ ဘာမှလုပ်ကိုင်ဆောင်ရွက်မှုတွေ လုပ်မနေပါနဲ့လား။ ပြီးတော့လဲ..."

ဟု ဆိုကာ ရပ်ထားလိုက်၏။

"ပြီးတော့ရော ဦးကြီး"

မောင်ရန်ရှင်း အမေးကြောင့် သူဌေးကြီးဦးကျင်တိတ်က ပြောပြလိုက်သည်။

"မင်းရဲ့အိမ်အတွက် မပူနဲ့၊ ဦးကြီးရဲ့တပည့်တွေကို လွှတ်ပြီး အဲဒီအိမ်ကို ရောင်းနိုင်းလိုက်ပါ့မယ်၊ ဒါမှမဟုတ်ရင်လည်း အိမ်ကို ဒီအတိုင်းထားလိုက်တာပေါ့ကွယ်၊ ဒီငွေကြေးလောက်ကို ဂရုစိုက်စရာ မရှိပါဘူးကွယ်"

ဦးကြီးဖြစ်သူအပြောကြောင့် မောင်ရန်ရှင်း ဆက်လက်ပြောဆိုရန် မလွယ်မှန်း သဘောပေါက်လိုက်၏။

အမှန်စင်စစ်အားဖြင့်လည်း မိမိအား သားတစ်ယောက်သဖွယ် ယုယအလိုလိုက်ကာ သားထောက်သမီးခံ မရှိရှာသော ဦးကြီးတို့လင်မယားအားလည်း များစွာ သနားကရုဏာဖြစ်မိရှာပေသည်။

ပြီးလျှင် ဦးကျင်တိတ်က…

"ဆိုင်းဆင်းရဲရဲရှိုးရှိုးငြိုငြိုနဲ့ သေဆုံးသွားရှာတဲ့ ဦးကြီးရဲ့ ညီလေးကို မပြုစုနိုင်ခဲ့တဲ့အခြေအနေမှာ သူ့သားဖြစ်တဲ့ ငါ့တူကို ဦးကြီးရဲ့အမွေတွေပေးနိုင်တဲ့အမွေစားအမွေခံသားတစ်ယောက်အဖြစ်ရှိစေချင်တာ အမှန်ပါပဲကွယ်"

ဟု လေအေးအေးနှင့် တွေးဆဆပြောလိုက်လေ၏။

ဒေါ်ရွှေသီကလည်း…

"မင်းရဲ့ ဦးကြီးပြောသလိုပါပဲ၊ တို့ပိုင်တဲ့အမွေတွေအားလုံးဟာ ငါ့တူအတွက်သာဖြစ်စေချင်တယ်ကွယ်"

ဟု ထပ်ဆင့်ပြောလိုက်ပြန်လေ၏။

ထိုမျှ ပြောနေကြသော ဦးကြီးတို့ လင်မယားအား မောင်ရန်ရှင်းမှာ ငြင်းဆန်ရန် မသင့်တော့ဟု ယူဆလိုက်သည်။

ထို့ကြောင့်ပင် ၎င်းက…

"ကောင်းပါပြီလေ၊ ဦးကြီးသင့်တော်သလိုသာ စီစဉ်ပါတော့၊ ဒီနေ့ကစပြီးကျွန်တော်ဟာဦးကြီး၊ ဒေါ်ကြီးတို့နဲ့သေအတူရှင်မကွာနေထိုင်ပါတော့မယ်"

ဟု ကတိပြုလိုက်ရှာလေ၏။





"ဒါမှ ငါ့တူလေးပေါ့"

"ကောင်းပါလေ့ကွယ်"

မောင်ရန်ရှင်း၏ ကတိစကားကြောင့် သူဌေးကြီးလင်မယားမှာ ဝွေ့ဝွေ့ခုန်မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် ရွှင်လန်းသည့်အမူအရာနှင့် ပြုံးပျော်နေကြတော့ သည်။

သို့အတွက် မောင်ရန်ရှင်းမှာ ထိုနေ့မှစ၍ သူဌေးကြီးဦးကျင်တိတ်၏ လုပ်ငန်းဆောင်တာများကို တာဝန်ခွဲဝေယူကာလုပ်ကိုင်တော့သည်။

၎င်း၏လုပ်ငန်းများမှာ သူဌေးကြီး၏ သစ်စာရင်းနှင့် ငွေကြေးစာရင်းများ တွက်ချက်ရေးသွင်းပေးခြင်း၊ သစ်ဝယ်ယူသော ကုန်သည်များနှင့် ဆက်ဆံညှိနှိုင်းရခြင်းများ အပြင် တစ်ခါတစ်ရံ တောအတွင်းသို့ ကိုယ်တိုင်သွားရောက်ကာ လိုအပ်သည့်သစ်လုံး အနေအထားကို သစ်ခုတ်လုပ်သားများအား ညွှန်ကြားပြောဆိုရခြင်းများ ပါဝင်လေ၏။

ဤသို့ဖြင့် မောင်ရန်ရှင်းမှာ အလုပ်တွင် တစ်နေ့ထက်တစ်နေ့ ပိုမိုစိတ်ပါဝင်စားခြင်း ဖြစ်လာသည်ဟု ဆိုရပေမည်။

"အင်း…မောင်ရန်ရှင်းတစ်ယောက် အခုလို စိတ်ပါလက်ပါရှိလှမယ် မထင်ဘူး မိန်းမရယ်၊ အခုတော့ ကြည့်စမ်း၊ တူတော်မောင်ဟာ တကယ့်ကို အားကိုးစရာပေပဲကွယ်"

"ဟုတ်တယ် ကိုကျင်တိတ်၊ ဒါဟာ သိပ်ကောင်းတဲ့အလားအလာပေါ့ရှင်၊ ဘာကြောင့်လဲဆိုရင် ရှင်တို့ ကျွန်မတို့

မရှိတော့တဲ့နောက်ပိုင်းမှာ ဒီလုပ်ငန်းကြီးဟာ သူ့ရဲ့လုပ်ငန်းကြီး ဖြစ်မှာမို့ အစကတည်းက သူကိုယ်တိုင် နားလည်တတ်မြောက် အောင် စိတ်ပါလက်ပါ ကြိုးစားသင့်ပေတာပေါ့၊ မဟုတ်ဘူးလား"

"သိပ်မှန်တာပေါ့ မိန်းမရယ်"

လင်မယားနှစ်ယောက်မှာ မောင်ရန်ရှင်း မရှိစဉ်အခိုက် ဤသို့ပင် ရိုးကျိုးစကားများပြောကာ ကျေနပ်ပီတိဖြစ်နေကြပေ သည်။

ဒေါ်ရွှေသီက…

"မောင်ရန်ရှင်းဟာ စိတ်ဓာတ်က သူ့ အဖေ မောင်ကျင်ဆောင်နဲ့ တူပေမယ့် ရုပ်ကတော့ ရှင်နဲ့ ခပ်ဆင်ဆင်ပဲ ဆိုရမယ်"

ဟု ဆို၏။

"ဟား…ဟား…ဟား…မင်းပြောချင်တာက ငါနဲ့တူ တယ်ဆိုတော့ ငါ့တူဟာ လူချောလေးပေါ့လေ၊ ဟုတ်လား မိန်းမ ဟဲ…ဟဲ…ဟဲ"

"ဟွန်း"

ဦးကျင်တိတ်စကားကြောင့် ဒေါ်ရွှေသီက မျက်လုံး ထောင့်ကပ်လျက် မေးဆတ်လိုက်ရာ သူဌေးကြီးဦးကျင်တိတ်မှာ သဘောကျသွားကာ မျက်လုံးများ ပိတ်သည်အထိ ရယ်မော နေပေတော့၏။

"ခစ်…ခစ်…ခစ်"





ထို့ကြောင့် ဒေါ်ရွှေသီသည် မနေနိုင်တော့ဘဲ ရယ်မော ရာ နေအိမ်ကြီးအတွင်း လင်မယားနှစ်ယောက်၏ ရယ်မောသံ များ လျှံထွက်သွားရပေသည်။

မောင်ရန်ရှင်းမှာ အလုပ်မရှိသည့်အခါတွင် အဒေါ် ဖြစ်သူနှင့်အတူ မီးဖိုချောင်လုပ်ငန်းများ ကူညီကာ လုပ်ပေး လျက်၊ ညနေစောင်းအခါများ၌မြို့အတွင်းတွင် သိုင်းလေ့ကျင့်ခန်း များ ကျင့်လေ့ရှိသည်။

ထိုအခါမျိုးတွင် ရန်ကုန်မြို့၌ ရှိနေသာ ဆရာကြီး ဦးအိန္ဒကနှင့် သိုင်းလေ့ကျင့်ဖော် သူငယ်ချင်းများအား အထူး သတိရရှိနေမိလေသည်။

ပြီးလျှင် ဆရာကြီးဦးအိန္ဒက ပြောသည့် မျိုးချစ်လျှို့ဝှက် တော်လှန်ရေးအဖွဲ့သို့ ဝင်နိုင်ခြင်း မရှိတော့သောကြောင့် စိတ် မကောင်းခြင်းလည်း ဖြစ်မိရပေသည်။

၎င်းသိုင်းလေ့ကျင့်ခန်းများ ပြုလုပ်နေစဉ်များတွင် သူဌေးကြီးဦးကျင်တိတ်တို့ လင်မယားမှာ အိမ်ရှေ့ထိုင်ခုံများတွင် ထိုင်ကာ ကြည်နူးစွာဖြင့် ကြည့်နေကြသည်သာ။

"အေး…ယောကျ်ားဆိုတာ ဒီလိုကျားကျားယားယား မှပေါ့၊ ဒါမှ မိမိတိုင်းပြည်၊ မိမိ မိသားစုအတွက် အားကိုးနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တော့မပေါ့၊ မိန်းမရေ…ငါတော့ မောင်ရန်ရှင်း ကြည့်ပြီး အားရမိတာ အမှန်ပဲ"

ဒေါ်ရွှေသီက…

"ဟုတ်တယ် ယောကျ်ားရေ၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ သားလိမ္မာလေးတစ်ယောက် ရရှိတယ်လို့ ဆိုရပေမှာပဲနော်"

ဟု ဆိုလိုက်၏။

ဤတွင် သူဌေးကြီးက...

"ဒီမှာ မိန်းမ"

ဟု ရုတ်တရက်ခေါ်လိုက်သဖြင့် ဒေါ်ရွှေသီက မော့ကြည့်လိုက်၏။

ထိုအခါ သူဌေးကြီးဦးကျင်တိတ်က အရေးတကြီးလေသံဖြင့် သတိပေးသည်။

"ဒါပေမဲ့နော် သူတို့မိသားစုထံ ငွေကြေးတွေ မရောက်ရောက်အောင် ပို့ခဲ့ပုံ၊ ပြီးတော့ ဦးကျားလူရဲ့နာမည်ကို အသုံးပြုပြီး သူ့ကို ဒီရောက်အောင် တစ်မျိုးတစ်မည်နဲ့ ခေါ်လာပုံတွေ လုံးဝ မသိစေနဲ့နော်"

"စိတ်ချပါရှင်"

"အဲဒီအကြောင်းတွေသာ သိသွားခဲ့ရင် သူ့အဖေစိတ်ဓာတ်မျိုးရှိတဲ့ မောင်ရန်ရှင်းဟာ ဘယ်လိုဆွဲထားဆွဲထားတို့နဲ့ ဘယ်နည်းနဲ့မှနေမှာ မဟုတ်တော့ဘူး မိန်းမရဲ့ သိလား"

"မှန်ပါတယ်ရှင်"

ထို့နောက် ဒေါ်ရွှေသီက...

"ရှင့်တပည့် သွားခေါ်တာတီးနဲ့ ကြွက်သိုးတို့ရော၊ သူတို့က တစ်ဆင့် မောင်ရန်ရှင်း သိသွားနိုင်တယ်နော်၊ ဒါကို





သတိထားဦး ကိုကျင်တိတ်"

ဟု သတိပေး၏။

သူဌေးကြီးဦးကျင်တိတ်က...

"စိတ်ချပါ မိန်းမရာ၊ သွားခေါ်တာတီးနဲ့ ဘုတ်သိုက်၊ ကြွက်သိုးတို့ကို ငွေအလုံအလောက်ပေးပြီး သူတို့မိသားစုပါ တစ်နယ်တစ်ကျေး ပြောင်းနိုင်လိုက်ပါပြီ"

ဟု ဆို၏။

"အင်း,...ဒါဆိုရင် ကောင်းပါလေ့ရှင်"

ထိုအခါကျမှ ဒေါ်ရွှေသီက ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားကာ အထက်ပါအတိုင်း ပြောလိုက်ရာလေ၏။

သူရောက်သည့်အချိန်မှစကာ ဦးကြီးဖြစ်သူနှင့် ဇနီးတို့မှာ ဝမ်းမြောက်ဝမ်းသာရှိနေကြသည့်အဖြစ်ကို မြင်ရသည်တွင် တစ်ချိန်က တစ်ဖက်သတ် အပြစ်တင်ကာ မာန ထားခဲ့သည့် ဖခင်ကြီးအား မည်သို့နားလည်ရမှန်း မသိအောင် ဖြစ်ရသည်။

မည်သို့ပင်ဖြစ်စေ ကျေးဇူးရှင်ဦးကြီးနှင့် ဇနီးတို့ စိတ်ချမ်းသာရေးအတွက် ဗိမ်နေထိုင်သွားမည်ဟု နှလုံး ဒုံးဒုံးချလိုက်တော့သည်။

ဦးကြီးဖြစ်သူ သူဌေးကြီး ဦးကျင်တိတ်က ဗဟုသုတရစေရန်အလို့ငှာ သစ်စာရင်းများ တွက်ချက်ခြင်း၊ သစ်ကုန်သည်များနှင့် အရောင်းအဝယ်လုပ်ခြင်းကိစ္စကိုသာမက တစ်ခါတစ်ရံ သစ်တောကြီးအတွင်းသို့ မောင်ရန်ရှင်းအား လူယုံများနှင့် လိုက်

စေကာ သစ်အလုပ်သမားများနှင့် ဆက်ဆံစေသည်။

ကြာသော် တောကျွမ်းပြီးဖြစ်နေသည့် မောင်ရန်ရှင်းမှာ အဖော်မပါ တစ်ကိုယ်တည်းပင် သွားလေ့ရှိ၏။

"မောင်ရန်ရှင်း"

"ဗျာ...ဦးကြီး"

"တော်ထဲကို ငါ့တူသွားရင် အဖော်ခေါ်သွားပါကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ တောတွင်းတိရစ္ဆာန်ကြီးတွေရဲ့အန္တရာယ်၊ တောတွင်းမှာ ပုန်းအောင်းနေကြတဲ့ လူဆိုးတွေရဲ့အန္တရာယ် အပြင် ငါ့ရဲ့စီးပွားပြိုင်ဖက်ဖြစ်တဲ့ ဦးကျားလူနဲ့ သူ့တပည့်တွေ အန္တရာယ်တွေက ရှိတယ်လေ"

မောင်ရန်ရှင်းက ခေါင်းညိတ်သည်။

ပြီးမှ သူက...

"ဦးကြီးပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က တော်ရုံလူလောက်တော့ မမှုပါဘူး။ ကျွန်တော့်အတွက် မပူပါနဲ့ ဦးကြီး"

ဟု ပြောလိုက်၏။

"အေးပါ၊ မင်းရဲ့ကိုယ်ခံပညာရပ်ကို ဦးကြီးက ယုံကြည်စိတ်ချပြီးသားပါ၊ သို့ပေမယ့် တောတက်တဲ့အခါ လိုရမယ်ရ ဆိုသလို ဦးကြီးရဲ့သေနတ်ကို ယူသွားပါကွယ်...နော်"

၎င်းအပေါ် စိတ်မချဖြစ်ကာ ဂရုစိုက်ရှာသည့် ဦးကြီးကို ကြည့်လျက် စိတ်ထဲမှ လွန်စွာပင် ကျေးဇူးတင်မိလေ၏။





ဤသို့ဖြင့် နှစ်လ သုံးလခန့် ကြာသည် အထိ မောင်ရန်ရှင်းက မြို့ပေါ်မှ သစ်ရောင်းဝယ်မှုများနှင့် အချိန်ကုန်လျက် တောအုပ်အတွင်း မသွားဖြစ်ခဲ့ပေ။

မည်သည့်အတွက်ကြောင့် မသိပေ။

ထိုရက်များအတွင်း မောင်ရန်ရှင်းမှာ လွန်စွာစိတ်ခေတ်နူးညံ့သည့်အသွင်ကို ထူးထူးခြားခြား ခံစားမိကာ သက်သတ်လွတ် စားချင်စိတ်ပေါ်လာခဲ့သဖြင့် အဒေါ် ဖြစ်သူ ဒေါ်ရွှေသီ ကိုယ်တိုင် စီစဉ်ချက်ပြုတ်ပေးရပေသည်။

ဦးကြီးဖြစ်သူမှာ ထူးထူးခြားခြား ဖြစ်နေသည့် မောင်ရန်ရှင်းအတွက် အထူးအံ့ဩနေရှာလေ၏။

မောင်ရန်ရှင်းမှာ ထိုရက်များတွင် ဖခင်နှင့် မိခင်အား အထူးအမှတ်ရ လွမ်းဆွတ်ခြင်းဖြစ်ရပေသည်။

***

## အခန်း (၁၄)

သစ်ကုန်သည်များ လိုအပ်နေသည့် သစ်များ အမြန်ရရှိရေးအတွက် နံနက်စောစောကပင် ထကာ မောင်ရန်ရှင်း တစ်ယောက် တစ်ကိုယ်တော် တောအုပ်အတွင်းသို့ ခရီးထွက်လာခဲ့သည်။

တောလမ်းခရီးသို့ သူလာတိုင်း ရောင်စုံပန်းပွင့်များ ပွင့်နေသည့် ပန်းခင်းအနီးမှ ကွေ့ကောက်သော စမ်းချောင်းကလေးဘေးတွင် သူ နားနေကျဖြစ်သည်။

ထိုနေရာသည် စမ်းရေစီးသံမှအပ အလွန်တရာ ဆိတ်ငြိမ်အေးချမ်းလှ၏။





ထို့ပြင် ...သစ်ပင်ကြီးများထက်မှ ငှက်ပေါင်းစုံတို့၏ တီတီတာတာ သံစာစာ မြည်ကြွေးမှုများကလည်း စိတ်ကိုတစ်မျိုးတစ်ဖုံ ကြည်လင်ချမ်းမြေ့စေသည်ဟု မောင်ရန်ရှင်း ယူဆမိသည်။

သူက စမ်းချောင်းနံဘေးရှိ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ကျောမှီကာ စည်သွတ်ဘူးကို ဖောက်လျက် အရသာခံ၍ စားနေသည်။

ထိုအခိုက် ခပ်လှမ်းလှမ်းရှိ ချောင်းဖြတ်ဝါးတံတားလေးပေါ်တွင် မျောက်ညိုနှစ်ကောင်ဖြတ်ကူးရင်း ဘာသာဘာဝ ဆော့ကစားနေသည်အား ကြည့်ကောင်းကောင်းနှင့် မောင်ရန်ရှင်း ငေးကြည့်နေလိုက်သည်။

"ကွိ...ကွိ...ခွီး"

မျောက်နှစ်ကောင်ကား ဝါးတံတားလေးပေါ်တွင် ကလူကျီစယ် ဆက်လက်သတ်ပုတ်နေဆဲဖြစ်သည်။

သို့သော် တစ်ကောင်လှမ်းအဆွဲ တစ်ကောင်က ရှောင်အပေး၌ လှမ်းဆွဲသော မျောက်မှာ ချောင်းအတွင်းသို့ ကျသွားရတော့သည်။

"ကွိ...ကွိ"

"ဝုန်း...ဗွမ်း"

"ခွိ...ခွီး...ကွိ...ကွိ"

ရေထဲကျသွားသော မျောက်အား တံတားပေါ်မှ ကျန်

တစ်ကောင်က ကယ်ဆယ်ခြင်းမပြုနိုင်သဖြင့် စုန်ဆွစုန်ဆွ လှုပ်ကာ မချိတင်ကဲ အော်ဟစ်နေရှာ၏။

"ဟာ...သေတော့မှာပဲ"

မောင်ရန်ရှင်းက ရေစီးကြောင်းအတိုင်း မျောပါလာသော မျောက်အား ကယ်တင်ရန် နေရာမှထလျက် တစ်ရှိန်ထိုး ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။

လက်လှမ်းမီသည့်အချိန်တွင် မျောက်ကလေးမှာ ရေမွန်းနေသောကြောင့် ပျော့ခွေနေပေသည်။

မျောက်ကလေးကို ကိုင်မြှောက်ကာ ကမ်းသို့ ကူးလာသည်တွင် ကမ်းစပ်၌ အဖော်မျောက်က အသင့်လာရောက်စောင့်နေကြောင်း တွေ့ရသဖြင့် ကမ်းပေါ်သို့ မတက်သေးဘဲ မျောက်ကလေးကို လွှတ်ပေးလိုက်၏။

မျောက်နှစ်ကောင် တောအုပ်အတွင်းသို့ ပျော်ရွှင်စွာ ထွက်ခွာသွားကြသည်ကို ရေထဲမှကြည့်ရင်း မောင်ရန်ရှင်းရင်မှာ အထူးကြည်နူးချမ်းမြေ့ခြင်း ဖြစ်ရပေ၏။

သူက စမ်းချောင်းကမ်းပါးသို့ တက်ရန် ရှုံ့ရေထဲ၌ ခြေထောက်လိုက်၏။

"အလို...ခြေထောက်အောက်မှာ ဆူးရှိနေပါလား"

၎င်း၏ခြေထောက်အောက်ရှုံ့ညွှံထဲတွင် ဆူးတစ်ချောင်းရှိနေသဖြင့် နာကျင်သွားသောကြောင့် မောင်ရန်ရှင်းက လွှတ်ခနဲ အထက်ပါအတိုင်း ရေရွတ်မိသည်။





ပြီး...ရေငုပ်လျက် ထိုဆူးအား စမ်းသပ်ဆွဲယူလိုက်သည်။

လက်ထဲသို့ ဆူးရောက်လာသည့်အခါ ထင်ထင်ရှားရှားတွေ့မြင်နိုင်ရန် ချောင်းရေဖြင့် ဝှေ့ယမ်းဆေးကြောလိုက်ရ၏။

"ဟင် ... အလို ... လက်စသတ်တော့ ဆူးစူးတယ်ထင်ရတာက ဒီရုပ်တုလေးကြောင့်ကိုး၊ ကြည့်စမ်း ... နတ်ရုပ်လိုလို ဘာလိုလိုနဲ့၊ လက်ထဲမှာ နဂါးရုပ်တောင်ဝှေး၊ ပြီးတော့ ခေါင်းမှ က နတ်ဦးထုပ်ချွန်းနဲ့၊ တကယ်တော့ ငါ့ခြေထောက်ဟာ အဲ့ဒီ နတ်ဦးထုပ်ချွန်းနဲ့ စူးမိတာ ဖြစ်မယ်"

မောင်ရန်ရှင်းက ချောင်းစပ်ရှုံ့ရေထဲမှ မမျှော်လင့်ဘဲရသည့် နတ်ရုပ်တုအား တအံ့တဩပြောရင်း တစ်ဦးတည်း ရေရွတ်သကဲ့သို့ ပြောဆိုနေလေ၏။

အမှန်စင်စစ် နတ်ရုပ်မှာ သစ်ကနက်သား အညိုရောင်ဖြင့် ထုလုပ်ထားကာ ရေထဲ၌ နှစ်ပေါင်းအတန်ကြာရှိနေလင့်ကစား ဆွေးမြေ့ခြင်း အလျဉ်းမရှိ၊ ပကတိလက်ရာမြောက်စွာ ရှိနေကြောင်း မယုံနိုင်ဖွယ်တွေ့ရသဖြင့် မောင်ရန်ရှင်းမှာ အထူးပင် အံ့ဩခြင်းဖြစ်ရပေတော့သည်။

ရုပ်တုမှာ မျက်လုံးအစုံသည် အသက်ဝင်ဘိသကဲ့သို့ မောင်ရန်ရှင်းအား စိုက်ကြည့်နေလျက် နှုတ်ခမ်းများမှာလည်း ကျေနပ်နှစ်သက်သည့်အသွင် ပြုံးယောင်သန်းလျက် ရှိနေကြောင်း မောင်ရန်ရှင်း တွေ့မြင်ရပေသည်။

"ထူးတော့ အတော်ထူးတာပဲ"

မောင်ရန်ရှင်းက ကုန်းပေါ်သို့တက်ပြီးနောက် အဝတ်အစားများ ခြောက်သွေ့ရန် ရေညှစ်လျက် မီးဖိုၡ၏။

မီးလှုံရင်း ထိုရုပ်တုကလေးကို ကြည့်မိပြန်ရာ အရှိန်တစ်ခုက၊ ၎င်း၏ခန္ဓာကိုယ်ကိုရုတ်တရက်ရိုက်ခတ်လိုက် သကဲ့သို့ ဝေဝါးသွားရှ၏။

"ပိုင်ရန်ဝေ...ပိုင်ရန်ဝေ...ငါမင်းနဲ့တွေ့ချင်တာ အတော်ကြာလှပြီကွ၊ အေးလေ...အခုတော့ မင်းနဲ့ငါပြန်ပြီး ဆုံ ဆည်းမိကြပြီပေါ့ကွာ...ဟား...ဟား...ဟား"

အသိစိတ်ဝေဝါးနေသည့်ကြားမှ အထက်ပါ အသံများက မောင်ရန်ရှင်း နားထဲသို့ တိတိကျကျ ပြတ်ပြတ် သားသား ရောက်ရှိလာခဲ့သည်။

"ငါမင်းကို စောင့်နေခဲ့တာ ကြာပါပြီ ပိုင်ရန်ဝေရယ်"

အသံက ရုပ်တုဆီမှ ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည် ဟု မောင်ရန်ရှင်း တွေးထင်မိသည်။

"ပိုင်ရန်ဝေဆိုတာ ဘယ်သူလဲဗျ"

"ဟဲ...ဟဲ...ဟဲ...ပိုင်ရန်ဝေဆိုတာ မောင်ရန်ရှင်း၊ မောင်ရန်ရှင်းဆိုတာ ပိုင်ရန်ဝေပေါ့ကွာ"

"ဗျာ"

"ဟား...ဟား...ဟား...ဟား"

အသံများသည် ရုပ်တုလေးဆီမှ ထွက်လာခြင်း ဖြစ်





ကြောင်း မောင်ရန်ရှင်း တိတိပပ သိနေရသည်။

သို့သော် ရုပ်တုကမူ ၎င်း၏လက်ထဲ၌ ပကတိတည်ငြိမ်စွာ ရှိနေဆဲသာ။

"ဟုတ်ကော ဟုတ်ရဲ့လား၊ ငါ့စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး ထင်မိထင်ရာ ထင်နေတာပဲဖြစ်ရမယ်"

သို့နှင့် မောင်ရန်ရှင်းလည်း အဝတ်အစားများ ခြောက်သွေ့သွားပြီဖြစ်သည့်အလျောက်ပြန်လည်ဝတ်ဆင်လိုက် သည်။

ထို့နောက် သစ်ခုတ်လုပ်သားများရှိရာ တောအုပ်အတွင်းသို့ ချောင်းဖြတ်တံတားလေးပေါ်မှ ဖြတ်ကျော်သွားခဲ့လေ၏။

ကိစ္စဝိစ္စများ ပြီး၍ အိမ်ပြန်ရောက်သောအခါ ထိုရုပ်တုလေးအကြောင်းကို ဦးကြီးနှင့်အဒေါ်ဖြစ်သူအား ပြောပြခြင်းပင် မပြုဘဲ ၎င်း၏အိပ်ခန်းသို့ ယူဆောင်လျက် ခုတင်ဘေးတန်းတစ်ခုပေါ်တွင် ကျကျနန ထားလိုက်လေ၏။

ထိုညက ထမင်းစားသောက်အပြီးတွင် ဦးကြီး၊ အဒေါ်တို့နှင့် ယခင်ကကဲ့သို့ လက်ဖက်ရည်ဝိုင်းမထိုင်တော့ဘဲ မိမိအခန်းတွင်းသို့ ဝင်ရောက်လာကာ ခုတင်ပေါ်မှနေလျက် ရှိခဲ့သော နတ်ရုပ်ကလေးအားသာ အသေအချာ စူးစိုက်ကြည့်ရှုနေမိလေသည်။

မကြာမီ အမှောင်ထုက တစ်စတစ်စ ကြီးစိုးလျက် ရှိလာသည်။

ထိုအချိန်၌ထူးထူးခြားခြားဆိုသကဲ့သို့နတ်ရုတ်တုလေး ဆီမှအခိုးအလျှံများ ထွက်ပေါ်လာသည်ကိုတွေ့လိုက်ရသည်။

"ဟော...ဘယ်လိုပါလိမ့်"

ကြည့်နေရင်းမှပင် ဖြူဖြူအခိုးအငွေ့များက အခန်းတစ်ခုလုံး ပြည့်လျှံလာကာ အိပ်မွေ့ချခံထားရသူအလား မောင်ရန်ရှင်း တစ်ယောက် အိပ်ငိုက်မှုဖြစ်ခြင်းမကာ ဖြစ်လာရတော့သည်။

"ဟူး"

သက်ပြင်းရှိုက်ရင်း အိပ်ချင်စိတ်ကို အထူးသတိထားတွန်းလှန်သော်လည်း မရနိုင်အောင် ဖြစ်နေရ၏။

ထို့ကြောင့် ခေါင်းအုံးပေါ်သို့ ဦးခေါင်းကို အလိုက်သင့်လှဲချလိုက်ရသည်။

အတွင်းစိတ်က မည်မျှပင် အိပ်ချင်စိတ်ပြင်းပြနေသော်လည်း မောင်ရန်ရှင်း မျက်လုံးများကမူ ပွင့်နေဆဲပင်ဖြစ်၏။

ထိုအချိန်၌ ရှောင်းစင်ရှုံ့ည့်အတွင်းမှ ကောက်ရခဲ့သော ရုပ်တုကလေးသည် တုန်းပေါ်မှတစ်ဆင့် ဖလထဲသို့တိုးထွက်လာကာ မောင်ရန်ရှင်း မျက်နှာပေါ်၌ မထိတထိ ရွှေ့လျက်ရှိနေလေ၏။

"အလို...ဘုရား...ဘုရား"

တအံ့တသြနှင့် ရေရွတ်ရင်း မောင်ရန်ရှင်းမှာ မျက်လုံးများ မှိတ်လျက် အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့၏။

❀❀❀





## အခန်း (၁၅)

"ဒီမှာ ပိုင်ရန်ဝေ၊ မင်း ငါပြောပြတာတွေကို သေသေချာချာ နားထောင်စမ်းကွယ်၊ အချိန် တစ်ချိန်မှာ မင်းဟာ ယူနန်ပြည်နယ် တပ်မှူးကြီးတစ်ဦးဖြစ်တဲ့ တန်ရှုလင်ရဲ့ သားတစ်ယောက်ဖြစ်ခဲ့တယ်"

ထိုသို့ပြောနေသူမှာ နဂါးရုပ်ပါ အနီရောင်ကိုယ်ကြပ်အင်္ကျီ၊ သိုးမွေးဘောင်းဘီ ဝတ်ဆင်ကာ အဝါရောင်ဝတ်ရုံကို ခပ်ခန့်ခန့် ခြုံလွှမ်းထား၏။

ထို့ပြင် မျက်နှာအမူအရာမှာ လွန်စွာနစ်လိုဖွယ် အံဆင်းနှင့်ပြည့်စုံ၍ ထူထဲသောမျက်ခုံး၊ ရေးရေးမျှထင်သည့်

နှုတ်ခမ်းမွေး များကလည်း ထိုပုဂ္ဂိုလ်၏ ဥပဓိကို တစ်နည်းတစ်ဖုံ ခန့်ငြား စေရန် ပံ့ပိုးသည်သို့ ရှိနေပေသည်။

အထူးသဖြင့် ၎င်း၏ စူးရှတောက်ပြောင်သော မျက်လုံး အစုံဖြစ်၏။

ထိုမျက်လုံးများ၌ ပညာရှိခြင်း၊ ရဲရင့်ခြင်း၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံခြင်း၊ တန်ခိုးတက်ကြွခြင်း စသည်တို့ ရောနှောပါဝင်နေကြောင်း သတိပြုမိသူအနေနှင့် သိရှိနိုင်လေသည်။

"ဗျာ...ကျွန်တော်က ပိုင်ရန်ဝေ ဟုတ်လား၊ မဖြစ်နိုင်တာ၊ ကျွန်တော့်နာမည် မောင်ရန်ရှင်းပါခင်ဗျာ"

မောင်ရန်ရှင်းက ခန့်ငြားလှသော ပုဂ္ဂိုလ်ကြီးအား မဝံ့မရဲ ပြောကြားလိုက်ရာ ထိုပုဂ္ဂိုလ်ကြီးက သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"အဟတ်...ဟား...ဟား...ဟား"

သူ့ရယ်သံက အခန်းတွင်းဝယ် ပျံ့နှံ့သွားသည်ဟု ထင်မှတ်ရသည်။

ပြီးမှ ထိုပုဂ္ဂိုလ်ကြီးက ဆက်ပြော၏။

"ကိုင်း...ကိုင်း...မောင်ရန်ရှင်းတဖြစ်လဲ ပိုင်ရန်ဝေရေ မင်းကို ငါ့အနေနဲ့ ပြောစရာတွေ အများကြီးရှိသလို၊ ပြစရာတွေလည်း အများကြီးရှိသကွယ့်၊ ဒါကြောင့် အခု မင်းဟာ ငါနဲ့ လိုက်ခဲ့ရမယ်"

"အို...လိုက်ခဲ့ရမယ် ဟုတ်လား၊ ဘယ်ကိုပါလိမ့်၊





ကျွန်တော်...ကျွန်တော်"

မောင်ရန်ရှင်းက ငြင်းဆန်လိုက်၏။

သို့သော် ထိုပုဂ္ဂိုလ်ကြီးက မည်သို့မျှ မဆိုဘဲ မောင်ရန်ရှင်းကို လက်ထဲမှ နဂါးခေါင်းတောင်ဝှေးဖြင့် တို့ထိလိုက်၏။

သို့အတွက် သူ့စိတ်များ ထူးဆန်းစွာတည်ငြိမ်သွားရသည်။

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးနှင့် အတူလိုက်ပါလိုစိတ်များ အလိုအလျောက် တဖွားဖွား ပေါ်လာခဲ့ရပေ၏။

"ကိုင်း...သွားစို့"

ပြောပြောဆိုဆို နှစ်ဦးသားပွင့်နေသည့်ပြတင်းပေါက်မှ ငှိုင်တူလိုလို ခုန်ထွက်လိုက်ကြရာ လေဟာနယ်ထဲသို့ ရောက်ရှိသွားတော့သည်။

ပြီးလျှင် ငှက်များကဲ့သို့လည်းကောင်း၊ လိပ်ပြာများကဲ့သို့လည်းကောင်း လေထဲ၌လေဟုန်စီးလျက်ရှိသည်။

ဤသို့ဖြင့် အတန်ငယ်မြင့်လာရာ တိမ်တိုက်များသည် ၎င်းတို့နှစ်ဦးအား တိုးဝှေ့သွားသကဲ့သို့ အောက်ဘက်ရှိ သစ်ပင်တောအုပ်များမှာလည်း ပျပျလေးမျှသာ တွေ့မြင်ရပေသည်။

ကနဦး၌ မိုးကောင်းကင်မှာ ကြည်လင်လှသည် မှန်သော်လည်း အတန်ကြာ ခရီးနှင်မိသည်တွင် မိုးတိမ်များ မှိုင်းလာကာ လေသည်အဆမတန်ပြင်းထန်စွာ တိုက်ခတ်လျက်

အရပ်ရှစ်မျက်နှာမှ လျှပ်ရောင်များ လက်လျက် ရှိလာတော့၏။

မောင်ရန်ရှင်းကား အကျိုးနီပုဂ္ဂိုလ်၏ နဂါးတောင်ဝှေးကို ဆွဲခိုကာ လေထဲ၌ ဆက်လက်ရွေ့လျားနေရ၏။

ဤသို့လိုက်ပါလာခိုက် မောင်ရန်ရှင်း၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်းတို့ အထူး ကင်းစင်ရုံမျှမက ပူခြင်း၊ အေးခြင်း စသည့်တို့လည်း မရှိဘဲလျက် ခန္ဓာကိုယ်မှ အထူးပေါ့ပါးလှကြောင်း ဆင်ခြင်သတိပြုမိပေသည်။

ယင်းသို့ မိုးကောင်းကင်တစ်ခုလုံး မှောင်မိုက်နေခိုက် တစ်နေရာမှ ထူးဆန်းသော အရာဝတ္ထုတစ်ခုကို မောင်ရန်ရှင်း သတိပြုမိလိုက်သည်။

ထိုသည်ကား မည်းနက်မှုန်မှိုင်းသော ကောင်းကင်ပြင် အရှေ့ဘက်တွင် ရွှေရောင်နဂါးကြီးတစ်ကောင် ပြိုးခနဲ ပြက်ခနဲ ပျံသန်းနေခြင်း ဖြစ်၏။

ရွှေရောင်နဂါးကြီးမှာ ထင့်ထင်ရှားရှား တွေ့မြင်ရခြင်း မဟုတ်ဘဲ၊ ကောင်းကင်ယံ၌ ပေါ်တစ်ခါ ပျောက်တစ်လှည့် ရိပ်ခနဲ ရိပ်ခနဲ တွေ့မြင်ရခြင်းသာ ဖြစ်ပေသည်။

ခေတ္တကြာလျှင် ကောင်းကင်ယံ၌ ရွှေရောင်နဂါးကြီး အရိပ်အယောင်ဆို၍ စိုးစဉ်းမျှပင် တွေ့မြင်ရခြင်း မရှိတော့ချေ။

သို့နှင့် အနီရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးက လေထဲတွင် ဆက်လက်၍ ရွေ့လျားနေပြန်၏။

"ဂျိန်း...ဒလိန်း...ဒိန်း"





တစ်ချိန်၌ လျှပ်စီးများလက်နေသည့်ကြားမှ မိုးကြိုး တစ်ချက် ပစ်လိုက်ရာ၊ ကောင်းကင်တစ်ခွင်တစ်ပြင် လင်းလက် သွား၏။

ထိုအချိန်မှာပင် ရွှေရောင်နဂါးကြီးက ကောင်းကင်တိမ် တိုက်များကြားမှ ပြန်လည်ထွက်ပေါ်လာလျက် လူးလွန့်လှုပ်ရှား နေပြန်တော့သည်။

ပြီးလျှင် ရှည်လျားသော အမြီးကြီးကို ထောင်ကာ အောက်ဘက်သို့ ဦးခေါင်းစောက်ထိုးနှင့် ထိုးဆင်းသွားသည်ကို မောင်ရန်ရှင်း နောက်ဆုံးမြင်တွေ့လိုက်ရသည်။

မကြာမီ မောင်ရန်ရှင်းတို့လည်း နဂါးကြီးထိုးဆင်းသွား သည့်နေရာသို့ ရောက်ကာ အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားခဲ့လေ၏။

အောက်ဘက်နှင့် တဖြည်းဖြည်း နီးလာသောအခါ အောက်ဘက်၌ မည်းမှောင်သော တောအုပ်နှင့်အတူ ရေတံခွန် များ၊ စမ်းချောင်းငယ်ခုနှင့် ကျောက်စွန်းကျောက်စွယ်များ ကျောက်ဂူကြီးများကို မထင်မရှား မြင်လိုက်ရပေ၏။

တစ်နေရာတွင်ကား တရုတ်ဘုရားရှိခိုးကျောင်းဟု ယူဆ ရသည့် ဘုံကျောင်းသဏ္ဍာန် အဆောက်အဦးပျက်ကြီး တစ်ခုကို လှမ်းတွေ့လိုက်မိပြန်လေ၏။

မြေပြင်နှင့် တစ်စတစ်စနီးကပ်လာသောအခါ ပြိုပျက် လျက်ရှိသည့် အဆောက်အဦများ အုတ်တိုက်၊ ကျောက်တိုက်

အပေါင်းများကိုလည်း မောင်ရန်ရှင်း မြင်တွေ့ရပြန်လေ၏။

သူက စကားပြောရန် ကြိုးစားကြည့်သည်။

သို့သော် အချိုးအနှီးသာ ဖြစ်၏။ သို့ရာတွင် အနီရောင် အကျီဝတ်ပုဂ္ဂိုလ်ကြီးက...

"အောက်ရောက်မှ မင်းသိချင်တာတွေ ငါပြောပြပါ့မယ် ပိုင်ရန်ဝေ့ရယ်"

ဟု ၎င်း၏စိတ်အလိုကို သိသကဲ့သို့ ခပ်သွက်သွက် ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့ကိုယ်ခန္ဓာများ စမ်းချောင်းနံဘေးရှိ ကျောက်ပြင်သဏ္ဍာန် ပိုင်းစတ်စက်ရှိနေသည့် ကျောက်ပြားကြီး တစ်ခုပေါ်သို့ ညင်ညင်သာသာ ကျရောက်သွားပေတော့သည်။

"ကဲ...မင်း မေးချင်တာမေး၊ မင်း ပြောချင်တာ ပြော ပေတော့ ပိုင်ရန်ဝေ...ဟဲ...ဟဲ...ဟဲ"

ပုဂ္ဂိုလ်ကြီးက မွန်မွန်ရည်ရည် ပြောလိုက်သဖြင့် အာစေးထည့်ခံထားရသူပမာ စကားမပြောနိုင်သည့် ပိုင်ရန်ဝေ မှာ ထူးဆန်းစွာ နှုတ်ပွင့်လာရသည်။

"ဒါ...ဘယ်ဒေသလဲ လူကြီးမင်း၊ နောက်ပြီး လူကြီးမင်း က..."

"အို့...ဟို...ဟို"

အမေးမဆုံးမီ ပုဂ္ဂိုလ်ကြီးက သဘောကျလျက် ဟက် ဟက်ပက်ပက်ရယ်မောသဖြင့်မောင်ရန်ရှင်းကြောင်သွားရသည်။





ပြီးမှ ၎င်းက...

"အင်း...ပြောရမယ်ဆိုရင် ဒီနေရာဒီဒေသဟာ တစ်ချိန် က ယူနန်ပြည်ရဲ့အထင်ကရ အရေးပါ အရာရောက်ဆုံး တာဖူး ဆိုတဲ့ ခံတပ်မြို့နယ်တစ်နယ်ပေါ့ကွယ်၊ အဲ...ငါကလည်း အဲ့ဒီမြို့ အဲဒီနေပြည်တော်ပေါ့ကွာ၊ အဲဒီက အထင်ကရ ဘဏ္ဍာတော် ထိန်း အကြီးအမှူးတစ်ဦးပေပေါ့"

ဟု ဆို၏။

"ဗျာ...ကျွန်တော်စာပေတွေထဲမှာ ဖတ်မှတ်ဖူးသမျှဆို ရင် နောက်ဆုံး "မင်မင်းဆက်" ပျက်သွားပြီးကတည်းက တာဖူးမြို့ မှေးမှိန်သွားခဲ့တာ အခုဆိုရင် နှစ်ပေါင်း မနည်းတော့ ဘူးလေ"

ပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်လျက် ပြုံးနေ၏။

ပြီးမှ ၎င်းက...

"သိပ်မှန်တာပေါ့ ပိုင်ရန်ဝေရယ်၊ တိတိကျကျဆိုရင် နှစ်ပေါင်း တစ်ထောင်ကျော်ကျော်ရှိပြီလို့ ဆိုနိုင်သကွယ့်"

"ဟင်"

၎င်း၏ပြောစကားကြောင့် မောင်ရန်ရှင်းမှာ အလွန့် အလွန် အံ့ဩလျက် မည်သို့ပြန်ပြောရမည်မှန်း မသိတော့ချေ။

"အဲဒီတာဖူးမြို့ စည်းကားကောင်းစားချိန်မှာ မင်းရဲ့ အဖေဟာ တပ်မှူးဖြစ်သလို မင်းဟာလည်း ရဲရင့်တဲ့ တပ်ဗိုလ် ပိုင်ရန်ဝေ အဖြစ် ရှိခဲ့တာပေါ့"

မောင်ရန်ရှင်းမှာ ကြားရသည့်စကားများကြောင့် ယုံရ

မိုးဆမ်းပန်းစာပေ

အခက် မယုံရအခက် ဖြစ်နေရှာပေ၏။

"တို့...ဝွမ်း...ချမ်း"

ထိုအခိုက် ကျောက်ဂူနှင့် အဆောက်အဦပျက် တစ်ခုကြားမှ ရောင်စုံပိုးဖဲကတ္တီပါ အဝတ်အစားများကို ဝတ်ဆင်ကာ လက်နက်အသီးသီး ကိုင်ဆွဲ ထားသော အယောက်နှစ်ဆယ်ခန့် လူစုသည် ကြေးလင်ပန်း ကဲ့သို့ အရာဝတ္ထုတစ်ခုကို မနားတမ်း တီးခတ်လျက် ၎င်းတို့ရှိရာ ရှေးရှုလာနေသည်ကို မောင်ရန်ရှင်း တွေ့မြင်လိုက်ရလေ၏။

"အို...ရန်သူတွေများလား"

အထိတ်တလန့်ဖြစ်သွားသော မောင်ရန်ရှင်းကို ကြည့်ကာ ဘဏ္ဍာတော်မှူးဟောင်းဆိုသူ ပုဂ္ဂိုလ်ကြီးက အောက်ပါ အတိုင်း ဣန္ဒြေရရဖြေလိုက်သည်။

"မစိုးရိမ်ပါနဲ့ ပိုင်ရန်ဝေ၊ အဲ့ဒါ ကျုပ်တို့လို လာကြိုတဲ့ ကျုပ်လက်အောက် အမှုထမ်းတွေပါ၊ သူတို့က ကျုပ်နဲ့ ပိုင်ရန်ဝေ ပြန်အလာကို စောင့်နေကြတာလေ"

"ဒီလိုကိုး"

မောင်ရန်ရှင်းမှာ မည်သို့နားလည်ရမှန်း မသိအောင် ဖြစ်လျက် နှုတ်မှ ဗလုံးဗထွေး ထွက်သွားရသည်။

ထိုသူများ တဖြည်းဖြည်း အနီးကပ်ရောက်ရှိလာသည်တွင် တရုတ်ရှေးဟောင်းရိုးရာ အဝတ်အစား အသုံးအဆောင်များနှင့် ဦးခေါင်း၌လည်း အမျိုးမျိုးသော ဦးရစ်နှင့် ခေါင်းများ





ဆောင်းထားသည်ကို တွေ့မြင်ရလေတော့သည်။

သူတို့က စကားတစ်ခွန်းမျှ မဆိုကြပေ။

သို့သော် ဘဏ္ဍာမှူးကြီးအား တစ်ပြိုင်နက်လိုလို ဒူးထောက် ခေါင်းငုံ့ကာ အရိုအသေပြုလိုက်ကြ၏။

ထို့နောက် မောင်ရန်ရှင်းအား ဘဏ္ဍာရေးမှူးကြီးက လက်ပြလျက် ရှေ့မှဦးဆောင်ကာ ရေတံခွန်နှစ်ခုကြားရှိ ကြီးမားသော ကျောက်ဆောင်ကြီးတစ်ခုဆီသို့ ရှေးရှုခေါ်ဆောင်သွား၏။

သို့အတွက် လာကြိုသည့် စစ်သည်နှင့် အမှုထမ်းများမှာ ၎င်းတို့၏နောက်ဘက်မှ ကြေးမောင်းနှင့် ကြေးလင်ပန်းများကို ဆူညံစွာ တီးခတ်ကာ လိုက်ပါလာခဲ့လေသည်။

ထိုတီးခတ်သံများကြောင့် မောင်ရန်ရှင်း ခန္ဓာကိုယ်ထဲမှ သွေးများ ဆူပွက်လာကာ ထိုနေရာ၊ ထိုဒေသ၊ ထိုလူများသည် တစ်ချိန်က ၎င်းနှင့် ရင်းနှီးခဲ့သူများဖြစ်သကဲ့သို့ ရေးတေးတေး အမှတ်ရလာခဲ့၏။

"ဘယ့်နယ်လဲကွယ့် ပိုင်ရန်ဝေ"

အရင်းပရှိ အဖျားမရှိ လှည့်မေးလိုက်သည့် ဘဏ္ဍာမှူးကြီးကြောင့် မောင်ရန်ရှင်း ကြောင်သွားရသည်။

ပြီးမှ သူက လမ်းလျှောက်ရင်းမှ...

"ဘာကိုပြောတာလဲ ခင်ဗျာ"

ဟု မေးလိုက်၏။

ထိုအခါ ၎င်း၏စိတ်၌ဖြစ်ပေါ်နေသည်များအား အထင်း

သွားသိသကဲ့သို့...

"မင်းရဲ့ဘဝပေဟာင်းကို တဖြည်းဖြည်း ပြန်လည်သတိရစပြုနေပြီ မဟုတ်လားကွယ့်"

ဟု မေးလိုက်လေ၏။

"ဘဝဟောင်း ဟုတ်လား"

"ဒီအေးလေကွယ်"

ပုဏ္ဏိုလ်ကြီးက ဤမျှသာပြောကာ ကျောက်ဂူကြီး၏အဝသို့ ရောက်ရှိလာသဖြင့် ပိတ်ထားသော တံခါးဝ၌ ရပ်တန့်လိုက်တော့သည်။

ပြီးလျှင် အနောက်ဘက်မှ လူစုအား တစ်နေရာသို့ ထွက်ခွာသွားရန် လက်ကိုဝှေ့ရမ်းအချက်ပြလိုက်လေ၏။

လူစုလူဝေး ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် အင်္ဂါနီနှင့် ပုဏ္ဏိုလ်ကြီးက လက်ကိုဝှေ့ယမ်းလိုက်ပြန်ပြီးလျှင် တံခါးရှိရာသို့ ဆတ်ခနဲ လက်ညှိုးထိုးလိုက်သည်။

"ဂိုန်း...ဒလိန်း"

သံမဏိတံခါးကြီးက အသံမြည်ဟိန်းကာ တံခါးနှစ်ချပ်မှာ ဘေးတစ်ဘက်တစ်ချက်ဆီသို့ လျှောခနဲ တိုးဝင်သွားသဖြင့် ဂူပေါက်ဝ ပွင့်သွားတော့သည်။

မောင်ရန်ရှင်းမှာ တွေ့မြင်ရသည့်အခြေအထားကြောင့် မယုံနိုင်အောင်ပင် ဖြစ်နေရရှာလေသည်။

သူက ရုတ်တရက် ပွင့်သွားသည့်တွင် ကျောက်ဂူ





အတွင်းသို့ အမှတ်မထင် လှမ်းကြည့်လိုက်မိ၏။

ထိုအခါ အတွင်းဘက်၌ပြိုးပြိုးပျက်သော အလင်းရောင်တန်းများနှင့်တကွ ရုပ်တုအမျိုးမျိုး၊ တရုတ်နဂါး ရုပ်တု၊ ပန်းကန်ခွက်ယောက်များနှင့် နေရာအနှံ့လှပသော ပန်းအိုးများ အစီအရီထားသိုလျက်ရှိသည်ကို တွေ့မြင်ရသည်။

"လာလေကွယ်"

"ဟုတ်...ဟုတ်ကဲ့"

ဝတ်စုံနီနှင့် ပုဏ္ဏိုလ်ကြီးက ဦးဆောင်ကာ နှစ်ဦးသားကျယ်ပြောလှသည့် ဂူကြီးအတွင်းသို့ တိုးဝင်ခဲ့ကြသည်။

ထိုအခါ အမွှေးတိုင်များမှ စူးရှသောရနံ့များ၊ ပန်းပွင့်များမှ ချိုအီသင်းပျံ့သော ရနံ့များက ကြိုင်ကြိုင်လှိုင်လှိုင် ထွက်ပေါ်လျက်ရှိနေပေသည်။

ကျောက်ဂူကြီး၏အလယ်တည့်တည့်၌ တွဲရရွဲကျလျက်ရှိသည့် ကျောက်ပန်းဆိုင်၊ ကျောက်ပန်းခက်၊ ကျောက်စိုင်ကျောက်သားများက အထူးပဏ္ဏာရစွာ သဘာဝအလှကိုလှစ်ကြွားလျက် ရှိနေလေ၏။

မောင်ရန်ရှင်း အထူးအံ့ဩမိသည်မှာ တွေ့မြင်သမျှအရာဝတ္ထု အသုံးအဆောင်အားလုံးမှာ အနီရောင်နှင့် ရွှေရောင်တောက်ပနေခြင်းပင် ဖြစ်သည်။

ဘဏ္ဍာတော်မှူးကြီးသည် မောင်ရန်ရှင်း စိတ်တွင်ဖြစ်ပေါ်နေသည်အား သိသကဲ့သို့...

"အနီရောင်ကတော့ တို့ တရုတ်လူမျိုးတွေ အနှစ်သက်ဆုံး အရောင်ပဲလေ၊ အဝင်း...ရွှေရောင်တောက်နေတဲ့ အသုံးအဆောင်ပစ္စည်းတွေကတော့ တကယ့်ရွှေအစစ်တွေပေါ့ကွယ်၊ စစ်သမှ ပထမတန်းရွှေတွေလို့ဆိုရပေမယ်"

ဟုပြောလိုက်လေ၏။

"အလို...ဒီလိုလား"

အံ့ဩရင်း မောင်ရန်ရှင်းမှာ ခြသေ့ခေါင်း၊ နဂါးခေါင်း၊ ကျားခေါင်းစသည့် တောတိရစ္ဆာန်ပုံထုလုပ်ထားသည့် ရွှေထည်ပစ္စည်းအမျိုးမျိုး၊ဓား၊ လှံ၊ လေး၊ မြား၊ တင်းပုတ်၊ စကြာ၊ ချိန်သီးစသည့် ရွှေထည်နှင့်ထုလုပ်ထားသည့် ပစ္စည်းအမျိုးမျိုး၊ ရိုးရာရွှေထည်ရုပ်တုအမျိုးမျိုးတို့ကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုနေမိတော့သည်။

ထိုပစ္စည်းအမျိုးမျိုးမှာ ကျောက်ဂူနံရံရှိ ထုထွင်းထားဟန်ရှိသည့် စင်များပေါ်တွင် လှပစွာ အစီအရီထားရှိခြင်းဖြစ်သည်။

ကျောက်ဂူအတွင်းပိုင်း တစ်နေရာတွင်ကား ကြီးမားသော ကျောက်သေတ္တာကြီး ခုနစ်လုံးက ဆင့်လျက်သားရှိနေလေ၏။

"အဲဒါတွေဟာ ကျုပ် နှစ်ပေါင်းရှည်ကြာစောင့်ရှောက်လာရတဲ့ ပစ္စည်းတွေပေါ့ ပိုင်ရန်ဝေရယ်"

မောင်ရန်ရှင်းက မည်သို့မျှမဆိုဘဲ ပုဗ္ဗိုလ်ကြီးအား





အငေးသားကြည့်နေလိုက်မိသည်။

ထိုအခါ အနီရောင်ဝတ်စုံရှင်ပုဗ္ဗိုလ်ကြီးက ကျောက်သေတ္တာအနီးသို့ ချဉ်းကပ်လျက် လက်ဝါးရိုက်ချက် နှစ်ချက်ကိုအသုံးပြုလိုက်သည်။

"ဖြောင်း...ဖြောင်း"

ထိုအခါ ကျောက်မှုန် ကျောက်စများ တဖွားဖွားဖြစ်သွားလျက် သေတ္တာနှစ်လုံးမှ ဖုံးထားသော ခလောက်ကြီးများ ပွင့်သွားတော့သည်။

ထိုအခါ ကျောက်သေတ္တာအဖုံးများကို ဝတ်စုံနီပုဗ္ဗိုလ်ကြီးက သွက်သွက်လက်လက် လှန်ပေးလိုက်၏။

"ဝေါ...ဝေါ...ရှူင်...ရှူမ်...ချလန်"

မှိုမောက်နေသော ပစ္စည်းများဖြစ်ရာ ကျောက်သေတ္တာအဖုံး လှန်လိုက်သည်နှင့် ပစ္စည်းအချို့ကျောက်သားကြမ်းပြင်သို့ ထိုးကျလာတော့၏။

ထိုကျလာသောပစ္စည်းများမှာ ရွှေဒင်္ဂါးပြားများ၊ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုး၊ နားဆွဲအောင်း စသည့်ရွှေထည်ပစ္စည်းများနှင့်အတူ ပတ္တမြား၊ နီလာ၊ မြ၊ ဥသဘဖရား၊ ကျောက်စိမ်း စသည့် တန်ဖိုးမဖြတ်နိုင်လောက်အောင် များပြားသည့်ပစ္စည်းများဖြစ်နေသည်ကို မောင်ရန်ရှင်း တစ်ယောက် မယုံနိုင်စွာ တွေ့မြင်ရပေတော့သည်။

သို့သော် ရင်း၏စိတ်၌ ထိုပစ္စည်းများအား မက်မော

တွယ်တာခြင်း၊ တပ်မက်ခြင်း စသည် အလျဉ်းမရှိလေရာ ဆန်းကြယ်လွန်းလှသည်ဟု ဆိုရမည်သာ။

"ကဲ…ကဲ …ဒါတွေထားပါ၊ လောလောဆယ် မင်းဆာနေရောပေါ့ ပိုင်ရန်ဝေ"

လူကြီးက ဤသို့ဆိုကာ ၎င်း၏ကိုယ်လုံးနှင့်ကွယ်နေသည့် ကျောက်သလွန်ဆီသို့ လှည့်လိုက်သည်။

"ဟင်"

ယခင်က မည်သည့်အရာမျှရှိမနေသော ကျောက်သလွန်ကြီး တစ်ခုပေါ်တွင် ပူပူနွေးနွေး စားသောက်စရာ အစုံအလင်သည် အသင့်ရောက်ရှိနေပေတော့၏။

အံ့ဩစရာများ လွန်စွာပြည့်နှက်နေသည့် နေရာပေတကားဟု မောင်ရန်ရှင်း ရင်ထဲမှ အလိုလို မှတ်ချက်ချမိပေသည်။

ထို့နောက် မောင်ရန်ရှင်းအား ကျောက်ထိုင်ခုံ၌ ထိုင်စေကာ စားသောက်စရာများကို စားသောက်ခိုင်းသည့်အတွက် မြိန်ယှက်စွာ စားသောက်နေစဉ် ဝတ်စုံနီနှင့်ပုဂ္ဂိုလ်ကြီးက ကျောက်ဂူအတွင်းဘက် အမှောင်အတွင်းသို့ တိုးဝင်သွားခဲ့သည်။

လွန်စွာ အရသာရှိလှသော **အစားအသောက်များကို စားသောက်နေစိုက်ကျောက်ဂူကြီးအတွင်း၌အပ်ကျသံပင်ကြား၍ရမတတ် တိတ်ဆိတ်ခြင်းက မင်းမူလျက်ရှိနေလေ၏။**

**မောင်ရန်ရှင်းမှာ အရသာရှိလှသည့် အစားအသောက်**





များကြောင့် ခန္ဓာကိုယ်၌ အားအင်များ တိုးဖွဲ့ဝင်ရောက်လာသည် သို့လည်းကောင်း၊ စိတ်ကြည်လင်လန်းဆန်းလာသကဲ့သို့လည်းကောင်း ထူးထူးထွေထွေ ခံစားရကြောင်း နားလည် လိုက်မိသည်။

ထိုစဉ်၌ အတွင်းဘက်တွင် အလျှံပြီးပြီး မီးပုံကြီးတစ်ပုံ တောက်လောင်လာကာ ထိုမီးရောင်ဖြင့် ဝတ်စုံနီပုဂ္ဂိုလ်ကြီးနှင့်အတူ လူရိပ်သဏ္ဍာန် အရိပ်ကို မောင်ရန်ရှင်း တွေ့မြင်လိုက်ရပေသည်။

**မီးပုံကြီးမှ မီးခငွေ့များ** လူးလွန့်နေပုံမှာ ကောင်းကင်၌ ထိုးတက်ပျံ**သန်းသွား**သည့် ရွှေရောင်နဂါးကြီးတစ်ကောင်နှင့် အလားသဏ္ဍာန်တူနေသဖြင့် မောင်ရန်ရှင်းမှာ ငေးကြည့်နေမိလေ၏။

မည်သို့ဖြစ်သည်မသိအောင် မီးပုံသည် ပြန်လည်၍ငြိမ်သက်သွားကာ မကြာမီ ဝတ်စုံနီနှင့်ပုဂ္ဂိုလ်ကြီးက ဂူနက်ရာမှ ပြန်လည်ထွက်လာခဲ့၏။

ထိုအခါ၌ မောင်ရန်ရှင်းမှာ စားသောက်ပြီးစီးပြီဖြစ်ရာ ဝတ်စုံနီပုဂ္ဂိုလ်ကြီးက…

"မောင်ရန်ရှင်း မင်းဟာ ရွှေရောင်နဂါးတစ်ကောင် ကွယ်၊ ရွှေရောင်နဂါးဝီဝီ တို့လူမျိုးတွေပိုင်တဲ့ အမွေပစ္စည်း၊ အဖိုးတန်ပစ္စည်းမှန်သမျှကို ရှုတ်ရှုတ်ချုံချုံနဲ့ အသက်စွန့်ကာကွယ်ရမှာ အမှန်ပဲ"

ဟုရှုတ်တရက် ပြောလိုက်လေ၏။

မောင်ရန်ရှင်းက တစ်စုံတစ်ရာ ပြန်ပြောမည်ပြင်လိုက်၏။ သို့ရာတွင် ဝဝတ်စုံနီပုဂ္ဂိုလ်ကြီးက မောင်ရန်ရှင်းကို လက်ကာပြကာ ကျောက်ဂူအပြင်ဘက်သို့ ခေါ်ထုတ်လာခဲ့၏။

ထို့နောက် ကျောက်ဂူမှ ခွာကာ ကျောက်ပြင်သဏ္ဌာန် ကျောက်ပြားဝိုင်းကြီးဆီသို့ လာခဲ့၏။

ပြီးလျှင် ပုဂ္ဂိုလ်ကြီးက မောင်ရန်ရှင်းအား နဂါးရုပ်တောင်ဝှေးဖြင့် ထိုးလိုက်တော့သည်။

ထိုအခါ ၎င်းတို့နှစ်ဦး၏အရိပ်များသည် ယခင်အတိုင်း ကောင်းကင်ယံ၌ တရွေ့ရွေ့သွားနေလေ၏။

❀❀❀





## အခန်း (၁၆)

ဖျပ်ခနဲ အိပ်ယာမှနိုးလာသော မောင်ရန်ရှင်းမှာ အပြင်ဘက်၌ မှောင်ရည်သန်းနေသဖြင့် တိုင်ကပ်နာရီကြီးကို လှမ်းကြည့်လိုက်မိသည်။

ထိုအခါ နံနက်လေးနာရီထိုးကာစပင် ရှိသေးကြောင်း သိလိုက်ရသည်။

"အို ...အရုဏ်တောင် မတက်သေးပါလား။ အံ့စရာကြီး ရှိသေးတယ်"

ဤသို့ဆိုရင်းသောက်ရေအိုးမှရေတစ်ခွက် ခပ်သောက်ကာ အိပ်စက်ရန် ပြင်လိုက်သည်။

ထိုအခါ အိပ်ရာနံဘေးတန်းပေါ်ရှိနေသည့် ရုပ်တုထံ မျက်လုံးများက အမှတ်မထင် ရောက်ရှိသွားခဲ့သည်။

"အလို"

ထိုအခါ ရုပ်ထုမှာ ယခင်စမ်းချောင်းဘေးမှ ကောက်ရသည့်ညှိုညစ်ညစ်အဆင်းမဟုတ်တော့ဘဲ ဝါဝင်းသောအရောင်နှင့် အကျီနေရာတွင် ဟာသ်ာပြဒါးရောင်နီနီရဲရဲ အဆင်းရှိနေသည်ကိုမယုံနိုင်ဖွယ် တွေ့မြင်ရသဖြင့် အကြီးအကျယ် ထိတ်လန့်အံ့ဩသွားမိရသည်။

ထို့ကြောင့် ရုပ်တုကလေးကို တအံ့တဩ လှမ်းယူ ကိုင်တွယ်ကြည့်ရှုလိုက်သည်။

ဤတွင် ဆောင်းတွင်းအခါသမယပင် ဖြစ်လင့်ကစား ရုပ်တုလေး၏ အထိအတွေ့မှာ ပူနွေးလှသည်ဟု မောင်ရန်ရှင်း သိလိုက်ရ၏။

"ဟူး...ရုပ်တုနဲ့ အိပ်မက်ကတော့ မယုံနိုင်အောင် ထူးဆန်းနေတာ အမှန်ပဲ၊ အိပ်မက်လား၊ တကယ်လားဆိုတာ ခွဲခြားလို့တောင် မရတော့ပါဘူး"

သူက ရေရွတ်ရင်း ရုပ်တုကလေးကို အိပ်ရာဘေးရှိ တန်းပေါ်သို့ ပြန်ထားလိုက်သည်။

"ဟင်း...ကြည့်ရတာ ရုပ်တုဟာ ဝါဝင်းပြီး **ရွှေအစစ်** ဖြစ်သွားပုံရတယ်၊ ဦးကြီးနဲ့အဒေါ်တို့ မတော်တဆ **တွေ့သွားရင်** မေးမြန်းနေဦးမယ်၊ ဝှက်ထားမှ"





အထက်ပါအတိုင်း စဉ်းစားလျက် မောင်ရန်ရှင်းက ရုပ်တုအား အံဝှက်သေတ္တာလေးအတွင်းသို့ ထည့်သွင်းလိုက်၏။

ပြန်လည်အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ ဝတ်စုံနီ ပုဂ္ဂိုလ်ကြီး ပြန်ပေါ်လာပြန်ကာ ဤသို့ဆို၏။

"ဝိုင်ရန်ဝေ မင်းနယ်ကွာ၊ ငါ့မှာ ကာလကြာရှည်စွာ ရေထဲ နစ်မြုပ်ပြီး မွန်းနေရာက မင်းနဲ့တွေ့ရင် အသက်ရှူချောင် မယ်ထင်နေတာ၊ အခုတော့ မင်းက ငါ့ကို အသက်ရှူကြပ်အောင် လုပ်နေပြန်ပြီပေါ့လေ၊ အခု ထုတ်ပြီး ငါ့ကို လွတ်လွတ်လပ်လပ် ထားပါကွာ၊ ဒါမှ မင်းနဲ့ငါ ရေ့ဆက်ပြီး လုပ်စရာရှိတာ ဆက်လုပ် နိုင်မှာပေါ့ကွယ်"

အထက်ပါအသံများကို နားနှင့်ဆတ်ဆတ်ကြားပိုက်ရသဖြင့် မောင်ရန်ရှင်းတစ်ယောက် အိပ်ရာမှ ဆတ်ခနဲ လန့်နိုးရ ပြန်လေ၏။

ထို့ကြောင့် ရုပ်တုကို အံဝှက်သေတ္တာလေးအတွင်းမှ ထုတ်ယူကာ ယခင်အတိုင်း အိပ်ရာဘေးတန်းပေါ်တွင်ပင် ပြန် ထင်ထားလိုက်သည်။

ပြန်လည်၍ အိပ်စက်သော်လည်း မည်သည့်နည်းနှင့်မျှ အိပ်မပျော်တော့သဖြင့် မောင်ရန်ရှင်းမှာ မျက်နှာသန့်စင်ပြီးလျှင် သိုင်းလေ့ကျင့်ခန်းများကို ပြုလုပ်လျက်ရှိနေတော့၏။

မကြာမီ မိုးလင်းသွားရာ ဦးကြီးဦးကျင်တိတ်နှင့် ဇနီး ဒေါ်ရွှေသီတို့ နိုးလာကြလျက် မောင်ရန်ရှင်းကို ကြည့်ကာ တအံ့

တညြဖြစ်နေကြသည်။

"ကောင်လေး...ကြည့်စမ်း၊ အစောကြီးနိုးလို့ပါလား"

"ဟုတ်ပါရဲ့၊ နေမြင့်မှ ထလေ့ရှိသူက ဒီနေ့မှ အဆန်း အပြား အစောကြီးထလို့"

လင်မယားနှစ်ယောက်၏ အမေးကို မောင်ရန်ရှင်းက မည်သို့မျှ မဖြေဘဲ ပြုံးရုံမျှ ပြုံးပြလိုက်သည်။

ထို့နောက် ရေမိုးချိုးပြီးလျှင် ဦးကြီးဦးကျင်တိတ်တို့ဇနီး မောင်နှံနှင့်အတူ လက်ဖက်ရည်သောက်ရင်း စကားစမြီ ပြောမိကြသည်။

ဦးစွာဦးကျင်တိတ်က..,

"ငါ့တူရာ ညက အိပ်မက်မက်တယ်ကွယ့်၊ အိပ်မက်ထဲမှာ ငါ့တူက ဦးကြီးတို့ကို ပစ်ခွာပြီး တောအုပ်ကြီးထဲ ဝင်သွားလို့ တို့လင်မယားဟာ တကြော်ကြော်အော်ခေါ်တာ အသံတောင် ဝင်မတတ်ပါပဲကွယ်"

ဟုဆို၏။

"ဟင်...ဟုတ်လား...အိပ်မက်က အဆန်းပါလား ဦးကြီး"

ထိုအခါ ဒေါ်ရွှေသီက...

"လူကလေးရယ် ဒေါ်ဒေါ်တို့ကို ဘယ်အခါမှ ခွဲမသွားပါနဲ့နော်"

ဟု တောင်းပန်သကဲ့သို့ ပြောရှာလေ၏။





မောင်ရန်ရှင်းက ပြုံးလျက်မှ နှစ်သိမ့်လိုက်ရသည်။

"စိတ်မပူပါနဲ့ ဦးကြီးနဲ့ဒေါ်ဒေါ်၊ အိပ်မက်ဆိုတာ သူ မက်ချင်သလိုမက်တာ မဟုတ်လား။ စိတ်ချပါ၊ ကျွန်တော် ဦးကြီးနဲ့ ဒေါ်ဒေါ်တို့ကို ပစ်ပြီး ဘယ်တော့မှ မသွားပါဘူး"

ထိုအခါကျမှ လင်မယားနှစ်ယောက်စလုံး ပြုံးပြုံးရွှင်ရွှင် ပြန်ဖြစ်သွားကာ လက်ဖက်ရည်နှင့် မုန့်များကို တဝစားသောက်ကြပေသည်။

တစ်နေ့တာဝေယျာဝစ္စ၊ အမှုကိစ္စများ ပြီးဆုံးလျက် ညဘက်ရောက်၍ အိပ်ပျော်သွားစဉ် မောင်ရန်ရှင်းတစ်ယောက် အိပ်မက်ထပ်မက်ပြန်လေ၏။

အိပ်မက်ထဲတွင် သူသည် ဘဏ္ဍာရေးမှူးအဘိုးအိုနှင့် အတူ ယူနန်ပြည်နယ်စပ်ကျောက်ဂူကြီးတစ်ခုအတွင်း ရောက်လျက်ရှိနေပေသည်။

အဘိုးအိုသည် ယခင်အတိုင်းပင် တောက်ပြောင်သော ဖဲသားနီဝတ်ရုံကို ခြုံလွှမ်းထားလျက် ရင့်ကျက်သည့် ကရုဏာနှင့် မောင်ရန်ရှင်းအား ကျောက်ဂူအဝသို့ ဆွဲခေါ်သွားခဲ့၏။

အပြင်ဘက်တွင်ကား ဆီးနှင်းများ ဝေသီမှုန်မှိုင်းလျက် ဝန်းကျင်အနှံ့ကို ပိုးတဝါးအသွင်သာ မြင်တွေ့နေရသည်။

ခပ်လှမ်းလှမ်းဆီမှ ရေတံခွန်စီးကျသံများက ခပ်မှန်မှန် ပေါ်ထွက်လျက်ရှိသည်။

"အေး...အခုဆိုရင် ငါ တာဝန်ယူစောင့်ရှောက်ရတဲ့

ဘဏ္ဍာတိုက်ကို မသာမာသူတော်တော်များများဟာ သတင်းရရှိပြီး လောဘစိတ်နဲ့ မကြာမကြာ ရောက်လာလေ့ရှိသကွယ့်၊ ဒီဘဏ္ဍာသိုက်ကို မင်းသာလျှင် ခုခံကာကွယ်နိုင်စွမ်းရှိတယ်လို့ တို့ရဲ့...အဲ...သက်ဆိုင်ရာပုဂ္ဂိုလ်ကြီးတွေက ညွှန်ကြားသမှုပြုတာကြောင့် မင်းကို ဟောဒီနေရာအထိ ခေါ်လာခဲ့ရတာပါပဲ ပိုင်ရန်ဝေရယ်"

"ကျွန်တော်တော့ ဘယ်ပုံဘယ်နည်းနဲ့ ယုံရမှန်းတောင် မသိတော့ပါဘူး ဘိုးဘိုးရယ်"

"ဒါနဲ့ မင်းကို တစ်ခုပြောရပေဦးမယ်"

"ဘာပါလိမ့်ခင်ဗျာ"

"ဟော...ဟိုမှာကြည့်လိုက်စမ်းကွယ်"

"ဟင်"

အဘိုးအိုညွှန်ပြရာသို့ကြည့်လိုက်သောအခါ ကျောက်ဂူ၏ အရှေ့ဘက်တည့်တည့် အတော်လှမ်းသည့်အရပ်တွင် တောင်မြင့်ကြီးတစ်တောင်မှ မီးလုံးကြီးများ ဆင့်၍ဆင့်၍ တက်လာသည်ကို တွေ့လိုက်ရသဖြင့် မောင်ရန်ရှင်းအထူး အံ့ဩရပြန်တော့သည်။

နင်းမှုန်နင်းငွေများကြား၌ မီးရောင်များဖြာလျက်ရှိရာ လှပလွန်းသော မြင်ကွင်းတစ်မျိုးဟု ဆိုရမည်သာ။

"အဲဒီတောင်ဟာ မှော်စက်ရောင်နတ်တောင်လို့ ခေါ်တယ် ပိုင်ရန်ဝေ"





"မှော်စက်ရောင်နတ်တောင် ဟုတ်လား၊ ခေါ်လို့ကောင်းတာနဲ့အမျှ အဲဒီတောင်မှာ ထူးထူးဆန်းဆန်းတွေ ရှိတာ အမှန်ပဲနော် ဘိုးဘိုး"

မောင်ရန်ရှင်းအမေးကို အဘိုးအိုက ဖြေဆိုခြင်း မပြုဘဲ ပြုံးရုံမျှ ပြုံးနေလိုက်သည်။

ပြီးမှ ရင်းဗာ...

"အဲဒီတောင်မှာ မောင်နှမသုံးယောက် စောင့်ရှောက်တယ်၊ သို့ပေမယ့် အခုတော့ အစ်မအကြီးဆုံးဖြစ်တဲ့ မှော်စက်ရောင်နတ်တောင် ဒေဝီသခင်မသာ ရှိပါတယ်"

ဟုဆို၏။

"အလို...ဒါဖြင့် ကျန်တဲ့ မောင်နှမနှစ်ယောက်ကရော ဟင်"

အဘိုးအိုက ပြုံးလျက်မှ...

"အဲဒီမေးခွန်းကို အဖြေမပေးမီ မင်းသိအောင်ပြောရဦးမယ် ပိုင်ရန်ဝေ၊ တကယ်ဆိုတော့ မှော်စက်ရောင်နတ်တောင် ဒေဝီတစ်ပါးဖြစ်တဲ့ ညီမငယ်ကျင်ကျူးကျူးခေါ်ကျင်စာရီဟာ တစ်ချိန်က မင်းရဲ့ချစ်သူရည်းစားပေပေါ့"

ဟုဆိုလိုက်၏။

"ဗျာ"

အံ့ဩနေသည့် မောင်ရန်ရှင်းအား ကြည့်ကာ ဘဏ္ဍာရေးမှူးအဘိုးအိုက ဆက်ပြောသည်။

"တာဖူးမြို့ စည်ကားချိန်မှာ ကျင်စာရီက မြို့စားမင်းသမီး၊ မင်းက တပ်မှူးလေးပေါ့၊ အင်း...မွန်ဂိုတွေရဲ့ကျူးကျော်စစ်ကို ဆင်နွှဲရင်း မင်းကျဆုံးသွားတော့ သူမဟာ ရင်ကွဲနာကျပြီး သေဆုံးရရှာတယ်၊ နောက်တော့ မှော်စက်ရောင်နတ်တောင်ဒေဝီသခင်မရဲ့ညီမဖြစ်လာခဲ့တယ်ဆိုပါတော့လေ"

"ဟင်...တစ်မျိုးပါလားဗျ"

ကြားရသည့်စကားများကြောင့် မောင်ရန်ရှင်းမှာ အံ့ဩပြီးရင်း အံ့ဩနေရတော့သည်။

ထိုအချိန်တွင် ကျောက်ဂူနှင့် မလှမ်းမကမ်း ရေတံခွန်ဘက်ဆီမှ အော်ဟစ်ကြိမ်းဝါးသံများနှင့် ထိုးခုတ်တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ကြရလေ၏။

"အလို"

"ဟင်"

ဘဏ္ဍာရေးမှူးအဘိုးအိုနှင့် မောင်ရန်ရှင်းတို့မှာ တိုင်ပင်ထားသည့်အလား တိုက်ခိုက်သံများ ထွက်ပေါ်လာရာသို့ ပြိုင်တူလိုလို အလျင်အမြန် ထွက်လာခဲ့ကြသည်။

"အို...မဟူရာမိစ္ဆာကျောက်လန်တို့အဖွဲ့အပြင် သံခက်ရင်းဝူးအော့တို့ကပါ ကျင်စာရီတို့မောင်နှမကို တိုက်နေတာကိုး။ မဖြစ်ဘူး ဒီတိုက်ပွဲကို တို့ဝင်ပါမှဖြစ်မယ်"

ကြာပွတ်၊ တင်းပုတ်၊ ခက်ရင်း၊ သံညှပ်၊ ချိန်းကြိုး၊ ကြော၊ လှံတို၊ လှံရှည်၊ ကတ်ကြေး၊ ဆူးချွန် စသည့်လက်နက်ပေါင်းစုံ





ကိုင်ဆောင်ထားသည့် လူ အယောက် နှစ်ဆယ်နီးပါးနှင့် တိုက်ခိုက်နေသူများမှာ မောင်ရန်ရှင်းနှင့် မတိမ်းမယိမ်းအရွယ်ရှိ လူနှစ်ယောက်ဖြစ်သည်ကို အံ့ဩစဖွယ် တွေ့မြင်ရသည်။

ပို၍ အံ့ဩရသည်မှာ ထိုနှစ်ယောက်သည် မျက်နှာချင်း ဆင်လျက်၊ အထူးချောမောသည့်သာမက ဝတ်စုံဖြူများကို ဝတ်ဆင်ထားပြီး တစ်ဦးမှာ ယောကျ်ားလေးဖြစ်သော်လည်း တစ်ဦးမှာ မိန်းကလေးဖြစ်နေခြင်းပင်တည်း။

မောင်ရန်ရှင်းမှာ ပင်ကိုကပင် မဟုတ်မခံစိတ်ရှိသူ တစ်ယောက်ဖြစ်သောကြောင့် လူများစုက လူနှစ်ယောက်အား သဲသဲမဲမဲ မညှာမတာတိုက်ခိုက်နေခြင်းအပေါ် မခံမရပ်နိုင် ဖြစ်ကာ ဘဏ္ဍာရေးမှူးအဘိုးအိုပြောလိုက်သည်နှင့် တိုက်ပွဲအတွင်းသို့ အလိုအလျောက် ခုန်ဝင်ပြီးသား ဖြစ်နေပေတော့သည်။

ထိုအချိန်၌ ဘဏ္ဍာရေးမှူးအဘိုးအိုက မည်သည့် နေရာကမှန်းမသိသည့် ဓားတစ်လက်ကို ပစ်ပေးလိုက်သဖြင့် မောင်ရန်ရှင်းက ကျွမ်းကျွမ်းကျင်ကျင် ဖမ်းယူကာ ရန်သူများအား သူရဲစီးသူကဲ့သို့ အတင်းဝင်ရောက် ထိုးသတ် ခုတ်ပိုင်းလေ၏။

"ဟိုင်း"

"ရွှစ်"

"အိုး"

"ဟိတ်"

"ဝိုး"

"ရှူမ်း"

မာန်သွင်း အော်ဟစ်သံ၊ ထိုးခုတ် တိုက်ခိုက်သံ၊ လက်နက်ချင်းထိခတ်သံများက ဝန်းကျင်တစ်ခို ကြောက်ခမန်း လိလိ ပေါ်ထွက်လျက်ရှိ၏။

မောင်ရန်ရှင်းတို့ ရုတ်တရက် ဝင်ရောက်လာသည် ကြောင့် ရန်သူများကို ရှုတ်ရှုက်ချွံချွံ ခုခံတိုက်ခိုက်နေသူ နှစ်ယောက်မှာ လွန်စွာ အားတက်သွားရသည်။

တစ်ဖန် မောင်ရန်ရှင်းက သွက်လက်မြန်ဆန်သော ဓား ချက်များနှင့် အံ့မခန်းတိုက်ခိုက်သည့်အတွက် ရန်သူအချို့အတုံး အရုံးကျကုန်သောအခါ အဖြူရောင်ဝတ်စုံရှင်နှစ်ယောက်က မောင်ရန်ရှင်းအား လေးစားသည့်အကြည့်နှင့် ကြည့်နေမိကြ သည်။

ထွားကြိုင်းသောခန္ဓာကိုယ်ပိုင်ရှင် သံခက်ရင်းဝူးအော့ ဆိုသူက...

"ကဲ...မဟူရာမိတ္တာရေ...ဒီနေ့အဖို့ ကျုပ်တို့အစီအစဉ် အောင်မြင်မှာ မဟုတ်ပေဘူး"

ဟု ဆိုလိုက်၏။

အရပ်ရှည်ရှည်နှင့် အပြာရောင်ဝတ်စုံ ဝတ်ထားသူ ကျောက်လန်ဆိုသူက မျက်နှာမှ ကန့်လန့်ဖြတ် အမာရွတ်ကြီးကို





ဇမ်းရင်း မျက်နှာမဲ့လျက်...

"ဟုတ်တယ်၊ သံခက်ရင်းဝူးအော့ ဘဏ္ဍာဂူထဲကို ဝင်မယ့် ကျုပ်တို့အစီအစဉ်ဟာ မမျှော်လင့်ဘဲ နှောင့်ယှက်သူ တွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာတာမို့ လက်လျှော့ရ မလို ဖြစ်နေပြီ၊ ကျုပ်တို့မှာ ဖော်ဂျီသစ်ဖင်ကို ရှာဖို့ ကိစ္စလည်း ရှိသေးတယ်လေဗျာ"

ဟု ဆိုလိုက်၏။

"ဟုတ်တယ်၊ ဒါဖြင့် သွားကြစို့"

သူတို့က ဆုတ်ခွာလျက်မှ ကြုံးဝါးသွားသေးသည်။

"အေး...အခုတိုက်[illegible]ကို ဝင်လာတဲ့သူတွေ မင်းတို့ ဘာကောင်တွေဖြစ်ဖြစ် တို့ဂရုမစိုက်ဘူးကွ၊ တို့ကိစ္စပြီးလို့ ပြန် လာမှ မင်းတို့ ဇီဝိန်တွေကို ခြွေပစ်ရမယ်၊ သံခက်ရင်းဝူးအော့နဲ့ မဟူရာမိတ္တာ ကျောက်လန်တို့အဖွဲ့ကွ...မှတ်ထား"

သူတို့က ရေတံခွန်အနီးနားရှိ ကျောက်တုံးကျောက်ခဲ များကြားသို့ လျင်မြန်စွာ ပြေးလွှားသွားကြသည်။

ထိုလူများပျောက်ကွယ်သွားသောအခါတိုက်ပွဲနေရာ၌ လူလေးယောက်သာ ရပ်လျက်သာ ကျန်ရှိကြသည်။

"ဘဏ္ဍာရေးမှူးကြီးကို ကျွန်တော်တို့မောင်နှမက ဂါရဝပြုပါတယ်"

"ကျွန်မကလည်း ဂါရဝပြုပါတယ် ဘိုးဘိုး"

ဝတ်စုံဖြူနှစ်ဦးက ယဉ်ကျေးစွာဆိုလျက် ဘဏ္ဍာရေးမှူး

အဘိုးအိုအားဖြိုင်တူဂါရဝပြုလိုက်ကြသည်။

အဘိုးအိုက ရပ်ကြည့်နေသော မောင်ရန်ရှင်းအား လက်ညှိုးထိုးပြလိုက်ပြီးလျှင်...

"သူက ပိုင်ရန်ဝေလေ"

ဟု ပြောလိုက်လေရာ ဝတ်စုံဖြူနှစ်ယောက်မှာ အံ့အားသင့်လျက် ပွါးစပ်များဟသွားကြ၏။

ထို့နောက် မောင်ရန်ရှင်းအား စူးစူးစိုက်စိုက် ကြည့်နေကြတော့သည်။

မောင်ရန်ရှင်းက...

"ဘာလဲဗျ၊ ခင်ဗျားတို့က ကျွန်တော့်ကို သိလို့လား"

ဟု မေးလိုက်သည်။

ဝတ်စုံဖြူနှင့်လူရွယ်က ဟက်ခနဲတစ်ချက်ရယ်ကာ...

"အရင်တုန်းက ကျွန်တော်ဟာ ခင်ဗျားအဖေရဲ့တပ်မှာ အကြပ်တပ်သားတစ်ဦးပေါ့ဗျာ၊ ဒီတော့ ခင်ဗျားကို သိတာပေါ့ ပိုင်ရန်ဝေ"

ဟု ဆိုလိုက်၏။

ဝတ်စုံဖြူအမျိုးသမီးကမူ မောင်ရန်ရှင်းအား မယုံနိုင်ဟန်ဖြင့် တောက်ပသော မျက်လုံးအစုံနှင့်ကြည့်ရင်း...

"ဪ...လက်စသတ်တော့ ရှင်ကိုး"

ဟုသာ တစ်ကိုယ်တည်းကြားရုံသဲ့သဲ့မျှ ရေရွတ်လိုက်၏။





ဘဏ္ဍာရေးမှူးအဘိုးအိုက...

"ဒီမှာ ပိုင်ရန်ဝေ...သူက တစ်ချိန်က မြို့စားမင်းရဲ့ သမီးတော် ကျင်စာရီပေါ့ကွယ်"

ဟု ဆိုကာ အဓိပ္ပါယ်ပါပါပြုံးလိုက်လေ၏။

ထိုအခါကျမှပင် မောင်ရန်ရှင်းမှာ တစ်ချိန်က မိမိ၏ ချစ်သူရည်းစားဖြစ်ခဲ့သည်ဆိုသော ကျင်ကျူးကျူးခေါ် ကျင်စာရီကို စေ့စေ့ကြည့်မိသည်။

ထိုအခါ ကျင်စာရီမှာ ဖြူသော၊ နွဲ့သော၊ ချောမောလှပသော မိန်းမပျိုတစ်ယောက်ဖြစ်မှန်း အကဲခတ်မိတော့၏။

အမျိုးသား ခြုံလွှမ်းသည့်ဝတ်စုံဖြူကို ဝတ်ဆင်ထားသော်လည်း သူမ၏လှပကျော့ရှင်းသော ကိုယ်ခန္ဓာ အချိုးအစားက ထင်းထင်းကြီး ပေါ်လွင်နေသည်။

"ကျွန်တော် ခင်ဗျားတို့နဲ့တွေ့ရတာ ဝမ်းသာလှပါတယ်ဗျာ"

ဤတွင် ဘဏ္ဍာရေးမှူးအဘိုးအိုက...

"သူက အခု ကျင်စာရီရဲ့မောင်ငယ်ဖြစ်တဲ့ ကျင်ကျူးလုံတဲ့၊ သူတို့ မောင်နှမနှစ်ယောက်ဟာ အဘနဲ့ ရင်းနှီးသူတွေ ဖြစ်သလို၊ ဘဘအတွက် အကာအကွယ်ပေးစွမ်းသူတွေလို့ ဆိုနိုင်ပေသကွယ့်"

ဟု ပြောလိုက်လေ၏။

"ဪ...ဘဘရဲ့မိတ်ဆွေတွေဆိုပါတော့"

ထို့နောက် အဘိုးအိုဏ် ဖိတ်ခေါ်မှုဖြင့် သူတို့အားလုံး ကျောက်ဂူကြီးသို့ ရောက်ရှိကြပြန်သည်။

ဂူကြီးအတွင်းပိုင်းသို့ ကျင်ကျူးလုံနှင့် အဘိုးအိုတို့ ဝင်ရောက်သွားကြသောအခါ မီးပုံကြီးနံဘေးတွင် ကျင်စာရီနှင့် မောင်ရန်ရှင်းတို့ နှစ်ဦးသာ ကျန်ရစ်ခဲ့ကြသည်။

ဤတွင် ကျင်စာရီက လှပသောမျက်တောင်ကော့ကြီးများနှင့် ကြည့်ရင်း...

"ရှင်ဟာ...ပိုင်ရန်ဝေအစစ်ပါနော်"

ဟု မေး၏။

မောင်ရန်ရှင်းက ဏှာခေါ်ရနှင့်...

"ပိုင်ရန်ဝေ ဟုတ်,မဟုတ်တော့ မသိဘူး၊ အခု ကျွန်တော့်နာမည်က မောင်ရန်ရှင်းတဲ့၊ မြန်မာပြည်မှာနေတယ်"

ဟု တုံးတိတိပြောလိုက်လေ၏။

"အိုး...မြန်မာပြည်ကလာတာလား"

သူမက မယုံနိုင်ဟန်ဖြင့် ဤသို့ဆိုရင်း မောင်ရန်ရှင်းကို တွေတွေကြီး စိုက်ကြည့်နေ၏။

ထိုအကြည့်၌ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ အံ့သြခြင်း၊ နှစ်သိမ့်ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်း အစရှိသည်တို့ ရောနှောပါဝင်လျက်ရှိကြောင်း မောင်ရန်ရှင်း သတိပြုမိပေသည်။

ပြီးမှ မောင်ရန်ရှင်းက...

"ဘက္ကာရေးမှူးအဘိုးအိုရဲ့ ပြောကြားချက်အရဆိုရင်





ပိုင်ရန်ဝေဆိုတာ..."

ဟု စကားမဆုံးခင် ကျင်စာရီက...

"ပိုင်ရန်ဝေဆိုတာ ကျင်စာရီရဲ့ချစ်မဝတဲ့ ချစ်ဦးသူပေါ့ရှင်"

ဟု ဆိုကာ ခေါင်းကလေးငုံ့သွားရှာ၏။

ထိုအခါ မောင်ရန်ရှင်းက...

"အင်း...ဒါဆို...ကျွန်တော် ပိုင်ရန်ဝေအစစ် ဖြစ်ချင်လာပြီဗျာ...ဟဲ...ဟဲ...ဟဲ"

ဟု ခပ်သွက်သွက်ဆိုလိုက်လေ၏။

"ဟွန်း"

ထိုစကားကြောင့် ကျင်စာရီမှာ မျက်နက်ကလေးထောင့်ကပ်လျက် မောင်ရန်ရှင်းကို ကြည့်ရင်းပြုံးသကဲ့သို့ ဖြစ်သွားရသည်။

အမှန်စင်စစ်အားဖြင့်လည်း သူမမျက်နှာတွင် ဖော်ပြနိုင်စွမ်းမရှိသည့် ဝမ်းမြောက်ခြင်းအဟုန်ရိုက်ခတ်လျက် ရှိပေသည်။

"ဝုန်း"

ထိုအချိန်၌ ကျောက်ဂူအတွင်းဘက်မှ မီးတောက်ကြီးတစ်ခုနှင့်အတူ မီးခိုးလုံးများ ထွက်ပေါ်လာလျက်မြေပြိုခမန်းအသံကြီးများကိုကြားလိုက်ကြရ၏။

"အား"

"အီး"

မချိန်မဆန့်အော်သံများနှင့်အတူ ကျောက်ဂူကြီး အတွင်းမှ ပိုးတဝါး အရိပ်သဏ္ဌာန်များ ထွက်ပေါ်လာသည်။

"ဩော် ...လက်စသတ်တော့ ပင်လယ်လိပ်ပြာနီ ချူး ကျင့်နဲ့ သံနက်ဓားယိမေတို့ကိုး၊ လောဘသားတွေတော့ အသိုး အိုရဲ့တပည့်တွေနဲ့ တွေ့နေပြီပေါ့၊ ကောင်းတယ် ... ခစ် ... ခစ် ... ခစ်"

ကျင်စာရီက ယင်းသို့ပြောရင်း ချစ်စဖွယ်ရယ်လိုက်စဉ် မှာပင် လိပ်ပြာတောင်ပံကဲ့သို့ ဝတ်စုံဝတ်လူနှင့် သံနက်ဓား ကိုင် ဆောင်ထားသည့် မိန်းမရျောတစ်ယောက်တို့သည် သွားရှုန်များ နှင့် လည်ပင်းရှည်ရှည်၊ အမြီးရှည်ရှည်သတ္တဝါကြီး၏ လက် နှစ်ဖက်ကြားမှ ခုန်ထွက်လာသည်ကို တွေ့မြင်လိုက်၏။

သူတို့နောက်ဘက်မှ ပုံမကျ ပန်းမကျသတ္တဝါကြီး အချို့ နှင့် အမျိုးအမည်မသိ ထူးခြားလှသည့် ပုံစံအမျိုးမျိုး သတ္တဝါများ ကအပြေးအလွှားလိုက်နေကြသည်။

"ဝူး"

"ဟား"

"ဖေဟး"

အသံသေးအသံကြောင်များဟစ်အော်၍လိုက်နေခြင်း ဖြစ်သဖြင့် ကျောက်ဂူအတွင်း၌ ကမ္ဘာပျက်သကဲ့သို့ တုန်ဟည်း နေပေတော့သည်။

ပင်လယ်လိပ်ပြာနီဆိုသူနှင့် သံနက်ဓားဆိုသူ အမျိုး





သမီးတို့သည် ဒရောသောပါး မီးပုံကြီးကို လွှားခနဲ ခုန်ကျော်လိုက်ကြသည်။

ယင်းသို့ ခုန်လွှားရင်း မီးပုံအနီး၌ ရပ်နေကြသည့် မောင်ရန်ရှင်းနှင့် ကျင်စာရီတို့ထံ လျှပ်တစ်ပြက် ဓားချက်များကို ပစ်သွင်းသွားကြသည်။

"သတိထား ပိုင်ရန်ဝေ"

"ဝှစ်"

"ရှစ်"

"ရှူင်း"

"ထန်း"

သူတို့အချိန်မီ ခုခံနိုင်လိုက်သောကြောင့် လက်နက်ချင်း ထိကာ မီးပွင့်မီးပွားများ ဖြာခနဲ ထွက်သွားရသည်။

ထိုအခိုက် ကျောက်ဂူအဝသို့ ရောက်သွားကြပြီ ဖြစ်သည့် ပင်လယ်လိပ်ပြာနီနှင့် သံနက်ဓား နောက်သို့ လျင်မြန်လှသော အမွေးစုတ်ဖွားဖွားသတ္တဝါကြီး တစ်ကောင်က အရှိန်ပြင်းပြင်းနှင့် ပြေးလွှားလိုက်ပါသွား၏။

"အား"

"အီး"

ပင်လယ်လိပ်ပြာနီနှင့်သံနက်ဓားတို့ကား ကြောက်အား လန့်အား အော်ဟစ်ကာ ရေတံခွန်ဘက်သို့ ပြေးသွားကြရာ ထိုသတ္တဝါကြီးကလည်း မနားတမ်း လိုပါ သွားပေတော့သည်။

မောင်ရန်ရှင်းက ရန်သူနှစ်ယောက် ပြေးလွှားထွက်ခွာသွားသည့်အဖြစ်ကြောင့် ဝမ်းမြောက်လျက် ကျင်စာရီကို လှမ်းဖက်လိုက်လေတော့၏။

❋❋❋

အိပ်ရာမှ နိုးလာသည်တွင် ခေါင်းအုံးကို ဖက်လျက်သား ရှိနေသည်ကြောင့် မောင်ရန်ရှင်းမှာ အိပ်မက်ထဲမှ ကျင်စာရီကို သတိရမိကာ တစ်ကိုယ်တည်းပြုံးလိုက်မိ၏။

"အင်း...ကျင်စာရီ...ကျင်စာရီ...မိန်းမချောလေးပေပဲ ငါ့အိပ်မက်က ထူးလှပါကလား"

ထိုသို့ရေရွတ်ရင်း တန်းပေါ်မှ အဘိုးအိုရုပ်တုကလေးကို ကြည့်လိုက်ရာ ရုပ်တုမျက်နှာအနေအထားမှာ ပြုံးနေသည့် အနေအထား ဖြစ်နေသည်ကို ထူးထူးခြားခြား တွေ့မြင်ရပေ၏။

"တကယ့်ကို ထူးတာမှန်း ငါတစ်ယောက်သာ သိတယ်၊ ဒီအကြောင်းကို တခြားလူတွေပြောပြရင် မယုံတဲ့အပြင် ရယ်တောင်ရယ်ဦးမယ်"

မောင်ရန်ရှင်းက ဤသို့ပင် မှတ်ချက်ချလိုက်မိသည်။

ထို့နောက်အိပ်ရာမှထပြီး မကြာမီ သစ်ကုန်သည်များ





ရောက်လာသဖြင့် ၎င်းတို့မှာသော သစ်အမျိုးအစားရရန် မောင်ရန်ရှင်းမှာ တောအုပ်အတွင်းသို့ ထွက်ခဲ့ရပြန်၏။

သူဌေးကြီးဦးကျင်တိတ်က စိတ်မချသဖြင့် ၎င်းလိုင်စင်နှင့် ကိုင်သော သေနတ်ကို လိုရမယ်ရ ပေးလိုက်ပေသည်။

မည်သို့ဖြစ်သည်မသိအောင်ပင် ခရီးလမ်းတစ်လျှောက် အိပ်မက်ထဲမှ ဘဏ္ဍာထိန်းအဘိုးအို၏ ရုပ်ပုံက မကြာ မကြာ အသိစိတ်၌ ပေါ်ပေါက်လာလေ့ရှိရာ မောင်ရန်ရှင်းမှာ နားမလည်နိုင်အောင် ဖြစ်နေရသည်။

ဤသို့ဖြင့် တောအုပ်အတွင်းသို့ စတင်ဝင်ရောက်ခဲ့ပြီ ဖြစ်သည်။

"ကွိ...ကွိ...ကွိ...ကွိ"

"ချွီး...ချွစ်"

သစ်ပင်ကြီးထက်မှ မျောက်ညိုနှစ်ကောင် ဆော့ကစားနေသည်ကို သဘောကျသည်နှင့် ရပ်ကြည့်နေမိသည်။

ထိုစဉ် အခြားသစ်ပင်ကြီးများ၏ ပင်စည်နောက်ဘက်မှ လူရိပ်သုံးခုတစ်ပြိုင်နက် ထွက်ပေါ်လာကာ မောင်ရန်ရှင်းအား အလစ်အငိုက် တိုက်ခိုက်ကြတော့၏။

"ဟိုင်း"

"ဟား"

"ဖုစ်"

"ခွပ်"

မောင်ရန်ရှင်းမှာ တိုက်ခိုက်မှုအရာတွင် ကျွမ်းကျင်လှသည်ကား မှန်၏။ သို့ရာတွင် ရန်သူများက လုံးဝမထင်မှတ်ဘွာ အလစ်အငိုက်၌ တိုက်ခိုက်ခြင်းဖြစ်ရကား အလူးအလဲခံရရှာ၏။

သူက အတတ်နိုင်ဆုံး ကြိုးစားကာ ပြန်လည်၍ တိုက်စစ်ဆင်သည်။

သို့သော် ရန်သူတစ်ယောက်က နောက်ဘက်မှ တိုးကပ်ကာ မောင်ရန်ရှင်းမျက်နှာသို့ အဝတ်စတစ်ခုကို ဖိကပ်လိုက်လေ၏။

"ဟူး...ဗိုး"

ထို့ကြောင့် မောင်ရန်ရှင်းမှာ အနံ့ဆိုးများမွှန်းလျက် ချက်ချင်းလိုလို သတိလစ်သွားရပေတော့၏။

※※※





## အခန်း (၁၅)

"ငါ့ရဲ့ရန်သူဖြစ်တဲ့ ဦးလေးကျင်တိတ်ကို ပေဟာဒီယူနန်နယ်စပ်လိုက်ခဲ့ဖို့ ငါ အကြောင်းကြားခဲ့တယ်ကွ၊ ဟဲ...ဟဲ...ဟဲ... ငွေသုံးသိန်းပါ တစ်ပါတည်းယူခဲ့ဖို့ပေါ့ကွယ်"

"ပိုင်တယ် ဆရာကြီး၊ သူဌေးကြီးဦးကျင်တိတ် ဒီရောက်လာလို့ကတော့ ဆရာကြီးအစီအစဉ်အတိုင်း ငွေတွေယူပြီး တူဝရီးနှစ်ယောက်စလုံးမရဏာပြည်ပို့လိုက်ရုံပေါ့နော် ဟဲ...ဟဲ... ဟဲ"

"ဒါပေါ့ တပည့်ရာ၊ ဒီကျင်တိတ်ဆိုတဲ့ကောင်တင် မကဘူး သူ့မိဘတွေဟာလည်း ငါတို့ရဲ့စီးပွားရေးကိစ္စတွေမှာ ရန်ဖက်

ဖြစ်ခဲ့လေတော့ သူတို့ တူဝရီးနှစ်ယောက်စလုံးကို ကိစ္စတုံး ဆောင်ရွက်တာဟာ အကောင်းဆုံးပေါ့လေ"

မောင်ရန်ရှင်းမှာ ဦးခေါင်းတစ်ခုလုံး ရှာရှာလည် နောက်ကျိနေရာမှ အထက်ပါစကားများကို ခပ်သဲ့သဲ့မျှ ကြားနေရခြင်းဖြစ်သည်။

သူ သတိကို အထူးထားလျက် နားထောင်လိုက်မိ၏။

"ကျင်တိတ်ဆိုတဲ့ကောင်က ကျားလူဆိုတဲ့ ကောင် အကြောင်းမသိသေးလို့ထောင်နေတာပါကွာ၊ မကြာခင် သူ့ဘဝ အဆုံးသတ်တော့မယ်ဆိုတာ ကျင်တိတ် မသိရှာပေဘူး"

"ဒါနဲ့...သူက ဒီယူနန်နယ်စပ်အထိ လာမှ လာပါ့မလား ဆရာကြီး"

"ဟ...သူ့အချစ်ဆုံး သူ့ရဲ့အမွေခံဖြစ်တဲ့ တူကို ဖမ်းလာခဲ့ပြီပဲ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သူရောက်လာမှာပါကွာ ဟဲ...ဟဲ... ဟဲ...သောက်ကြစားကြ၊ တပျော်တပါး စားကြ သောက်ကြစမ်း တပည့်တို့"

ထို့နောက် ပုလင်းသံ၊ ဖန်ခွက်သံများနှင့် ရယ်မောသံများ ဆက်လက်ထွက်ပေါ်လာလေ၏။

အထက်ပါပြောစကားများကြောင့် မောင်ရန်ရှင်းမှာ မိမိ ဦးကြီး၏ စီးပွားရန်ဖက် ဦးကျားလူ၏ဖမ်းဆီးခြင်းကို ခံနေရကြောင်း ချက်ချင်းသဘောပေါက် လိုက်ရသည်။

သူက အခန်းတွင်း၌ လဲလျောင်းလျက်သားရှိရာမှ





မျက်စိများကို မသိမသာမှေး၍ အကဲခတ်လိုက်၏။

ထိုအခါ အလင်းရောင်များ မှေးမှိန်နေသဖြင့် ညဥ့် အချိန်သို့ ရောက်နေပြီဖြစ်ကြောင်း မောင်ရန်ရှင်း မှန်းဆမိ၏။

သော့ခတ်ထားသော ၎င်း၏အခန်းနှင့် မလှမ်းမကမ်း တစ်နေရာတွင် ဦးကျားလူနှင့်တပည့်များသည် စားပွဲတစ်လုံးနှင့် ဝိုင်းဖွဲ့သောက်စားလျက် ရှိနေကြ၏။

မောင်ရန်ရှင်းက အရေးရှိလျှင် လှုပ်ရှားနိုင်ရန် သူ့ခြေလက်များကို မသိမသာ လှုပ်ရှားနေပေသည်။

ယင်းသို့ လှုပ်ရှားမှုပြုနေစဉ်မှာပင် အိပ်ချင်စိတ်က ထိန်းမရအောင်ဖြစ်ပေါ်လာကာ ဘဏ္ဍာတော်ထိန်း အဘိုးအို ပေါ်လာကာ မောင်ရန်ရှင်းအား ကျေနပ်ပီတိဖြစ်သည့်အကြည့်နှင့် ကြည့်နေပြီးနောက်...

"အေး ... မင်းကို ဒီဒေသ မရောက်ရောက်အောင် တစ်နည်းနည်းနဲ့ ကြံဆောင်လိုက်ရတာပဲ ပိုင်ရန်ဝေ၊ ဘာမှ မစိုးရိမ်ပါနဲ့ကွာ၊ အစစအဆင်ပြေသွားမှာပါ"

ဟု ခေါင်းတညိတ်ညိတ်နှင့်ပြော၏။

မောင်ရန်ရှင်းက တစ်စုံတစ်ရာပြောမည်ပြင်လိုက်စဉ် အဘိုးအိုက ရုတ်တရက် ပျောက်ကွယ်သွားကာ မောင်ရန်ရှင်း လည်း အိပ်ပျော်ရာမှ လန့်နိုးခဲ့ရတော့သည်။

ထိုအခါ ယုံနိုင်ဖွယ်မရှိသည့်အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင် တွေ့ရပေလေ၏။

ယင်းသည်ကား ဝတ်စုံဖြူ ဝတ်ဆင်ထားသော လူနှစ်ယောက်သည် အခန်းတွင်း၌ ဦးကျားလူအပါအဝင် ၎င်း၏ တပည့်များအား သွက်လက်စွာ တိုက်ခိုက်နေခြင်းပင် ဖြစ်ပေ၏။

"ဟင် ...လက်စသတ်တော့ အိပ်မက်ထဲမှာ တွေ့ရတဲ့ ကျင်စာရီတို့မောင်နှမ နှစ်ယောက်ပါလား"

ဦးကျားလူနှင့် တပည့်များက သေနတ်များနှင့် ပစ်ခတ်ကြသော်လည်း ကျင်စာရီနှင့် ကျင်ကျူးလုံတို့ မောင်နှမက သွက်လက်ထက်မြက်သော တိုက်ကွက်များနှင့် တိုက်ခိုက်သည်ကြောင့် ဦးကျားလူတပည့်များ ကစဉ့်ကလျား ဖြစ်ကာ လဲကျကုန်လေ၏။

မနိုင်နိုင်သည့်အဆုံးတွင် ဦးကျားလူမှာ အခန်းထဲရှိ မလှမ်းမကမ်းရှိ ပေါက်တံခါးကို ဖွင့်၍ အပြေးအလွှား ထွက်ခွာသွားပေတော့၏။

လူအားလုံး တုတ်တုတ်မျှပင် မလှုပ်နိုင်ကြသောအခါကျမှ ကျင်ကျူးလုံက အချုပ်ခန်းဆီသို့ လျှောက်လာကာ သူ့လက်ထဲမှ ဓားဖြင့် သော့ခလောက်ကို လျှပ်တစ်ပြက်ခုတ်ဖြတ်လိုက်လေ၏။

"ဝုစ်"

"ချွမ်း"

မီးပွင့်မီးပွားများ တဖွားဖွားပေါ်လာကာ သော့ခလောက် ပြုတ်ထွက်သွားသည်နှင့် ကျင်ကျူးလုံက အချုပ်ခန်းတံခါးကို ဆွဲ





ဖွင့်လျက်...

"ကျွန်တော်တို့က ဘဏ္ဍာတော်မှူးကြီး ကျန်းအီရှင်းရဲ့ မေတ္တာရပ်ခံချက်ကြောင့် ခင်ဗျားကို လာကယ်တာပါ"

ဟု ဆိုလေ၏။

မောင်ရန်ရှင်းက...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားတို့က ကျွန်တော့်ကို သိလို့လားဟင်"

ဟု မေးလိုက်၏။

ထိုအမေးကြောင့် အချုပ်ခန်းအပြင်ဘက်မှ မိန်းမပျိုက မောင်ရန်ရှင်းကို စေ့စေ့ကြည့်ကာ...

"အိပ်မက်ထဲမှာတော့ ရှင့်ကို မကြာခဏတွေ့နေမိတာပါပဲ၊ ရှင်က မြန်မာပြည်မှာနေတဲ့ မောင်ရန်ရှင်းဆိုတာ မဟုတ်လား"

ဟု မေးလိုက်သည်။

"ဗျာ"

ထူးခြားဆန်းကြယ်လှသည့် ဖြစ်စဉ်များကြောင့် မောင်ရန်ရှင်းမှာ မည်သို့နားလည်ရမှန်းမသိအောင်ပင် ဖြစ်သွားရတော့၏။

ပြီးလျှင်...အိပ်မက်များနှင့်တကွ ဤနေရာသို့ မိမိ ကြံကြံဖန်ဖန် ရောက်လာရသည့်ကြောင်းအား တွေးကာ ဝမ်းသာ မိသလိုရှိျုး ခံစားရသည်။

ထို့နောက် ဝတ်စုံဖြူဝတ်ဆင်ထားသည့် မောင်နှမ

နှစ်ယောက်က လှုံ့ရှင်းသော ဘုံကျောင်းပျက်ကြီးတစ်ခုအနီးရှိ လမ်းတစ်လမ်းမှ ဖြတ်လျှောက်လျက် ခေါ်သွားကြသည်။

တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် စကား ပြောဆိုခြင်း မရှိကြပေ။

မကြာမီ တောစပ်တစ်နေရာသို့ ရောက်လာကြရာ ကျင်ကျူးလုံက...

"ခင်ဗျားကို ဘဏ္ဍာတော်မှူးကြီးဆီ ကျွန်တော်တို့ လိုက်ပို့ရမှာ ဖြစ်ပါတယ်"

ဟု အသိပေးသည်။

"ဘဏ္ဍာတော်မှူးကြီးဟုတ်လား၊ အဲ့ဒီအဘိုးအိုဟာ တကယ်ရှိသလားဗျာ၊ ကျွန်တော် သူ့ကို အိပ်မက်ထဲမှာသာ တွေ့ဖူးတာပါ"

ဤတွင် ဝတ်စုံဖြူအမျိုးသမီးက...

"မှန်ပါတယ်၊ ရှင်တို့ကျွန်မတို့အားလုံးဟာ ပတ်သက်ရာ ပတ်သက်ကြောင်းလူတွေဖြစ်တဲ့အတွက် အိပ်မက်ကနေ တစ်ဆင့် ဆက်သွယ်မှုပြုနေကြတယ်ဆိုရင် မမှားပါဘူး၊ အခု တော့ အရေးကြုံပြီဖြစ်တဲ့အတွက် မဖြစ်မနေ ဆုံကြရပြီဆိုရမှာ ပေါ့"

ဟု ရှင်းပြသကဲ့သို့ပြောလိုက်လေ၏။

"ဒါနဲ့ အဲဒီဘဏ္ဍာတော်ထိန်းအဘိုးအိုက ဘာတာဝန် ယူထားရတာလဲ၊ နောက်ပြီး သူ့အသက်ဟာ ဘယ်လောက်ရှိပြီ





လဲဗျာဟင်"

သူတို့က မောင်ရန်ရှင်း မေးခွန်းကို ဖြေကြားခြင်း မရှိပေ။

ရောင်စုံပန်းများ ပွင့်နေသည့် တောလမ်းလေး အတိုင်းသာ ခပ်သွက်သွက် လျှောက်သွားကြသဖြင့် မောင်ရန်ရှင်းလည်း အမီလိုက်ရလေ၏။

သူတို့အားလုံး မြက်ခင်းပြင်များ၊ ဆူးရစ်ချုံများ ထူထပ်ရာ နှင့် ကျောက်တုံးကြီးငယ်များ ရောပြွမ်းသည့်နေရာ အချို့ကိုဖြတ်သန်းကြရသည်။

သို့နှင့် အတန်ကြာသောအခါ တဝုန်းဝုန်းနှင့် ရေတံခွန် စီးဆင်းသံများကို ကြားကြရလေ၏။

ထိုအသံများနှင့် ထိုရှုခင်းများသည် မောင်ရန်ရှင်း အိပ်မက်ထဲ၌ တွေ့နေကျအရာများဖြစ်သည့်အတွက် အထူး တလည် အံ့သြခြင်း ဖြစ်ရပေတော့သည်။

သူက ပြောလိုက်သည်။

"အေးဗျာ...ထူးဆန်းလိုက်တာ၊ အရာရာဟာ ကျွန်တော့် အိပ်မက်ထဲမှာ တွေ့ရတဲ့အတိုင်းပါပဲ၊ ခင်ဗျားတို့ မောင်နှမလည်း ပါတယ်ဆိုရမှာပေါ့"

"ဟဲ...ဟဲ...ဟဲ...ဟဲ"

"ခစ်...ခစ်...ခစ်"

ထို့ကြောင့် ကျင်စာရီနှင့် ကျင်ကျူးလုံတို့ မောင်နှမက

သဘောကျလျက် ရယ်မောလိုက်ကြသည်။

သူတို့ဆက်လက်၍ ခရီးနှင်ကြရာ ကြမ်းတမ်းသော ကျောက်လမ်းများမှတစ်ဆင့် ရေတံခွန်ကြီးနှစ်ခုအကြားမှ ဖြတ်ထွက်မိသည်တွင် မောင်ရန်ရှင်းအိပ်မက်ထဲ၌ မကြာခဏ တွေ့နေရသည့် ကျောက်ဂူကြီးကို ရုတ်တရက်မြင်တွေ့လိုက်ရပေတော့၏။

"အင်း...ဒါလဲ အိပ်မက်ထဲကအတိုင်းပါလား"

သူ့စကားကြောင့် ကျင်စာရီတို့မောင်နှမ ပြုံးလိုက်မိကြပြန်သည်။

သူတို့အားလုံး တံခါးပိတ်ထားသည့် ကျောက်ဂူရှေ့သို့ ရောက်သောအခါ ရပ်တန့်လိုက်ကြ၏။

သို့သော် ခေတ္တမျှရိပ်မိလျှင်ပင် ဂူတံခါးကြီးမှာ တဖြည်းဖြည်း ပွင့်သွားပေသည်။

"ကျွီ...အီ...အီ"

ဂူတံခါးပွင့်သွားသည်တွင် အတွင်းမှ မီးရောင်များ လျှံထွက်လာ၏။

အမှန်စင်စစ် ယင်းမှာ မီးပုံကြီးတစ်ပုံ အရှိန်ပြင်းစွာ တောက်လောင်နေခြင်းသာ ဖြစ်သည်။

သို့သော် အတွင်းဘက်၌ကား လူသူအရိပ်အယောင် ဟူ၍ စိုးစဉ်းမျှတွေ့မြင်ရခြင်း မရှိပေ။

သို့အတွက် မောင်ရန်ရှင်းနှင့် ကျင်စာရီတို့မောင်နှမ





နှစ်ယောက် အကြည့်ချင်းဆုံလိုက်မိကြသည်။

ကျင်ကျူးလုံက...

"ကဲပါ...ကျွန်တော်တို့ ဝင်သွားကြစို့၊ ဘက္ကာမှူးကြီး အကြောင်းကိစ္စတစ်ခုကြောင့် အပြင်ထွက်သွားတယ် ထင်ပါရဲ့"

ဟု ဆို၏။

ကျင်စာရီကလည်း...

"အေး...ဟုတ်တယ်"

ဟု ထောက်ခံ၏။

သို့အတွက် သူတို့အားလုံးကျောက်ဂူအတွင်း ဝင်ရောက်ခဲ့ကြသည်။

အအေးဓာတ်လွှမ်းကဲသည့် တောအုပ်ဖြစ်သောကြောင့် အချမ်းအကာခံနိုင်ရန် သူတို့ မီးပုံအနီးတွင် ထိုင်လိုက်ကြ၏။

ဤတွင် မောင်ရန်ရှင်းက...

"ခင်ဗျားတို့ မောင်နှမနှစ်ယောက်နဲ့ ဘက္ကာမှူးကြီးဟာ အတော်ရင်းနှီးသလား၊ နောက်ပြီး...ဘယ်လိုပတ်သက်တာပါလိမ့်၊ ပြောနိုင်ရင် ပြောပြကြပါနော်"

ထိုအခါ ကျင်ကျူးလုံကခေါင်းညိတ်လျက် အောက်ပါအတိုင်း ပြောပြလေ၏။

"ကျွန်တော်နဲ့ ကျွန်တော့်မမကျင်စာရီတို့ဟာ တရုတ်ပြည် စီချွမ်ပြည်နယ်မှာ နေထိုင်ကြပါတယ်၊ ဒါပေမဲ့ မကြာခဏ အိပ်မက်ထဲမှာ ဘက္ကာမှူးကြီးပေါ်လာပြီး သူ့ဂူကို ခေါ်လာလေ့

ရှိရာက ကျွန်တော်တို့မောင်နှမနဲ့ ရင်းနှီးလာခဲ့ရတာပါပဲ”

“ဩော်...ဩော်”

“အဲဒီလိုရင်းနှီးလာတဲ့အခါ နောက်သိရတဲ့အကြောင်းက သူ စောင့်ရှောက်ထိန်းသိမ်းနေတဲ့ ဘဏ္ဍာတော်တွေကို အခုနေအခါမှာ တရုတ်ပြည်နယ် အသီးသီးက လူဆိုးဂိုဏ်း၊ လူဆိုးအဖွဲ့အစည်း။ လူဆိုးခေါင်းဆောင် တွေဟာ သတင်းရရှိပြီး နည်းအမျိုးမျိုးနဲ့ တိုက်ခိုက်ရယူဖို့ ကြိုးစားနေကြသတဲ့”

“အင်း...ဒီတော့”

“ဒီတော့ ဘဏ္ဍာရေးမှူးအဘိုးအိုကျန်းဟာ သူ့ရဲ့ စက္ခုပါလ မှော်ကြေးမုံကို မှော်စက်ရောင်နတ်တောင်ဒေဝီ သခင်မ အကူအညီနဲ့ ကြည့်ရှုတဲ့အခါ ဒီလူဆိုးတွေကို သုတ်သင် ပြီး ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်မယ့်လူ သုံးယောက် ကို တွေ့ရသတဲ့လေ”

“ဩော်...ဩော်...အဲ့ဒီလူသုံးယောက်ဆိုတာက ဘယ် သူတွေလဲဗျ ကျင်ကျူးလုံ”

ကျင်ကျူးလုံက တစ်ချက်ရယ်လိုက်၏။

ပြီးမှ ၎င်းက...

“တခြားဟုတ်ရိုးလားဗျာ၊ ကျွန်တော်တို့ မောင်နှမနှစ် ယောက်နဲ့ ခင်ဗျားပေါ့ဗျ”

ဟု ဆိုလေ၏။

“အိုး...ဒီလိုကိုး”





မောင်ရန်ရှင်းမှာ ကြားရသည့်စကားကြောင့် မယုံနိုင် အောင်ပင် အံ့အားသင့်သွားရမိသည်။

ပြီးလျှင် သူက မေးလိုက်ပြန်သည်။

“အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ကျင်ကျူးလုံ၊ ဒါနဲ့ မှော်စက်ရောင်နတ်တောင်ဒေဝီသခင်မ ဆိုတာက”

ကျင်ကျူးလုံက...

“ဒီမှာ ပိုင်ရန်ဝေ ဒီအကြောင်းတွေ မပြောကြတာ ကောင်းပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ လောကကြီးမှာ ဆန်းကြယ်မှုအဖုံဖုံ၊ မယုံနိုင်ဖွယ်အကြောင်းအရာအစုံစုံတို့ ရှိနေ လို့ပါပဲ၊ ဒါကြောင့်...”

ဟု စကားတစ်ပိုင်းတစ်စနှင့် ရပ်နားလိုက်၏။

“ဆက်ပြောပါဗျာ”

မောင်ရန်ရှင်းက တောင်းဆိုလိုက်စဉ် တစ်ချိန်လုံး ငြိမ်ငြိမ်သက်သက် နားထောင်နေသည့် ကျင်စာရီက...

“ဒီမှာ ပိုင်ရန်ဝေ...အခု အေးအေးဆေးဆေး အနားယူ ပါဦးလေ၊ ရှင်သိချင်တဲ့အကြောင်းအရာတွေကို တစ်နေ့ကျရင် ဘဏ္ဍာမှူးအဘိုးကျန်းက ရှင်းပြမှာပါ”

ဟု ဆိုလိုက်လေ၏။

ထို့ကြောင့် မောင်ရန်ရှင်းမှာ ပါးစပ်ပိတ်လျက် တရှိန်ရှိန် တောက်လောင်နေသော မီးပုံကြီးကိုသာ အဓိပ္ပာယ်မဲ့စွာ

ငေးမော ကြည့်နေလေ၏။

ထိုခဏမှာပင် ကျောက်ဂူအပေါက်ဝမှ အနီရောင်အရိပ် တစ်ခု လှမ်းဝင်လာသည်ကို တွေ့လိုက်ကြရလေ၏။

ဝင်ရောက်လာသူမှာ ဘုဏ္ဏာမျှုးအဘိုးအို ကျန်းအီရှင်း ဖြစ်လျက် ၎င်းလက်ထဲ၌ ရွှေရောင်ပုရပိုဒ်တစ်ခု ကိုင်ထားသည် ကို တွေ့မြင်ရသည်။

အဘိုးအိုကျန်းက လုံးဝအံ့ဩဟန်မပြဘဲ လူအားလုံးကို ခေါင်းညိတ်နှုတ်ဆက်ပြီးနောက် လက်ထဲမှ ရွှေပုရပိုက်အား ကျောက်ဂူနံရံရှိ၌ရှိရာတွင် တင်ထားပြီး အမွှေးတိုင်များ ထွန်းညှိ ပူဇော်လိုက်၏။

ပြီးမှ ၎င်းတို့အား...

"ဒီပုရပိုဒ်ဟာ အဂ္ဂိယပ်သမားတွေ ရှေးပဝေသဏီအခါ ကနေ အခုအချိန်အထိ သဲသဲမဲမဲ လိုက်လံရှာဖွေနေကြတဲ့ "သကျမဥ္ဇူရွှေပေမူ" ပုရပိုဒ်ပေပေါ့"

ဟု ဆိုလေ၏။

မောင်ရန်ရှင်းက နားမလည်သောကြောင့်...

"ဗျာ...ဒါက ဘာလုပ်ရမှာလဲအဘိုး"

ဟု မေးလိုက်လေ၏။

ထို့ကြောင့် အဘိုးအိုကျန်းက...

"အဲဒီပုရပိုဒ်ကျမ်းအတိုင်း အသုံးပြုတတ်ရင် ရွှေဆိုတာ တခဲသာသောဖြစ်လာမှာပေါ့ကွာ၊ ဒါကြောင့်လဲ လောဘသမား





တွေက သူ့ထက်ငါ လိုချင်ကြတာပေါ့ ပိုင်ရန်ဝေ"

ဟု ပြောပြသည်။

"အိုး...ဒီလိုကိုး"

အံ့ဩနေရှာသည့် မောင်ရန်ရှင်းအားကြည့်ကာ အဘိုးအိုကျန်းက ဆက်ပြောပြသည်။

"မင်းတို့အတန်အသင့် နားလည်သဘောပေါက်အောင် ပြောပြရရင် မွန်ဂိုလူမျိုးတွေကြောင့် ယူနန်ပြည်နယ်အနီးက တာဖူးမြို့ ပျက်သွားတဲ့နောက် ရတနာပစ္စည်းတွေနဲ့ အခြား အဖိုးတန်ရှားပါးပစ္စည်းတွေ မသမာသူတွေလက်ထဲ မရောက် အောင် ငါစောင့်ရှောက်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာ မြင့်ခဲ့ပြီ ဆိုပါတော့လေ"

"ဗျာ"

ကျင်စာရီတို့ မောင်နှမက ပုံမှန်အတိုင်းရှိနေကြသော် လည်း မောင်ရန်ရှင်းမှာ အံ့ဩလျက် မျက်လုံးမျက်ဆန်ပြူးနေ တော့သည်။

"ဒါဆို ...အဘိုးကျန်းက နယ်နယ်ရရ မဟုတ်ဘူးပေါ့ နော်"

ပိုင်ရန်ဝေစကားကြောင့် အဘိုးအိုကျန်းသာမက ကျင်စာရီတို့ မောင်နှမပင် ရယ်မောလိုက်ကြသည်။

ပြီးမှ အဘိုးအိုကျန်းအီရှင်းက စကားစဖြတ်လိုဟန်ဖြင့်

"အခွင့်အခါသင့်ခဲ့ရင် မင်းတို့မောင်နှမနဲ့ လာတွေ့ပါ

မယ်လို့ မော်စက်ရောင်နတ်တောင်ဒေဝီသခင်မက အမှာပါး
လိုက်တယ်ကွယ့်"

ဟုဆို၏။

"ဟုတ်ကဲ့အဘိုး"

"ဟုတ်ကဲ့ရှင့်"

အဝေးတစ်နေရာရှိအစာန်လှမ်းသောအရပ်မှမော်စက်ရောင်နတ်တောင်ဒေဝီသခင်မရှိရာ မှိုင်းပျပျတောင်သို့ ဒီအဘိုးအို ရောက်ရှိသွားသည်မှာ ယုံကြည်နိုင်ဖွယ်အကြောင်းမရှိဟု မောင်ရန်ရှင်း တွေးလိုက်မိသည်။

မောင်ရန်ရှင်း အတွေးကို ရိပ်မိဟန်နှင့် အဘိုးအိုက ပြောလိုက်သည်။

"မကြာလှတဲ့တစ်နေ့မှာ မင်းကို မော်စက်ရောင်နတ်တောင်ဒေဝီသခင်မဆီ ငါ ကိုယ်တိုင် ခေါ်သွားပါ့မယ် ပိုင်ရန်ဝေ"

ဟုဆိုလေ၏။

ထိုခဏရင်ထဲမှာအတွေးကိုပင် ရိပ်မိနေသည့်အဘိုးအိုအား ကြည့်ကာ မောင်ရန်ရှင်းမှာ လေးစားမိသည်နှင့်အမျှ ထိတ်လန့်သကဲ့သို့လည်းဖြစ်သွားရလေ၏။

"ကဲ...ကဲ...ကျောက်ဂူကို လာရတာ ပင်ပန်းကြရောပေါ့၊ အစားအသောက်တွေ စားကြဦးကွယ့်"

ထို့နောက် အိပ်မက်ထဲကအတိုင်းပင် စားသောက်ဖွယ်





ရာမျိုးစုံ၊ သစ်သီးအမျိုးမျိုး၊ အဖျော်ယမကာအမျိုးမျိုးတို့အား ကျောက်သလွန်ပေါ် အပြည့်အနက် ရောက်ရှိစေကာ စားသောက်စေလေ၏။

ဤသို့စားသောက်ကြရိုက် ကျင်စာရီသည် မောင်ရန်ရှင်း အား မကြာခဏ ငေးမောကြည့်ရှုနေပေ၏။

စားသောက်ပြီး၍ ခေတ္တအကြာ၌ အဘိုးအိုကျန်းက ရုတ်တရက် ပြောလိုက်သည်။

"လောလောဆယ် လူတစ်ယောက်ကို ကယ်ဖို့ရှိနေသကွယ်"

"ဘယ်သူလဲအဘိုး"

"ဘယ်သူ့ကိုကယ်ရမှာလဲအဘိုးကျန်း"

"ဘယ်သူ့ကိုဘယ်လိုကယ်ရမှာလဲဟင်"

မောင်ရန်ရှင်းနှင့် ကျင်စာရီတို့မောင်နှမကပြိုင်တူလိုလို မေးလိုက်ကြသည်။

ဤတွင် အဘိုးအိုကျန်းက...

"မြန်မာပြည် ဇန်းမော်မြို့က လူတစ်ယောက်ပါ၊ သူ့နာမည် ကဦးကျင်တိတ်တဲ့"

ဟုဆိုလိုက်၏။

"ဗျာ...အဲဒါကျွန်တော့်ဦးကြီးပါအဘိုး"

အထိတ်တလန့်ပြောလိုက်ရှာသော မောင်ရန်ရှင်းကို ကြည့်၍ခေါင်းညိတ်လိုက်ပြီးနောက် အဘိုးအိုက...

"အေး…သိပါတယ်၊ သူ့ကို လူဆိုးတွေက ရာဇသံပေးတာနဲ့ ငွေတွေယူပြီး သူလာနေတာ လမ်းခုလတ်ရောက်နေပြီကွယ့်"

ဟုဆို၏။

"ဟင်…ဟုတ်လား…သူ ကျွန်တော့် အတွက်လာတာ ပဲဖြစ်ရမယ်"

"အမှန်ပေါ့ကွယ်၊ သူဟာ မင်းကို သားအရင်းလိုချစ်တာဆိုတော့ လူဆိုးအဖွဲ့က တောင်းဆိုတဲ့အတိုင်း ငွေတွေယူပြီးပေါဒီ ယူနန်နယ်စပ်ကို လိုက်လာခဲ့တာကလား"

"ဟင်…ဒါဆိုရင် ဒုက္ခပေါ့"

ညည်းညူသကဲ့သို့ ရေရွတ်လိုက်သော မောင်ရန်ရှင်းအား အဘိုးအိုကျန်းက ပြုံးပြလိုက်ပြီးနောက်…

"အင်း…ပထမအတိုင်းဆိုရင်တော့ ဒုက္ခလို့ ဆိုရဖေမပေါ့၊ အခုဆိုရင် ဒုက္ခဆိုတာ မရှိတော့ပါဘူးလေ"

ဟုပြောလိုက်လေ၏။

မောင်ရန်ရှင်းက…

"ဘာဖြစ်လို့ ဒုက္ခမဖြစ်ရတာလဲ၊ ရှင်းပြပါလား အဘိုးရယ်"

ဟုတောင်းဆိုလိုက်၏။

သို့အတွက် ဘဏ္ဍာတော်မှူးအဘိုးအိုကျန်းအိုရှင်းက ဤသို့ရှင်းပြလိုက်သည်။





"ဒီလိုကွယ့် မင်းဦးကြီးနဲ့စီးပွားဖြိုင်ဘက်ဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက မင်းဦးလေးကို အပြီးသုတ်သင်ချင်တော့ မင်းနဲ့မျှားပြီး ငွေတွေယူလာခိုင်းတယ်၊ အဲ…ယူနန်ပြည်နယ်ရောက်ရင် မင်းရော၊ မင်းဦးလေးကိုရော နှစ်ယောက်စလုံး သတ်ဖြတ်၊ ငွေတွေယူပေါ့"

"ဟာ… တော်တော်ယုတ်မာပက်စက်တဲ့လူတွေပါလား။ အဲ့ဒီလူတွေဟာ ကျွန်တော့်ကို ဖမ်းလာတဲ့ ဦးကျားလူဆိုတဲ့ လူကြီးနဲ့ သူ့တပည့်တွေပေါ့၊ တောက်…ဦးကျားလူ လွတ်သွားတာ နာလိုက်တာ"

မကျေမနပ်ပြောနေသော မောင်ရန်ရှင်းကို ကြည့်လျက် အဘိုးအိုက ဆက်ပြောပြသည်။

"အေး…ပြောရရင် မင်းလွတ်လာတော့ မင်းဦးလေး အနေနဲ့ ငွေယူပြီး လာကယ်စရာမလိုတော့ဘူး၊ ဒီတော့ သူ့ကို အချိန်မီအကျိုးအကြောင်း စာရေးပြီး၊ ယူနန်ပြည် တစ်နေရာရာက စိတ်ချရတဲ့ အိမ်တစ်အိမ်မှာ တည်းခိုနေပါစေ"

"အဲဒါ သိပ်ကောင်းတဲ့အကြံပါခင်ဗျာ"

ကျင်စာရီတို့ မောင့်နှမက မောင်ရန်ရှင်းနှင့် အဘိုးအိုတို့ အရှီအချပြောနေသည်ကိုတစ်ချိန်လုံးတိတ်ဆိတ်စွာနားထောင်နေကြသည်။

ပြီးမှ အဘိုးအိုကျန်းက နံရံသို့ လျှောက်သွားကာ ကျောက်ခွက်အတွင်း၌ ထောင်ထားသော ကလောင်တံနှင့်

စာရွက်ကိုယူလာသည်။

"ကဲ...ရေးပေတော့"

"ဟင်...ဘယ်လိုရေးရမှာလဲ အဘိုး"

ထို့ကြောင့် အဘိုးအိုကျန်းက ရွတ်ပြသဖြင့် မောင်ရန်ရှင်း ကိုယ်တိုင် လိုက်ရေးရသည်။

စာဆုံးသောအခါ အောက်ပါအတိုင်း အဓိပ္ပာယ်ရသည့် စာတစ်စောင် ဖြစ်လာလေ၏။

ဦးကြီး

ကျွန်တော် လူဆိုးများလက်မှ လွတ်မြောက်လျက် နေရာ တစ်နေရာရာတွင် ကျန်းမာပျော်ရွှင်စွာ ရှိနေပါသည်။

ယူနန်ပြည်နယ်၌ ဦးကြီးအနေနှင့် စေတ္တ စိတ်အေး လက်အေး အနားယူပြီးနောက် နေအိမ် သို့ ပြန်ပါရန်။

ကျွန်တော်များ မကြာမီအချိန်အတွင်း မြန်မာပြည် သို့ ပြန်ခဲ့ပါမည်။

ရန်ရှင်း

တူတော်မောင်

"အင်း...သိပ်ကောင်းတဲ့စာပါပဲအဘိုး၊ ဒါနဲ့ ဒီစာကို ကျွန်တော့်ဦးကြီးလက်ရောက်အောင် ဘယ်သူ သွားပေးမှာလဲ ဟင်၊ ဦးကြီးက ဘယ်မှာရှိမှာလဲ"





"အဟတ်...ဟား...ဟား...ဟား"

ရုတ်တရက် ရယ်လိုက်သည့်အဘိုးအိုကြောင့် မောင်ရန်ရှင်း ကြောင်သွားရသည်။

ပြီးမှ အရယ်ရပ်လျက် အဘိုးအိုက...

"ဒါများကွာ အဘိုးတာဝန်ထားစမ်းပါ၊ ကဲ...ကဲ... စိတ်အေးလက်အေးနေကြပေတော့"

ဟု ဆိုကာ စာရွက်ကို အသေအချာခေါက်လျက် ၎င်း၏ ဝတ်စုံအတွင်းအိတ်သို့ထည့်လိုက်လေ၏။

မောင်ရန်ရှင်းတစ်ယောက် မီးပုံအနီးသို့ ရောက်သောအခါ အဘိုးအိုကျန်းက ကျင်စာရီနှင့်ကျင်ကျူးလုံတို့အား မောင်ရန်ရှင်းကို သွားရောက်ကယ်ဆယ်ခြင်းအတွက် အထူးကျေးဇူးတင်ကြောင်း ဆက်လက်ပြောဆိုနေပေ၏။

ကျင်ကျူးလုံကလည်း ၎င်းတို့မောင်နှမအချိန်မီ ရောက်ရှိလျက် လူဆိုးများအား တိုက်ခိုက်သော်လည်း ခေါင်းဆောင်ဖြစ်သူပုဂ္ဂိုလ်မှာမူ ထွက်ပြေးလွတ်မြောက်သွားကြောင်း ဆက်လက်ပြောပြလိုက်သည်။

ဤတွင် အဘိုးအိုက...

"ကိစ္စမရှိပါဘူးလေ၊ လူဆိုး၊ လူညစ်၊ လူယုတ်မာမှန်သမျှ မကြာလှတဲ့နေ့တစ်နေ့မှာ လောကပါလနတ်မင်းကြီးက စီရင်ပါလိမ့်မယ်"

ဟု အေးဆေးစွာ ပြောလိုက်၏။

ညနေပိုင်းရောက်သောအခါ လေက တဟူးဟူးတိုက်ခက်လာခြင်းကြောင့် ပိုမိုအေးစိမ့်လာရာ မောင်ရန်ရှင်းက မီးပုံအတွင်းသို့ ထင်းများထပ်မံထည့်ရ၏။

နောက် မောမောနှင့် အိပ်ပျော်သွားခိုက် ကျောက်ဂူကြီးအတွင်းဘက် နက်ရှိုင်းသောနေရာဌာနမှ တစ္ဆေသရဲများ ရေရွတ်သံကဲ့သို့လည်းကောင်း၊ မကောင်းဆိုးဝါးများ၏ နှာမှုတ်သံ၊ ရယ်မောသံကဲ့သို့လည်းကောင်း အသံအမျိုးမျိုးကို ခပ်သဲ့သဲ့ကြားနေရသည်ဟု ထင်မှတ်မိ၏။

သို့သော် တစ်နေ့လုံး မောပန်းနွမ်းနယ်ခဲ့ရသည့် အလျောက် မောင်ရန်ရှင်းမှာ နွေးထွေးသော မီးပုံကြီးနံဘေး၌ အိပ်မောကျသွားလေ၏။

❀❀❀





## အခန်း (၁၈)

မည်မျှကြာအောင် အိပ်မောကျသွားသည်မသိပေ။

အပြင်ဘက်၌ သေနတ်သံ၊ အော်ဟစ်ကြိမ်းမောင်းသံ၊ မာန်ဟွင်းသံနှင့် အခြားအသံပလံပေါင်းစုံကိုကြားရသဖြင့် မောင်ရန်ရှင်းမှာ အိပ်ရာမှ လန့်နိုးသွားရသည်။

"ဟင်"

ထိုအခါ ကျောက်ဂူကြီးအတွင်း၌လည်းကောင်း၊ မီးပုံဘေးတွင်လည်းကောင်း၊ မိမိတစ်ယောက်တည်းသာ ရှိကြောင်း အလိုလိုနားလည်လိုက်မိသည်။

သို့အတွက် သူက လျှပ်တစ်ပြက်ပင် ကျောက်ဂူဝသို့

ပြေးထွက်လာခဲ့မိ၏။

"အလို"

အပြင်ဘက် အရှက်ဦးရောင်ခြည်တွင် တိုက်ခိုက်နေသူများ၏ မြင်ကွင်းကို ရုတ်တရက်တွေ့ မြင်လိုက်ရသဖြင့် မောင်ရန်ရှင်း အသည်းတုန်အူတုန်ဖြစ်သွားရ၏။

အကြောင်းမှာသော်ကား...

လေး၊ မြား၊ တုတ်၊ ဓား၊ သေနတ်၊ မီးပေါက်လက်နက်များကို ဆွဲကိုင်ထားသည့် လူဆိုးအုပ်စုအချို့နှင့် နဂါးသဏ္ဌာန် အမြီးအမောက်နှင့်သတ္တဝါများ၊ မြွေတစ်ပိုင်းတွန့်လိမ်တိုက်ခိုက်နေသည့် သတ္တဝါများ၊ လင်းနို့ခန္ဓာကိုယ်နှင့်သတ္တဝါများ၊ သမင်ခန္ဓာကိုယ်၊ နွားချိုနှင့်သတ္တဝါများ၊ နောက် ဝတ်ရုံမည်းကြီးခြုံလွှမ်းထားသည့် ပုဂ္ဂိုလ်များ၊ နတ်သီးရှုန်နှင့် ဇရာမငှက်မည်းကြီးများ စသည် ရောထွေးပူးကပ် ရက်စက်စွာ တိုက်ခိုက်နေကြခြင်းကြောင့်ပင်တည်း။

"ဟေး"

"ဒိုင်း"

"ရှိ"

"ဗို"

"အား...ဝု"

"ဖလပ်...ဖလပ်"

"ဂလောက်...ဂလောက်"





ထွက်ပေါ်သော အသံပလံပေါင်းစုံမှာ အထူးကြောက်မက်ဖွယ်၊ နှလုံးတုန်ဖွယ် ကောင်းလှသည်ဟု ဆိုရပေမည်။

သတ္တဝါဆန်းကြယ်တစ်ကောင်၏ အမြီးနှင့် ရိုက်ချမှုကြောင့် တစ်ယောက်လွင့်ထွက်ကာ သစ်ပင်နှင့်ရိုက်မိပြီးနောက် သွေးသံရဲရဲ ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရသည်။

ထို့ပြင် အစွယ်နှင့် သတ္တဝါကြီးတစ်ကောင် လှမ်းဟပ်သဖြင့် လူဆိုးတစ်ယောက်၏ ကိုယ်ခန္ဓာတစ်ပိုင်း ပြတ်ပါသွားသည်။

တစ်ဖန် နတ်သီးရှုန်ငှက်ကြီးတစ်ကောင်က သေနတ်နှင့် လှမ်းပစ်သော လူဆိုးတစ်ယောက်အား ဇွေ့ခနဲ သုတ်ချီကာ ချောက်ကြီးအောက်ဆီသို့ လွှတ်ချလိုက်သဖြင့် ငယ်သံပါအောင် အော်ဟစ်သံမှာ နားကွဲမတတ် ထွက်ပေါ်နေလေ၏။

ဤသို့ ကြောက်စမန်းလိလိမြင်ကွင်းအစုံစုံကို တွေ့မြင်ရသည်သာမက ဓားရှည်အသီးသီးကိုင်စွဲလျက် လူဆိုးများအား ပေါ့ပါးသွက်လက်စွာ တိုက်ခိုက်နေသော ကျင်စာရီတို့ မောင်နှမကိုလည်း ရှုပ်ထွေးလှသည့် မြင်ကွင်း၏တစ်နေရာတွင် မောင်ရန်ရှင်း တွေ့မြင်နေရပေ၏။

သို့သော် တစ်နေရာ၌ကား အဘိုးအိုကျန်းအီရှင်သည် အမောက်ထောင်လျက်သား ရှိနေသည့်နဂါးရုပ်တုပါ ရွှေတုတ်တစ်ချောင်းကို ကိုင်ကာ အေးအေးဆေးဆေး အနေအထားနှင့် ဘို့ဝှေ့သည်ရမ်း ညွှန်ကြားလျက်ရှိနေလေ၏။

"မဖြစ်ဘူး…ကျင်ဟာရီကို့မောင်နမနဲ့အတူငါပါဝင်တိုက်မှ"

မောင်ရန်ရှင်းက ဤသို့ရေရွတ်လျက် လက်နက်မရှိသည့်အလျောက် မီးပုံသို့သွားကာ မီးစွဲနေသည့် ထင်းချောင်းနှစ်ချောင်းကို ဆွဲယူလိုက်သည်။

ဖြီးလျှင် ပြေးလွှားလျက် တိုက်ပွဲအတွင်းသို့ ရဲရဲဝံ့ဝံ့ ခုန်ဝင်လိုက်လေတော့၏။

ထို့နောက် မီးတုတ်နှစ်ချောင်းကို စကြာကဲ့သို့ လှည့်ကာ လူဆိုးများအား ရိုက်၏။ ထိုး၏။ ခုတ်၏။ ပိုင်း၏။

တစ်ချိန်တွင် ရင်းအား သေနတ်နှင့်ပစ်မည့် ဆဲဆဲ ရုပ်ဆိုးဆိုး လူဆိုးတစ်ဦး၏လက်ကို မီးစဖြင့် ခုန်လွှားရှ၍ ထိုးထည့်လိုက်နိုင်၏။

"အီး"

မြေပြင်သို့ သေနတ်လွတ်ကျသွားစဉ် ဓားတစ်ချောင်းက လူဆိုးကျောပြင်မှ ဖောက်ထွက်လာလေရာ ထိုဓားပိုင်ရှင်မှာ ကျင်စာရီဖြစ်နေသဖြင့် မောင်ရန်ရှင်းက နှစ်လိုဖွယ် ပြုံးပြလိုက်လေ၏။

အတန်ကြာ တိုက်ခိုက်မိသောအခါ အလင်းရောင်က အရှေ့ဘက်မှ တစ်စတစ်စ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

ဤတွင် မရှုမလှခံနေရသည့် လူဆိုးအုပ်စုများ တောတောင်များအတွင်းသို့လည်းကောင်း၊ လျှိုမြောင်များ၊ ကျောက်





ချပ် ကျောက်လွှာများအတွင်းဘက်သို့လည်းကောင်း အလျှို အလျှိုတိုးဝင်ကာ ထွက်ပြေးပျောက်ကွယ်ကုန်တော့သည်။

"မပြေးနဲ့"

"လိုက်…လိုက်"

"မလွတ်စေနဲ့"

ထွက်ပြေးသောလူဆိုးများနောက်သို့ မောင်ရန်ရှင်း၊ ကျင်ကျူးလုံနှင့် ကျင်စာရီတို့သုံးယောက်သားက ဖောနှင့်အပြေးအလွှားလိုက်နေကြသည်။

သို့သော် တောကျွမ်းပုံရသည့် လူဆိုးများက တောအုပ်၏ နေရာအသီးသီး၌ အလျှိုအလျှို ပျောက်ကွယ်သွားကြကုန်သည်။

"ဒီကောင်တွေ ပုန်းလျှိုးကွယ်လျှိုး လစ်ကုန်ကြပြီ၊ ကျွန်တော်တို့ ပြန်လှည့်ကြစို့ အစ်ကိုပိုင်ရန်ဝေ"

ကျင်ကျူးလုံ ဤသို့ပြောလိုက်သည်။

ထို့နောက် ကျင်စာရီကလည်း သူမဓားကို ဓားအိမ်အတွင်း လှစ်ခနဲ သွက်လက်စွာ ထိုးသွင်းလျက်…

"ဟုတ်တယ်၊ သူတို့မရှိတော့ပါဘူး၊ ကျွန်မတို့ပြန်လှည့်ကြစို့"

ဟု ဆို၏။

"ကောင်းပြီလေ"

ထို့ကြောင့် မောင်ရန်ရှင်းက လက်ထဲမှ အငွေ့တလူလူ

နှင့် မီးစွဲနေသော ထင်းချောင်းနှစ်ချောင်းအား ရေအိုင်အတွင်းသို့ ပစ်ပေါက်လိုက်တော့သည်။

"ရှဲ...ရှဲ"

ရေနှင့်ထိသဖြင့် တရှဲရှဲမြည်သံထွက်ပေါ်လာရာ ကျင်ကျူးလုံကပြုံးလျက်...

"ဟဲ...ဟဲ...ဟဲ...လူဆိုးတွေက အစ်ကို့လက်နက်ဆန်းကို ကြောက်ပြီးထွက်ပြေးတာ ဖြစ်ရမယ်ဗျ... အဟား... ဟား... ဟား"

"ခစ်...ခစ်...ခစ်"

"ဟဲ...ဟဲ...ဟဲ"

ကျင်ကျူးလုံအပြောကို သဘောကျကာ ကျင်စာရီကပါ ပါးချိုင့်ကလေးများပေါ်သည်အထိ ချစ်စဖွယ် ရယ်လိုက်သဖြင့် မောင်ရန်ရှင်းလည်း မနေသာတော့ဘဲ ရယ်ရယ်ရယ်လိုက်ရလေ၏။

ပြီးသုံးဦးသား ကျောက်ဂူရှိရာဘက်သို့ ရင်ဘောင်တန်းလျက် ပြန်လာခဲ့ကြသည်။

ထိုအခါ ထူးခြားချက်ကို မောင်ရန်ရှင်း ချက်ချင်း သတိပြုလိုက်မိသည်။

ယင်းထူးခြားချက်ဆိုသည်ကား...

ကျောက်ဂူဆီသို့လာရာလမ်းတွင် ယခင် စောစောက တွေ့မြင်ခဲ့ရသည့်သတ္တဝါဆန်းများ တစ်ကောင်တစ်မြီးမှ မရှိဘဲ





စုတ်စမြုပ်စပျောက်ကွယ်နေခြင်းအဖြစ်ပေတည်း။

ယခုသော်ကား အရှက်ဦးအလင်းရောင်အောက်တွင် မိမိတို့ လူသားသုံးဦးသာ ရှိနေလေ၏။

လွန်စွာဆန်းကြယ်လှပေသည်တကား။

သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းသော်လည်း ကျင်စာရီနှင့် မောင်နှမ ဂယနကဖြေနိုင်မည်မဟုတ်မှန်း သိသဖြင့် မောင်ရန်ရှင်းက နှုတ်ဆိတ်နေလိုက်သည်။

ကျောက်ဂူနှင့် တဖြည်းဖြည်းနီးလာသောအခါ နဂါးအမောက်နှင့် ရွှေရောင်တုတ်ကောက်ကိုင်ထားသည့် ကျန်းအဘိုးအိုကိုသာ ရပ်စောင့်လျက်သား ရှိနေသည်ကို တွေ့မြင်ကြရသည်။

ရောက်ဆိုက်ပင် ကျန်းအဘိုးအိုက...

"ကိုင်း...မင်းတို့အမြင်ပါပဲ၊ ငါ့မှာ နှစ်ပေါင်းများစွာ အတောအတွင်း အကြိမ်ပေါင်းများစွာဆိုသလို အဲဒီ ဝိသမလောဘသားတွေရဲ့ တပ်မက်မှုတွေကို တွန်းလှန်ခဲ့ရတာ ကြာပါပြီလေ"

ဟုဆို၏။

ထိုအခန် ကျင်ကျူးလုံက...

"အဘိုးရဲ့ဂူမှာ ရွှေငွေတွေနဲ့ အဖိုးတန်ကျောက်တွေရှိတာကို သူတို့က ဘာကြောင့် သိသွားကြတာလဲဟင်"

ဟုမေး၏။

"အေး...အဲဒါ မေးသင့်မေးထိုက်တဲ့ မေးခွန်းပေပေါ့ကွယ်၊ ဒီလိုကွယ့် မွန်ဂိုတွေရန်ပြုတဲ့ကြားက ထွက်ပြေးလွတ်မြောက်သွားတဲ့ ယူနန်တပ်သားအချို့ နောက် တဖူးမြို့သူမြို့သားအချို့ပြီးတော့ သမိုင်းဆိုင်ရာစာပေပညာရှင်အချို့ရဲ့ပြောကြားမှု၊ ဖော်ထုတ်မှုတွေကြောင့် လူဆိုးဂိုဏ်းသား၊ ဗိသမလောဘသားတွေ တစ်စတစ်စနဲ့ တဖြည်းဖြည်း သိသွားကြတာ ဆိုပါတော့လေ"

"သြော်...ဒီလိုကိုး"

ထို့နောက် အဘိုးအိုက ပြောပြန်သည်။

"အေးလေ...ဘာပဲဖြစ်ဖြစ် ကျုပ်အနေနဲ့သာ ပေါဒီရတနဂူရဲ့အကြီးအကဲ ဘဏ္ဍာတော်မှူးဆိုတော့ ဒီအဖိုးတန်ပစ္စည်းတွေမသမာသူတွေလက်ထဲမရောက်အောင်တော့အထူးစောင့်ရှောက်ကာကွယ်မှု ပြုရမှာ အမှန်ပဲလေ"

အထက်ပါစကားကြောင့် မောင်ရန်ရှင်းမှာ ကျန်းအဘိုးအိုအား ကရုဏာသက်မိသွားရသည်။

ထို့ကြောင့် ၎င်းက...

"စိတ်မပူပါနဲ့ အဘိုး၊ ကျွန်တော်တို့ရှိနေသရွေ့ အဲဒီရန်ဓိတွေကို အတတ်နိုင်ဆုံး ကူညီရှင်းပေးသွားမှာပါ ခင်ဗျာ"

ဟု အားတက်သရော ဆန္ဒပြုလိုက်လေ၏။

"ဟုတ်ကဲ့...ကျွန်မတို့လည်း ပိုင်ရန်ဝေနဲ့ တစ်သဘောတည်းပါပဲ"





"ကျွန်တော်ကလည်း အဲ့ဒီအတိုင်းပါပဲ အဘိုး"

"အေးကွာ...အေးကွာ"

အားလုံး၏ဆန္ဒပြုမှုကို ကြားသိရသည့်အတွက် အဘိုးကျန်းမှာ ၎င်း၏ငွေရောင်မုတ်ဆိတ်ကြီးကို လက်နှင့်သပ်ကာ ခပ်ပြုံးပြုံးဖြင့် သဘောအကျကြီး ကျေလျက်ရှိနေပေတော့၏။

ပြီးမှ ၎င်းက...

"ဟော...မိုးတောင်လင်းပြီပဲ၊ ရန်သူတွေတော့ ရှင်းသွားပါပြီ၊ ရန်သူတွေအလောင်းကို မကြာခင် ခွေးအုပ်စုနဲ့ တောတိရစ္ဆာန်ကြီးတွေ လာစားမှာသေချာတယ်၊ ကဲ...လာ...လာကျုပ်တို့ တစ်နေရာရာ သွားကြစို့"

ဟု ဆိုလေ၏။

"ဟင်...ဘယ်ကိုသွားမှာလဲအဘိုး၊ ဟိုမှာ ကျောက်ဂူတံခါးကြီးက ပွင့်နေတယ်လေ၊ သွားလို့ဖြစ်ပါ့မလား"

မောင်ရန်ရှင်းအမေးကြောင့် ကျန်းအဘိုးအိုက ပြုံးလိုက်သည်။

ပြီးမှ လက်ခုပ်နှစ်ချက်ကို ခပ်ဆတ်ဆတ် တီးလိုက်လေ၏။

"ဖြောင်း...ဖြောင်း"

"ဗိုး...ဟိုး"

"ဗိုး...ဖရိုး"

လက်ခုပ်သံအဆုံးတွင် ချွန်ထက်သော သွားစွယ်များနှင့်

မွဲခြောက်ခြောက် အဆင်းအရောင်ရှိသည့် ငှက်မည်းကြီး နှစ်ကောင်သည် သစ်ပင်အုပ်များကြားမှ အရှိန်ပြင်းစွာ ပျံသန်း ထိုးဆင်းလာ ပြီးနောက် ကျောက်ဂူကြီး၏ ဘေးတစ်ဖက် တစ်ချက်စီတွင် အစောင့်များကဲ့သို့ နားလိုက်ကြလေ၏။

ထို့နောက် ကျန်းအဘိုးအိုက လေတစ်ချက် ချွန်လိုက် သည်။

"ရှီး"

"ဂျိန်း...ဒလိန်း"

ဤတွင် ပွင့်နေသော ကျောက်ဂူတံခါးကြီးမှာ တဝီဝီ မြည်ကာ ပိတ်သွားတော့၏။

"ကဲ...ဒါဆို စိတ်ချရပါပြီ၊ သွားကြစို့"

ကျန်းအဘိုးအိုက ရှေ့ဆောင်ကာ တောလမ်းအတိုင်း လျှောက်ခဲ့ကြ၏။

ထိုမှတစ်ဖန် ချောင်းတစ်ချောင်းနှင့် တောင်သုံးလုံးကို ကျော်ဖြတ်ကြရပြန်ပြီးနောက် မှိုပွင့်သဏ္ဍာန် တောင်ကြီးတစ် တောင်ကို လှမ်းမြင်လိုက်ကြရသည်။

တောင်ကြီးမှာ မြင့်မားလှလျက် ခပ်လှမ်းလှမ်းမှ ကြည့် သောအခါ မှိုတောင်ကြီးအလား မြင်တွေ့နေရသည်။

ထို့နောက် ကျန်းအဘိုးအိုက မတောင်တက်ကျောက် လမ်းလေးအတိုင်း ရှေးရှုတက်သွားသဖြင့် လိုက်တက်ကြရပြန် သည်။





ထူးဆန်းသည်မှာ...

ခရီးမိုင်အတော်ရှည်ရှည်လျားလျား လျှောက်ခဲ့သည် မှန်သော်လည်း အဘိုးမှာ အနည်းငယ်မျှ မောပန်းသည့်ဟန် မရှိ ခြင်းပင်တည်း။

ကျောက်လမ်းကလေးအလယ်သို့ ရောက်သောအခါ တစ်ဘက်ခြမ်းတွင်လည်း အမှာကဲ့သို့ တောင်ကြီးတစ်တောင် ရှိ နေကြောင်း၊ အံ့ဩစဖွယ် တွေ့မြင်လိုက်ကြရပြန်သည်။

"အဲ့ဒါ မှော်စက်ရောင်နတ်တောင်ဒေဝီသခင်မရဲ့ တောင်ညီနောင်ပေါ့ကွယ်"

"အို ...မှော်စက်ရောင်နတ်တောင်ဒေဝီရဲ့ နေရာဌာန ပေကိုး"

မောင်ရန်ရှင်းက ထိုအခါကျမှ သဘောပေါက်ကာ တအံ့ တဩရေရွတ်လိုက်မိတော့သည်။

ပြီးလျှင် သူတို့အားလုံးအတွင်းဘက် ကျောက်လှေကား မှတစ်ဆင့် တောင်ကြီးနှစ်တောင်ကို ဖောက်ထွင်းကာ တက်ခဲ့ ကြ၏။

သို့အတွက် ကြောင်လိမ်လှေကားအလား တစ်ဘက် အရောက်လင်း၍ တစ်ဘက်သို့အရောက်မှောင်ကာ စိတ်ကို အထူးလှုပ်ရှားမှုဖြစ်စေကြောင်း မောင်ရန်ရှင်း တွက်ဆလိုက်မိ သည်။

"ဖျောက်...ဖျောက်"

မကြာမကြာ ရေစက်ရေပေါက်ကျသံများကြားရသဖြင့် မောင်ရန်ရှင်းက မေးသည်။

"အဲ့ဒီ...အဲဒါရေကျသံမဟုတ်လား"

လိုက်သံဖြင့်ကျလာသည့်အတွက်မြည်ဟိန်းသွားသော အသံထွက်ပေါ်လာပြီးလျှင် ကျန်းအဘိုးအိုက ဖြေသည်။

"ဟုတ်တယ်၊ တောင်မြင့်ကြီးနှစ်လုံးကို လှည့်ပတ်စီးဆင်းလာတဲ့ ရေအလျဉ်ဟာ တောင်အခေါင်းပေါက်တစ်နေရာက နေပြီး ရေစစ်သလို တစ်စက်စက် ကျရောက်နေတယ်ကွယ့် ပိုင်ရန်ပေ"

"ဪ...ဪ"

ဆက်ဆက်ကြသောအခါ ကျောက်တောင်၏ အနေအထားမှာ ပထမတွင် ဆွတ်ဆွတ်ဖြူလျက် တစ်ဖန် အညိုနော သွား၏။

ထို့နောက် ပကတိနက်မှောင်သောအဆင်းသည် အထက်သို့ရောက်တိုင်း ပိုမို သိသာထင်ရှားစွာ တွေ့မြင်ရတော့သည်။

"လက်စသတ်သော ကျောက်တောင်ကြီးပေပဲ"

မောင်ရန်ရှင်းက မှတ်ချက်ချလိုက်စဉ် သူတို့အားလုံး တောင်နှစ်လုံး၏အလယ် ကျောက်ထွက်တစ်ခုသို့ပင် ရောက်ရှိနေခဲ့ကြပြီဖြစ်သည်။

ထိုအချိန်၌တောင်မြင့်ထက်မှတူရိယာတစ်ခုခု တီးခတ်





လိုက်သကဲ့သို့ သာယာနာပျော်ဖွယ်အသံများ လွင့်ပျံလာခဲ့၏။

ထို့ပြင် ထူးဆန်းသည်နှင့်အမျှ အသိရခက်လှသော နေရာဌာနတစ်ခုပင် ဖြစ်ရမည်ဟု မောင်ရန်ရှင်း စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

"ကျွီ...ကျွလီ...လီ"

"ကျွီ...အီ...အီ"

ငှက်တို့လူစု ဆက်လက်တက်ခဲ့ကြစဉ် တောင်ကုန်းအထက်တစ်နေရာမှာ ကျောက်တံခါး ပွင့်သံကို သဲ့သဲ့မျှ ကြားကြရလေ၏။

ကျင်စာရီတို့ မောင်နှမကား ထိုနေရာဒေသများကို အထူးရင်းနှီးကျွမ်းဝင်နေသကဲ့သို့ အံ့ဩဟန်မရှိသည့်အဖြစ်ကို မောင်ရန်ရှင်း သတိပြုမိသည်။

နောက်ထပ် ကျောက်နက်လှေကားထစ်တစ်ရာခန့်ကို ဆက်တက်ကြပြီးသောအခါစကြံကဲ့သို့ကျောက်လမ်းသွယ်လေး (သို့မဟုတ်) ကျောက်နက်သားဆောင်ကူးလမ်းကလေး မှ တစ်ဆင့် လင်းချင်းသော ဂူဝကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ကြရသည်။

အတွင်းဘက် အလယ်ဗဟိုတည့်တည့်၌ ကျောက်စိမ်းခွက်များလည်း အသင့်ရှိနေပြန်၏။

ထိုကျောက်စားပွဲကြီး၏ အလယ်နေရာအနှံ့အပြားတွင်ကား ကျောက်ပန်းဆိုင်၊ ကျောက်ပန်းအိုးများ လှပစန့်ညားစွာ

တွဲရရှဲကျလျက် ပဏ္ဏာရစွာ ရှိနေကြပေသည်။

"ဩော် ...ဘဏ္ဍာတော်မှူးကြီးတို့လူစု ရောက်လာကြပြီကိုး။ ထိုင်ကြပါရှင်၊ ကျောက်စားပွဲဘေးက ထိုင်ခုံတွေပေါ်မှာ ထိုင်ကြပါ"

ချိုအေးကြည်နူးသော အသံသာက တောင်အခေါင်း၏ မည်သည့်နေရာက ထွက်ပေါ်လာသည်ဟု ခန့်မှန်းနိုင်ခြင်း မရှိပေ။

အသံသာကြားရလျက် လူရိပ်လူယောင်ကိုကားလုံးဝ တွေ့မြင်ရခြင်းမရှိချေ။

ကျန်းအဘိုးအိုက ဦးစွာ ကျောက်ထိုင်ခုံတစ်လုံးတွင် ကျနွှေ့ရရထိုင်လိုက်သဖြင့် မောင်ရန်ရှင်းတို့လူစုလည်းကျောက် ထိုင်ခုံများတွင်အသီးသီးထိုင်လိုက်ကြလေ၏။

ထိုခဏ၌ မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိသည့် ရောင်စုံလိပ်ပြာများသည် ကျောက်နက်လိုဏ်ဂူကြီး အတွင်း ဝဲပျံလျက်ရှိနေကြသည်။

ရောင်စုံလိပ်ပြာများ အတန်ကြာလှည့်ပတ် ဝဲပျံနေပြီးမှ ကျောက်ပတ်ကြားအက်တစ်ခုထဲသို့ စီတန်းဝင်သွားကာ ခေတ္တအကြာတွင် တစ်ကောင်မျှ မကျန်အောင် ပျောက်ကွယ် သွားကြပေတော့သည်။

ကြုံရ မြင်ရ တွေ့ရသည့်ထူးထူးဆန်းဆန်း အဖြစ်များ ကြောင့် မောင်ရန်ရှင်းမှာ တွေး၍ ဉာဏ်မမီနိုင်အောင်ပင် ဖြစ်နေ





ရရှာသည်။

သို့သော် ကျင်စာရီတို့မောင်နှမကဲ့သို့ပင် မသိကျိုးကျွံပြု ကာ နှုတ်ဆိတ်လိုက်လေ၏။

ထိုအခိုက် အစိမ်းရောင်သည် အခန်းတစ်ခုလုံး ဖြိုးလွှမ်း သွားသည်ဟု မှတ်ယူလိုက်ရပြီးလျှင် လွန်စွာချောမောလှပသော အစိမ်းရောင်ဝတ်စုံနှင့် မိန်းမပျိုတစ်ဦးသည် မောင်ရန်ရှင်း နောက်ဘက်နံရံကို ကျောခိုင်းကာ ထွက်ပေါ်လာခဲ့လေ၏။

"အစစ အဆင်ပြေပါစေ ဘိုးဘိုးကျန်း"

အသံသည် ချိုအေးသည်နှင့်အမျှ ကြားရသူဘဝင်ကို လိုက်ဖိုခြင်းဖြစ်အောင် ကြည်နူးလှသည်ကို မောင်ရန်ရှင်း သတိ ပြုလိုက်မိသည်။

သူမက ကျန်းအဘိုးအိုနှင့် မောင်ရန်ရှင်းတို့ကြား ကျောက်ခုံတွင် ပါးလွှာသော အစိမ်းရောင်ဝတ်စုံအစကို သိမ်းကာ သိမ်မွေ့စွာ ထိုင်လိုက်သည်။

သူမကိုယ်မှ စိတ်ကို ကြည်လင်ဆန်းဆန်းစေသည့် မွှေးပျံ့ရနံ့တစ်မျိုး ခပ်သင်းသင်းထွက်ပေါ်လျက်ရှိရာ မကြည့်ဘဲ မနေနိုင်တော့သည့်အလျောက် မောင်ရန်ရှင်းမှာ စောင်းငဲ့၍ မသိမသာ အကဲခတ်ကြည့်ရှုလိုက်မိ၏။

သို့အတွက် သူမမှာ အသက်အားဖြင့် နှစ်ဆယ်ကျော် အစိတ်ပိုင်းဟု သတ်မှတ်ရလျက် ပိုမိုထူးခြားသည်ကား ဝင်းဝါ သော မျက်နှာ၏အထက်နဖူးတွင် ရွှေပြားခပ်နဖူးစည်းကလေး

အား ပဏ္ဏာရစ္စာ တပ်ဆင်ထားခြင်းပင် ဖြစ်ပေတော့၏။

သူမကမူ စောင်းငဲ့ကြည့်နေသော မောင်ရန်ရှင်းအား သတိမထားမိဟန်ဖြင့် အရှေ့တူရူမျက်နှာချင်းဆိုင်တွင် ထိုင်နေသော ကျင်စာရီတို့မောင်နှမနှစ်ယောက်ကိုသာ ထိုင်မိလျှင် ထိုင်မိချင်း တစိမ့်စိမ့်ကြည့်နေလေ၏။

ကျွန်းအဘိုးအိုက...

"ပြောတယ်ဆိုပေမယ့် အနှောင့်အယှက်တွေက ဗိုလ်လာတယ်လို့တောင် ဆိုရမှာပဲ သမီးရဲ့၊ သို့ပေမယ့် စကျွပါလမော်ကြေးမုံရဲ့အလို့အရ ရန်အပေါင်းကို အောင်မြင်နိုင်မယ့် သူတို့သုံးဦး ရောက်လာကြပြီပဲ၊ သမီးပြောသလို အစစ အဆင်ပြေလိမ့်မယ် ထင်ပါရဲ့ကွယ်"

ဟု အေးအေးသက်သာ ပြောလိုက်လေ၏။

"ဟုတ်ကဲ့...သမီးအနေနဲ့လည်း ဘဘကျွန်းကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးမှာပါ"

"အေး...အေး...ဒါနဲ့ ကျင်ကျူးလုံနဲ့ ကျင်စာရီ မင်းတို့အစ်မတော့်ကို နှုတ်ခွန်းလေးများ ဆက်သကြပါလားကွယ့်"

ဤတွင် မော်စက်ရောင်နတ်တောင်ဒေဝီအား စိမ်းစိမ်းကြည့်နေသည့် ကျင်စာရီက...

"အခုကိစ္စတွေ အေးငြိမ်းသွားရင် ကျွန်မတို့မောင်နှမ တရုတ်ပြည်အနဲ့ လည်ပတ်ချင်ပါသေးတယ်၊ နောက်ပြီး မြန်မာပြည်က ဘုရားပေါင်းစုံကိုလည်း ဖူးချင်ပါတယ်"





ဟု ဆိုလိုက်လေ၏။

"တော်...တိတ်စိမ်း ညီမတော်၊ လိုလိုက်လို့ အမိုက်မစ်ကားဆိုတာလို မလုပ်နဲ့၊ ဘာပဲပြောပြော ဘိုးဘိုးကျွန်းကိစ္စကို ကူညီဆောင်ရွက်ပြီးတာနဲ့ မင်းတို့မောင်နှမ ဒီကို ပြန်လာကြရမယ် ဒါပဲ"

အစိမ်းရောင်ဝတ်စုံနဲ့ နတ်တောင်ဒေဝီမှာ လွန်မင်းစွာ ဒေါသဖြစ်သွားဟန်ဖြင့် နှုတ်ခမ်းကလေးများ ဆတ်ဆတ်တုန်လျက် ပြောလိုက်ခြင်းဖြစ်သည်။

ကျင်ကျူးလုံကမူ မည်သို့မျှမဆိုဘဲ ကျင်စာရီ၏လှပသော မျက်ဝန်းမှ မျက်ရည်ပုလဲပေါက်တို့ တဖျောက်ဖျောက်ကြွေကျကုန်၏။

ထိုမိန်းမချောနှစ်ဦးကို တစ်လှည့်စီကြည့်ကာ မောင်ရန်ရှင်းမှာ အမည်ဖော်ခြင်းငှာ မစွမ်းနိုင်သည့် ဝေဒနာတစ်မျိုး ဝင်ရောက်လာသည်ကို ခံစားရသည်။

၎င်း၏နှလုံးသည်းပွတ်သည်လည်း တသိမ့်သိမ့် တငြိမ့်ငြိမ့် ရှိနေကြောင်း နားလည်လိုက်၏။

ယင်းအခိုက် ကျွန်းအဘိုးအိုအသံက ဆက်လက်ထွက်ပေါ်လာပြန်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ကျင်စာရီရယ်၊ အေးအေးသက်သာနေပါ။ နောက်မှ ဘဘက မင်းရဲ့မကို မေတ္တာရပ်ခံပေးပါ့မယ်...ဟုတ်လား။ အခုဆိုရင် ပိုင်ရှန်ဝေလည်း ရောက်လာပြီပဲ၊

ဘာမှ အားမငယ်နဲ့တော့နော်"

အဘိုးအိုစကားအဆုံးတွင် နတ်တောင်ဒေဝီက မောင်ရန်ရှင်းကို စေ့စေ့ကြည့်လိုက်ပြီး...

"ဩော်...ပိုင်ရန်ဝေကို၊ မင်းကရော မမကို မှတ်မိရဲ့လားကွယ့်"

ဟု ပြုံးနွဲ့နွဲ့နှင့် မေးလိုက်ရာ မောင်ရန်ရှင်းမှာ အူကြောင်ကြောင်ဖြစ်လျက် ဦးခေါင်းကိုသာ ဘယ်ညာယမ်းခါပြလိုက်ရ၏။

"အဟင်း...ဟင်း...ဟင်း...ဘယ်မှတ်မိမှာလဲလေ၊ နှစ်တွေကြာသလို အချိန်နဲ့နေရာတွေကလည်း ပြောင်းဆိုတော့ ဘယ်မှတ်မိနိုင်မှာလဲ၊ တာဖူးမြို့တိုက်ပွဲမှာ ဒဏ်ရာရတဲ့မင်းကို အစ်မတော်ကိုယ်တိုင် မြင်းနဲ့တင်ခေါ်လာပြီး ဒီကျောက်နတ်တောင်မှာကုသပေးတာရေးရေးလေးတောင်သတိမရတော့ဘူးလားကွယ့်"

"ကျွန်...ကျွန်တော်..."

မောင်ရန်ရှင်းမှာ ဘာပြန်ပြောရမှန်းမသိသဖြင့် စကားဆက်မရဘဲ ဖြစ်နေရှာလေ၏။

သူမကပင် ဆက်ပြောသည်။

"အဲဒီတုန်းက မြို့စားရဲ့သမီးတော်ဖြစ်တဲ့ ဟောဒီ ညီမတော် ကျင်စာရီက မင်းရဲ့သတင်းကိုလည်း ကြားသိရော သူ့ရဲ့အိမ်တော်မှာ စိတ်ထိခိုက်လို့ အရုပ်ကြိုးပြတ်လဲရှာပါရောလား"





နတ်တောင်ဒေဝီစကားကြောင့် မောင်ရန်ရှင်းက ကျင်စာရီကို လှမ်းကြည့်လိုက်မိသည်။

ကျင်စာရီကလည်း အကြည့်နှင့် တိုက်ဆိုင်လျက် မောင်ရန်ရှင်းရင်မှာ ဒိန်းခနဲ ခုန်သွားရသည်။

သို့ရှိစဉ် တိတ်ဆိတ်စွာရှိနေသည့် ကျင်ကျူးလုံးက သစ်သီးတစ်လုံးကို ဦးစွာယူ၍ စားသောက်လိုက်သည်။

ကျန်းအဘိုးအိုကလည်း သစ်သီးတစ်လုံးကို လှမ်းနှိုက်ပြီးနောက် မောင်ရန်ရှင်းကို ပေးသည်။

"စားကြည့်စမ်းကွယ် ...အင်မတန် အစွမ်းထက်တဲ့ သစ်သီးပေးပေါ့ ပိုင်ရန်ဝေ"

ပေးလာသည့်သစ်သီးကို မောင်ရန်ရှင်းက တစ်ကိုက်ကိုက်လိုက်သည်။

"အိုး"

မဝါးရသေးမီမှာပင် သစ်သီး၏ချိုမြိန်သော အရသာမှာ လည်ပင်းမှတစ်ဆင့် ရိုးတွင်းချဉ်ဆီများထိအောင် စိမ့်ဝင်ပျံ့နှံ့သွားသည်ဟု ထင်လိုက်ရသဖြင့် မောင်ရန်ရှင်း အထက်ပါအတိုင်း အာမေဋိတ်သံ ထွက်သွားရခြင်းဖြစ်သည်။

ကိုက်ဝါးကြည့်မိသောအခါ ဖော်ပြနိုင်ခြင်းငှာ မစွမ်းသည့် ထူးကဲသော အရသာကို ခံစားမိသဖြင့် တစ်ကိုက်ပြီး တစ်ကိုက် မြိန်ယှက်စွာ စားသောက်လိုက်တော့၏။

သူ စားသောက်နေသည်ကို လူအားလုံးက ကျေနပ်

သည့် အနေအထားနှင့် ပြုံး၍ကြည့်နေကြ၏။

ပြီးမှ မောင်ရန်ရှင်းက...

"အရသာရှိလိုက်တာ၊ ဒီသစ်သီးကို ဘယ်လိုအမည်မှည့်ခေါ်သလဲဟင်"

ဟု မေးလိုက်လေ၏။

ထိုအခါ ကျွန်းအဘိုးအိုက...

"တစ်တောလုံးမှာ အပင်ခုနစ်ပင်သာ ရှိပြီး၊ နှစ်ပေါင်းတစ်ရာမှာ တစ်ပင်တစ်လုံးသာသီးတဲ့ ရဲချွန်သီးဆိုတာပေါ့ကွယ်"

ဟု ဆို၏။

"ဒီအသီးစားပြီးတာနဲ့ ကျွန်တော့်ခန္ဓာကိုယ်အတွင်းမှာ သွေးတွေ အရှိန်လည်ပတ်နေသလိုပဲ"

"ဟဲ...ဟဲ...ဟဲ...မှန်တယ်ကွယ့်၊ ဒီအသီးရဲ့ အာဟာရဓာတ်ဟာ ခန္ဓာကိုယ်ထဲက အညစ်အကြေးတွေကိုတိုက်ထုတ်ပြီး သန့်ရှင်းစင်ကြယ်စေတယ်၊ ဒါကြောင့်လည်း အသက်ရှည်ဆေးအဖြစ် သာမန်လူတွေ အန္တရာယ်ကြားက မမောမပန်း လိုက်ရှာကြပေတာပေ့ါ"

"ဪ...ဒီလိုကိုး၊ ကျွန်တော်ကြားတော့ ကြားဖူးပါတယ်၊ အခုမှ ကိုယ်တိုင်စားဖူးတာဆိုပါတော့ အဘိုး"

"အေး...အေး...မင်းရဲ့ကုသိုလ်ကံ ထူးလွန်းလို့ ဒီ ရဲချွန်သီးကို စားရတာမှတ်ပေတော့ ပိုင်ရန်ဝေ့ရေ...ဟဲ...ဟဲ...ဟဲ"

ကျွန်းအဘိုးအို၏စကားကြောင့် လူအားလုံး ရောနှော





ရယ်မောလိုက်ကြသည်။

ပြီးမှ ကျွန်းအဘိုးအိုက...

"ဒီလိုရှိတယ် ပိုင်ရန်ဝေ၊ မင်းအနေနဲ့ အခုနေအခါမှာ အတိတ်ဘဝဆိုတာ လုံးဝမမှတ်မိအောင် မေ့လျော့နေတာ သေချာပါတယ်၊ ဒါပေမဲ့ အဘိုးတစ်ခုပြောချင်တာက အတိတ်ဘဝနဲ့ ပစ္စုပ္ပန်ဘဝတွေဟာ တချို့တချို့မှာ ပတ်သက်စပ်ဆိုင်မှု ရှိနေတယ် ဆိုရမှာပါ"

ဟု ပြောလေ၏။

"တချို့သော ပုဂ္ဂိုလ်တို့ရဲ့ အတိတ်ဘဝအကြောင်းဆက် အကျိုးဆက်တွေဟာ ပစ္စုပ္ပန်ဘဝတွေမှာ လာပြီးဖြစ်ပျက်အကျိုးပြုရတာမျိုးလည်း ရှိခဲ့သလို၊ အခုနေမှာ ရှိနေဆဲဆိုရင် မမှားပေဘူးကွယ့်"

မောင်ရန်ရှင်းမှာ အမှန်ပင် ဉာဏ်မမီသည့်အလျောက် ဦးခေါင်းကိုသာ ညိတ်ပြနေမိသည်။

ပြီးမှ အဘိုးကျွန်းက နတ်တောင်ဒေဝီကို ခပ်ပြုံးပြုံး ကြည့်ကာ...

"ပြောနေရင် သူ့အနေနဲ့ ပိုပြီးတွေးစရာ ဖြစ်တာမို့ ဒီလောက်တင်တော်လောက်ပါပြီနော် သမီး"

ဟု ပြောရာ နတ်တောင်ဒေဝီက ပြုံးနွဲ့နွဲ့ဖြင့် ခေါင်းညိတ်ပြရှာလေ၏။

ပြီးမှ သူမက...

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဘဘကျန်း"

ဟုတ် ရုတ်တရက်ဆိုလေ၏။

"ဘာများပါလိမ့်ကွယ်၊ ပြောပါသမီး"

"ယုံနန်ပြည်နယ် တဖူးမြို့ရဲ့ မြို့စောင့်တပ်ဗိုလ်လေး ပိုင်ရန်ဝေဟာ ဘာပဲဖြစ်ဖြစ် သတ္တိအရာမှာ ထက်မြက်သလို၊ သူ့ရဲ့မွေးဇာတိနဲ့ သူ့ချစ်သူကို ဘယ်ဘဝရောက်နေနေ မေ့မှ မဟုတ်ဘူးဆိုတာကိုလေ"

"အင်း...အင်း"

နတ်တောင်သခင်မစကားကြောင့် စောစောက မျက်ရည်ဝေ့သီနေသည့် ကျင်စာရီ၏ မျက်လုံးအရောင်များ လင်းလက်တောက်ပြောင်လာခဲ့သည်။

ထို့နောက် ကျန်းအဘိုးအိုကပင် ကျင်ကျူးလုံအား လက်ညှိုးထိုးပြကာ...

"သူဟာ ကခြားလူမဟုတ်ဘူး ပိုင်ရန်ဝေ၊ အဲဒီတုန်းက တိုက်ပွဲမှာ မင်းဒဏ်ရာရတဲ့အခါ တဖူးမြို့ရန်သူလက်ထဲမှာ မကျရောက်ရအောင် အသက်ပေးကာကွယ်ခဲ့တဲ့ သူရဲကောင်း ကျင့်ထုံးနန်ပေါ့ကွယ်"

ဟု ပြောလိုက်ပြန်လေ၏။

မောင်ရန်ရှင်းမှာ ၎င်းတို့ပြောသည်ကို လုံးဝအမှတ်ရခြင်းမရှိ၊ နားမလည်မိသော်လည်း စကားအဆုံးတွင် ရဲစွမ်းသတ္တိရှိသည်ဆိုသော ကျင်ကျူးလုံအားစားပွဲကျော်ကာလက်ဆွဲ





လျက် လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက် သည်။

သို့အတွက် ကျင်ကျူးလုံကလည်း မောင်ရန်ရှင်း လက်ကို အားပါးတရဆွဲကိုင်လှုပ်ယမ်းလိုက်၏။

"ဒိုင်း...ဒိုင်း...ဒိုင်း"

ထိုစဉ်အဝေးဆီမှ ခပ်သဲ့သဲ့ထွက်ပေါ်လာသော သေနတ်သံများကို သဲ့သဲ့မျှကြားလိုက်ရသဖြင့် လူအားလုံး တိတ်ဆိတ်သွားကြသည်။

တိတ်ဆိတ်သွားပြီးနောက် ချက်ချင်းလိုလိုပင် ကျန်းအဘိုးအိုနှင့် နတ်တောင်ဒေဝီတို့ မျက်လုံးဆုံလျှင် အဓိပ္ပာယ်ပါပါကြည့်လိုက်ကြလေ၏။

ပြီးမှ နတ်တောင်ဒေဝီက ရွှေလင်ပန်းတစ်ချပ်တွင် ထည့်ထားသည့် သစ်သီးများကို ကျောက်စားပွဲပေါ်သို့ ချလိုက်လေ၏။

ထို့နောက် ကျောက်ရေတကောင်းထဲမှ ရေများကို ရွှေလင်ပန်းနှုတ်ခမ်းအထိ ရောက်အောင် သွန်းထည့်၏။

ပြီးမှ...ပကတိပြန့်ပြူးလျက် ကြည်လင်နေသော ရေမျက်နှာပြင်အား သူမ၏လက်ဖြင့် သုံးချက်မဆ ဘယ်ပြန်ညာပြန် သပ်ချလိုက်၏။

"ဟိုက်...အိုး"

ထိုခဏ၌ ရေသည် အောက်ဘက်မှ မီးအပူပေးလိုက်သကဲ့သို့ ပွက်ပွက်ဆူကာ ပလုံစီနေသဖြင့် မောင်ရန်ရှင်းမှာ

တအံ့တသြ ရေရွတ်မိတော့သည်။

ထို့နောက် နတ်တောင်ဒေဝီက ယခင်အတိုင်း လက်နှင့် သုံးကြိမ် သပ်လိုက်ပြန်ရာ မွက်မွက်ဆူနေသည့် ရေပြင်မှာ လုံးဝ မှုငြိမ်သက်သွားလျက် တဖြည်းဖြည်း ရေထဲ၌ အရိပ်များ ပေါ်လာသည်ကို မယုံနိုင်စဖွယ် တွေ့မြင်ရပေသည်။

လူအားလုံးပင် လင်ပန်းအတွင်းမှ လှုပ်ရှားနေသည့် အရိပ်များအား ထင်ထင်ရှားရှားမြင်နိုင်ရန် ထိုင်ရာမှ ထလိုက်ကြသည်။

ဦးစွာတည်ငြိမ်နေသော ရွှေလင်ပန်း၏ ရေပြင်ထက်တွင် အခိုးအငွေ့များ တရှိန်ရှိန်ထွက်ပေါ်လာပြီးလျှင် အခိုးအငွေ့များ ငြိမ်သက်သည်နှင့် ဘုံကျောင်းဖျက်ကဲ့သို့ အဆောက်အဦ ဟောင်းအနီး၌ တစ်ဘက်နှင့် တစ်ဘက် ပစ်ခတ်တိုက်ခိုက်နေကြသူများ ကို အထင်အရှားတွေ့မြင်လိုက်ရသည်။

ကျောက်တုံးများအကွယ်မှ လှမ်းပစ်နေသူများမှာ သုံး ယောက်ဖြစ်လျက်၊ အဆောက်အဦပျက်မှ နံကောကွယ်နေသူမှာ တစ်ယောက်တည်းသာဖြစ်သည်။

"ဟင်...အဲဒီတစ်ယောက်သမားဟာ လက်စသပ်တော့ ကျွန်တော့်ကို ဖမ်းလာတဲ့ လူဆိုးခေါင်းဆောင် ဦးကျားလူဆိုတဲ့ လူကြီးပါလား"

မောင်ရန်ရှင်းက ရုတ်တရက်ပြောလိုက်သည်တွင် ကျွန်းအဘိုးအိုက အတတ်သိသကဲ့သို့...





"ဟုတ်တယ်ကွယ့်၊ သူဟာ ဒုစရိုက်ဂိုဏ်းချုပ် မဟုရာ မိစ္ဆာကျောက်လန်ကို လာရှာရင်း မမျှော်လင့်ဘဲ ပင်လယ်လိုင်ပြာ နီကျူးကျင့်ရဲ့ တပည့်တွေနဲ့ တွေ့နေတာလေ"

ဟု ဆို၏။

"ဪ...ဒီလူကြီးက ယူနန်နယ်က လူဆိုးတွေနဲ့ သိနေတယ်ပေါ့နော်"

ဤတွင် ကျွန်းအဘိုးအိုက...

"ဟဲ...ဟဲ...ဟဲ...မင်းကိုဖမ်းလာခြင်းမပြုမီကတည်းက သူတို့ ဒုစရိုက်သားအချင်းချင်း သိကျွမ်းပြီး ကူးလူဆက်ဆံ နေကြတာကွယ့်၊ ပြောရမယ်ဆိုရင် သူတို့ရဲ့ပထမအကြံက မင်းရဲ့ ဦးကြီးလင်မယားနဲ့ မင်းကို သတ်ပြီး ပစ္စည်းယူ အိမ်ကိုမီးရှို့မလို့ ကွယ့်"

"အို...ဒီလိုလား"

"ဒါပေမဲ့...တောစပ် ရွံ့နွံတွေထဲက ရုပ်တုလေးကို မင်း ကောက်ရလာခဲ့တော့၊ အဲဒီရုပ်တုရဲ့အရှိန်ကြောင့် သူတို့အကြံ အစည်တွေ ပျက်ပြားကုန်တာယ်"

"ဟင်"

ထိုအခါကျမှပင် ရင်းတို့မိသားစုအား ကျွန်းအဘိုးအို စောင့်ရှောက်ကယ်တင်နေခြင်းဖြစ်ကြောင်း မောင်ရန်ရှင်း သဘောပေါက်ကာ ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်လိုက် မိသည်။

ထို့နောက် ကျွန်းအဘိုးအိုက ဆက်ပြောပြန်သည်။

"ဒီမှာတင် ...မင်းဦးကြီးရဲ့ ရန်ဖက်ဖြစ်တဲ့ ကျားလူဟာ သူ့နန်နယ်က ဒုစရိုက်ဂိုဏ်းခေါင်းဆောင် မဟူရာမိစ္ဆာကျောက်လန်နဲ့တိုင်ပင်ပြီး မင်းကို ဒီနယ်အထိ ဖမ်းခေါ်လာခဲ့တာကွယ့် ပိုင်ရန်ဝေ"

"အင်း...အစစသိနေတဲ့ အဘိုးကြီး ဒါကြောင့် ကျွန်တော့်ကို ကယ်ဖို့ ကျင်စာရီတို့မောင်နှမကို လွှတ်တာပေါ့နော်"

မောင်ရန်ရှင်း စကားအဆုံးတွင် ကျွန်းအဘိုးအိုက ဝန်ခံသကဲ့သို့ ခေါင်းတဆတ်ဆတ် ညိတ်ပြနေလေ၏။

ရှေ့လင်ပန်းအတွင်းရှိ ရေရိပ်တွင် ဦးကျားလူပစ်လိုက်သည့် သေနတ်ကျည်ဆံထိမှန်ကာ လူဆိုးတစ်ယောက် ကျောက်တုံးကြီးအနားတွင် လဲကျသေဆုံးသွားသည်ကို တွေ့လိုက်ကြရသည်။

"ကဲ...တော်လောက်ပါပြီလေ"

နတ်တောင်ဒေဝီက ဤသို့တီးတိုးရေရွတ်ပြီးသစ္စာလရေပြင်အပေါ်သို့ သူမလက်နှင့် ဝေ့ယမ်းလိုက်၏။

သို့အတွက် ရေထဲမှပုံများမှာ လှိုင်းထသည့်အလား တွန့်လိမ်လျက် ခေတ္တအကြာ၌ လုံးဝပျောက်ကွယ်ကာ ပကတိကြည်လင်သော ရေအတိုင်းသာပြန်ဖြစ်နေလေ၏။

ပြီးမှ နတ်တောင်ဒေဝီက မောင်ရန်ရှင်းကို စေ့စေ့ကြည့်ကာ...





"ဒီမှာ ပိုင်ရန်ဝေ...ကျွန်ုပ်ရဲ့မှော်ကြေးမုံပြင်မှာ မြင်ရတဲ့ ကျားလူဆိုသူဟာ တစ်နေ့မှာ သင့်ကို ဒုက္ခပေးနိုင်တဲ့လူတစ်ယောက်လို့ မှတ်ထားပါ၊ သူဟာ သင့်အသက်ကို ရန်ရှာမှာ မုချဖြစ်ပေတယ်၊ ဒါကြောင့် သတိမလစ်ပါစေနဲ့"

ဟု တည်ကြည်စွာဖြင့် ပြောပြအသိပေးလိုက်လေ၏။

"ဟုတ်ကဲ့...အခုလိုအသိပေးတဲ့အတွက်အထူးကျေးဇူးတင်လှပါတယ်ဗျာ"

မောင်ရန်ရှင်းအပြောကြောင့် သူမမျက်နှာ၌ ပန်းပွင့်သွားရာ ကျင်စာရီက မလိုလားဟန်ဖြင့် လှပသော သူမမျက်နှာလေးအား အနည်းငယ်မဲ့ရွဲ့လိုက်သည်ကို မောင်ရန်ရှင်း အမှတ်မထင် တွေ့မြင်လိုက်ရသည်။

ကျွန်းအဘိုးအိုက ပြောပြန်သည်။

"ပြောစရာကျန်သေးသကွယ့်"

"ဒါဆိုရင် ပြောပါအဘိုး"

"တခြားမဟုတ်ပါဘူး၊ ကျားလူဟာ မင်းကို လွတ်သွားတော့ ဒေါသဖြစ်ပြီး မင်းဦးကြီးအလာ လမ်းမှာ နှုတ်ပိတ်သတ်ရအောင် စောင့်နေသေးကွယ့်"

"ဟင်...ဟုတ်လားအဘိုး"

"အေး...ဒါပေမဲ့ ကျုပ်လွှတ်လိုက်တဲ့ပုဂ္ဂိုလ်တွေက ဦးအောင်မင်းရေးပေးလိုက်တဲ့စာပြပြီး စိတ်ချရတဲ့ဂေဟာတစ်ခုမှာ ထားရှိပါတယ်၊ အဲ...ပြောရရင် ကျုပ်လူတွေက လမ်းလွှဲ

ခေါ်သွားလို့ မင်းဦးကြီးနဲ့ ကျားလူတို့ သိသိလေးလွဲသွားခဲ့ရတာ ကလား"

"ဪ...ဪ"

မောင်ရန်ရှင်းမှာ ၎င်းအပေါ် သံယောဇဉ်တွယ်တာလှသည့် ဦးကြီးဖြစ်သူ ဦးကျင်တိတ်အသက်ကို ကယ်ဆယ်သည့်အတွက် အဘိုးအိုကျန်းအီရှင်းအား အထူးပင် ကျေးဇူးတင်ခြင်း ဖြစ်လိုက်မိသည်။

ထို့နောက်မှ ၎င်းက...

"အဘိုးရဲ့ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ များပြားလှပါတယ်၊ ဒါကြောင့် အဘိုးရဲ့ရန် သူမှန်သမျှကို ကျွန်တော် အသက်ပေးပြီး တိုက်ခိုက်သုတ်သင်သွားမယ်ဆိုတာ ကတိပြုပါတယ်ဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောကြားလိုက်လေ၏။

နတ်တောင်ဒေဝီသခင်မကလည်း...

"စိတ်ချပါ၊ ကျွန်ုပ်ကလည်း သင်တို့အစစအရာရာ ဘေးမသီရန်မခဖို့၊ အောင်မြင်စေဖို့ တစ်နည်းနည်းနဲ့ အစွမ်းကုန် ကူညီသမှုပြုမှာပါလေ"

ဟု ကတိပြုသည်။

"အေးပါ...သမီးရဲ့စေတနာနဲ့ ဆန္ဒကို ဘဘကျန်းက လည်း အသိအမှတ်ပြုပါတယ်ကွယ်"

နတ်တောင်ဒေဝီက...





"ကဲ...သစ်သီးတွေကို သုံးဆောင်ကြပါဦးလား၊ အပြန်ခရီးက ဝေးသေးတော့ လမ်းကျရင် ဆာနေကြမှာစိုးလို့ပါ"

ဟု ပြောရှာ၏။

ထို့ကြောင့် မောင်ရန်ရှင်း၊ ကျင်စာရီနှင့် ကျင်ကျူးလုံတို့က သစ်သီးတစ်မျိုးစီကို လှမ်းယူစားသောက်နေကြသည်။

၎င်းတို့စားသောက်နေစဉ် နတ်တောင်ဒေဝီက မျက်ရိပ်ပြလိုက်သဖြင့် ကျန်းအဘိုးအိုနှင့် နတ်တောင်ဒေဝီတို့ ပြိုင်တူထသွားကာ ကျောက်ပတ်ကြားအက်ကြီးတစ်နေရာတွင် ပျောက်ကွယ်သွားကြ၏။

ထိုအခါ ကျင်ကျူးလုံက...

"မစိုးရိမ်ပါနဲ့ ပိုင်ရန်ဝေ၊ တခြားအရေးကြီးတဲ့ အကြောင်းကိစ္စတွက် သူတို့တိုင်ပင်နေကြတာ ဖြစ်မှာပါ"

ဟု ဆိုလိုက်လေ၏။

ကျင်စာရီက သစ်သီးတစ်လုံးကို လှမ်းယူကာ...

"ရော...ပိုင်ရန်ဝေ၊ ဒီတစ်လုံးကို စားပါဦး၊ ဒါမှ အဆာခံမှာ၊ တကယ့်တကယ် အနေအထားက ဒီတောင်က အစားအစာကို စားရဖို့မပြောနဲ့ တော်ရုံလူတွေဟာ ဒီတောင်ရိပ် ကိုတောင်နင်းဖို့ဝေးစွလို့ ဆိုရပေလိမ့်မယ်ရှင့်"

ဟု ဆို၏။

"ဪ...ဪ"

ထိုမျှသာဆိုကာ ပိုင်ရန်ဝေက ကျင်စာရီပေးသော သစ်

သီးကို အားပါးတရ စားသောက်လိုက်လေတော့သည်။

မောင်ရန်ရှင်း စားသောက်နေသည်ကို ကျင်စာရီက ကြည်နူးဟန်ဖြင့် ပြုံးကြည့်နေခိုက် ကျန်းအဘိုးအိုနှင့် နတ်တောင်ဒေဝီတို့က စေ့ကျောက်စားပွဲဆီသို့ ညင်သာလှသည့် ခြေလှမ်းများနှင့် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ဤ‌ဖွင့် ကျင်ကျူးလုံက…

“မမ…ကျွန်တော်တို့ ပြန်ဦးမယ်”

ဟု နှုတ်ဆက်၏။

ကျန်းအဘိုးအိုနှင့် မောင်ရန်ရှင်းတို့က အကဲခတ်သကဲ့သို့ ကြည့်နေရာ နတ်တောင်ဒေဝီသခင်မက…

“ဒီမှာ ညီမတော်…ဘဘကျန်းရဲ့ မေတ္တာရပ်ခံချက်ကြောင့် အစ်မတော် စဉ်းစားဦးမယ်၊ အေး… ညီမတော်တို့ နှစ်ယောက်က ဟောဒီပိုင်ရန်ဝေနဲ့အတူ ဘဘကျန်း အရေးကိစ္စကို အောင်မြင်အောင် ကြိုးစားကြပါလို့ မှာပါရစေ”

ဟု ပြောသည်။

ထိုစကားကြောင့် ကျင်စာရီ၏ မျက်နှာလေးမှာ ချက်ချင်းပင် ဝင်းပသွားရှာလေ၏။

“စိတ်ချပါ၊ ညီမတော်တို့ မောင်နှမ အစွမ်းကုန် ကြိုးစားမှာပါ အစ်မတော်”

“အေး…အေး…ကောင်းပါလေ့ကွယ်”

ပြီးလျှင် နတ်တောင်ဒေဝီက မောင်ရန်ရှင်းကိုလည်း





လှပသော အပြုံးဖြင့် နှုတ်ဆက်သမှုပြုလိုက်လေ၏။ ထိုအပြုံးသည် မောင်ရန်ရှင်း တစ်သက်တာ မည်သို့မျှ ပျောက်ပျက်နိုင်မည် မဟုတ်တော့ပါပေ။

ထို့နောက် ပြန်ကြရန်အတွက် နတ်တောင်ဒေဝီသခင်မကိုယ်တော်တိုင်ကျောက်လှေကားထစ်များအတိုင်းအောက်ဘက်သို့ လိုက်ပို့ဆောင်ပေးရှာလေ၏။

❋❋❋

## အခန်း (၁၉)

ညသည် ပိန်းပိတ်အောင် မှောင်လွန်းလှသည်။

ကျောက်ဂူအပြင်ဘက်တွင်ကား အမှောင်ရိပ်နှင့် အတူ နင်းငွေ့နှင်းမှုန်များ မှုံမှိုင်းဝေသီလျက်ရှိ၏။

တစ်ခါတစ်ရံ အဝေးဝေးဆီမှ ခွေးအူသံများ ထွက်ပေါ်လာလေ့ရှိသည်။

မောင်ရန်ရှင်းက ငိုက်မြည်းနေရာမှ မီးပုံအတွင်းသို့ ထင်းများ ထပ်ထည့်ရင်း ကျောက်သလွန်များပေါ်တွင် အသီးသီး အိပ်ပျော်နေကြသည့် ကျင်စာရီနှင့် ကျင်ကျူးလုံတို့ကို လှမ်းကြည့်လိုက်၏။





တစ်နေ့တာ သွားလာရသည့် ပင်ပန်းနွမ်းနယ်မှုကြောင့် မောင်နှမနှစ်ယောက်စလုံး အိပ်မောကျနေပေ၏။

အဘိုးအိုကျန်းအီရှင်းမှာ ညဦးချုပ်ချိန်တွင် သူတို့ သုံးယောက်ကိုထားခဲ့ကာ ကျောက်ဂူအတွင်းမှ တစ်နေရာသို့ ထွက်ခွာသွားခဲ့သည်။

တစ်ချိန်က မိမိ၏ချစ်သူရည်းစားဖြစ်ခဲ့သည်ဆိုသော မိန်းမလှလေးကို မောင်ရန်ရှင်း အသေအချာ စေ့စေ့ကြည့်နေလိုက်သည်။

တစိမ့်စိမ့်ကြည့်ရင်းတသိမ့်သိမ့်ရင်မှာ လှိုက်လာသဖြင့် အကြည့်ကို ရုပ်သိမ်းကာ မျက်နှာလွှဲလျက် ထူးဆန်းလှသည့်နှင့်အမျှ အသိရခက်လှသော အဘိုးအိုကျန်းအီရှင်းနှင့် မှော်စက်ရောင်နတ်တောင်ဒေဝီသခင်မဆိုသော မိန်းမချော တို့ အကြောင်းကို တွေးတောကြည့်နေမိပြန်၏။

သူမသည် တကယ်ပင် တန်ခိုးရှင်ပေလော။ သူမ တစ်ကိုယ်တည်းနေထိုင်ခြင်းဖြစ်လေသလော။

အဘိုးအိုကျန်းအီရှင်းနှင့် မှော်စက်ရောင်နတ်တောင်ဒေဝီသခင်တို့မည်သည့်အတွက် တရင်းတနှီး ရှိကြသနည်း။

ပြီး…အဘိုးအိုကျန်းအီရှင်းသည် ယူနန်ပြည်နယ် တရုတ်မြို့ ဘဏ္ဍာတိုက်အား စောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်လှပြီဟု ဆိုသည်။

သို့ဆိုလျှင် ထိုအဘိုးအိုသည်…

မောင်ရန်နိုင်းက အတွေးစကို ဖြတ်ကာ အပြင်ဘက်မှ ညဘက်အစာရှာဖွေသော တောကောင်ကြီးများဟိန်းသံကို နားစွင့်နေလိုက်သည်။

နောက်...အတန်ကြာမှ သူ့အတွေးစကို ပြန်ဆက်ပြန်လေ၏။

"အင်း...မနေ့ညက လူဆိုးတွေနဲ့ တိုက်ခိုက်ကြတဲ့ သတ္တဝါဆန်းတွေဟာ ဘယ်ကလာတာလဲ၊ ပြီးဒီလောက်များပြားတဲ့ သတ္တဝါတွေ ဘာဖြစ်လို့ ချက်ချင်းလိုလို ပျောက်ကွယ်သွားရတာလဲ၊ ဧကန္တ..."

သူ့အတွေးစမှာ ကျောက်သလွန်ထက်၌ လှုပ်ရှားသွားသည့် ကျင်စာရီကြောင့် ပြတ်တောက်သွားရပေသည်။

"ဟင်...ရှင် မအိပ်သေးဘူးလား ပိုင်ရန်ဝေ"

"ဟုတ်တယ် ကျင်စာရီ ကျွန်တော်အတွေးတွေများနေတာနဲ့ လုံးဝအိပ်မရဘူးဖြစ်နေတယ်လေ"

ကျင်စာရီက သူမအိပ်နေရာ သလွန်မှထကာ မီးပုံအနီးသို့ တိုးရွေ့လာသည်။

ပြီးကပိုကရိုအလှမှ အပြုံးဆင့်လျက် မေးလိုက်သည်။

"ဘာတွေ တွေးနေတာလဲဟင်"

"အစုံပါပဲ၊ ကျွန်တော် ထူးထူးဆန်းဆန်းအဖြစ်နဲ့ ယူနန်ပြည်နယ်ကို ရောက်လာရာက ကျင်စာရီတို့ မောင်နှမ ရုတ်တရက် လာကယ်ပုံ၊ နောက်ကျင်စာရီရဲ့ အစ်မတော်





မှော်စက်ရောင်နတ်တောင်ဒေဝီသခင်မအကြောင်း၊ဒါ့အပြင် ကျွန်းအဘိုးအိုအကြောင်းအစုံလို့ ဆရမှာလေ"

ကျင်စာရီက တည်တည်ကြည်ကြည် စိုက်ကြည့်ရင်း...

"ဒါနဲ့ ပိုင်ရန်ဝေ၊ ရှင် ...အတိတ်ဘဝကအကြောင်းတွေကို တစ်စွန်းတစ်စမှ ပြန်ပြီး သတိတရမရှိဘူးလားဟင်"

ဟုမေးလိုက်၏။

မောင်ရန်နိုင်းက...

"တကယ့်ကို သတိမရတာပါ ကျင်စာရီ၊ ဒါပေမဲ့ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျင်စာရီကို အရင့်အရင်ထဲက ရင်းနှီးကျွမ်းဝင်ခဲ့သူလို၊ အဲ...စိတ်ထဲမှာရှိနေတယ်"

"ချစ်...ခစ်...ခစ်"

မောင်ရန်နိုင်း ရက်ရက်နှင့် ပြောလိုက်သော စကားကြောင့် ကျင်စာရီမှာ ကျေနပ်နှစ်သိမ့်စွာဖြင့် ပါးချိုင့်ကလေးများ ပေါ်သည်အထိ ရယ်မောလိုက်ရှာသည်။

ထို့နောက်မှ ကျင်စာရီက...

"အဲဒီလောက်ပြောဖော်ရရင် တော်ပါသေးရဲ့ပိုင်ရန်ဝေရယ်"

ဟုတီးတိုးရေရွတ်သကဲ့သို့ ပြောလိုက်လေ၏။

မောင်ရန်နိုင်းမှာ ရက်ရှိုလှသဖြင့် မည်သည့်စကားဆက် ပြောရမှန်းမသိတော့ပေ။

ထို့ကြောင့် ရင်းက...

"ဒီကျောက်ဂူကြီးရဲ့ အနောက်ဘက်မှာ ဥမင်လမ်းလို ရှိနေသလား၊ ဘာကြောင့်လဲဆိုရင် ကျောက်ပန်းခင်းတွေ၊ ကျောက်စိုင်၊ ကျောက်စွယ်တွေနဲ့ ပြည့်နှက်ပြီး အင်မတန်မှောင်မည်းနေ လို့ပါ ကျင်စာရီ"

ဟု စကားကို လှီးလွှဲသည့်အနေနှင့် မေးလိုက်၏။

ထိုအခါ ကျင်စာရီက ပြောသည်။

"အင်းလေ...ကျင်စာရီတို့အဖို့ကတော့ အားလုံးဟာ ရိုးနေပါပြီ၊ ပိုင်ရန်ဝေအဖို့တော့ သစ်ဆန်းနေမှာအမှန်မို့ လိုက်ပို့ပါ့မယ်၊ ဩော်...နေဦး"

ပြောပြောဆိုဆို နံရံတစ်နေရာသို့သွားကာ တစ်စုံတစ်ရာ လှုပ်ရှားလိုက်သည်။

"ဂျိန်း...ဂျလိ...ဂျိ"

ထိုအခါ ကျောက်ဂူတံခါးကြီး ပြည်ဟိန်းလျက် ပိတ်သွား၏။

"ပိုင်ရန်ဝေ...မီးတုတ်နှစ်ချောင်းကို ကိုင်ခဲ့နော်"

"အင်း...အင်း"

သူမကိုယ်တိုင် မီးတုတ်နှစ်ချောင်းကို မီးပုံမှဆွဲယူလျက် ပြောလိုက်သဖြင့် မောင်ရန်ရှင်းလည်း မီးစွဲနေသည့် မီးတုတ်နှစ်ချောင်းကို လှမ်းယူလိုက်ရသည်။

ထို့နောက် ကျင်စာရီနောက်မှ နေရာ ကျောက်ဂူအတွင်းဘက် ဥမင်လမ်းဆီသို့ လိုက်ပါခဲ့ရပေတော့သည်။





"အိုး...အရမ်းကို မှောင်နေတာပဲနော်"

"ဒါကြောင့် မီးတုတ်ယူခဲ့ပါလို့ ပြောတာပေါ့"

အတွင်းလမ်းမှာ ချိုင့်ခွက်များနှင့် မညီမညာဖြစ်နေသဖြင့် ယိမ်းယိုင်လျက် ကိုယ်လုံးချင်း မကြာခဏ ထိမိကြရာ ကျင်စာရီအနေနှင့် မည်သို့ရှိမည် မသိသော်လည်း မောင်ရန်ရှင်းမှာကား ဖိန်းတိန်းရှိန်းတိန်း ဖြစ်လျက် ရှိရှာလေ၏။

အတန်ငယ်သွားမိ၍ အကွေ့တစ်ခုကို လွန်မိသောအခါ ကျောက်ရေအိုင်ကြီးတစ်အိုင်အား တွေ့မြင်လိုက်ရသည်။

"အို...ရေကန်ကြီးပါလား"

"ကန်အလယ်က ဟိုကျောက်တုံးတွေကို ကြည့်လိုက်စမ်း ပိုင်ရန်ဝေ"

"ဟာ...အလို"

ထိုအခါ ကျောက်တုံးဟု ထင်မှတ်ရသည့်အရာများမှာ ကျောက်မိကျောင်းများဖြစ်လျက် ခန္ဓာကိုယ်လှုပ်ရှားမှု မရှိသော်လည်း မျက်လုံးများကမူ မောင်ရန်ရှင်းကို စူးစမ်းသကဲ့သို့ မှိတ်ချည် ပွင့်ချည်ရှိနေလေ၏။

"ဒီမှာ ကျင်စာရီ"

"ရှင်"

"ဒီနေရာဟာ ဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေတာ အမှန်ပဲ၊ ကျွန်တော့်စိတ်ထင် ကျွန်းအဘိုးအိုဟာ ဟို...တန်ခိုးရှင်တစ်ဦးပေလားလို့ သံသယဖြစ်မိတယ်"

ကျင်စာရီက…

"အဲဒီအဖြေကိုတော့ ပိုင်ရန်ဝေဘာသာ စဉ်းစားလေ၊ ကျွန်မတို့ မောင်နှမဟာလည်း လူသူဝေးတဲ့ ကျောက်ဆောင်တစ်ခု အောက်က ရုပ်တုလေးတစ်ခုကို တွေ့ရာက မကြာခဏ အိပ်မက်မက်ပြီး ဒီနေရာကို မမျှော်လင့်ဘဲ ရောက်လာခဲ့ရတာပဲ"

ဟု ဆို၏။

"အို …ဒါနဲ့ ခင်ဗျားတို့က နတ်တောင်ဒေဝီသခင်နဲ့ မောင်နှမ တော်တာ ဘယ်လိုသိတာလဲ"

"အဲဒါတော့ ပြောရတာခက်လှပါတယ်၊ ဒီတောတောင်ကို ရောက်လာတဲ့အခါကျမှ ကျွန်မရဲ့အသိစိတ်မှာ တဖြည်းဖြည်း သိမြင်ရတာက နတ်တောင်ဒေဝီသခင်မဟာ ကျွန်မရဲ့အစ်မဖြစ်ပြီး သူ့ခွင့်ပြုချက်နဲ့ ကျွန်မတို့မောင်နှမ လျှောက်သွားနေတယ်ဆိုတာပါပဲ"

မောင်ရန်ရှင်းမှာ အတွေးရခက်လှသဖြင့် ဆက်မပြောတော့ဘဲ မီးတုတ်ကို ကိုင်လျက် ရှေ့ဆက်လျှောက်ခဲ့သည်။

ထိုအခါ အမှောင်ဖုံးနေသော အထက်နံရံဆီမှ မီးဝင်းဝင်းတောက်မှု မျက်လုံးအစုံစုံသည် ၎င်းတို့အား စိုက်ကြည့်သည့် အနေအထားအား ထိတ်လန့်စဖွယ် တွေ့မြင်ရ ပေတော့သည်။

"အား…ဘာကောင်ကြီးတွေလဲ"

"ဖတ်…ဖလပ်…ဖလပ်"





မောင်ရန်ရှင်း တအံ့တသြရှေရွှတ်လိုက်စဉ် အကောင်တစ်ကောင်က ပျံထွက်လာရာ ထိုအခါကျမှ ယင်းမှာ လူမျက်နှာနှင့် ရောမ လင်းနို့ကြီးတစ်ကောင်ဖြစ်ကြောင်း တွေ့မြင်ကြရပေတော့သည်။

"လာ…လာ…ရှေ့ဆက်သွားကြစို့"

"အင်း…အင်း"

သူတို့အတန်ငယ် ဆက်လက်လျှောက်မိသည်တွင် လမ်းက ချောမွေ့ရာမှ ကြမ်းတမ်းလာသည်ကို သတိပြုလိုက်မိသည်။

အတွင်းဘက်၌ကား ပိန်းပိတ်အောင် မှောင်လျက်သား ရှိနေလေ၏။

"ဟိုက်"

"အိုး"

သို့ရှိစဉ် အမှောင်ထုအတွင်းမှ အလင်းရောင်တန်းများနှင့်အတူ အရောင်စုံလှသည့် မျက်လုံးများကို ထပ်မံတွေ့လိုက်ရသည်ကြောင့် မောင်ရန်ရှင်းတော ကျင်စာရီပါ အထိတ်တလန့် ရေရွတ်လိုက်ကြလေ၏။

"ဒီမှာ ကျင်စာရီ"

"ပြန်ကြစို့လား၊ အထဲမှာ သတ္တဝါပေါင်းစုံဟာ မရေမတွက်နိုင်လောက်အောင် ရှိလိမ့်မယ်ထင်တယ်"

"အဘိုးကျန်းကလည်း ကျွန်မကိုအဲဒီအတိုင်းပြောတယ်

ပိုင်ရန်ဝေ"

"အို…ဟုတ်လား"

ထို့ကြောင့် ဆက်လက်စူးစမ်းမှုမပြုတော့ဘဲ ကျင်စာရီနှင့်အတူ တစ်ယောက်လက်တစ်ယောက်တွဲကာ မူလနေရာသို့ တရွေ့ရွေ့ပြန်လာခဲ့ကြသည်။

ဤသို့ပြန်လာရာ၌ ကိုယ်လုံးချင်း မကြာခဏ ထိကပ်လျက်ရှိရာ ကျင်စာရီ၏ကိုယ်သင်းနံ့ကလေးမှာ မောင်ရန်ရှင်း နှာဝ စွဲထင်အောင်ပင်ရှိလေတော့၏။

မီးတုတ်များကိုမီးပုံအတွင်းပြန်လည်ပစ်ချလိုက်ကြစဉ်မှာပင် မြည်ဟိန်းသံကြီးနှင့်အတူ ဂူပေါက်တံခါးကြီးက အလိုအလျောက် ပွင့်သွားလေ၏။

ကျောက်ဂူဝတွင်ကား အဘိုးကျန်သည် နဂါးတောင်ဝှေးကို ကိုင်ရင်း ဣန္ဒြေရရဝင်လာလျက်ရှိသည်။

"အဘိုး"

"အဘိုးကျန်း"

သူတို့က ပြိုင်တူလိုလို ခေါ်လိုက်ကြရာ ပြန်လည်နှုတ်ဆက်သကဲ့သို့ အဘိုးအိုက ပြုံးပြ၍ ခေါင်းညိတ်ပြလိုက်သည်။

မကြာမီ မီးပုံကြီးအနီး၌ သုံးဦးသားစုမိကြ၏။

ထိုအခိုက်ကျောက်သလွန်ထက်တွင်အိပ်စက်နေသည့် ကျင်ကျူးလုံလည်းနိုးလာခဲ့သည်။

အဘိုးအိုက လူရွယ်သုံးယောက်ကို ဝေ့ကြည့်လိုက်ပြီး





လျှင် တည်ကြည်သော မျက်နှာထားနှင့်…

"အင်း…မကြာခင်တိုက်ပွဲကြီး စတော့မယ်ဆိုတာ အဘိုးကျန်း သိနေတယ်ကွယ့်၊ ဒါကြောင့် အားသစ်လောင်းတဲ့ နေရာနဲ့ သစ်သီးတွေ စားထားကြကွယ့်"

ဟုဆို၏။

ကျင်စာရီက ကျောက်နံရံစင်ပေါ်၌ တင်ထားသည့် သစ်သီးများကို သွားယူနေစဉ် မောင်ရန်ရှင်းက မေးသည်။

"အဘိုး"

"ဟေ…ဘာများလဲ ပိုင်ရန်ဝေ"

"ကျောက်ဂူအတွင်းဘက်မှာ အဘိုးရဲ့ဝိရှွာန်တွေဟာ မရေမတွက်နိုင်အောင် ရှိတာကလား၊ ဒီသတ္တဝါတွေအားနဲ့ တိုက်ရင် လူဆိုးတွေဘယ်လောက်များများ မှုစရာမလိုပါဘူးဗျာ"

အဘိုးအိုကပြုံးလိုက်၏။

ပြီးမှ ၎င်းက…

"ဩော် … မင်းတို့တွေ ပြီးပြီကိုး၊ ဒီမှာ ပိုင်ရန်ဝေ၊ တကယ်တော့ ဒီသတ္တဝါတွေဟာ တကယ့်တိုက်ပွဲမှာ တစ်ဘက်ရန်သူကို ထိထိရောက်ရောက်တိုက်ခိုက်နိုင်တဲ့စွမ်းအား မရှိပါဘူး"

ဟုဆို၏။

"ဗျာ"

"ဒါပေမဲ့ကြောက်အောင်လန့်အောင်တော့ခြောက်လှန့်

နိုင်စွမ်းရှိသကွယ့်"

"ဒါဖြင့် ဒီသတ္တဝါတွေဟာ..."

"အဟာတ်...ဟား...ဟား...ဟား...နာနာရူပအတတ်ပညာနဲ့ ဖန်တီးထားတဲ့ သတ္တဝါတွေပေါ့ကွယ်"

ဗဟုသုတပြည့်စုံမှု မရှိသေးသည့်-မောင်ရန်ရှင်းမှာ အဘိုးကျန်းပြောသည်ကိုလုံးစေ့ပတ်စေ့ နားမလည်သော်လည်း ဖန်တီးထားသော သတ္တဝါများဖြစ်သည် ဆိုသည့်အတွက် ပြောမပြနိုင်လောက်အောင် အံ့သြခြင်းဖြစ်မိ ပေတော့၏။

"ကိုင်း...ကိုင်း...အားပြည့်အောင် အစာစားကြပေဦး"

ကျင်စာရီယူလာသည့် သစ်သီးများအား လက်ညှိုးညွှန်ပြကာ အဘိုးကျန်းက ကျောက်ဂူအတွင်း အမှောင်ထုဆီသို့ တဖြည်းဖြည်း ဝင်ရောက်သွားသည်။

သစ်သီးတစ်လုံးကို ဦးစွာယူစားရင်း ကျင်ကျူးလုံက ပြောသည်။

"အဘိုးကျန်းပြောတာကို ကျွန်တော်ကြားလိုက်တယ်၊ ကြာခင် တိုက်ပွဲစတော့မယ်ဆိုပဲ၊ ဒီတော့ အစ်ကို့မှာ ဓားမရှိဘူးလေ၊ အဘိုးကျန်းဆီက ဓားတစ်လက်တောင်းပေါ့ဗျာ"

ကျင်ကျူးလုံ၏ စကားဆုံးသည်နှင့် မည်သည့်အချိန်က ပြန်ထွက်လာမှန်းမသိသည့် အဘိုးကျန်းလက်ထဲတွင် ရွှေရောင်ဓားအိမ်နှင့် လှပခန့်ညားသော ဓားတစ်လက်အား တွေ့လိုက်ကြရသည်။





"ရော့...ပိုင်ရန်ဝေ"

အဘိုးအို ပစ်ပေးသည့်ဓားကို လျှပ်တစ်ပြက် ဖမ်းပြီးနောက် ပိုင်ရန်ဝေက ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်၏။

မီးပုံမှ မီးရှိန်ဖြင့် ကျောက်ဂူတစ်ခုလုံး ရွှေရောင်အလင်းတန်းများ ပြိုးပြိုးပြက်လင်းလက်သွားလေတော့၏။

အဘိုးကျန်းက ပြုံးလျက်...

"ဘယ့်နှယ်လဲ၊ သဘောကျရဲ့လားကွယ့်"

ဟု မေးရာ မောင်ရန်ရှင်းက...

"သိပ်သဘောကျတယ် အဘိုး၊ ဒီဓားကိုကိုင်မိတာနဲ့ ကျွန်တော့်မှာ အားတွေ အဆမတန်တိုးပွားသလို ခံစားရရုံမျှမက အားတက်တယ်၊ ယုံကြည်မှုတွေရှိလာတယ်၊ အဲသလိုပြောရမယ် ထင်ပါရဲ့"

ဟု လေးလေးစားစား ပြောလိုက်သည်။

ဤတွင် ကျန်းအဘိုးအိုက...

"အေးလေ တကယ်တော့ တစ်ချိန်က တပ်မိုလ်ကလေး ပိုင်ရန်ဝေအနေနဲ့ သေသည်အထိ မခွဲမခွာကိုင်သွားခဲ့တဲ့ "ရန်ပယ်ခွင်းရွှေဓား" ပေပေါ့၊ ပိုင်ရှင်ဖြစ်တဲ့ မင်းနဲ့တွေ့တော့ ဓားရဲ့သိဒ္ဓိဟာ ပိုပြီးတက်လာတယ်ဆိုရမှာပေါ့လေ"

ဟု ပြောလိုက်၏။

အဘိုးကျန်းပြောစကားများ မှန်လိမ့်မည်ဟု မောင်ရန်ရှင်း ထင်မိသည်။

အဘယ်ကြောင့်ဆိုသော် ထိုစားကိုကိုမိလျှင် ကိုင်မိချင်း မိမိ၏ခန္ဓာကိုယ်မှ သွေးများ နီးထရှူပွက်လာသည်ဟု ထင်မှတ်ရသောကြောင့်ဖြစ်သည်။

ထို့နောက် အဘိုးအိုက...

"မင်းတို့ဟာ တစ်ချိန်က ဒီတာဖူးမြို့နဲ့တကွ တာဖူးမြို့ရဲ့ ဘဏ္ဍာတော်တွေကို တစ်နည်းအားဖြင့် စောင့်ရှောက်ကာကွယ်ခဲ့ကြသူတွေဖြစ်တယ်၊ ဒါကြောင့် မင်းတို့ရဲ့ဟိတ်၊ မင်းတို့ရဲ့စွမ်းအားတွေနဲ့သာ ဒီရန်သူတွေကို ခြေမှုန်းနိုင်မှာဖြစ်ကြောင်း စက္ကူပါလမှော်ကြေးမုံက ပြဆိုတဲ့အတိုင်း ကာကွယ်တိုက်ခိုက် ပေးကြပါလို့ ကျုပ်အနေနဲ့ ထပ်လောင်းမေတ္တာရပ်ခံသမှု ပြုပါတယ်ကွယ်"

ဟု ပြောလိုက်လေ၏။

အားလုံးက ဝန်ခံကတိပြုသကဲ့သို့ ငြိုင်တူလိုလို ခေါင်းညိတ်လိုက်စဉ်မှာပင် အပြင်ဘက်မှ ဝရုန်းသုန်းကား ပြေးလွှားဆူညံသံများနှင့် သေနတ်သံများ ဆက်တိုက်ထွက်ပေါ်လာတော့သည်။

"ဒိုင်း...ဒိုင်း"

"ကျောက်ဂူအတွင်းကို မရရအောင် ဝင်ပေတော့၊ အဲ့ဒီအထဲမှာ ရတနာတွေရှိတယ်"

"ဟုတ်တယ်၊ တွေ့သမျှ ပစ်သာပစ်"

"ဒိုင်း"

ပိုင်ရန်ဝေက ကျောက်ဂူအဝသို့ တိုးထွက်ရန် ပြင်လိုက်





သည်။

သို့သော် အဘိုးကျွန်းက...

"လာကြ၊ ကျောက်ဂူနောက်ဘက် လျှို့ဝှက်အပေါက်ကနေ ထွက်ကြစို့"

ဟု ဆိုလိုက်၏။

ကျင်ကျူးလုံက...

"အဘိုး...ကျောက်ဂူတံခါး ပိတ်ဦးလေ"

ဟု အသိပေး၏။

ထိုအခါ အဘိုးကျွန်းက...

"နေပါစေကွယ်၊ ဝင်ရဲတဲ့သူ ဝင်ပါစေ၊ ကိုင်း...လာကြ"

ဟု ဆိုလျက် အနောက်ဘက် အမှောင်ထုအတွင်း လူအားလုံးကို ရှေ့ဆောင်ခေါ်လာခဲ့၏။

သူတို့အားလုံး ရန်သူတို့၏ သေနတ်သံများကြောင့် ဒေါသထွက်ကာ အော်ဟစ်ဆူညံနေကြသည့် သတ္တဝါဆန်းများ နားနေရာမှ အတင်းထိုးထွက်လျက် ကျောက်ဖျာသဏ္ဍာန် ပိတ်ဆီးနေသည့် နံရံအနီးသို့ ရောက်ရှိလာခဲ့ကြသည်။

အဘိုးအိုက နံရံမှ တစ်စုံတစ်ရာကို နှိပ်လိုက်သည်။

"ချောက်...ချလောက်...ချောက်"

ကျောက်ဖျာနှစ်ချပ်က လူတစ်ယောက်ဝင်သာ ထွက်သာရုံမျှဟသွားသည်။

"ကဲ...ထွက်ကြပေတော့၊ အောင်မြင်ပါစေကွယ်"

မောင်ရန်ရှင်းတို့အနေနဲ့ အဘိုးကျန်းအား နှုတ်ဆက်ခြင်းပင် မပြုတော့ဘဲ အပြင်ရောက်သည်နှင့် ကျောက်ဂူဝဘေးသို့ အလျင်အမြန် တိုးကပ်ကာ ရှေ့လျှားလိုက်ကြတော့သည်။

"ဂျိန်း"

အနောက်ဘက်မှ ကျောက်ဂူပိတ်သံသဲ့သဲ့ကိုသာ ကြားလိုက်ကြရသည်။

"ဒိုင်း"

"ဝင်ကြဟေ့...အမြန်ဝင်ကြ"

"ဟေး"

"ဒိုင်း"

"ရှီ"

ကျောက်ဂူအဝင်မှ လူဆိုးဂိုဏ်းသားများ၏ အော်ဟစ်အမိန့်ပေးသံနှင့် သေနတ်သံများက နားမစဲသာအောင် ထွက်ပေါ်လာနေသည်။

ဂူပေါက်ဝနှင့် အတန်ငယ်နီးလာသောအခါ ပိုင်ရန်ဝေက ကျင်စာရီ၏ လက်ကလေးတစ်ဖက်ကို ၎င်း၏လက် တစ်ဖက်ဖြင့် ဖျစ်ညှစ်ဆွဲကိုင်ကာ...

"ကျင်စာရီ ဒီလူတွေမှာ သေနတ်တွေနဲ့ အတတ်နိုင်ဆုံး မိမိကိုယ်ကို သတိရှိရှိနဲ့ ကာကွယ်ပါနော်"

ဟု စိုးရိမ်စွာ သတိပေးလိုက်ရှာသည်။

"ဝေါ...ဝေါ"





"ဝှူး...ဝူး...အစ်"

"စီ...စီ...စီ"

"ဝေါင်း...ဂျူး"

"ဖတ်...ဖလပ်"

ထိုအခိုက် အင်အားကြီးမားလှသည့်ရေလုံးကြီးတစ်လုံး ရေပြွန်မှ ပေါက်ထွက်လာသည့်အလား များပြားလှသည့် သတ္တဝါဆန်းများသည် ကျောက်ဂူအပေါက်ဝမှ အလုံးအရင်းနှင့် တစ်ပြိုင်နက် တိုးထွက်လာကြသဖြင့် လူဆိုး ဂိုဏ်းသားများ ထိတ်လန့်ခြင်းပြင်းစွာဖြစ်ရုံမျှမက ဖရိုဖရဲ ကစဉ့် ကလျား ဖြစ်ကုန်တော့၏။

"ဟိုင်း"

"ကျား"

"ဝုစ်...ရှီ"

"အင့်"

"ယိစ်"

"ရှုပ်"

"အ"

ဟန်ချက်ပျက်နေသော လူဆိုးများအား ကျင်ကျူးလုံ၊ မောင်ရန်ရှင်းနှင့် ကျင်စာရီတို့က လက်ထဲမှ ဓားများနှင့် ဖယ်ဆက်သကဲ့သို့ မနားတမ်း လိုက်လံခုတ်ပိုင်းကြသည်။

"သွေးနီစားပိုင်ဟူတဲ့ကွ၊ တွေ့သမျှ ခုတ်ကြ ထစ်ကြစမ်း

ဟေး...ဟေး"

ထိုအခိုက် တဝေါဝေါကျနေသည့် ရေတံခွန်ဆီမှ မြေတုန်ဟည်းမတတ် သစ်အော်ကြိမ်းဝါးသံကြီးနှင့်အတူ လူအတော်များများ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရပြန်၏။

ထိုလူစုမှာ သတ္တဝါပေါင်းစုံ တိုးထွက်လျက်ရှိသည့် ဆန့်ကျင်ရာအရပ်မှ ထွက်ပေါ်လာခြင်းဖြစ်ကာ ၎င်းတို့သည် မောင်ရန်ရှင်းတို့လူစုဆီသို့ တစ်ဟုန်ထိုး ရွေးရှုလာနေခြင်းဖြစ်သည်။

"သူတို့လာနေပြီ၊ ကျင်ကျူးလုံ ...ကျင်စာရီနဲ့ လူချင်းမကွဲစေနဲ့"

မောင်ရန်ရှင်းက ဤသို့သတိပေးပြီးလျှင် ရန်သူများကိုရင်ဆိုင်ရန် ရှေ့ဘက်သို့ လျင်မြန်စွာ ခုန်လွှားထွက်ခွာသွား၏။

"ဖျပ်...ဖျပ်"

"ဂျိန်း"

"အီး...အား"

သို့ရှိစဉ် တောအုပ်တစ်နေရာမှ ခရမ်းရောင်အလင်းတန်းများ တိုးထွက်လာကာ လူဆိုးဂိုဏ်းသား များမှာမည်သို့ဖြစ်သည် မသိအောင်ပင် အထိတ်တလန့် လဲကျကုန်၏။

"ဖိုက်"

"ကျွား"

"ယိခ်"





ပုံပျက်ပန်းပျက်ဖြစ်ကုန်သော လူဆိုးများရှိရာသို့ မောင်ရန်ရှင်းတို့ သုံးဦးသား အပြေးအလွှား ခုန်ဝင်လျက် မနားတမ်း တိုက်ခိုက်လိုက်ကြရာ လူဆိုးများသွေးသံရဲရဲ ကျဆုံးကုန်တော့သည်။

ကျဆုံးသွားသည့်အလောင်းများအား သတ္တဝါဆန်းကြီးများက မနားတမ်း ထိုးသုတ် ကိုက်ချီစားသောက်ကြရာ လွန်စွာအသည်းထိတ်ဖွယ် မြင်ကွင်းဟုသာ ဆိုရပေမြို့မည်။

မောင်ရန်ရှင်းမှာ လူစင်စစ်မှ ပျံလွှားငှက်ငယ်တစ်ကောင်ပျံဝဲသည့်အလား ဟိုမှ သည်မှ လူးလာဝဲပျံ ထိုးခုတ်တိုက်ခိုက်နေတော့သည်။

သတ္တဝါဆန်းကြီးများကလည်း ဒုစရိုက်ဂိုဏ်းသားလူဆိုးများအား တွန်းခြင်း၊ ဝှေ့ခြင်း၊ တိုးခြင်း၊ ကိုက်ခြင်း အစရှိသည်ပြုလုပ်လျက် ရှိကြသည်။

ထူးဆန်းသည်မှာ ထိုသတ္တဝါဆန်းကြီးများသည် လူဆိုးများကိုသာ ဦးတည်တိုက်ခိုက်ခြင်းဖြစ်ပြီး မောင်ရန်ရှင်းတို့ကိုမူ ရန်ပြုလိုခြင်း အလျဉ်းမရှိသည့်အဖြစ်ပေတည်း။

ညဥ့်အမှောင်အတွင်းမှ တိုက်ပွဲကား ကြောက်ခမန်းလိလိရှိလွန်းလှသည်ဆိုရပေမည်။

အကြောင်းသော်ကား ပုတ်သင်ညိုသဏ္ဌာန် ရောမလေးဖက်တွားသတ္တဝါကြီးအချို့သည် လူဆိုးများအားကိုက်ချီဆွဲယူကာ အသူရာတမျှ နက်လှသည့် ချောက်အတွင်းသို့ လွှဲ၍

ပစ်ချနေကြခြင်းကြောင့်ပင် ဖြစ်ပေ၏။

"သွေးနီမားပိုင်ဟူတဲ့ဟေ့ ...တွေ့ကြသေးတာပေါ့ကွာ"

အော်ဟစ်ကြုံးဝါး မြင်းနှင့်ဒုန်းစိုင်းလာသည့် မုတ်ဆိတ်ကျင်စွယ် ဗုရဖျစ်နှင့်ပုဂ္ဂိုလ်အားရင်ဆိုင်မည့်ဆဲဆဲတွင် ကျင်စာရီတို့မောင်နှမနှင့် လူချင်းကွဲသွားမှန်း မောင်ရန်ရှင်း ရုတ်တရက်သတိပြုမိလိုက်တော့သည်။

အရှိန်ပြင်းပြင်းနှင့် တိုးဝင်လာသော သွေးနီမားပိုင်ဟူဆိုသူအား လေထဲသို့ ခုန်တက်လျက် စက်ပိုင်းခြမ်းဓားချက်ဖြင့် လျှပ်တစ်ပြက် ခုတ်ပိုင်းလိုက်၏။

"ဟိတ်"

"ရွှစ်"

သို့သော် သွေးနီမားက ၎င်း၏ဓားဖြင့် အလိုက်သင့် ဆီးခံပေးလိုက်သောကြောင့် ဓားချင်းထိကာ မီးပွင့်မီးပွားများ တဖွားဖွား ပေါ်ထွက်လာသည်။

မြင်းမှာလည်း တိုက်ခိုက်မှုအရှိန်ကြောင့် ရှေ့သို့ငိုက်ကာ ဟပ်ထိုးလဲကျသွားတော့သည်။

"ဟီ...ဟီ...ဟီ"

"ဝုန်း"

မြင်းက ထိုးကျသွားသည်မှန်သော်လည်း သွေးနီမားပိုင်ဟူကမူ အလိုက်သင့်ရှိနေလျက် ၎င်း၏သွေးနီမားနှင့် မောင်ရန်ရှင်း အား ဒလမန်းကြမ်းဆိုသကဲ့သို့ ကြမ်းတမ်းစွာ





တိုက်ခိုက်ပေတော့၏။

"ဝှစ်"

"ရှီ"

"ရှမ်း...ထန်း"

သို့အတွက် မောင်ရန်ရှင်းက အစွမ်းရှိသမျှ စုစံကာ မီးကုန်ယမ်းကုန် ပြန်လည်တိုက်ခိုက်နေရပေသည်။

နှစ်ဦးသား တိုက်ရင်းတိုက်ရင်း ကျောက်ဂူအပေါက်ဝနှင့် နီးကပ်လာခဲ့သည်။

ထိုအချိန်၌ အရှိန်လွန်လျက် အနေအထား ပျက်သွားသော မောင်ရန်ရှင်းအား သွေးနီမားပိုင်ဟူက တစ်ရှိန်ထိုး တိုက်ခိုက်ရန် အားယူလိုက်၏။

"ရွှစ်...ရှီ"

ထိုအချိန်မှာပင် ခရမ်းရောင်အလင်းတန်းတစ်ခုက သွေးနီမားပိုင်ဟူ၏ ခန္ဓာကိုယ်ကို ရုတ်တရက်ဖောက်ထွင်းသွားတော့သည်။

"အား"

ယင်းအခိုက် ကျောက်ဂူအဝ၌ မှော်စက်ရောင် နတ်တောင်ဒေဝီသခင်မ ပုံသဏ္ဌာန်ကို မောင်ရန်ရှင်း ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်။

"သတိထား ပိုင်ရန်ဝေ"

နတ်တောင်သခင်မက သတိပေးသည်။

သို့ရာတွင် ကိုယ်ကိုပြန်မတ်ရန် ကြိုးစားနေသည့် ပိုင်ရန်ဝေ ခန္ဓာကိုယ်သို့လဲကျလာသည့် သွေးနီတားက စူးဝင်သွား လေတော့၏။

"အ"

"အို...ဖြစ်မှဖြစ်ရပလေ ပိုင်ရန်ဝေ"

"ဝေါ...ဝေါ"

သတ္တဝါဆန်းကြီးများက လူဆိုးများအား လိုက်လံတိုက် ခိုက်နေသံများနှင့်အတူ နတ်တောင်ဒေဝီသခင်မ၏ စိုးရိမ်တကြီး ရေရွတ်သံကို မောင်ရန်ရှင်း ကြားလိုက်ရသည်

ဝမ်းဗိုက်မှ နာကျင်မှုဝေဒနာက တိုး၍ တိုး၍ သိသိသာ သာ ခံစားလာရသည်။

နတ်တောင်သခင်မက နူးညံ့သော လက်များနှင့် မောင်ရန်ရှင်းကို ပွေ့ဖက်ထား၏။

ထိုအသိနောက်ပိုင်း၌ နာကျင်မှုကြောင့် မောင်ရန်ရှင်း တစ်ယောက် သတိလစ်မေ့မြောသွားပေတော့သည်။

❋❋❋





## အခန်း (၂၀)

မောင်ရန်ရှင်းတစ်ယောက် သတိရလျှင်ရချင်းပင် အောက်ပါ အမည်များကို မရပ်မနား ခေါ်လိုက်မိသည်။

"ကျင်စာရီ၊ နတ်တောင်ဒေဝီ၊ ကျင် ...ကျင်ကျူးလုံ၊ အို...ကျန်းဘိုးဘိုး"

"အို ...မောင်ရန်ရှင်း သတိရလာပြီကိုး၊ ဝမ်းသာလိုက် တာကွာ၊ သူ့ကို ရေတိုက်ရမယ် မိန်းမ"

"ဟုတ်တယ် ...ဟုတ်တယ်၊ သူကောင်းကောင်း သတိရ လာပြီ၊ နတ်သိကြားတွေ မတာဖြစ်ရမယ်"

အထက်ပါအသံများကြောင့် မောင်ရန်ရှင်း မျက်လုံးများကို ဖွင့်လိုက်သည်။

"ဟင်...ဦးကြီး...ဒေါ်ဒေါ်"

"အေး...ဟုတ်တယ်၊ ဦးကြီးတို့ဒေါ်ဒေါ်တို့လေ၊ အမလေးကံကောင်းလို့ အခုလိုပြန်ဆုံကြရတာပါကလား တူလေးရယ်"

ဦးကြီးဦးကျင်တိတ်က မောင်ရန်ရှင်းခန္ဓာကိုယ်ကို ခပ်ရှုရှုဖက်ရင်း ဝမ်းပန်းတသာပြောလိုက်သည်။

သို့သော် မောင်ရန်ရှင်း စိတ်များ ရှုပ်ထွေးလျက် မျက်မှောင်ကျုံ့လိုက်သည်။

ပြီးမှ ၎င်း...

"ကျွန်တော်ဟာ အဘိုးအိုတို့ရှိရာ ယွန်းနယ်စပ် တောကြီးအတွင်းမှာ ရှိနေရာက ဒီကို ဘယ်လိုဘယ်ပုံ ရောက်နေရတာလဲဟင်"

ဟု မယုံနိုင်လှစွာ မေးလိုက်၏။

သို့အတွက် ၎င်း၏ဦးကြီးဖြစ်သူ ဦးကျင်တိတ်က အောက်ပါအတိုင်း ပြောပြလေတော့၏။

"ဒီလိုကွယ့်...ကျားလူတို့ချိန်းတဲ့အတိုင်း မင်းကို ရွေးဖို့ ငွေယူလာတော့ လမ်းတစ်နေရာမှ လူတစ်ယောက်က မင်းပေးတဲ့ စာကို လာပြတယ်"





"အင်း...အင်း"

"ပြီးတော့...အဲ့ဒီလူကိုယ်တိုင် ခမ်းနားလှတဲ့အဆောက်အဦတစ်ခု ခေါ်သွားပြီ၊ ဦးကြီးကို လိုလေသေးမရှိ ပြုစုတယ် ဆိုရမယ်"

မောင်ရန်ရှင်းက စိတ်ဝင်တစား နားထောင်နေသည်။

"အိမ်ကြီးဟာကျယ်ပြီး ဦးကြီးနဲ့ အဲဒီလူနှစ်ယောက်တည်းရှိတယ်၊ ထူးဆန်းတာက ဘယ်သူမှမရှိဘဲ အချိန်တန်ရင် စားကောင်းသောက်ဖွယ်တွေ ရောက်လာလေ့ရှိတာပါပဲ"

"ဆက်ပြောပါဦး ဦးကြီး"

"အေး...ဒီလိုနဲ့ ဒုတိယမြောက်ညမှာ အဲ့ဒီလူဟာ အိမ်အပြင်ကို ခဏထွက်သွားတယ် ထင်ပါရဲ့ ဒီအချိန်မှာ မင်းကို ဖမ်းခဲ့တဲ့ လူယုတ်မာကျားလူ ရောက်လာတော့တာပါပဲ"

"အို...ဟုတ်လား"

"ကျားလူက မကျေမနပ်နဲ့ စကားတွေ တစွတ်တွတ်ပြောပြီး ငွေအိတ်ကို ပေးဖို့တောင်းတယ်"

"ဒီတော့..."

"ဦးကြီးလည်း သူ့ဒေသနတ်ကို ကြောက်တာနဲ့ အခန်းထောင့်မှာ အသင့်ထားရှိတဲ့ ငွေအိတ်ကို ပစ်ပေးလိုက်ရတယ်"

"ဟင်"

ပြီးမှ ဦးကျင်တိတ်က ဆက်ပြောသည်။

"ကျားလူက လောဘတကြီးနဲ့ ငွေအိတ်ကို အမြန်ဖွင့်လိုက်တယ်၊ လား...လား...ဒီအချိန်မှာ အရွယ်အမျိုးမျိုးနဲ့ ရောင်စုံမြွေတွေဟာ ငွေအိတ်ထဲက ထွက်ပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံး ကိုက်တဲ့သတ္တဝါက ကိုက်၊ ရစ်ပတ်တဲ့ သတ္တဝါက ရစ်ပတ်နဲ့၊ နောက်ဆုံးမှာ ကျားလူဟာ ကြောက်အားလန့်အားနဲ့ အော်မိအော်ရာ ဗလုံးဗထွေးအော်ရင် ကြမ်းပြင်ပေါ် လဲကျသွားတော့တယ်"

"အဆန်းပါလား ဦးကြီးရာ"

"ပြောပြရဦးမယ်ဆိုရင် ဒီထက်ဆန်းတယ်ဆိုရမယ်၊ ဒီလိုကွယ့် လဲကျသွားတဲ့ကျားလူရဲ့ခန္ဓာကိုယ်ပေါ်မှာ မြွေတွေဟာ စုပုံရှုပ်ယှက်နေတာ မနည်းပါဘူး၊ သို့ပေမယ့် အိတ်ထဲက ထွက်လာတဲ့ မြွေတွေဟာ ကျားလူရဲ့ခန္ဓာကိုယ်မှာ အဆပေါင်းများစွာ များသထက် များလာပြီး တောင်ပို့ကြီးလို ဖုံးအုပ်သွားတာများ ယုံနိုင်စရာတောင် မရှိပါဘူးကွာ"

မည်သို့မျှ နားမလည်ရှာသည့် ဖနီးသည်ဒေါ်ရွှေသီက...

"ရှင်ပြောနေတာ အဆန်းတွေချည့်ပါလား"

ဟု ဆိုလေ၏။

ဦးကျင်တိတ်က...





"မင်းက မကြုံသေးတော့ ကြားရတာ ဆန်းနေတာပေါ့ မိန်းမရေ၊ နားထောင်...ဆက်ပြောပြဦးမယ်"

ဟု ဆိုကာ အောက်ပါအတိုင်း ပြောပြပြန်လေတော့၏။

"ပိုပြီး ထူးဆန်းတာက အဲဒီလောက်များပြားတဲ့ မြွေတွေဟာ ငွေအိတ်ထဲကို တစ်ကောင်ချင်း ဝင်သွားတဲ့အခါ အခန်းတစ်ဝက်လောက်နီးပါး များပြားတဲ့ မြွေတွေဟာ တစ်ကောင်တစ်မြီးမှ မကျန်တော့ဘူးကွယ့်"

ဟု ဆို၏။

ဤတွင် မောင်ရန်ရှင်းက...

"ဦးကြီးဆိုချင်တာက ဒီလောက်များပြားတဲ့ မြွေတွေအားလုံး ဒီငွေအိတ်ထဲကို ဝင်ကုန်ကြတာလား"

ဟု မေး၏။

"အေး...အဲဒါပြောတာပေါ့၊ ဒီအိတ်ထက် အဆတစ်ရာလောက်များပြားတဲ့ မြွေတွေဟာ အိတ်အတွင်း ဝင်သွားတာနဲ့ ထူးထူးဆန်းဆန်း ပျောက်ကုန်ကြတာပါပဲကွယ်"

ဒေါ်ရွှေသီက...

"ရှင်ပြောတဲ့အတိုင်းဆိုရင် မျက်လှည့်ပြသလိုမျိုး ပေါ့နော်"

ဟု ဆိုရာ ဦးကျင်တိတ်ရော မောင်ရန်ရှင်းပါ ပြုံးတူလို

လှုံပျူးလိုက်မိကြသည်။

ပြီးမှ ဦးကျင်တိတ်က...

"နောက်...မကြာမီ အိမ်ရှင်ဖြစ်တဲ့လူ ပြန်ရောက်လာပြီး ဘာမှမသိသလိုနဲ့ ငွေအိတ်ကို ပြန်ဖွင့်ကြည့်ကြတဲ့အခါ မြွေဆိုတာ မှုးလို့တောင် ရှုစရာမရှိဘဲ၊ တကယ့်ပိုက်ဆံတွေချည်းသာရှိကြောင်း အံ့ဩစဖွယ် တွေ့ရပြန်တယ်လေ"

"ဩော်...ဒီလိုလား"

ဤသို့ရေရွတ်ရင်း ထူးဆန်းသည်နှင့်အမျှ ပဉ္စလက်ဆန်လှသော ကျန်းအဘိုးအိုနှင့် မှော်စက်ရောင်နတ်တောင်ဒေဝီ သခင်မတို့ကို မောင်ရန်ရှင်း ပြန်လည်မှန်းဆတွေးတောကြည့်မိသည်။

ထိုအခါ ကျင်ကျူးလုံနှင့် ကျင်စာရီတို့မောင်နှမသည်လည်း သူ၏အတွေးပုံရိပ်တွင် ပြန်လည်ထင်မြင်လာခဲ့ရသည်။

ပြီးမှ မောင်ရန်ရှင်းက...

"ကျွန်တော့်ကို ဒီရောက်အောင် ဦးကြီးက ဘယ်ပုံဘယ်နည်းတွေ့ရှိခေါ်လာတဲ့အကြောင်း ပြောပြစမ်းပါဦးနော်"

ဟု ဆိုရာ ဦးကျင်တိတ်က အောက်ပါအတိုင်း ပြောပြပြန်လေတော့၏။

"ကျားလူသေဆုံးသွားပြီး နှစ်ရက်လောက်အကြာ





အိမ်ရှေ့မှာ မြင်းရထားတစ်စီး ထိုးဆိုက်လာပြီး အဘိုးအိုတစ်ယောက် ဆင်းလာတယ်"

"အဘိုးအို...ဟုတ်လား"

"ဟုတ်တယ်...တကယ်တော့ အဲဒီအဘိုးအိုဟာ တခြားလူ မဟုတ်ဘူး၊ ငါတို့ အိပ်မက်ထဲမှာ တွေ့ဖူးတဲ့ အဘိုးအိုဖြစ်နေတာ တွေ့ရတယ်"

"ဟင်"

"အလို"

ထိုနေရာအရောက်၌ မောင်ရန်ရှင်း သာမက ဦးကျင်တိတ်၏ဇနီးသည် ဒေါ်ရွှေသီပင် အံ့ဩလျက်ပြိုင်တူလိုလို အာမေဋိတ်သံ ထွက်သွားကြတော့သည်။

ထို့နောက် ဦးကျင်တိတ်က ဆက်လက်ပြောပြပြန်သည်။

"အဲ့ဒီအဘိုးအိုတွေ့တာနဲ့ အိမ်ရှင်ဖြစ်သူဟာ အကြီးအကျယ် အရှိအသေပြုရုံမျှမက သင့်တော်တဲ့နေရာထိုင်ခင်းပါ လိုလေးသေး မရှိ စီမံပေးရှာတယ်လေ"

ထိုအခါမောင်ရန်ရှင်းမှာ အဘိုးကျန်းအားသတိရလိုက်မိကာ မိမိ ခုတင်အနီးတန်းပေါ်မှ ရုပ်တုလေးအား လှမ်းကြည့်လိုက်မိသည်။

သို့ရာတွင် ရုပ်တုကလေးကား ယခင်နေရာ၌ ရှိမနေတော့ပါပေ။

ထိုအချိန်၌ဦးကျင်တိတ်ထံမှ စကားသံများဆက်လက်ထွက်ပေါ်လာနေပြန်၏။

"အဘိုးအိုက ငါ့ကိုကြည့်ပြီး မြင်းရထားထဲမှာ ဒဏ်ရာရပြီး အပြင်းဖျားနေတဲ့ ခင်ဗျားတူတော်မောင်ရှိနေကြောင်း၊ ဖော့စက်ရောင်နတ်တောင်ဒေဝီသခင်ကိုယ်တိုင် ဆေးဝါးကုသပေးတဲ့အတွက် မကြာခင် ပျောက်ကင်းမှာဖြစ်ပေမယ့် အခုနေမှာ ပင်ပန်းမှု၊ နာကျင်မှုတွေကြောင့် သတိလစ်နေကြောင်း၊ သူနိုးလာတဲ့အခါ ကျုပ်က ရွှေရောင် ဓားတစ်လက်ကို လက်ဆောင်ပေးအပ်လိုက်ကြောင်း ပြောပြပါလို့ မှာသကွယ့်"

ပြောပြောဆိုဆို ဦးကျင်တိတ်က မောင်ရန်ရှင်း အိပ်ရာအောက်မှ ရွှေရောင်ဓားအိမ်နှင့် ရွှေရောင်ဓားကို ထုတ်ပေးလိုက်တော့သည်။

မောင်ရန်ရှင်းမှာ ရွှေရောင်ဓားကို ကိုင်ဆကြည့်ရင်း ယူနန်နယ်စပ်တောအုပ်အတွင်းမှ အဖြစ်အပျက်အချို့ကို ပြန်လည်မြင်ယောင်လာသည်။

"အင်း....ဒီအတိုင်းဆိုရင် အိပ်မက်တော့ ဘယ်နည်းနဲ့ မှ